
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေစာပေ - စာစဉ် (၃၄)

လာဘ်မိုးစွေစာပေ
အမှတ် (၁၁၁)၊ ၃၃ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၅၃၅၁၉

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ်

## ယတြာများ

(ပထမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁ ဘုရားခုနစ်ဆူ ပူဇော်ပါ

၁၇ မတူသောအကြောင်းအရာများအတွက် အဆောင်

၂၉ မနောအိမ်မှ ပွင့်ချပ်တစ်ရာ ပဒုမ္မာ

၄၅ ပွင့်လန်းစေသတည်း

၅၅ လာဘ်မတိတ်စေတဲ့အဆောင်

၆၃ စမမာလာ

၆၉ မဖြစ်ဘူးဆိုတာ မရှိပါဘူး

၁၀၁ ကိုးနဝင်းမိုးလင်းမှသိမယ်

၁၂၁ ဖုံ

၁၄၁ ဆရာမင်းသိခ်၏ ဝါဆိုလအမိဌာန်

၁၄၉ ဘာဖြစ်နေသလဲ ဘယ်လိုလုပ်လိုက်ပါလား

၁၅၇ မိမိဘက်ကသာ မှန်ပါစေ

၁၆၇ မသိကြလျှင် တွေးဆဦး

၁၉၃ ရန်နှင့် အတိုက်အခံများ ပျောက်လွင့်စေသောအဆောင်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၂၀၃ ဘယ်လို အခက်အခဲမျိုး တွေ့နေသလဲ
၂၂၃ ပြည့်စုံစေမဲ့နည်း
၂၃၅ ပုတီးလမ်း
၂၅၁ ငွေရေးကြေးရေးအဆင်ပြေစေသော ကတ်ပြားလေး
၂၅၇ မေ့လို့မရတဲ့ ပုံတော်ကြီး
၂၆၉ ခြေရာကောက် နေကြာပန်းစိုက်နည်း
၂၇၃ ဘယ်အခက်အခဲမဆို သုံးနိုင်တဲ့ ကြီးလေးကြီး စမ ဖယောင်းတိုင်
၂၇၉ ဗျည်းကျေးစမ ရှင်သီဝလိပုံ
၂၉၁ မိန်းကလေးပေးသွားသည့် နှစ်ထပ်လက်ဆောင်ကလေး
၃၀၁ အနှောင့်အယှက် အတိုက်အခိုက်နဲ့ ကံဆိုးမှုတွေ ကင်းဝေးအောင်
၃၀၅ စက်ရောင်းချင်လိုက်တာ ဒီနည်းသိရင် မလွယ်လော
၃၁၃ လက်ဖက်ခြောက် ရောင်းချင်လိုက်တာ ဒီနည်းသိရင် မလွယ်လော
၃၂၁ ကားရောင်းချင်လိုက်တာ ဒီနည်းသိရင် မလွယ်လော
၃၂၉ အိမ်ရောင်းချင်လိုက်ကာတာ ဒီနည်းသိရင် မလွယ်လော


www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၀၄၉/ ၂၀၀၃ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၁၀၉၁/ ၂၀၀၃ (၁၂) |
| | | ပထမအကြိမ် |
| | | ၂၀၀၄ ခုနှစ်၊ မတ်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၁၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – | ကောင်းစံ |
| မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း | – | ရဲထွဋ်ရှ |
| ကွန်ပျူတာစာစီ | – | (၃၃) လမ်း |
| ထုတ်ဝေသူ | – | လာဘ်မိုးရွှေစာပေ |
| | | ဦးမောင်မောင်မြင့်အေး(မြ–၃၄၆၁) |
| မျက်နှာဖုံးနှင့် | – | ဦးမြင့်ဦး (မြ –၀၁၅၀၃) |
| အတွင်းပုံနှိပ် | | သိန်းသန်းဦးပုံနှိပ်တိုက် |
| ဖြန့်ချိရေး | – | လာဘ်မိုးရွှေစာပေ |
| | | အမှတ် (၁၀၁)၊ ပ–ထပ်၊ ၃၃ လမ်း၊ |
| | | ရန်ကုန်မြို့။ ဖုန်း ၀၁– ၂၅၃၅၁၉။ |


www.burmeseclassic.com

www.burmeseclassic.com



# ဘုရားရှုနစ်ဆူ ပူဇော်ပါ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ဗေဒင်ဆရာမလေးဦး ရောက်ရှိလာကြလေ၏။ ၎င်းတို့လေးဦးမှာ ယခင်က ရွှေဘုန်းပွင့်ဘုရားတွင် ဗေဒင်ဟောခဲ့ပြီး ယခုအခါ၌ အမှတ် (၁၈)၊ မလွှကုန်းလမ်းတွင် ဟောပြောနေသော ဆရာမ အေးချမ်းမြင့်၊ အမှတ် ၂၀၅(က)၊ ပိတောက် (၅)လမ်း၊ အင်းစိန်မြို့သစ်၌ ဗေဒင်ဟောနေသော အယ်ဒီတာ မောင်မောင်မြင့်အေး၏ဇနီး ဆရာမ စောယုနွယ်၊ မိုးကောင်းဘုရားတွင် ဗေဒင်ဟောနေသော ဆရာမ ကြာညိုသင်း၊ သက်န်းကျွန်း အာနန္ဒာဘုရားတွင် ဗေဒင်ဟောပြောနေသော ဆရာမ ရွှေယမင်းဦးတို့ ဖြစ်ကြ၏။

ကြာညိုသင်းက အိမ်တွင်းသို့ရောက်သည်နှင့်တစ်ပြိုင် နက်..

“ဆရာကြီး တစ်ယောက်တည်းလား”

**လာဘ်မိုးဧွစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ ထိုအခါ ကျွန်ုပ်က…

“အေး..ဟုတ်တယ်၊ ငါတစ်ယောက်တည်း။ နင်တို့က လေးယောက်ဆိုတော့ မချောလေးယောက် ကိုယ်တစ်ယောက်ပေါ့။ အခုတည်းက ပြောထားမယ်။ ဒီမှာ မနက်စာ စားကြမယ်။ နင်တို့ ချက်လားပြုတ်လား မလုပ်ကြနဲ့။ နင်တို့ဈေးဝယ်ပေး။ ငါချက်မယ်”

ဟု ပြောလိုက်ရာ စောယုနွယ်က…

“မဟုတ်တာဘဲ ဆရာကြီးရယ်။ ဆရာကြီးကလည်း အသက်ကြီးပြီ၊ ဆရာမ အေးချမ်းမြင့်လည်း သူ့ခါးက မကောင်းဘူး။ အဲဒီတော့ အေးအေးဆေးဆေးထိုင်နေကြပါ။ သမီးရယ်၊ ကြာညိုသင်းရယ်၊ ရွှေယမင်းဦးရယ် သုံးယောက်ချက်ကြမယ်”

ဟု ပြောလိုက်လျှင် ကျွန်ုပ်က….

“အဲဒီသုံးယောက် ပူးမှာစိုးလို့ မချက်ခိုင်းတာ။ အကောင်းဆုံးကတော့ ကြာညိုသင်းနဲ့ရွှေယမင်းဦးက ဈေးကိုသွား။ စောယုနွယ်က မီးဖိုထား။ ခါးနာလို့မထနိုင်တဲ့ အေးချမ်းမြင့်က ဆန်ဆေး။ မဆေးခင်မှာ စပါးလုံးရွေးဦးနော်။ အခုတလော ဆန်တွေက စပါးလုံးသိပ်များတာ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ တာဝန်ချလိုက်လေ၏။

ထိုအခါ ကြာညိုသင်းက....

"ဘာဝယ်ရမလဲ"

BURMESE CLASSIC .com

ဟု မေးလေ၏။

"တစ်ယောက်က ခြေလေးချောင်းမစားဘူး။ တစ်ယောက်က ကုန်းသတ္တဝါ မစားဘူး။ ဟိုဟာမစား၊ ဒီဟာမစားဆိုတော့ ဈေးမှာရတာ တယ်ခက်နေပြီ။ အဲဒီတော့ ဒီလိုလုပ်။ ငါးရံ့ကို ဆီပြန်ချက်မယ်၊ ဒန့်ဒလွန်ရွက်ဟင်းချိုသောက်မယ်။ တို့စရာ ကတော့ အစုံသာဝယ်ခဲ့ပေတော့။ အထူးသဖြင့် ချဉ်ဖတ်စုံဆို ရင် ပိုပြီးကောင်းတယ်။ ငါးပိရည် ပျစ်ပျစ်ဖျော်မယ်။ ထမင်း စားပြီးရင် စားဖို့ကတော့ ဒီမှာ လက်ဖက်ရှိတယ်။ အကြော်စုံ လည်းရှိတယ်။ သဘော်ရွက်နုနုကလေးတွေလည်း ရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ၎င်းတို့သည် စတင်လှုပ် ရှားကြလေတော့၏။ ကျွန်ုပ်လည်း မော်ဘီဘက်မှရထားသော သုံး ဦးစပ်ငါးပိအား နနွင်းမှုန့်ခပ်၍ မီးဖိုပေါ်သို့တင်လိုက်လေ၏။ ထို့ နောက် ဆူလာလျှင် ယောင်းမနှင့် သမ,အောင် မွှေပေးလိုက်၏။ ပြီးလျှင် သပွတ်သီးခြောက်ဖြင့် ငါးပိရည်ကိုစစ်ကာ ဟင်းသောက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကြီးအတွင်းသို့လောင်းချလိုက်လေ၏။ ထိုအခါ အေးချမ်းမြင့်က...

"ငါးပိရည်တွေက များလှချည်လား။ ဟင်းနဲ့မကျွေးဘဲ ငါးပိရည်နဲ့ ကျွေးတော့မှာလား"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ငါးပိရည်က လူများများ စားတဲ့အခါမှာ ဟင်းကို ခု,တယ်။ ဟင်း သိပ်မကုန်ဘူးပေါ့။ ပြီးတော့ ငါတို့ပါးစပ်ကလည်း မြန်မာပါးစပ်ဆိုတော့ ငါးပိရည်မပါရင် ထမင်းစားရတယ်ကို မထင်ဘူး"

ဟု ပြောလိုက်လေ၏။ ကြာညိုသင်းတို့ညီအစ်မ ပြန်လာလျှင် ကျွန်ုပ်က ဒန့်ဒလွန်ရွက်ဟင်းချိုကိုချက်၏။ ကျွန်ုပ်က ၎င်းတို့ဝယ်လာသော ချဉ်ဖတ်တို့စရာများကို ရေစင်အောင် ဆေးလိုက်၏။ ချဉ်ဖတ်မှာ ဖြစ်ကတတ်ဆန်း တည်ထားသော ချဉ်ဖတ်မျိုးဖြစ်၍ အချဉ်ပေါ့နေလေ၏။ ထို့ကြောင့် ရှာလကာရည်နှင့် ရေကို ရောစပ်ကာ ချဉ်ဖတ်ကိုရောစပ်ကာ ချဉ်ဖတ်ကို ပြန်၍စိမ်လိုက်ရ၏။ ဟင်းများကျက်သောအခါ စောစောကစစ်ယူထားသော ငါးပိရည်ကို မြေအိုးသစ်တစ်လုံးတွင်ထည့်၍ ထပ်မံကျိုပြန်၏။ ထို့နောက် ငါးမီး



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်များ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများဖြင့် ထိုငါးပိရည်ကိုရောကာ ပန်းကန်ကို ပြန်၍ထည့်လိုက်၏။ မီးကင်ထားသော ငရုတ်သီးပွကြီး ငါးတောင့်ကိုလည်း မညက်တညက်ထောင်း၍ ငါးပိရည်ထဲတွင် ထည့်မွှေလိုက်၏။ အလုံးစုံပြီးသောအခါတွင် ငရုတ်သီးစိမ်း သုံးလေးတောင့်ကို ခါးချိုး၍ ငါးပိရည်ထဲ ထည့်လိုက်ပြန်၏။ ပြီးလျှင် ထိုမိန်းမလေးဦးနှင့် ကျွန်ုပ်သည် ထမင်းကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထိုသို့စားသောက်လျှင် ဆရာမအေးချမ်းမြင့်က..

"ကျွန်မတို့ ဇက်သဗေဒင်အဖွဲ့က ကိုတင်နွဲ့ကြီး သေသွားတာ နှစ်နှစ်လောက်ရှိပြီနော်။ ကုလားကိုမောင်အေးသေတာတော့ တစ်နှစ်တောင် မပြည့်သေးဘူးမှတ်တယ်။ အသက်တိုလိုက်ကြတာနော်"

ဟု ပြောလိုက်လျှင် ဆရာမကြာညိုသင်းက...

"အသက်တိုမယ်၊ မတိုဘူးဆိုတာ အာယုဂြိုဟ်ကို ကြည့်ရမှာပေါ့"

ဟုပြောရာ ဆရာမရွှေယမင်းဦးက...

"အာယုတွေ၊ နှာနုတွေ လာလုပ်မနေနဲ့။ စောစောသေတဲ့လူက သေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ကြာညိုသင်းက…

"လုပ်ပြီ ညည်းက ဗေဒင်ဆရာမလုပ်ပြီး ဒီလိုစကားမျိုးပြော တော့ ဘယ်ကောင်းမလဲ"

ဟု ပြောလိုက်ရာ ရွှေယမင်းဦးက..

"အသက်ရှည်တဲ့အကြောင်းမှာ အာယုဂြိုဟ်တစ်ခုတည်း ပြော လို့မရဘူး အစ်မကြီးရဲ့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတာ ရှိတယ်မဟုတ်လား"

ဟု ပြန်၍ချေပလိုက်ရာ အနီးတွင်ပန်းကန်ဆေးနေသော စောယုနွယ်က…

"ဥတုတွေ၊ အာဟာရတွေလုပ်မနေနဲ့ သေတဲ့လူက သေတာ ပဲ"

ဟု ဝင်၍ပြောပြန်၏။ ထိုအခါ အေးချမ်းမြင့်က…

"သူတို့က ကျန်းမာရေးကို ဂရုမစိုက်ကြဘူးလေ။ အဲဒီတော့ စောစောသေတာပေါ့။ ကုလားကိုမောင်အေးဟာ သွေးတိုး ရှိလျက်နဲ့ ဒန်ပေါက်နှစ်ထုပ်စားတယ်။ ညကျတော့ အုန်းနို့ ခေါက်ဆွဲ ထပ်စားတယ်။ အဲဒီတော့ မသေဘဲ ခံနိုင်ပါ့မလား"

ဟုပြောလိုက်ရာ စောယုနွယ်က..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် ဦးတင်နွဲ့ကြီးက ဘာဖြစ်လို့သေရတာလဲ"

ဟု မေးလိုက်ရာ အေးချမ်းမြင့်က…

"ဦးတင်နွဲ့က ရင်ကျပ်ရောဂါ ရှိတယ်လေ။ အဲဒါကြောင့် သေတာပေါ့"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကြာညိုသင်းက…

"သေတာတွေ ပြောမနေကြနဲ့။ ဆရာကြီးက သေမှာ သိပ်ကြောက်တာ။ နောက်ဆိုရင် တို့လာတာကို လက်မခံဘဲ နေလိမ့်မယ်"

ဟု ပြောသဖြင့် ကျွန်ုပ်က…

"သစ်ပင်ခုတ်တဲ့လူဟာ အကိုင်းတွေအကုန်လုံး မခုတ်ရဘူး။ နတ်နေကိုင်းဆိုတာ ချန်ထားရတယ်။ အခုတော့ နင်တို့က နတ်နေကိုင်းပါမချန်ပါလား။ ငါ့ကိုပါ ဆွဲထည့်လာကြပြီကိုး"

ဟု ပြောလိုက်လျှင် ၎င်းမိန်းမလေးဦးသည် ရယ်မောကြလေ၏။ ထို့နောက် အေးချမ်းမြင့်က…

"အဲဒါတွေ ထားလိုက်ပါဦး။ ဆရာကြီးကိုပဲ မေးရမယ်။ အသက်ရှည်စေတဲ့ယတြာ မရှိဘူးလား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က…



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကို ငါမေးမယ်။ ဆရာကြီး ဦးသာဂရဆိုတာ ကြားဖူးသလား"

ဟုမေးရာ ၎င်းတို့လေးဦးစလုံးလိုလိုမှ....

"ကြားဖူးသလိုလိုပဲ။ ဘယ်မှာကြားဖူးမှန်းတော့မသိဘူး"

ဆိုသော အဖြေမျိုးကိုသာ ပေးကြလေ၏။ ထိုအခါ ကျွန်ုပ်က..

"အဝေရာ ဆရာစောရေးတဲ့ သုံးတန်ပေါ်နိစ်ထီကာ နိဒါန်း အပိုဒ် (၆) မှာ ဟောဒီလိုရေးထားတယ်မဟုတ်လား။ ၎င်းပရိယာယ်စကားအပြင် လင်္ကာဆောင်ပုဒ်များ၊ ပျက်..ပြား.. ကြွင်းကျန် ကာရန်ဝါကျ မညီသည်ကို အလီလီသော မူကွဲ တို့နှင့်ယှဉ်တဲပြင်ဆင်၍ အရိုးအစဉ်စည်းကမ်းဖြင့် ကျမ်းတစ်စောင်တစ်ဖွဲ့ဖြစ်လောက်အောင် ရှေ့နောက်တွင် ထိုပညာရှင်အပေါင်းတို့၏စိတ်ကို ယိုဖိတ်စီးဆင်းစေသဖြင့် လှစ်ဖွင့်ခြင်းပြုပေသောသူကား ပြည်မြို့ရွာဘဲရပ်ဇာတိ ဖြစ်ပါသော ဦးသာဂရမည်သော ဆရာကြီးတည်းလို့ ဖော်ပြထားတယ်။ အဲဒီဆရာကြီးဟာ ပြည်မြို့၊ ရွာဘဲရပ်၊ နေကျော်တန်းမှာ နေတယ်။ ဆရာကြီးဟာ သီပေါမြို့ စော်ဘွားကြီးဆီမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်ဖူးတယ်။ အဲဒီကနေပြီး ၁၂၈၆ ခု၊ ဝါဆိုလပြည့်ကျော် (၁၃) ရက်မှာ အလုပ်ကနုတ်ထွက်ခဲ့တယ်။ အဲဒီလို နုတ်ထွက်ပြီး သူ့အရပ်ဌာနေကိုပြန်လာခဲ့တာ။ ပြီးတော့မှ အင်းမနယ် က တပည့်တွေကပင့်ဖိတ်လို့ သွားတာပေါ့။ တပည့် (၅၀၀) လောက်ရှိတာ (၂၅၀)လောက်က သေကုန်ကြပြီလို့သိရတော့ ဆရာကြီးဟာ အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်။ အဲဒီမှာ ကြွင်းကျန်တဲ့တပည့်တွေ အသက်ရှင်ဖို့ အတိတ်ကုသိုလ်ကံ ထက်သန်အားရှိအောင် ဘုရားခုနစ်ဆူပူဇော်နည်းကို သင်ကြားပြသပြီးပူဇော်ခိုင်းတယ်။ အဲဒီမှာ အသက်ရှည်တဲ့အကျိုးကျေးဇူး အပြင် ဘုရားခုနစ်ဆူပူဇော်နည်းကြောင့် စီးပွားလာဘ်သပ်ပကာတွေ့ရှင်လန်းကြတာကြောင့် အဲဒီတပည့်တွေက စုပေါင်းပြီး ဆရာကြီးရဲ့ ဘုရားခုနစ်ဆူပူဇော်နည်းကို စာအုပ်ထုတ်ကြတယ်။ အဲဒီ စာအုပ်ကို ပြည်မြို့ လမ်းရှည်ပညာဒီပ စာပုံနှိပ်တိုက်က ရိုက်တယ်။ ပထမအကြိမ်မှာ အုပ်တစ်ထောင် ရိုက်တယ်။ စာအုပ်ရိုက်တဲ့ သက္ကရာဇ်ကို (၁၂၆၆)ခု၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့လို့ ဖော်ပြထားတယ်။ စာအုပ်ရဲ့အဖုံးမှာဖော်ပြထားတဲ့စာကတော့ ဟောဒီလိုဖြစ်တယ်ကွယ့်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ကျွန်ုပ်သည် ထမင်းစား စားပွဲပေါ်တွင် ဆရာကြီးဦးသာဂရ၏ ကျမ်းစာအုပ်အဖုံးကို မြေဖြူဖြင့်ရေးပြလိုက်လေ ၏။

| |
|---|
| ဗုဒ္ဓယတြာကျမ်း |
| နှင့် |
| ခုနစ်ရက်သားသမီးတို့ |
| စီးပွားတိုးအမှာရေးတွက်အချိန်နှင့် |
| အခါပေးပြက္ခဒိန်ကျမ်း |

ကျွန်ုပ်၏တပည့်မလေးဦးသည် စာအုပ်များကို ထုတ်၍ ကူးယူကြလေ၏။

"ပြီးတော့ နေ့သင့်နံသင့်ဘုရားထုထားရတယ်။ ထုပုံထုနည်းကတော့ ဟောဒီလိုရှိတယ်"

ဟုဆိုကာ ထမင်းစား စားပွဲပေါ်တွင် အောက်ပါဇယားကို ရေးပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



| နေ့နံ | နံသင့်သစ် | နံသင့်ဘုရား |
|---|---|---|
| ၁ | အင်သား | သိခိ |
| ၂ | ကံ့ကော်သား | ဝေဿဘု |
| ၃ | ညောင်သား၊ စစ်သား | ကကုသံ |
| ၄ | လွှန်းသား၊ လိမ်သား | ကောဏဂုမ် |
| ၅ | ပေါက်သား၊ ပျဉ်းမသား | ကဿဖ |
| ၆ | သီးသား၊ သံသက်သား | ဂေါတမ |
| ၇ | တည်၊ ထိန်၊ ထနောင်း | ဝိပဿီ |

ထိုအခါ စောယုနွယ်က...

"အိမ်မှာက ဘားမဲ့ဆရာတော်ကြီးရဲ့နည်းအတိုင်း ဆရာကြီး ထုခိုင်းလို့ ထုထားတဲ့ အစိမ်းရယ်၊ အနီရယ်၊ ရွှေရောင်ရယ် ဆေးခြယ်ထားတဲ့ ဦးရွှေအိုးဘုရားရှိတယ်လေ။ အဲဒီတော့ နောက်ထပ်ထုရဦးမှလား"

ဟုမေးလိုက်ရာ ကျွန်ုပ်က...

"အပေါ်မှာပြထားတဲ့ ဇယားအတိုင်း အသားတွေကို ရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဦးရွှေအိုးဘုရားမှာပဲ အဲဒီအသားကို ဌာပနာလို့လည်း ဖြစ်ပါတယ်”

ဟုပြောလိုက်လျှင် ဗေဒင်ဆရာမ ကြာညိုသင်းက...

“အဲဒီလိုလုပ်စမ်းပါ ဆရာကြီးရယ်။ ဒါမှ အကုန်အကျသက်သာမှာ”

ဟုပြောလိုက်လျှင် ဆရာမအေးချမ်းမြင့်က...

“ကုန်ကျတာက အကြောင်းမဟုတ်ပါဘူး။ ဘုရားစင်ပေါ်မှာ က ဘုရားတွေများနေပြီ။ နောက်ထပ်ဘုရားတွေ တိုးမယ်ဆို ရင် နေရာကမရှိတော့ဘူး။ ခုလိုဆိုရင် တော်သေးတာပေါ့”

ဟု ပြောလိုက်လေ၏။

“အဲဒီလို အသားဌာပနာပြီးရင် ပြီးရောပဲလား ဆရာကြီး”

ဟု ရွှေယမင်းဦးကမေးရာ ကျွန်ုပ်က...

“အမှန်ကတော့ ပြီးပြီလို့ပြောရမှာပဲ။ ဒါပေမယ့် မပြည့်စုံသေးဘူး။ ပြည့်စုံအောင် ပြောရဦးမယ်။ အဋ္ဌလက်ခွင်တော့ သိတယ်မဟုတ်လား။ ဒါက ပုံသေပဲ။ အဲဒီလို ပုံသေမှတ်ထားပေါ့”

ဟုဆိုကာ ကျွန်ုပ်သည် အဋ္ဌလက်ခွင်ပုံကိုရေးပြလေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

"အဲဒီ ဂြိုဟ်ခွင်ကိုသိရင် လွယ်ပါပြီ။ ဘယ်နေ့သားသမီးပဲဖြစ် ဖြစ် ရောက်တဲ့အသက်ကိုတည်ပြီး (၈)နဲ့စားရတယ်။ စားလို့ ကျန်တဲ့အကြွင်းကို ကိုယ်မွေးတဲ့နေ့ရက်အကွက်ကနေ ညာ ရစ်အတိုင်း လက်နဲ့ထောက်ရတယ်။ ရောက်တဲ့အကွက်ဟာ သက်ရောက်တယ်လို့ခေါ်တယ်။ ဥပမာ..ရွှေယမင်းဦးက (၄၃)နှစ်ရှိပြီဆိုပါတော့။ သူဟာ စနေသမီးဖြစ်တယ်။ (၄၃) ကို (၈)နဲ့စားရင် (၃)ကြွင်းတယ်။ သူမွေးတဲ့ စနေနေ့ အကွက် က စ,ထောက်မယ်ဆိုရင် သုံးကွက်ထောက်ရမယ်။ စနေ၊ ကြာသပတေး၊ ရာဟု အဲဒီတော့ ရွှေယမင်းဦးဟာ ဒီနှစ်မှာ ရာဟုသက်ရောက်တယ်လို့ ဆိုတယ်။ ကဲ...နောက်ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပြဦးမယ်။ ဆရာမ ကြာညိုသင်းက ကြာသပတေးသမီး၊ အသက်က (၅၁) နှစ်ရှိပြီး၊ (၈) နဲ့စားတော့ သုံးကြွင်းတယ်။ ကြာသပတေးကနေ ထောက်ရမယ်ဆိုတော့ ကြာသပတေး၊ ရာဟု၊ သောကြာ သက်ရောက်တယ်ပေါ့”

ဟုပြောလိုက်လျှင် စောယုနွယ်က…

“(၈)နဲ့စားလို့ ပြတ်သွားရင် မွေးတဲ့နေ့အကွက်ကနေ (၈)ကွက်ထောက်ရမယ်ပေါ့”

ဟု မေးလေ၏။

“မှန်တာပေါ့ကွယ် (၈)နဲ့စားလို့ ပြတ်သွားတယ်ဆိုတော့ (၈) အလီ ဝင်နေတယ်ပေါ့။ ဒါကြောင့်မို့ မွေးနံရှိရာအကွက်ကနေ ညာရစ် ရှစ်ခါထောက်လိုက်ရင် သူ့ရဲ့သက်ရောက်ကို ရတာပေါ့”

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ဆရာမ အေးချမ်းမြင့်က…

“အဲဒါတော့ သိတာပေါ့ ဆရာကြီးရယ်။ ကျွန်မတို့က ဗေဒင်ဆရာမတွေပဲ။ တစ်ခုတော့ရှိတယ်။ အဲဒီသက်ရောက်ကိုကြည့်ပြီး ဘာလုပ်ရမှာတုံး”

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က…



www.burmeseclassic.com

www.burmeseclassic.com



"တနင်္ဂနွေသက်ရောက်ဆိုရင် သောကြာနေ့ (၉)နာရီ၊ (၄၅) မှာ စောစောကပြောထားတဲ့ နံသင့်ဘုရားမှာ ရှောက်သီးလှူရ တယ်။ တနင်္လာသက်ရောက်ရင် တနင်္လာနေ့ (၉)နာရီ (၄၅) မှာ နံသင့်ဘုရားမှာ နန်းကြီးသုတ်လှူရတယ်။ အင်္ဂါသက် ရောက်ရင် အင်္ဂါနေ့ (၉)နာရီ (၄၅)မှာ နံသင့်ဘုရားမှာ ပေါင်မုန့်ထောပတ်သုတ် (သကြားမဖြူးရ) လှူရမယ်။ ဗုဒ္ဓဟူးသက် ရောက်ရင် ဗုဒ္ဓဟူးနေ့ (၉)နာရီ (၄၅) မှာ နံသင့်ဘုရားမှာ ဒန်ပေါက်တစ်ထုပ်လှူရတယ်။ စနေသက်ရောက်ရင် တနင်္ဂနွေ နေ့ (၉) နာရီ (၄၅)မှာ နံသင့်ဘုရားမှာ အုန်းသီးလှူရတယ်။ ကြာသပတေးသက်ရောက်ဆိုရင် အင်္ဂါနေ့ (၉) နာရီ (၄၅)မှာ နံသင့်ဘုရားမှာ အုန်းနို့ခေါက်ဆွဲလှူရမယ်။ ရာဟုသက် ရောက်ဆိုရင် ဗုဒ္ဓဟူးနေ့ (၉)နာရီ (၄၅) မှာ နံသင့်ဘုရားမှာ ကော်ရည်ခေါက်ဆွဲလှူရမယ်။ သောကြာသက်ရောက်ဆိုရင် ကြာသပတေးနေ့ (၉)နာရီ (၄၅) မှာ ဆီထမင်းလှူရမယ်"

ဟုကျွန်ုပ်ကပြောလိုက်လျှင် စောယုနွယ်က..

"အဲဒီလိုလှူရင် ဘယ်လိုအကျိုးထူးမလဲ"

ဟုမေးရာ ကျွန်ုပ်က...



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကိုလှူတဲ့အတွက် ကုသိုလ်လည်းရတယ်။ နံ့သင့်ဘုရားဖြစ်တဲ့အတွက် အသက်လည်းရှည်မယ်။ အလှူဟာ ဆန်းဝင်တဲ့အတွက် စီးပွားလည်းတက်မယ်။ အန္တရာယ်တွေ ပြေပျောက်မယ်။ ပြီးတော့ အကျိုးထူးတရားတွေ အများကြီးရလိမ့်မယ်။ ကိုယ်တိုင်လုပ်ကြည့်ပြီးမှ ဘယ်လောက်ကောင်းတဲ့ယတြာဆိုတာ သိရလိမ့်မယ်"

ဟု ပြောလိုက်ရာ ၎င်းမိန်းမလေးဦးသည် စာအုပ်များတွင် အသီးသီးကူးယူ၍ ကျွန်ုပ်၏ထမင်းဟင်းကိုစားသောက်ကာ ပြုံးပြုံးပြုံးပြုံးနှင့် ထွက်သွားကြလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



# မတူသော အကြောင်းအရာများအတွက် တစ်ခုတည်းသော အဆောင်

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ တစ်ရပ်ကွက်တွင်းအတူနေခဲ့ဖူးသော တူမအရွယ် မိန်းကလေးတစ်ဦးရောက်ရှိလာလေ၏။ ထိုမိန်းကလေး၏ဖခင်သည် ကျွန်ုပ်ထက်ငယ်သောကြောင့် ထိုမိန်းကလေးက ကျွန်ုပ်အား 'အဘ' ဟု ခေါ်လေ၏။

"အဘ သမီး အခုလာမယ့် လဆန်း(၇) ရက်နေ့မှာ ကုမ္ပဏီတစ်ခုမှာ အင်တာဗျူးသွားပြီး ဖြေရမယ်။ အဲဒါ အဆောင်လေးဘာလေး ပေးပါဦး"

ဟု ပြောလေ၏။ ထိုအချိန်မှာပင် လူတစ်ယောက်ရောက်လာ၏။ ထိုသူမှာ ကျွန်ုပ်ထက် နှစ်နှစ်ကြီး၏။ ထိုသူ၏ မိခင်မှာ မုဆိုးမကြီးဖြစ်၏။ ထို မုဆိုးမကြီးသည် အသက်အရွယ်နှင့် မလိုက်အောင် လွန်စွာအလှပြင်၏။ မျက်ခုံးမွေးများကို ရိတ်ထားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးခဲတံဖြင့် ခုံးခုံးကလေးဖြစ်အောင် ဆွဲ၏။ မိတ်ကပ်လူး၏၊ နှုတ်ခမ်းဆိုး၏။ ထို့ကြောင့် ကျွန်ုပ်က ထိုမိန်းမကြီးအား နောက်ပြောင်သရော်လိုသောကြောင့် ညီမလေးဟု ခေါ်၏။ ထိုမိန်းမကြီး၏ သားကျွန်ုပ်၏ မိတ်ဆွေကလည်း ထိုသို့ခေါ်သည်ကို လွန်စွာ သဘောကျ၏။ ထိုမိတ်ဆွေက ကျွန်ုပ်အား...

"ခင်ဗျားကတော့ ကျုပ်အမေကြီးကို အရွယ်နဲ့မလိုက်အောင် အလှပြင်လွန်းလို့ ညီမလေးလို့ခေါ်တာ။ ကျုပ်အမေကြီးက အဲဒါကို ပီတိဖြစ်နေတယ် ဆရာသမားရဲ့။ ကျုပ်အမေကို ခင်ဗျားက ညီမလေးလို့ခေါ်တော့ ခင်ဗျားက ကျုပ်ရဲ့ဘကြီးပေါ့။ ဒါပေမယ့် ဘကြီးတကယ်မဟုတ်ဘဲ လှောင်ပြောင်သရော်ပြီးခေါ်တာဆိုတော့ ဘကြီးလို့ မခေါ်ဘူး။ ဘီးကျလို့ခေါ်မယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် သဘောတူလိုက်ရလေ၏။ ထို့ကြောင့် ထိုမိတ်ဆွေသည် ကျွန်ုပ်အား ဘီးကျဟု ခေါ်လေ၏။ ကြာသောအခါ နှုတ်ကျိုးသွားလေ၏။ ကျွန်ုပ်ကလည်း ထိုသူအား ငါ့တူဟု ခေါ်ရမည့်အစား ပြောင်းပြန်အားဖြင့် ငတာဟု ခေါ်လေ၏။ ထို့ကြောင့် ကျွန်ုပ်က ထိုသူအား 'ငတာ' ဟုခေါ်လေ၏။ ထိုသူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်အား 'ဘီးကျ' ဟု ခေါ်လေ၏။

အင်တာဗျူးဖြေရန်မိန်းကလေးနှင့်မရှေးမနှောင်းပင် ကျွန်ပ်၏ဂုတာ ရောက်လာလေ၏။ ဂုတာသည် ကျွန်ပ်အားတွေ့လျှင်...

"ဘီးကျရေ အရေးကြီးလို့လာခဲ့တာ။ ရုံးမှာ ဆယ်လခချေးတာ အခု ပြန်ပြီးဆပ်ဖို့အချိန်ရောက်နေပြီ။ ကျုပ်မှာလည်း တစ် ပြားမှ မရှိဘူး။ တောက ကျုပ်ကြီးတော်ကြီးတစ်ယောက်ဆီ သွားပြီးငွေချေးမလို့။ အဲဒါ အဆင်ပြေအောင်လုပ်ပေးစမ်း ပါ"

ဟု ပြောလိုက်လေ၏။

"လုပ်ပေးပါ့မယ် ဂုတာရယ်။ ခဏနေစမ်းပါဦး။ လက်ဖက် ရည်လေးဘာလေး သောက်စမ်းပါဦး"

ဟု ဆိုကာ ကျွန်ပ်သည် တစ်ခါသောက်လျှင် တစ်သက်စွဲ သွားလောက်သော လက်ဖက်ရည်ကို ကျွန်ပ်ကိုယ်တိုင်ဖျော်ပေးလေ ၏။ ထိုအခါ ထိုသူသည် လက်ဖက်ရည်ကိုသောက်ရင်း...

"ဘီးကျရေ..ယောင်လို့များ လက်ဖက်ရည်ဆိုင်မထွက်လိုက် ပါနဲ့။ ကျန်တဲ့ဆိုင်တွေ ပိတ်ပစ်ကုန်ရလိမ့်မယ်"

ဟု ပြောလေ၏။ ထိုအခါ၌ ဧည့်သည်တစ်ယောက် ထပ်၍



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြန်၏။ ထိုဧည့်သည်ကို ကျွန်ုပ်ကောင်းစွာသိ၏။ သူ သည် ကျူရှင်ဆရာတစ်ယောက်ဖြစ်၏။ သူသင်ပြသော ဆယ်တန်း ကျောင်းသား (၁၀) ယောက်တွင် (၉) ယောက် စာမေးပွဲကျသော ကြောင့် ယခုနှစ်ကို ကျောင်းသားမရဘဲရှိလေ၏။ ထိုကျူရှင်ဆရာ သည် ကျွန်ုပ်အား...

"ဆရာခ,ရေ့. အခု ကျွန်တော်လာတာက ကျောင်းသားရဖို့ ကိစ္စ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"ခင်ဗျား ကျောင်းသားတွေက စာမေးပွဲအကျများလို့ ခင်ဗျား ဆီကို ကျောင်းသားမလာတာ"

ဟု ပြောလိုက်လျှင် ထိုသူက...

"ဒီလိုပါဆရာရယ်။ အဲဒါ ကျုပ်ညံ့လို့ မဟုတ်ပါဘူး"

ဟုပြောရာ ကျွန်ုပ်က...

"ဒီလိုပြောလို့ဘယ်ဖြစ်မလဲ။ စာမေးပွဲကျတဲ့ ဘာသာတွေက လည်း ကိုယ့်လူသင်တဲ့ဘာသာရပ်တွေမှာ ကျ,ကုန်တာပဲ။ ကိုယ့်လူမှာလည်း တာဝန်ရှိတာပေါ့"

ဟု ပြောလိုက်ရာ ၎င်းက...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ်..အရည်မရ၊ အဖတ်မရစကားတွေ မပြောစမ်း ပါနဲ့။ ကျုပ်ကို ကျောင်းသားလာအောင် ဓာတ်ဆင်ဓာတ်ရိုက် လေး အဆောင်လေး လုပ်ပေးစမ်းပါ"

ဟု ပူဆာလေတော့၏။ ကျွန်ုပ်သည် ရှည်လျားသော သက် ပြင်းတစ်ချက်ကို ချလိုက်လေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်နှင့် ရင်း နှီးသောမိန်းမတစ်ဦး ရောက်ရှိလာပြန်၏။ ထိုမိန်းမသည် ကျွန်ုပ် ကိုတွေ့လျှင်တွေ့ချင်း...

"ဆရာနော်"

ဟု အရင်းအဖျားမရှိသောစကားကို ပြောပြန်လေ၏။ ထိုမိန်းမ၏အမည်မှာ 'မရွှေဝါ' ဖြစ်၏။ ထိုမိန်းမသည် စကားပြော လျှင် သူ၏အမည်မှ အဖျားစာလုံးဖြစ်သော ဝါ,ဆိုသည်ကို ထည့်၍ ပြောတတ်၏။ သူ စကားပြောလျှင် အခြားစကားကို များများမကြား ရ။ 'ဝါတို့က ဝါတို့က' ဟူသော စကားကိုသာ ကြားနေရ၏။ ထိုသို့ ကြားနေရသော်လည်း ဝါ ဆိုသောစကားမှာ ပီသသည်မဟုတ်။ အမြန် ပြောသောကြောင့် 'အာတို့က' ဟူ၍ ဖြစ်နေ၏။ ထိုမိန်းမသည် သူ၏ မျက်မှန်ကိုဖြုတ်၍ လက်ကိုင်ပဝါဖြင့် ပွတ်ရင်း...

"ဆရာနော်.. အာနဲ့ပတ်သက်ရင် ဘတ်ကီးတွေများနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



(ဘတ်ကီးဆိုသည်မှာ ကုလားစကားဖြစ်၏။ အဓိပ္ပာယ်မှာ 'ကြွေး'ဟူသော အဓိပ္ပာယ်ဖြစ်၏။)

ကျွန်ုပ်လည်း စိတ်ရှုပ်ရှုပ်နှင့် ဆေးလိပ်ကိုဖိ၍ဖွာနေ၏။ ထို့နောက်...

"ကဲ.. ဆိုစမ်းပါဦး ဒေါ်ရွှေဝါရယ်။ ဘာတွေလုပ်ပေးရမှာလဲ"

ဟုမေးလိုက်ရာ မရွှေဝါက...

"အာလေ.. ရွှေပြည်သာကအိမ်ကို ပေါင်ချင်တယ်။ အဲဒါကို ပေါင်ပြီးတော့မှ နောက်ထပ်မြေတစ်ကွက်ကို ဝယ်ရမှာ။ မြန်မြန်ပေါင်လို့ရအောင် လုပ်ပေးစမ်းပါ။ ပေါင်လို့မရရင် အော့ ဘဝတော့ လင်းတနားပြီ"

ဟု သနားစဖွယ်ညည်းညူလေ၏။ ကျွန်ုပ်လည်း ၎င်းတို့ လေးဦးအတွက် အစီအရင်တစ်ခုစီ လုပ်ပေးရမည်။ မည်သည့် အစီအရင်ကို လုပ်ပေးရမည်နည်းဟု မျက်စိကိုမှိတ်၍ အာရုံပြု လိုက်ရာ ရင်ထဲတွင် အသံတစ်ခု ပေါ်လာ၏။ ထိုအသံမှာ အောက် ပါအတိုင်း ဖြစ်၏။

တစ်နေ့၏အကျိုးသည် အသက်တစ်ရာရှည်သော ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနှင့်ယှဉ်လေသောသူ၏ အကျိုးနှင့် ထပ်တူထပ်မျှရှိသောဟူ၏။

ငါတို့တစ်မူလည်း အမှတ်မဲ့ ဆိုအပ်၊ ရေးသားအပ်သည် မဟုတ်။ ကောဇာသက္ကရာဇ် ၈၂၀အခါ၊ ဟံသာဝတီ မဏ္ဍလစ,သော မွန်တိုင်းသုံးရပ်တို့ကိုစိုးအုပ်၍ မင်းလုပ်လေဖူးသော ဓမ္မစေတီမင်း လက်ထက်ကပင် စီရင်နည်းစီရင်ထုံးရှိသောဟူ၏။

ကျွန်ုပ်သည် လွန်စွာဝမ်းမြောက်၍သွား၏။ အထက်က စာကို ကျွန်ုပ် ကောင်းစွာဖတ်ဖူး၏။ ထိုစာမှာ 'မ'တစ်လုံးကျေတော်မူသော အတုလဆရာတော် ခင်ကြီးပျော်စီရင်အပ်သော အင်္ဂဝိဇ္ဇာ ဋီကာကြီးကျမ်းမှ ဖြစ်၏။ ကျွန်ုပ်သည် အလုပ်အင်တာဗျူးဖြေမည့် မိန်းကလေးအတွက် ကွမ်းရွက်ကိုလည်းကောင်း၊ ငှတာဆိုသော ကျွန်ုပ်၏မိတ်ဆွေအတွက် သရက်ရွက်ကိုလည်းကောင်း၊ မရွှေဝါ အတွက် ဝါးပင်မှ အဖတ်ကိုလည်းကောင်း၊ ကျူရှင်ဆရာအတွက် ထန်းရွက်ကိုလည်းကောင်း အသုံးပြုလျက် ထုံးဖြင့် အောက်ပါပုံစံ ကလေးကို ရေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄ | ၅ | ၈ |
| ၇ | နံ | ၄ |
| ၄ | ၉ | ၅ |

အလယ်ရှိ နံဆိုသောနေရာတွင် ၎င်းတို့၏မွေးနေ့ကို ရေးလိုက်လေ၏။ ထိုအခါ ကျူရှင်ဆရာက...

"လူလေးယောက်လာတာ ပုံစံတစ်မျိုးတည်း လုပ်ပေးသလား။ အဲ့ဒီလိုဆိုတော့ စွမ်းပါဦးမလား"

ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က...

"ဒီအတိုင်း ရေးရတာ မဟုတ်ဘူး။ ဂါထာစုတ်ပြီး ရေးရတာ။ အဲဒီမှာ (၄) ဂဏန်းက သုံးလုံး၊ (၅) ဂဏန်းက နှစ်လုံး၊ (၇) (၈) (၉) က တစ်လုံးစီပါတယ် မဟုတ်လား။ အပေါ်ဘက် အကျဆုံး (၄) ဂဏန်းကို မြင်းသွား သွားပြီး ရေးပေးရတာ။ ပြီးတော့ (၅)နှစ်လုံးကို မြင်းသွား,သွားပြီး ရေးထားတာ။ ပြီးတော့မှ (၇) (၈) (၉) ဂဏန်းတွေကို မြင်းသွား,သွားပြီး ရေးထားတာ။ အဲဒါကို မြင်းသေ၊ မြင်းကိုက်လို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းတွေရေးတဲ့အခါမှာလည်း ဟောဒီဂါထာကို ဆိုရသေးတယ်”

စတ္တာရော သတိပဋ္ဌာန တိဋ္ဌတု (၄)

စတ္တာရော သမ္မပဓာန တိဋ္ဌတု (၄)

စတ္တာရော ဣဒ္ဓိပါဒါ တိဋ္ဌတု (၄)

ပဉ္စ ဣန္ဒြိယာနိ တိဋ္ဌတု (၅)

ပဉ္စ ပသာနိ တိဋ္ဌတု (၅)

သတ္တ ဗောဇ္ဈင်္ဂါနိ တိဋ္ဌတု (၇)

အဋ္ဌမ ဂင်္ဂါနိ တိဋ္ဌတု (၈)

နဝ လောကုတ္တရာနိ တိဋ္ဌတု (၉)

ကျွန်ုပ်သည် အထက်ပါဂါထာကို ရွတ်ပြလိုက်လေ၏။ ထို့နောက် ကျွန်ုပ်က…

“ဒီဥစ္စာ ဗောဓိပက္ခိယအင်းလို့ ခေါ်တယ်။ ဘယ်ကိစ္စမဆို အသုံးပြုလို့ရတယ်။ ဒီအင်း ဆောင်ထားရုံနဲ့ အကျိုးထူးတယ်။ နံသင့် သစ်ရွက်၊ သစ်သားပေါ်မှာကျရင် ပိုကောင်းတာပေါ့။ အဲဒီလိုမဟုတ်ဘဲ စက္ကူပေါ်မှာရေးရင်လည်း အကျိုးအာနိသင်ရပါတယ်။ ယုံယုံကြည်ကြည် ဆောင်ထားပါ။ သိပ်အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စဆိုရင်တော့ အဲဒီအင်းပေါ်မှာ ပန်းကန်ပြားတစ်ချပ် တင်ပြီး ဘုရားစင်ပေါ်မှာမီးထွန်းပူဇော်ရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုသူလေးဦးသည် မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ကျွန်ုပ်၏အဆောင်ကိုယူကာ ပြန်သွားကြလေ၏။

ကာလအတန်ကြာသောအခါ၌ ကျူရှင်ဆရာသည် အရင်ဆုံး ရောက်လာ၏။ ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း...

"ထူးတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က...

"ထူးရင် ဆောင်ထားပေါ့ဗျာ"

ဟုပြောလိုက်ရာ ၎င်းက...

"ကျွန်တော့်သားနဲ့သမီးအတွက်ပါ တစ်ခုစီလိုချင်လို့လာတာပါ"

ဟု ပြော၏။ ထိုအခါ ကျွန်ုပ်က...

"ကျုပ်မှာ မအားဘူးဗျာ။ အလုပ်တွေများနေတယ်"

ဟု ပြောလျှင် ထိုကျူရှင်ဆရာက ..

"အားတဲ့အခါမှာ စက္ကူပေါ်မှာ များများရေးထားပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြံပေးလေ၏။ ထိုကျူရှင်ဆရာလာပြီးနောက် တစ်ရက်နှစ်ရက်အတွင်းတွင် ငုတာနှင့် မရွှေဝါတို့လည်း ဗောဓိပက္ခိယအင်း၏အကျိုးကို လာ၍ပြောကြကုန်၏။ ကျွန်ုပ်၏တူမအရင်းကဲ့သို့ ရင်းနှီးသောမိန်းကလေးသည် ကုမ္ပဏီ၌ အလုပ်ရသွားပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် စက္ကူများကိုဖြတ်၍ အချိန်ရတိုင်း ဗောဓိပက္ခိယအင်းကို ချထားရလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**


**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com





လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# မနောအိမ်မှ ပွင့်ချပ်တစ်ရာ ပဒုမ္မာ

ကျွန်ုပ်၏မိန်းမသူငယ်ချင်းတစ်ဦးသည် ဖားကို လွန်စွာ ကြောက်၏။ တကယ့်ဖားကိုသာမဟုတ်။ အရုပ်ဖားကိုလည်း ကြောက်၏။ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးမှာမူ မြွေကို အလွန် ကြောက်၏။ တကယ့်မြွေကိုကြောက်သကဲ့သို့ အရုပ်မြွေကိုလည်း ကြောက်၏။ ကျွန်ုပ်၏ ညီအရင်းတစ်ယောက်မှာမူ အင်္ကျီကြယ်သီး ကိုကြောက်၏။ သူ၏ကြောက်ခြင်းမှာမူ ခြွင်းချက်ရှိ၏။ အင်္ကျီတွင် တပ်ထားသည်ကို မကြောက်။ အင်္ကျီမှပြုတ်၍မြေကြီးပေါ်ကျနေ သည်ကိုမူ ကြည့်လည်းမကြည့်ရဲ၊ ကောက်လည်းမကောက်ရဲပေ။

မည်သည့်အတွက် ဤသို့ဖြစ်သနည်းဟု ၎င်းအားမေးကြည့် သောအခါ၌ 'မသိပါဘူး။ စိတ်ထဲက အလိုလိုဖြစ်လာတာပဲ' ဟူ၍ သာဖြေလေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မကြောက်ရမည့်အရာများကို ကြောက်နေခြင်းအတွက် အင်္ဂလိပ်စာတတ်မိတ်ဆွေများက 'ဖိုးဘီးယား' ဟု ခေါ်ဝေါ်သုံးနှုန်းသည်ကိုကြားဖူးပါ၏။

ကျွန်ုပ်အနေနှင့်မူ ကြောက်သည်ကို ကြောက်သည်ဟုပင်သိ၏။ ဖိုးဘီးယားကိုလည်း မသိ၊ ဖွားဘီးယားကိုလည်း မသိပါ။ သို့တစေ ကျွန်ုပ်၌လည်း ဖိုးဘီးယားရှိ၏။ ထိုဖိုးဘီးယားမှာ အခြားမဟုတ်။ 'တစ်ရာ'ဂဏန်းကိုတွေ့လျှင်၊ ကြားလျှင်၊ မြင်လျှင် တုန်လှုပ်၏။ ထိုသို့ တုန်လှုပ်ခြင်းအတွက် တစ်စုံတစ်ယောက်သောသူက..

"ဘာဖြစ်လို့ခင်ဗျားက တစ်ရာကိုကြောက်ရတာလဲ"

ဟု မေးလာလျှင် ကျွန်ုပ်အနေနှင့် ...

"မသိဘူးလေ။ စိတ်ထဲကအလိုလိုကြောက်လာတာပဲ"

ဟု ဖြေရန်သာရှိပါသည်။

ကျွန်ုပ်သည် 'တစ်ရာ'ဆိုသော အသံထွက်ကိုပင်ကြောက်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်သနည်းဟု အချိန်အားရသောအခါ၌ စဉ်းစားကြည့်ရာ ထမင်းဆိုင်တွင် ထမင်းလခပေး၍ စားနေရသောအချိန်၌ ထမင်းလခဖိုးငွေတစ်ရာကိုပေးရမည့်နေ့တွင် မပေးနိုင်ဘဲရှိ၏။ သို့ရာတွင် ထိုနေ့နံနက် ထမင်းစားချိန်ရောက်သောအခါ၌



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်ရှေ့တွင်ရှိသော ရေစည်ပိုင်းအတွင်းမှ ရေကိုခပ်ကာ လက်ဆေး၍ ထမင်းစားပွဲတွင်ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆိုင်ရှင်အဒေါ်ကြီးသည် ထမင်းလာ၍ချမပေးဘဲ..

"နင် ပြီးခဲ့တဲ့လက ထမင်းလခတစ်ရာကို မပေးနိုင်သေး ဘဲနဲ့ ဆက်ပြီးမကျွေးနိုင်ဘူး"

ဟုပြောသဖြင့် ဆိုင်အတွင်းမှ အခြားလူများသည် ကျွန်ုပ်အား ဝိုင်း၍ကြည့်ကြ၏။ ကျွန်ုပ်မှာ ထမင်းမစားခဲ့ရသည့်အပြင် အရှက်ကွဲခဲ့ရ၏။ ထို့ကြောင့် လက်ဆေးပြီး ထမင်းမစားရသောအဖြစ်ကို ရှက်ရှက်နှင့် ယောင်ယမ်းပြီး လက်သုတ်ပဝါတစ်ထည်ကိုယူ၍ လက်ကိုသုတ်နေမိရာ ထိုအဒေါ်ကြီးက...

"အဲဒါ လက်သုတ်ပဝါအသစ်ကြီးဟဲ့။ နင်မသုတ်ပါနဲ့။ ဟိုမှာ ပိုက်ဆံပေးစားတဲ့လူတွေသုတ်ဖို့ ငါခေါက်ထားတာ"

ဟူ၍ ထပ်မံ၍အရှက်ခွဲပြန်လေ၏။ ထိုအချိန်က အသက်ငယ်ရွယ်သေးသည်ဖြစ်၏။ အရှက်အကြောက် အလွန်ကြီးသော အရွယ်ဖြစ်၏။ ဆိုင်ထဲတွင် ကျွန်ုပ်နှင့်ရွယ်တူ မိန်းကလေးများလည်း ရှိသောကြောင့် ပို၍ရှက်ရသေး၏။

ကျွန်ုပ်သည် ဣန္ဒြေဆည်၍ ဆိုင်တွင်းမှ တစ်လှမ်းချင်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ ထွက်လာခဲ့၏။ ထိုအချိန်၌ ကျွန်ုပ်နှင့်ရွယ်တူ မိန်းကလေး တစ်ဦးက သူ၏အဖော်အား....

"ဟယ်.. သူ့ခများ ရုက်သွားမှာပဲ။ စားမယ်ဆိုပြီးထိုင်မှ ဟိုအဒေါ်ကြီးက အဲသလိုပြောလိုက်တော့ မစားရဘဲ ထွက်သွားရတယ်။ သူ အခုစားမယ့် ထမင်းဖိုးကို ငါပေးလိုက်ချင်ပါရဲ့"

ဟုပြောလိုက်ရာ သူ၏အဖော်က...

"အဲဒီလိုသွားပြီးပေးမှ သူ့ကိုစော်ကားသလိုဖြစ်ဦးမယ်။ အသာနေစမ်းပါဟယ်"

ဟူ၍ ပြန်ဖြေသံကိုလည်း ကျွန်ုပ်ကြားခဲ့ရ၏။

ကျွန်ုပ်သည် ဆိုင်မှထွက်ကာ နေပူထဲတွင် လျှောက်လာ၏။ ကျွန်ုပ်၏ရင်ထဲတွင်...

"ငွေတစ်ရာ..ငွေတစ်ရာ..တစ်ရာ..တစ်ရာ"

ဟူသော အသံများသည် ပဲ့တင်ထပ်၍လာခဲ့လေတော့ သတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်လည်း တစ်လလျှင် ငွေငါးဆယ်ပေးရသော အိမ်ခန်းကို ငှားနေပြီးနောက် ၂ လစာမပေးနိုင်သောကြောင့် အိမ်ရှင်က..

"ဒီနေ့ညနေ မင်းပြန်လာတဲ့အခါမှာ ငွေတစ်ရာပါမလာရင်တော့ မင်းရဲ့ပစ္စည်းတွေ လမ်းမကိုအရောက်ပဲ"

ဟု အော်ကြီးဟစ်ကျယ်ပြောလေ၏။ အနီးအပါးမှလူများ ထွက်၍ကြည့်ကြ၏။ ကြည့်သောသူများတွင် ကျွန်ုပ်နှင့်ရွယ်တူ မိန်းကလေးများလည်းပါ၏။ ထိုအချိန်ကလည်း ကျွန်ုပ်၏ရင်ထဲတွင်..

"တစ်ရာ..တစ်ရာ"

ဟူသောအသံများ မြည်ဟည်းရိုက်ခတ်ဖူးသေး၏။

ထို့ကြောင့် ကျွန်ုပ်သည် "တစ်ရာ" ဆိုသောဂဏန်းကို ကြောက်လန့်ခဲ့ရလေတော့သတည်း။

* * * * *

တစ်ခါ၌လည်း ကျွန်ုပ်သည် အခက်အခဲလွန်စွာရှိသောကြောင့် မိန်းမတစ်ဦးထံ ငွေတစ်ရာ ခေတ္တခဏချေးငှားရန် ပြောဖူးရာ ထိုမိန်းမက မချေးငှားရုံမျှမက..

"ဒီလိုလူမျိုးနဲ့ ပတ်ပတ်သက်သက်မလုပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရင့်ရင့်သီးသီးပြောသည်ကို ခံခဲ့ရဖူး၏။ ထိုပတ်ပတ်သက်သက်မလုပ်ချင်သော မိန်းမနှင့်ပင် ကျွန်ုပ်သည် အိမ်ထောင်ကျခဲ့၏။ ထို့ကြောင့် ကျွန်ုပ်၏ရင်တွင်း၌ 'တစ်ရာ' ဟူသော စာတန်းသည် ကျွန်ုပ်အားခြောက်လှန့်ရန်အတွက် အစဉ်သဖြင့် ပုန်းအောင်းနေလေ့ရှိတော့သတည်း။

* * * * *

ထို့ကြောင့် 'တစ်ရာ' ဟူသောအသံကို ကြားလိုက်လျှင် ကျွန်ုပ်၏ကျောရိုးထဲ၌ စိမ့်ခနဲဖြစ်သွားတတ်၏။ ဤသို့ဖြစ်ခြင်းကို ဖိုးဘီးယားဟုခေါ်ချင်လည်း ခေါ်ပေရော့။ မတတ်နိုင်တော့ပေ။

တစ်ခုသောညနေတွင် ရေကန်ပေါင်၌ထိုင်ကာ ကျွန်ုပ် သည် တိမ်တောက်သည်ကိုကြည့်၍ စိတ်တွင်ကြည်နူးနေမိ၏။ ထိုအချိန်၌ ကျွန်ုပ်၏ခြံအတွင်းသို့ လွန်စွာလှပသော ပုလဲငွေရောင် လော်ရယ်အမျိုးအစား မော်တော်ကားကြီးတစ်စီးသည် ငြိမ့်ငြိမ့်ကလေးဝင်လာ၏။ ကျွန်ုပ်နှင့်မလှမ်းမကမ်းနေရာသို့အရောက်တွင် ကားသည် ရပ်သွား၏။ ကျွန်ုပ်သည် လှမ်းကြည့်လိုက်၏။ ကားပေါ်မှ ရောင်ပြန်အယ်ဒီတာချုပ် မောင်မောင်မြင့်အေးနှင့် ၎င်း၏ကတော် ဒေါ်စောယုနွယ်တို့ဆင်းလာကြ၏။ စောယုနွယ်၏လက်ထဲတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လေးဆင့်ချိုင့်ကြီးတစ်လုံးပါလာ၏။ ၎င်းတို့နှစ်ဦးသည် ကျွန်ုပ်၏ အနီးသို့ရောက်လာကြ၏။ ကျွန်ုပ်လည်း မောင်မောင်မြင့်အေး အား..

"ဆိုစမ်းပါဦး မောင်မောင်မြင့်အေး။ ဘာတွေများအရေး ကြီးလာသလဲ"

ဟု မေးလိုက်၏။ ထိုအခါ မောင်မောင်မြင့်အေးက..

"တစ်ရာပြည့်ရောင်ပြန်အထူးထုတ်ထွက်တော့မယ်။ ဆရာ ကြီး ဆောင်းပါးရေးပေးပါဦး"

ဟုပြောလေ၏။ အမှန်စင်စစ် 'တစ်ရာဖိုးဘီးယား' ကျွန်ုပ် သည် လန့်၍သွားရမည်ဖြစ်၏။ သို့သော် မလန့်တော့ပါ။

"ဟေ..လတစ်ရာတောင်ပြည့်ပြီလား။ ဒါဖြင့် ရောင်ပြန် မဂ္ဂဇင်းဟာ ရှစ်နှစ်ကျော်ခဲ့ပြီပေါ့။ ရေးပါ့မယ်ကွာ။ ရေးဆို အဲဒီတစ်ရာအကြောင်းကိုပဲရေးမယ်။ ငါ့ဘဝမှာ တစ်ရာ အကြောင်းရေးစရာတွေရှိတယ်ကွ"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက...

"အဲဒီလိုဆိုလည်း ခုရေးပေးလေ"

ဟုပြောရာ ကျွန်ုပ်က...



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်းကြီးတော့ မလုပ်ပါနဲ့ကွာ။ နာရီတစ်ရာလောက်တော့ စောင့်ပါဦး"

ဟုပြောလိုက်လေ၏။

"နာရီတစ်ရာ စောင့်ပါ့မယ်ဆရာကြီး။ အခေါက်တစ်ရာတော့ မလာနိုင်ဘူးနော်။ အခေါက်တစ်ရာလာရရင် စာမူခမပေးဘူး။ ဆီဖိုးနဲ့ နှိမ်လိုက်မှာ"

ဟုပြောကာ ရယ်မောလေတော့၏။

ကျွန်ုပ်သည် အထက်ကဆိုခဲ့သည့်အတိုင်း 'တစ်ရာ' ဆိုသောဂဏန်းကို ကြောက်ခဲ့၏။ ထိုကြောက်စိတ်သည် ကျွန်ုပ်အား မည်မျှဒုက္ခပေးခဲ့သည်ကိုဖော်ပြရလျှင် လက်သုံးလုံးခန့် စာအုပ်ထူကြီးတစ်အုပ် ဖြစ်သွားဖွယ်ရာရှိ၏။ ထိုကြောက်စိတ်သည် ကျွန်ုပ်အား ကြီးစွာသောဒုက္ခများကိုပေးခဲ့၏။ ထို့ကြောင့် ကျွန်ုပ်၏ အတွေ့အကြုံအရ **'ကြောက်စိတ်ထက် ကြောက်စရာကောင်းသောအရာသည် မရှိ'**ဟူ၍ သဘောပေါက်လာ၏။

ထို မကောင်းသောအရာသည် တစ်နေ့တွင် ကျွန်ုပ်နှင့် လမ်းခွဲရန် အကြောင်းပေါ်လာလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးနှင့်အတူ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကျွန်ုပ်ထံလိုက်ပါလာ၏။ ထိုသူသည် စကားပြောရာ၌ လွန်စွာဖော်ရွေ၏။ လူချောလူလှတစ်ဦးမဟုတ်သော်လည်း ဥပဓိရုပ် သန့်ပြန့်၏။ စကားပြောရာ၌လည်း သူချည်း တစ်ဖက်သတ်ပြော သည်မဟုတ်။ သူတစ်ပါးကိုလည်း ပြောခွင့်ပေး၍ လေးစားစွာ နားထောင်တတ်၏။

ကျွန်ုပ်သည် စကားပြောစဉ်၌ဖြစ်စေ၊ အလွတ်ထိုင်နေစဉ် ၌ဖြစ်စေ ကောင်းစွာ ဂနာမငြိမ်ပေ။ ထိုလူသည် ဂနာငြိမ်၏။ လက် ခြေ တို့ကို အကြောင်းမဲ့လှုပ်ရှားခြင်းမပြု။ သူ၏အသံမှာ သြဇာ ဓာတ်အပြည့်ပါ၏။ ကျွန်ုပ်ကပြော၍ သူက နားထောင်ရသော အလှည့်တွင် ကျွန်ုပ်၏ကိုယ်ခန္ဓာတစ်နေရာကိုကြည့်၍ နားထောင် ၏။ သူကပြောရသောအခါ၌ ကျွန်ုပ်၏မျက်ခုံးမွေးနှစ်ခုအကြား နှာခေါင်းအရင်းသို့ တည့်တည့်ကြည့်၍ပြော၏။ သူ၏အကြည့်သည် ကျွန်ုပ်၏နဖူးကိုဖောက်၍ နောက်စေ့တိုင်အောင်ပေါက်သွားပြီးလျှင် အဝေးဆီသို့ရောက်သွားသည်ဟုပင် ထင်မှတ်လိုက်ရ၏။

သူ၏ပြောပုံဆိုပုံမှာ အမိန့်ပေးနေသည်နှင့်မတူပေ။ အကြံ ပေးနေသည်နှင့်သာတူ၏။

ဥပမာအားဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ထွန်း အသားလျှော့စားဗျာ"

ဟု မည်သည့်အခါမျှမပြောပေ။

"ကိုအောင်ထွန်းရေ အသားနည်းနည်းလျှော့ပြီး အသီးအရွက်လေးပိုစားရင် ကောင်းမယ်ထင်တယ်ဗျ"

ဟူ၍သာ ပြောတတ်လေ၏။ ဂနာငြိမ်သည်ဆိုသော်လည်း လက်ဟန်ခြေဟန်ဖြင့်ပြောရသောကိစ္စများ၌ လက်များကို မြှောက် ၍ ရမ်း၍ပြောတတ်၏။ သူ၏လက်ကိုမြှောက်ရမ်းသောအခါ၌ ကျွန်ုပ်၏မျက်စိထဲတွင် တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းနေ၏။ သူ၏ လက်ဟန်ခြေဟန်သည် သူပြောသောစကားနှင့် ဆီလျော်ညီညွတ်နေ၏။

သူသည် တတ်သည် သိသည်ဟူ၍မပြောဘဲ..

"အဲဒီအကြောင်းအရာကိုတော့ နည်းနည်းပါးပါး စိတ်ဝင်စားဖူးပါတယ်"

ဟူ၍သာပြော၏။ သူသည် ဗေဒင်ပညာကို ကောင်းစွာတတ်ကြောင်း နောင်တွင် ကျွန်ုပ်သိရ၏။ ကျွန်ုပ်က...

"မိတ်ဆွေကြီး..ဗေဒင်တတ်တယ် မဟုတ်လား"

ဟုမေးရာ သူက..

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"တတ်တဲ့အထဲတော့ မထည့်ပါနဲ့ဗျာ။ နည်းနည်းပါးပါး စိတ်ဝင်စားဖူးပါတယ်"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"နည်းနည်းပါးပါးဆိုတာ ဘယ်လောက်နည်းနည်းပါးပါး လဲဗျ။ မလျှိုပါနဲ့ဗျာ"

ဟု ရင့်ရင့်သီးသီး ပြန်၍မေးလိုက်လျှင် ၎င်းသည် နှစ်လို ဖွယ်ရာ ပြုံးလိုက်၏။ ထို့နောက်မှ..

"ဗေဒင်သမုဒ္ဒရာကြီးထဲက ရေလေးတစ်ပေါက်လောက် တော့သောက်ဖူးပါရဲ့ဗျာ"

ဟု ပြန်၍ဖြေလေ၏။

ကျွန်ုပ်သည် သူနှင့်တွေ့သည့်တစ်ခဏလေး၌ပင် ကျွန်ုပ် ၏ဒုက္ခအပေါင်းကို သူ့အား ပြောမိလျက်သားဖြစ်နေ၏။ အမှန်စင် စစ်အားဖြင့် သူ့၌လည်း ဒုက္ခများရှိပေလိမ့်မည်။ ထိုဒုက္ခများကို ကျွန်ုပ်အား အရိပ်အမြွက်မျှပင် အသိမပေးခဲ့။

ကျွန်ုပ်သည် သူနှင့်စကားပြောနေရသည်မှာ စိတ်ချမ်းသာ သကဲ့သို့ရှိနေ၏။ တစ်ကြိမ်တွေ့လိုက်သည်နှင့်ပင် ထိုသူအား ကျွန်ုပ် သည် ခင်မင်ရင်းနှီးသွားလေတော့၏။ ထိုမိတ်ဆွေ ကျွန်ုပ်အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



လာလျှင် ကျွန်ုပ်သည် ပျော်သကဲ့သို့ဖြစ်သွား၏။ ထို့ကြောင့် ကျွန်ုပ်က..

"ဒီလိုဗျ။ ကျုပ်မှာက ရောဂါတစ်ခုရှိတယ်။ အဲဒီရောဂါကလည်း ကြာတော့အမြစ်တွယ်လာပြီပေါ့ဗျာ"

ဟု စကားစလိုက်လျှင် ထိုသူက ပြုံး၍..

"ပြောပြပါဦး"

ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် 'တစ်ရာ'ဆိုသော ဂဏန်းကိုကြောက်လန့်နေကြောင်း အသေးစိတ်ပြောပြလိုက်ရာ ထိုသူက...

"ဒီလိုထင်တယ် ကိုအောင်ထွန်းရဲ့။ တစ်ရာဂဏန်းကို ခင်ဗျားက ကြောက်နေတာ မဟုတ်ပါဘူး။ အဲဒီဂဏန်းနဲ့ ခင်ဗျားနဲ့ နည်းနည်းလေးစိမ်းနေတာပါ။ သူနဲ့ ရင်းနှီးအောင်လုပ်ပစ်လိုက်ရင် ပြီးတာပါပဲ"

ဟုပြောလေ၏။

"ဘယ်လိုများ ရင်းနှီးအောင်လုပ်ရမလဲဗျာ။ နည်းလမ်းရှိရင်လည်း ညွှန်ပြပေးပါဦး"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ထိုမိတ်ဆွေက..



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ရအောင်ဗျာ။ ဒီနေ့ကစမယ်။ ကိုအောင်ထွန်း အနေနဲ့ သက်သတ်လွတ် ရက်တစ်ရာပြည့်အောင်စားမယ် ဗျာ။ အမိဋ္ဌာန်နဲ့စားမယ်ပေါ့။ ဒီနေ့အဖို့ သက်သတ်လွတ် အမိဋ္ဌာန်နဲ့ စားလို့ပြီးပြီဆိုပါတော့။ ညအိပ်ရာဝင်တဲ့အခါ မှာ 'တစ်ရာမရှိတော့ဘူး။ ကိုးဆယ့်ကိုးဖြစ်သွားပြီ' လို့ အခေါက်တစ်ရာဆိုမယ်ဗျာ။ နောက်နေ့ကျတော့လည်း ဒီအတိုင်းပေါ့။ 'တစ်ရာမရှိတော့ဘူး။ ကိုးဆယ့်ရှစ် ဖြစ် သွားပြီ'။ နောက်ဆုံးရက်ကျရင်တော့ 'တစ်ရာဟာ လုံးဝ မရှိတော့ဘူး။ သုညရက်ဖြစ်သွားပြီ' လို့ ခင်ဗျားဆိုရတော့ မှာပေါ့။ အဲဒီလိုပဲ ဘာကိုပဲလုပ်လုပ် အမိဋ္ဌာန်ကလေးနဲ့ လုပ်ပြီး တစ်ရာကို ခင်ဗျားနိုင်သွားတဲ့အကြောင်း ခင်ဗျား ပါးစပ်ထဲမှာ ချောအောင်စာစီပြီး အကြိမ်တစ်ရာပြည့် အောင် ဆိုပစ်လိုက်ပေါ့ဗျာ။ နောက်ဆိုရင် တစ်ရာကို ခင်ဗျား မကြောက်တော့ဘူး။ ခင်ဗျား ရင်းနှီးလာမှာ။ နောက်ဆုံး ခင်ဗျား သူ့ကိုချစ်သွားမှာ။ သူနဲ့တွေ့ရင် ပျော် လာမှာ။ ဆရာလုပ်တာမဟုတ်ဘူးနော် ကိုအောင်ထွန်း။ အကြံပေးတာ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း နှိမ့်ချလိုက်သေး၏။

ကျွန်ုပ်သည် ထိုမိတ်ဆွေပြောသည့်အတိုင်း ထိုနေ့ကစ၍ သက်သတ်လွတ်စားခဲ့၏။ ထိုနေ့ကစ၍ အကြောက်တစ်ရာကို ဖြေရှင်းခဲ့၏။ ထိုအတောအတွင်း၌လည်း ကျွန်ုပ်ရွတ်ဆိုရမည့် ဂါထာများကို အခေါက်တစ်ရာ ရွတ်ဆိုခဲ့၏။

လူ၏စိတ်သဘာဝသည် လွန်စွာထူးဆန်း၏။ ကြောက်သောအရာကို မချစ်ပေ။ ချစ်သောအရာကို မကြောက်ပေ။ ထိုစကားအတိုင်းပင် ကြောက်သောအရာကို မုန်း၏။ မုန်းသောအရာကို ကြောက်၏။ ကြောက်သောအရာအတွက်၊ ထိုအကြောက်ကို ခံစားရသောသူအတွက် 'ဒေါသစေတသိက်' များ အချိုးကျပါဝင်နေမည်ဟု ကျွန်ုပ်အနေနှင့် ထင်ပါသည်။ အကြောက်များ ပြေပျောက်၍ မကြောက်သောအခါ၌ 'အဒေါသစေတသိက်'ဖြစ်သွားဟန်ရှိ၏။

'အဒေါသ'၏ နောက်ဆက်တွဲတွင် ဒေါသအညစ်အကြေးကင်းစင်သော မေတ္တာပန်းကလေးသည် ပွင့်လန်းလာလေတော့၏။

ကျွန်ုပ်သည် တစ်ရာကြောက်သမား ဖိုးဘီးယားဖြစ်၏။ မိတ်ဆွေကောင်း၏ ကျေးဇူးကြောင့် ထိုတစ်ရာအကြောက်သည် ပျောက်လွင့်၍သွားပေပြီ။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုတစ်ရာကို ကျွန်ုပ်အနေနှင့် ချစ်လာ၏။ သက်သတ်လွတ်အဓိဋ္ဌာန်အောင်မြင်သောနေ့၌ ကျွန်ုပ်၏မှတ်စုစာအုပ်ထဲ၌ 'ချစ်သောတစ်ရာ' ဟူ၍ပင် ရေးမှတ်ခဲ့မိလေ၏။

အကြောင်းဆိုက်၍ဆိုရပါမူ မောင်မောင်မြင့်အေးထုတ်ဝေနေသောမဂ္ဂဇင်းသည် သူနှင့်ကျွန်ုပ် အစပြုခဲ့သောမဂ္ဂဇင်း ဖြစ်၏။ ၎င်း မောင်မောင်မြင့်အေးရော၊ သူ၏ဇနီးစောယုနွယ်ရော၊ ရောင်ပြန် မှ ဦးသန့်ရောသည် ကျွန်ုပ်၏ သားသမီးများပင် ဖြစ်၏။ သူတို့ကို ကျွန်ုပ်သည် ချစ်၏။ ရောင်ပြန်ကိုလည်း ချစ်၏။

ထို့ကြောင့် ရောင်ပြန်မဂ္ဂဇင်း လတစ်ရာမြောက် အထူးထုတ်သည် ကျွန်ုပ်၏ကြိုးပမ်းမှုဖြင့် 'ချစ်ခဲ့ရသောအချစ်တစ်ရာ' ဟု ဆိုနိုင်၏။ ထိုအချစ်တစ်ရာ၌ အလှတစ်ရာပါ၏။ ပွင့်ဖတ်တစ်ရာရှိ သောကြာပွင့်ကလေးဟုပင် ကျွန်ုပ် ထင်မှတ်မိခဲ့၏။

ထို့ကြောင့် ကျွန်ုပ်၏ အချစ်တစ်ရာ.. အလှတစ်ရာ.. ပွင့်ချပ်တစ်ရာအဖြစ် ဝေဆာတင့်တယ်နေသော ရောင်ပြန်လတစ်ရာမြောက်သည် ကျွန်ုပ်၏ နှလုံးသည်းပွတ်ပင်ဖြစ်လေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



(၁) ဗုဒ္ဓဂုဏော အနန္တော။

ဓမ္မဂုဏော အနန္တော။

သံဃဂုဏော အနန္တော။

(၂) ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ။

ဓမ္မောမေ သရဏံ အညံ နတ္ထိ။

သံဃောမေ သရဏံ အညံ နတ္ထိ။

(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဉာတ္တိ ဂစ္ဆအမုမှိ၊ ဩကာသေ တိဋ္ဌာဟိ။



www.burmeseclassic.com

www.burmeseclassic.com



# ပွင့်လန်းစေသတည်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် မောင်မောင်မြင့်အေးရောက်ရှိလာလေ၏။ ကျွန်ုပ်လည်း ၎င်းအား လက်ဖက်ရည်အချိုဖြင့် ဧည့်ခံလေ၏။ မောင်မောင်မြင့်အေးသည် လက်ဖက်ရည်ကိုပင် မသောက်သေးဘဲ..

"ဒီလိုဆရာကြီးရဲ့။ ကျွန်တော့်မဂ္ဂဇင်းအတွက်လည်း လာဘ်ရွှင်တဲ့ယတြာနည်းလေးဘာလေး ရေးပေးပါဦး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"တိုက်ဆိုင်တယ်လို့ ပြောရမှာပဲဟေ့။ အခုလေးတင်ပဲ ဇေယျာဝတီမြို့က ကိုတင်ထွန်းအောင်ကနေ သူ့သမီးလေးနဲ့ ငါ့ဆီကို စာလှမ်းပြီးပို့တယ်ကွ။ သူ့စာက ဦးပဥ္စင်းလေးတစ်ပါးရဲ့ထူးခြားချက်ပဲကွ။ အဲဒီ ဦးပဥ္စင်းလေးက မြစ်ကြီးနား၊ မန္တလေး စသည်ဘက်က တဖြည်းဖြည်းချင်း ခြေလျင်ကြွလာတာတဲ့။ သူတို့ဇေယျာဝတီရောက်တဲ့အခါမှာ မြို့လုံးကျွတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး လှုကြတန်းကြတာ လမ်းပိတ်သွားလို့တောင် ယာဉ်ထိန်းရဲနဲ့ ရှင်းယူရတယ်ဆိုပဲကွ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်..

"ဒီလို ဆရာကြီးရဲ့။ ဦးပဥ္စင်းလေး ထူးခြားတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လိုချင်တာက အဲဒီလို ထူးခြားအောင် ဘယ်လိုလုပ်ရတယ်ဆိုတဲ့နည်းကိုလိုချင်တာ။ အဲဒီနည်းရမှ ကျွန်တော်နဲ့ ကျွန်တော့်မဂ္ဂဇင်းဖတ်တဲ့ပရိသတ်က လိုက်ပြီးလုပ်နိုင်မှာပေါ့"

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။

"အဲဒီနည်းကလည်း တို့ရပြီးသားပါကွ။ မင်းတို့ငါတို့က မလုပ်မိတာကွ။ ဦးပဥ္စင်းလေးက အဲဒါကိုလုပ်တယ်ဆိုတော့ မင်းတို့ငါတို့လည်း လုပ်ကြရုံပေါ့။ ငါ့အနေနဲ့ အဲဒီနည်းအတိုင်း မဟုတ်ပေမယ့် ခပ်ဆင်ဆင်တော့ လုပ်ဖူးတယ်ကွ။ အဲဒါလည်း ငါ့အတိုင်းအတာနဲ့ငါတော့ မဆိုင်ပါဘူးကွ။ ဒါပေမယ့် ဦးပဥ္စင်းလေးရဲ့နည်းက ပိုပြီး စနစ်ကျပါတယ်။ အဲဒါကို လည်း ငါ့ရဲ့မိတ်ဆွေကြီး ကိုတင်ထွန်းအောင်က သူ့ရဲ့စာထဲ မှာ အတိအကျရေးထည့်လိုက်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလျှင် မောင်မောင်မြင့်အေးက..

"နေစမ်းပါဦး ဆရာကြီးရဲ့။ ဆရာကြီး ခုပြောနေတဲ့ ကိုတင်ထွန်းအောင်ဆိုတာက ဘယ်ကိုတင်ထွန်းအောင်လဲ ဆရာကြီးရဲ့"

ဟု မေးလေ၏။

"မင်းကတော့ လုပ်ပြီ။ ရောင်ပြန်မှာလည်း အရင်ရေးနေတာပဲလေကွာ။ ဖေယျဝတီမှာနေတယ်လေ။ မောရိယလပြည့်ဝန်းစာအုပ်ရေးခဲ့တဲ့ တက္ကသိုလ်တင်ထွန်းအောင်ကိုပြောတာကွ။ ငါနဲ့ သူနဲ့က ညီအစ်ကိုလိုခင်ကြတာကွ။ သူနဲ့သာခင်တာမဟုတ်ဘူးဟေ့။ သူ့တစ်အိမ်လုံးနဲ့ခင်တာ။ သူ့မိန်းမနဲ့ဆိုရင် ရန်ကုန်လာတိုင်း ငါ့ကို ဒံပေါက်ချက်ပြီးပို့တာကွ။ သူ့ဒံပေါက်ကလည်း ဆိုင်ကဒံပေါက်မျိုး မဟုတ်ဘူးကွ။ အတော့်ကိုကောင်းတာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက..

"အဲဒါတွေထားပါ ဆရာကြီးရယ်။ ဆရာကြီးကလည်း စာအကြောင်းကနေ အစားအကြောင်းရောက်သွားပြန်ပြီ"

ဟု ပြော၍ ရယ်လေ၏။ ထိုအခါ ကျွန်ုပ်က..



www.burmeseclassic.com

www.burmeseclassic.com



"တကယ်က ငါက စာသမားမဟုတ်ဘူးကွ။ အစားသမား။ မသိတဲ့လူတွေက ငါ့ကို အထင်ကြီးပြီး စာသမား ပေသမား မှတ်နေတာ။ တကယ်က ငါက စာသမားပေသမားမဟုတ်ဘူးကွ။ အစားကောင်းကြိုက်တဲ့ အစားသမားကွ။ တချို့ အစားသမားက ကောင်းကောင်းကို နည်းနည်းစားတာကွ။ ငါက ဒီလိုမဟုတ်ဘူးကွ။ ကတ်သီးကတ်သတ်တွေ၊ ငါကြိုက်တာတွေကို တစ်ဝကြီးစားတဲ့ အစားသမားကွ။ မယုံရင် မင်း ငါ့ဗိုက်ကြီးကို ပေကြိုးနဲ့တိုင်းကြည့်ပါလား။ ၄၇လက်မရှိနေပြီကွ"

ဟု ပြောလိုက်လျှင်..

"ဒါတွေထားလိုက်ပါ ဆရာကြီးရယ်။ လာဘ်လာဘအရာမှာ ထူးခြားလှတဲ့ ဆရာတင်ထွန်းအောင်စာထဲမှာပါတဲ့ နည်းကလေးကို အမြန်ပေးစမ်းပါ။ ရောင်ပြန်မှာဖော်ပြလိုက် မယ်။ ကျွန်တော်တစ်ယောက်တည်း ဒိုင်လျှိုလေးနဲ့ မသုံးပါ ဘူး။ နည်းကောင်းလမ်းကောင်းကလေးတွေဆိုရင် ရောင်ပြန် ဖတ်တဲ့ ကျွန်တော့်ပရိသတ်တွေကို နည်းပေးချင်လို့ပါ"

ဟု ပူဆာသဖြင့် ကျွန်ုပ်လည်း တက္ကသိုလ်တင်ထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံသို့ရေးပို့လိုက်သောစာကို မောင်မောင်မြင့်အေးလက်သို့ အပ်နှံလိုက်လေ၏။

မောင်မောင်မြင့်အေးကလည်း ထိုစာကိုရသည်နှင့် အသံထွက်၍ ဖတ်ရှုလိုက်ရာ အောက်ပါအတိုင်းဖြစ်လေတော့သတည်း။

❑❑❑

*ဆရာမင်းသိခ်*

*၅-၃-၂၀၀၂*

*သတိရစွာနဲ့ပဲ နှုတ်ခွန်းဆက်လိုက်ပါတယ်။ အများအတွက် ရွက်ဆောင်မှုတွေ၊ ကိုယ့်ရဲ့လုပ်ငန်းစဉ်တွေ၊ တပည့်သားမြေးတွေအတွက် တာဝန်တွေ များပြားလှသော်လည်း အစဉ်အမြဲ အားရကျေနပ်၊ ကျန်းမာချမ်းသာနေလိမ့်မယ်လို့ ကျွန်တော် ယုံကြည် နေပါတယ်။*

*ကျွန်တော် မေတ္တာပို့တဲ့အခါတိုင်း ဆရာမင်းသိခ်နဲ့ တပည့်သားမြေးတွေပါပါတယ်။ ပို့သသောမေတ္တာ ရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။*

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဒီအပတ် ထူးထူးခြားခြား (၄)ဝါရ ရဟန်း လေးတစ်ပါး၊ အသက် (၃၀)ကျော်လောက် ဖူးတွေ့ လိုက်ရတယ်။ ဦးပညာသီရိလို့သိရတယ်။ မြစ်ကြီးနား၊ မန္တလေးဘက်က ခြေလျင်ကြွလာတာ။ ဝင်လေ – အရဟံ၊ ထွက်လေ – သိဒ္ဓိ၊ ခြေလှမ်းတော့လည်း ခြေ အကြွမှာ အရဟံ၊ အချမှာ သိဒ္ဓိ။ ရှင်သီဝလိလို ယပ် ဘေးကထောင်ပြီးကြွတယ်။ ထူးခြားတာကတော့ တွေ့တဲ့လူတွေက ငွေလှူတာပဲ။ လှူတဲ့ငွေတွေကို တည်းခိုတဲ့ကျောင်းတွေမှာ ပြန်လှူခဲ့တယ်။ ညောင် ခြေထောက်မှာ ၂သောင်းကျော်၊ ကျွန်တော်တို့ရွာမှာ ၇ထောင်ကျော်လှူခဲ့တယ်။ လူပြတ်တဲ့နေရာဆိုရင် လာတဲ့ကား ရပ်ပြီးလှူတယ်။ မြို့ထဲရောက်တော့ ကားတွေ၊ လူတွေ၊ လမ်းတွေ ပိတ်ကုန်တာပဲ။ ကျန်တဲ့ မြို့တွေမှာလည်း ဒီလိုပဲလို့ သိရတယ်။ ဇေယျဝတီမှာ လည်း မော်တော်ပီကယ်က လမ်းရှင်းပေးရတယ်။ မြို့ပြင်ရောက်တော့လည်း ဖြတ်သွားတဲ့ စက်ဘီး၊ ဆိုက္ကားက ရပ်ပြီးလှူတယ်။ ထူးခြားမှုက ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



နှိုးဆော်သူ၊ ဆော်ဩသူမပါဘဲ လှမ်းမြင်တာနဲ့ လှူဖို့ အသင့်ပြင်တော့တာပဲ။ ကျွန်တော်က ရွာကထွက် ကတည်းက ဆိုင်ကယ်နဲ့လိုက်ကြည့်တာ။ ရှေ့ကြို သွားနှင့်ပြီးလူတွေကို အကဲခတ်၊ နောက်ကလည်း လိုက်ပေါ့ဗျာ။ ပရိသတ်အရှိန်ရိုက်ခတ် ကူးစက်တတ် တဲ့သဘောလားလို့လည်း စဉ်းစားကြည့်တယ်။ ဒါ လည်း မြို့ထဲမှာဆို ဖြစ်နိုင်ချေရှိပါတယ်။ ဒါပေမယ့် ကြိုတင်ဆော်ဩထားတာမရှိဘူး။ ကျွန်တော်တို့ကိုယ် တိုင် ဖြူးနားကစခန်းကို တာဝန်ယူလိုက်ပို့ရတာ။ ရဟန်းလေးနောက်မှာ ကျွန်တော့်အစ်ကိုတွေ သုံး ယောက်ပဲပါတာ။ ငွေတွေကို ကြွပ်ကြွပ်အိတ်တွေ တောင်းပြီးထည့်ရတယ်။ မြို့ပြင်ရွာပြင်ရောက်တော့ လည်း ဖြတ်သွားတဲ့လူ၊ ကား၊ စက်ဘီး၊ ဆိုက္ကားက လှူတယ်။ ဒါက နေ့မို့ထားတော့။ ည ၁၁ နာရီ ဖြူး အဝင်နားမှာ လူပြတ်နေတာတောင် မောင်းလာတဲ့ ကုန်ကားက ရပ်ပြီးလှူတယ်ဗျာ။ အဲဒီ ရဟန်းလေး ရှာတဲ့ဂါထာလေးလက်ဆင့်ကမ်းပေးလိုက်ပါမယ်။

လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



*(၁) ဗုဒ္ဓဂုဏော အနန္တော။*
*ဓမ္မဂုဏော အနန္တော။*
*သံဃဂုဏော အနန္တော။*
*(၂) ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ။*
*ဓမ္မောမေ သရဏံ အညံ နတ္ထိ။*
*သံဃောမေ သရဏံ အညံ နတ္ထိ။*
*(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။*
*ဓမ္မံ သရဏံ ဂစ္ဆာမိ။*
*သံဃံ သရဏံ ဂစ္ဆာမိ။*
*သော ဉတ္တိ ဂစ္ဆအမုမှိ၊ ဩကာသေ တိဋ္ဌာဟိ။*

***နံနက်၊ ည အခေါက် ၂၀စီ ရွတ်ပါ။ လိုရာကိစ္စ ပြီး ပါသတဲ့။***

***တင်ထွန်းအောင်***

မောင်မောင်မြင့်အေးသည် ထိုစာကိုဖတ်ပြီးနောက်..

"ဟုတ်ပြီ..ဟုတ်ပြီ..။ ယပ်တောင်ကလေးကို ရှင်သီဝလိ ကိုယ်တော်လို ပခုံးမှာထမ်းလို့။ အဲဒီကိုယ်တော်လေးထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တနင်္ဂနွေနေ့က ရွှေတိဂုံဘုရားကိုကြွလာတယ်။ ဆရာတက္ကသိုလ်တင်ထွန်းအောင်ပြောတဲ့ ကိုယ်တော်လေး အရွယ်ပါပဲ။ ဟုတ်ပါပြီ။ ဟုတ်ပါပြီ"

ဟု ပြောဆိုကာ ကျွန်ုပ်ကို လှမ်းကြည့်လိုက်သဖြင့်...

"သူ့စာထဲမှာပါတဲ့အတိုင်းလုပ်ပေါ့ကွာ။ ဘာများခက်မှာလဲ။ မနက် အခေါက် ၂၀၊ ည အခေါက် ၂၀ ရွတ်ရုံပဲ ရွတ်နိုင်ပါတယ်ကွာ။ ဒီထက်မကတာတွေတောင် ငါတို့ လုပ်ခဲ့ဖူးသေးတာပဲ။ ဒီလောက်ထူးတာကိုတော့ ဒီနေ့ကို စ,ရွတ်မယ်ကွ။ ဒါမှ ပိတ်ဆို့နေတာတွေ ပွင့်ပြီး လာဘ်လာဘတွေ ရွှင်လာမှာမို့လား ကိုယ့်လူရ။ ကဲ.. ကဲ.. အဲဒီစာကလေးကိုတော့ မင်းယူသွားပါကွာ။ ဖိုတိုစတက်ကူးပြီးရင်တော့ ငါ့လည်း ပေးပါဦး"

ဟုဆိုကာ တက္ကသိုလ်တင်ထွန်းအောင်ပေးလိုက်သောစာကို မောင်မောင်မြင့်အေး၏လက်သို့ အပ်နှံလိုက်လေတော့၏။ မောင်မောင်မြင့်အေးလည်း ရွှင်လန်းဝမ်းမြောက်သောမျက်နှာဖြင့် ကျွန်ုပ် အား နှုတ်ဆက်၍ ပြန်သွားလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်ိ**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com





လာဘ်မတိတ်စေတဲ့ အဆောင်

**လာဘ်မိုးရွှေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



# လာဘ်မတိတ်စေတဲ့အဆောင်

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အယ်ဒီတာမောင်မောင်မြင့်အေး ရောက်လာပြီးလျှင် ကျွန်ုပ်အား..

"ဆရာရေ...။ အခုတလော အိမ်မှာ လာဘ်တိတ်သလိုပဲ။ ပိုက်ဆံသိပ်မဝင်ဘူးဆရာရေ့။ လာဘ်ပွင့်တဲ့နည်းလေးဘာ လေး ပေးစမ်းပါဦး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဒီလိုရှိတယ် မောင်မောင်မြင့်အေးရဲ့။ လခစားသမားတွေက တော့ လာဘ်ပွင့်တယ်၊ လာဘ်တိတ်တယ် မရှိဘူး။ မင်းတို့ငါတို့ လိုလူတွေကတော့ လခစားသမားနဲ့ မတူဘူးကွ။ တစ်လလုံးမှာ ဆက်တိုက်ရချင်လည်းရနေတာ။ တစ်ခါတလေ တစ်ရက်တည်း ရပြီး နှစ်ဆယ့်ကိုးရက်လောက်မရတဲ့နေ့တွေလည်း ရှိတာပေါ့ ကွာ။ တစ်လမှာ ငွေဝင်တဲ့ရက်ကများပြီး မဝင်တဲ့ရက်ကနည်း ရင် တို့အတွက် ဟန်တာပဲ။ မဝင်တဲ့ရက်ကများရင် အဲဒီလ



www.burmeseclassic.com

www.burmeseclassic.com



အကြွေးတင်တော့တာပဲဟေ့။ မဝင်တဲ့ ကွက်လပ်ရက်တွေ အတွက် အကြွေးနဲ့ဖြည့်ရတာကိုးကွ"

ဟု ပြောလိုက်ရာ မောင်မောင်မြင့်အေးက..

"အခု ဆရာပြောသလိုဖြစ်နေတာ။ မဝင်တဲ့ရက်ကများ နေတာ။ အဲဒါကြောင့် ဆရာ့ဆီလာပြီး နည်းလမ်းကလေး ဘာလေးတောင်းရတာပေါ့"

ဟု ပြောလေ၏။

"ဒါက ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ။ သုံးတဲ့စွဲတဲ့ နေရာမှာ သတိဝီရိယရှိဖို့လိုတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက..

"ကျွန်တော်က အသုံးအစွဲမကြမ်းပါဘူးဆရာရယ်။ ပြီး တော့ ချွေတာလည်း ချွေတာပါတယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"ငါပြောတဲ့သတိဝီရိယဆိုတာ အဲဒါမျိုးမဟုတ်ဘူးကွ။ ဥပမာ– မင်း အခုနေ ငွေတစ်ထောင်ရပြီဆိုပါစို့ကွာ။ မင်း ဘာဝယ်မလဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ..



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်ချက်တွေရှိတာပေါ့ ဆရာရဲ့။ အဲဒါတွေ ဝယ်ရမှာပေါ့။ ဥပမာ ဆရာရယ် အိမ်သာသုံးစက္ကူကုန်တော့မယ်။ အဲဒီစက္ကူ သုံးလိပ်လောက်ဝယ်ရမယ်။ မီးသွေးလည်း ကုန်နေပြီ။ မီးသွေးလည်း ဝယ်ရမယ်"

ဟု မောင်မောင်မြင့်အေးက ပြန်၍ပြောလိုက်၏။

"ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ။ အိမ်နဲ့ ရာနဲ့ နေတယ်ဆိုတော့ အိမ်အတွက်လိုအပ်တဲ့ပစ္စည်းတွေ ရှိတာပေါ့ကွာ။ အဲဒီ ပစ္စည်းတွေကို ကောင်းသောပစ္စည်း၊ မကောင်းသောပစ္စည်း ဆိုသလို ခွဲရမယ်။ ဆန်းဇေဒင်စကားနဲ့ပြောရရင် ဣဋ္ဌပစ္စည်း၊ အနိဋ္ဌပစ္စည်း ပေါ့ကွာ။ နံတဲ့ပစ္စည်း၊ မည်းတဲ့ပစ္စည်း၊ မီးရှို့ပစ်ရတဲ့ပစ္စည်း၊ အိမ်သာရေချိုးခန်း စတဲ့နေရာတွေမှာ သုံးတဲ့ပစ္စည်းကို အနိဋ္ဌပစ္စည်းလို့ခေါ်တယ်။ စောစောက မင်းပြောတဲ့ အိမ်သာသုံးစက္ကူတို့ မီးသွေးတို့ပေါ့ကွာ။ ဒါတွေဟာ ဝယ်တော့ဝယ်ရမယ်။ အနိဋ္ဌပစ္စည်းလို့တော့ သိရမယ်။ လာဘ်ဦးလာဘ်ဖျားပိုက်ဆံကို အနိဋ္ဌပစ္စည်း မဝယ်ရဘူး။ ဥပမာကွာ ငါစီးကရက်သိပ်ကြိုက်တယ်။ စီးကရက်ဟာ မီးလောင်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတဲ့ပစ္စည်းဆိုတော့ အနိဋ္ဌပစ္စည်းပေါ့။ ငွေကြေးဝင်လာတာနဲ့ စီးကရက်တော့ဝယ်ချင်တာပေါ့ကွာ။ ဒါပေမယ့် အနိဋ္ဌပစ္စည်းဆိုတော့ မဝယ်ဘူးဟေ့။ ကောင်းတဲ့ပစ္စည်း ဣဋ္ဌပစ္စည်းဝယ်ပြီးမှ အနိဋ္ဌပစ္စည်းကို ဝယ်တယ်ကွာ။ အဲဒါလေးကို သတိမထားမိတာနဲ့ ငွေဝင်ပြီးရင် ဆက်တိုက်ဝင်ရမယ့်ငွေဟာ မဝင်ဘဲ ရပ်တန့်သွားတတ်တယ်။ ငါပြောတာမယုံရင်လုပ်ကြည့်ပါလား"

ဟု ကျွန်ုပ်က ရှင်းပြလိုက်၏။

"ဣဋ္ဌပစ္စည်းဆိုတာ ကျွန်တော် မခွဲတတ်ဘူးဆရာရဲ့။ အလွယ်ဆုံး ကျွန်တော့်ကို ပြောပြပါဦးဆရာရဲ့"

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။

"ရှည်ရှည်ဝေးဝေး ခွဲစရာမလိုပါဘူးကွာ။ မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတွေပဲ။ တခြား ဣဋ္ဌပစ္စည်း မရှာတတ်ရင် ဘုရားဆွမ်းတော်တင်ဖို့ပစ္စည်း၊ ဘုရားပန်း စတာတွေဟာ ဣဋ္ဌပစ္စည်းတွေပေါ့ကွာ။ ငွေဝင်လာတာနဲ့ အဲဒါတွေ အရင်ဝယ်လိုက်ပေါ့ကွာ။ အဲဒါတွေဝယ်ပြီးရင် ကျန်တဲ့ အနိဋ္ဌပစ္စည်းတွေ ဝယ်ခွင့်ရှိသွားပြီး။ ဝယ်ချင်ရာဝယ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက..

"စိတ်ချဆရာ။ အဲဒီအတိုင်းလုပ်မယ်။ ပြီးတော့ လာဘ်ရွှင်တဲ့အဆောင်လေးဘာလေးလည်း လုပ်ပေးပါဦးဆရာရဲ့။ အဆောင်ဆိုလို့ ပြောရဦးမယ် ဆရာရေ့။ ဆရာက ကျွန်တော့်အတွက်ဆိုပြီး အဆောင်လုပ်ပေး။ ကျွန်တော်က အိမ်မှာလုပ်ထား။ ကျွန်တော့်အိမ်လာတဲ့သူက လိုက်ပြီးလုပ် ရော ဆရာရေ့။ အိမ်ကိုလာတာကလည်း လူပေါင်းစုံ ဆရာရေ့။ တချို့က ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး။ အဲဒီလူမျိုး တွေက လိုက်ပြီးလုပ်ချင်ပေမယ့် အခက်အခဲရှိနေပြန် ရော။ အဲဒါကြောင့် ကျွန်တော့်ကိုလုပ်ပေးတဲ့အဆောင်ဆို ရင် လူမျိုးမရွေး၊ ဘာသာမရွေးဆောင်လို့ရမယ့် အဆောင် လုပ်ပေးပါ ဆရာရယ်။ ဒါမှ သူတို့လိုက်လုပ်ချင်လည်း လိုက်လုပ်လို့ရတာပေါ့"

ဟု ပြောလေ၏။

"ငါသုံးတဲ့အဆောင်တစ်မျိုးရှိတယ်ကွ။ အရင်တုန်းက လက္ခဏာဆရာဇေဒင်ဆရာလုပ်စားတုန်းက အဲဒီအဆောင်မျိုး လုပ်ပေးဖူးပါတယ်ကွာ။ အဲဒါကတော့ HORN OF



www.burmeseclassic.com

www.burmeseclassic.com



PLENTY ဟွန်းအော့ဖ်ပလန်းတီးလို့ခေါ်တယ်။ ပေါကြွယ်ဝသော ဦးချိုလို့ အဓိပ္ပာယ်ရတာပေါ့။ ရှေးတုန်းက ဥရောပတိုက်မှာရှိတဲ့ မုဆိုးကြီးတွေဟာ သူတို့ရတဲ့ သားကောင်ရဲ့ ချိုကြီးတွေကို ပစ္စည်းထည့်တဲ့ပုံးကြီးတွေအဖြစ် အသုံးပြုလေ့ရှိတယ်။ အဲဒါတွေ ဥရောပတိုက်မှာရှိတဲ့ လောကီပညာဆရာတွေက အဲဒီချိုကြီးတွေထဲမှာ သီးနှံတွေ၊ ငွေတွေထည့်ပြီး အစီအရင်အဖြစ် လုပ်ကြတယ်။ အစီအရင်ဆိုတာလည်း အခြားဟာမဟုတ်ပါဘူး။ လာဘ်ရွှင်တဲ့ အစီအရင်ပေါ့ကွာ။ အဲဒီ အစီအရင်ဟာ ဘယ်လောက် စွမ်းသလဲဆိုရင် တကယ့်ဦးချိုနဲ့ တကယ့်ပစ္စည်းတွေ ထည့်ထားတာ မပြောပြလို့ အဲဒီပုံကို နံရံမှာချိတ်ဆွဲထားရင်တောင် လာဘ်ရွှင်တယ်ကွာ။ ဥရောပတိုက်မှာ အဲဒီပုံတွေ တော်တော်များများ ချိတ်ထားလေ့ရှိတယ်။ ဒီမှာလည်း အတော်များများ ငါသုံးဖူးပါတယ်ကွာ။ ဗေဒင်လက္ခဏာဆရာလုပ်တုန်းက အဲဒီပုံမျိုးတွေ ငါလုပ်ပေးဖူးပေါင်းများပြီ။ သုံးတဲ့လူတွေကလည်း အကျိုးရှိတယ်လို့ ပြောကြပါတယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက..

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ပေါကြွယ်ဝတဲ့အဆောင်နဲ့ပတ်သက်လို့ အထောက်အထားစာအုပ်ရော ရှိမလားဆရာ"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ကွာ။ တချို့အဘိဓာန်ကဆိုရင် အဲဒါကို COR-NUCOPIA လို့ပြတယ်ကွာ။ အဓိပ္ပာယ်ကတော့ ဒါပါပဲကွာ။ တောင်ဆိတ်ချိုထဲမှာ ဖွံ့ဖြိုးနေတဲ့ သီးနှံတွေထည့်ထားပုံကို ပြတာပါပဲ။ အနီးဆုံး အဘိဓာန်တစ်ခုကို ညွှန်းမယ်။ ရီးဒါးဒိုင်ဂျက် စွယ်စုံအဘိဓာန် အတွဲ ၁၊ စာမျက်နှာ ၂၀၄ မှာ ပုံနဲ့တကွ ဖော်ပြထားတာကို မင်း တွေ့ရပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်မြင့်အေးက..

"ကျွန်တော့်လည်း တစ်ပုံလောက် ဆွဲပေးစမ်းပါ"

ဟု ပြောလေ၏။

"ဒီလို အရမ်းဆွဲလို့တော့ မကောင်းဘူးကွ။ ဂြိုဟ်သွားပြက္ခဒိန်မှာ မွန်းနဲ့ ဂျူပီတာ ပူးယှဉ်တဲ့နေ့မှာ ပန်းချီဆရာကို ဆွဲခိုင်းမယ်ကွာ။ ပြီးတော့ မင်းတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မသုံးနဲ့။ ရောင်ပြန်မဂ္ဂဇင်းမှာ ဖော်ပြကွာ။ မင်းတို့ငါတို့လို ဝင်ငွေပုံမှန်မရှိတဲ့လူတွေအတွက် အားကိုးအားထားဖြစ်ပါစေကွာ”

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**



**လာဘ်မိုးရွာစေပေ**

www.burmeseclassic.com

www.burmeseclassic.com



## ၈ ။ မာ လာ

တစ်နေ့မှာ ရောင်ပြန်အယ်ဒီတာ မောင်မောင်မြင့်အေး ဟာ ကျွန်ုပ်ရဲ့ခြံကို ရောက်လာပါတယ်။ ကျွန်ုပ်တွေ့ရင် တွေ့ချင်း...

"ဆရာကြီးရဲ့ပညာနဲ့ လူတွေကို နေ့တိုင်း နေ့လယ် နှစ်ချက်ခွဲကနေ လေးနာရီအထိ ကူညီပေးနေတယ်ဆိုတာ ကျွန်တော်တို့လည်း သိနေတာပဲ။ ဒါပေမယ့် ဆရာကြီး ကူညီတာက ရန်ကုန်က လူတွေအတွက်တော့ ဟုတ်တာပေါ့။ နယ်ကလူတွေကို ဆရာကြီး ဘယ်လို ကူညီမှာလဲ"

ဟု စကားစ,လိုက်ရင်ပဲ ကျွန်ုပ်က...

"တော်စမ်းပါ မောင်မောင်မြင့်အေးရာ..။ မင်း ဘာပြောချင်တယ်ဆိုတာ ငါ သိပါတယ်။ နယ်ကလူတွေအတွက် ကျွန်တော်တို့ မဂ္ဂဇင်းကနေတစ်ဆင့် ယတြာတွေ ဖော်ပြပေးပါလို့ မင်းက ပြောမလို့မဟုတ်လား။ မင်း ဘာပြောမယ်ဆိုတာ ငါသိပါ



www.burmeseclassic.com

www.burmeseclassic.com




တယ်။ မင်း မပြောခင်ကတည်းက ငါက လုပ်ထားပြီးသားပါ။ ဟောဒီမှာကြည့်”

ဟုပြောပြီး စာရွက်ကြီးတစ်ရွက်ကို ထုတ်ပြလိုက်တယ်။ အဲဒီစာရွက်ကြီးကို မောင်မောင်မြင့်အေးက ကြည့်ပြီး..

“နေကြာပန်းပုံကြီး ဆွဲထားတာလား ဆရာကြီး”

လို့ ပြောတယ်။



အဲဒီတော့ ကျွန်ုပ်က...

**လာဘ်မိုးရွာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ ကြည့်စမ်းပါဦးဟ။ စမ,မာလာ လို့ ငါတို့ နာမည်ပေးထားတဲ့ စမပုံကြီးပါ။ အဲဒီထဲမှာ ဋ–အမြီးကိုက် လည်း ပါသေးတယ်။ အဋ္ဌလက်ဂြိုဟ်ခွင် ပါတယ်ကွာ။ နငယ် နကင်းညှနို့ အဝင်အထွက်ပါတယ်ကွာ။ ကြီးလေးကြီး စမ,ပါ တယ်ကွာ။ ဋ–အံကိုက်ပါတယ်ကွာ။ ပြီးတော့မှ ဇေဒင်ဂဏန်း ပါတယ်ကွာ။ ပြီးတော့ မြင်းသွား သွားထားတယ်ကွာ။ စမကို ပန်းပွင့်ကြီးလို လုပ်ထားလို့ စမ,မာလာ လို့ ခေါ်တယ်ကွ။ ရှေ့က ငါတို့ဆရာကြီးတွေ အလွန်သုံးတာပေါ့ကွာ"

လို့ ပြောလိုက်ရင်ပဲ မောင်မောင်မြင့်အေးက…

"နေစမ်းပါဦး ဆရာကြီးရဲ့။ ပန်းပွင့်ကြီး…အဲ..အဲ.. ယောင်လို့ စမ,မာလာကြီးက ဘယ်ကိစ္စမှာ သုံးရမှာတုံး"

လို့ မေးလိုက်ပြန်တယ်။

"အခု လုပ်ပေးလိုက်တာ ခြံမြေအမြန်ဆုံး ဈေးကောင်းကောင်း နဲ့ ရောင်းရဖို့ လုပ်ပေးလိုက်တဲ့ ပုံကြီးကွ။ ငါ ဒီဟာကြီးနဲ့ ခြံ မြေတွေ ရောင်းရအောင် လုပ်ပေးနေတာ ကြာပြီ။ အခြား နည်းတွေလည်း ရှိပါတယ်ကွာ။ သူက သေချာတယ်၊ မြန် တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်ပြီး ကျွန်ုပ်ဟာ စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာရှိုက်နေပါတယ်။

"ဒါကြီးကို ဘယ်လိုလုပ်ရမှာလဲ ဆရာကြီး"

လို့ မောင်မောင်မြင့်အေးက အငမ်းမရ မေးလိုက်ပြန်ပါတယ်။

ဒါနဲ့ ကျွန်ုပ်က...

"ဒါကြီးကို ကပ်ကျေးနဲ့ညှပ်ပေါ့ကွာ။ အပေါ်က စမ,မာလာ ဆိုတဲ့စာကြီး မပါစေနဲ့။ ကပ်ကျေးနဲ့ညှပ်ပြီး လင်ပန်းမှာ ကပ်လိုက်၊ လင်ပန်းမှာကပ်ပြီးတော့ အလယ်မှာ အဝိုင်းလေးတွေ့လား...အဲဒီပေါ်မှာ ဖယောင်းတိုင်ထွန်း။ ဖယောင်းတိုင်မထွန်းခင်မှာ ကိုယ်ရောင်းချင်တဲ့ အိမ်လိပ်စာကို အပြည့်အစုံရေးရမယ်ကွာ။ ကိုယ်ထွန်းချင်တဲ့ဖယောင်းတိုင်တော့ ထွန်းလို့မရဘူး။ ဘေးမှာ စာရွက်အပိုပြဦးမယ်"


လို့ ပြောပြီး ဖယောင်းတိုင်မှာပတ်ရမယ့် စာရွက်ကို ယူပြီး ပြလိုက်တယ်။

"မောင်မောင်မြင့်အေးရေ...အဲဒီစာရွက်ကလေးကို ဖယောင်းတိုင်အကြီး ခြောက်တိုင်ထုပ်လို့ခေါ်တဲ့ ဖယောင်းတိုင်ပေါ်




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မှာ ပတ်ရမယ်။ အဲဒီမှာ ဂါထာပါတယ်။ ဂါထာက ရေးတုန်းက လောကီပညာရှင်တွေ ရေးလေ့ရှိတဲ့ ဗျည်းကြေးစမနဲ့ ရေးထားတယ်။ ဘေးက ကွက်လပ်အသေးလေးမှာ ရောင်းချင်တဲ့ လိပ်စာကို ရေးရမယ်”

လို့ ပြောလိုက်ရင် မောင်မောင်မြင့်အေးက....

“ခုနက စမပုံကြီးရဲ့အလယ်မှာ မီးထွန်းရမယ်ပေါ့”

အဲဒီတော့ ကျွန်ုပ်က...

“အေး..ဒါမျိုးလေးတွေ ၁၅ ခု ဖိုတိုစတက်နဲ့ကူး။ ၁၅ ရွက် ကို ကပ်ကြေးနဲ့ ညှပ်၊ ဖယောင်းတိုင်မှာပတ်၊ ပတ်ပြီးရင် ဖယောင်းတိုင်ကို ၁၅ ရက် ထွန်းရတယ်။ ထွန်းရမယ့်အချိန်ကလည်း ည။ ဒါကို လင်ပန်းမှာကပ်ထားတဲ့ စမ ပုံအလယ်မှာ ထွန်းရမယ်။ ဒါ ထွန်းပြီးရင် အခြားအလုပ် ဘာမှ မလုပ်ရဘူး။ ဆုတောင်းတာနဲ့ အိပ်တာ နှစ်မျိုးပဲ မှတ်ထားရမယ်။ ၁၅ ရက် ထွန်းတာနဲ့တင် သိသာပါပြီ။ ဒီမှာ ငါ နေ့စဉ်လုပ်ပေးနေတာ ၁၅ ရက် ပြည့်တဲ့အထိ မထွက်ပါဘူးလို့ လာပြောတဲ့လူ တစ်ယောက်မှမရှိဘူး။ ရောင်းရပါတယ်။ ၇ ရက်နဲ့ ထွက်တဲ့လူ။ ၈ ရက်နဲ့ ထွက်ရတဲ့ လူတွေချည်းပဲ။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com




နယ်က ခြံမြေရောင်းချင်တဲ့ လူတွေအတွက်ကို မင်းရဲ့မဂ္ဂဇင်း ကနေ သေသေချာချာလေး ဖော်ပြလိုက်ပါကွာ”

လို့ ကျွန်ုပ်က ပြောလိုက်ရင်ပဲ အယ်ဒီတာ မောင်မောင် မြင့်အေးဟာ..

“အတော်ပဲ ဒီအပတ် ထည့်ရမယ်။ လုပ်စရာတွေကလည်း အများကြီးဆိုတော့ ကျွန်တော် အားတယ်လို့ မရှိဘူး။ သွား လိုက်ဦးမယ်”

ဟု ဆိုကာ ဝမ်းသာအားရနှင့် ထွက်သွားလေတော့ သတည်း..။



**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိင်္ခ**

**လာဘ်မိုးရွာစေ**

www.burmeseclassic.com

www.burmeseclassic.com



# မဖြစ်ဘူးဆိုတာ မရှိပါဘူး

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ပေးထားသော သံပတ်ဖြင့် ပြုလုပ်ထားသည့် တိုင်ကပ်နာရီ အပျက် တစ်လုံးကို ဝက်အူလှည့်၊ ပလာယာ၊ တံစဉ်း စသည်တို့ကို အသုံးပြု လျက် ပြင်ဆင်နေလေတော့၏။ ရှေးနှစ်ပေါင်းများစွာမှ အသုံးပြုခဲ့ သော နာရီဟောင်းတစ်လုံးဖြစ်သောကြောင့် သံပတ်များ ကျိုးပြတ် နေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် သံပတ်အသစ်ကို လဲ၍တတ် ရလေ၏။ ချွေးသွားစိတ်များမှာလည်း တုံး၍နေပြီဖြစ်သောကြောင့် တစ်ခုနှင့်တစ်ခု မငြိတော့ဘဲ အံချော်၍နေလေ၏။ ထို့ကြောင့် ပြုတ်တူလေးဖြင့် ညှပ်ကာ စိတ်ရှည်လက်ရှည် တံစဉ်းတိုက်ရလေ ၏။ ဒိုင်ခွက်တွင်ရှိသော နံပါတ်များမှာလည်း ကြည့်၍မရအောင် မှိန်နေပြီဖြစ်သောကြောင့် အသစ်ပြန်၍ရေးရလေ၏။ မှန်သည် လည်း အကွက်များထ,၍ အစင်းများထင်နေသောကြောင့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြု လေ့ရှိသော မှန်ချွေးချွတ်ဆေးဖြင့် ပွတ်တိုက်ရလေ၏။ ကျွန်ုပ်၏ မှန်ချေးချွတ်ဆေးမှာ သွားတိုက်ဆေးနှင့် ရေနံဆီကို ပေါင်းစပ်ကာ မှန်ကိုသုတ်လိမ်း၍ အခြောက်ခံထားပြီး ခြောက်သောအခါကျမှ အဝတ်ဖြင့် ပွတ်တိုက်သောနည်းဖြစ်၏။ ရေနံဆီဖြင့် ဖျော်ထားသော သွားတိုက်ဆေးသည် မှန်ကို ကြည်လင်ရန်အတွက် လွန်စွာ အထောက်အကူပြုလေ၏။

ကျွန်ုပ်သည် အလုံးစုံ ပြင်ဆင်ပြီးသောအခါ၌ နာရီစက် အားနာရီအိမ်အတွင်းသို့ သွင်းပြီးလျှင် လက်တံများ ချိန်သီးများ ကို သူ့နေရာနှင့်သူ နေရာချ၍ သံပတ်ပေးလိုက်လေ၏။ ထိုသို့ သံပတ်ပေးလိုက်သောအခါ၌ ကျွန်ုပ်၏ တိုင်ကပ်နာရီလက်တံသည် နာရီနှင့်မတူတော့ဘဲ တကွတ်ကွတ်နှင့် တစ်ကွက်ပြီးတစ်ကွက် ရွေ့လေတော့၏။ ကျွန်ုပ်သည် လွန်စွာ စိတ်ဓာတ်ကျသွား၏။ ထိုအချိန်၌ ကျွန်ုပ်နှင့်သိကျွမ်းခြင်းမရှိသော လူတစ်ယောက်သည် ကျွန်ုပ်အနီးသို့ရောက်လာပြီးလျှင် ကျွန်ုပ်၏နာရီကို ကြည့်ကာ...

"ဒီထက် နည်းနည်းလေး မြန်အောင်လုပ်လိုက်ရင် နွေအခါ မှာ အသုံးဝင်လိမ့်မယ်။ နာရီကြည့်ဖို့ မဟုတ်ဘူး။ အအေးခံဖို့"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ကျွန်ုပ်က ထိုသူ၏မျက်နှာကို လှမ်းကြည့်ပြီးလျှင်...

"ခင်ဗျား ပြင်တတ်သလား"

ဟု မေးလိုက်လေ၏။ ထိုသူက ခေါင်းကို ဖြည်းညင်းစွာ ခါပြီးနောက်..

"မပြင်တတ်ပါဘူး ဆရာ့ရ။ ကျွန်ုပ် ပြီးတော့ ပြင်ဖို့လည်း စိတ်မကူးပါဘူး။ ဒီခေတ်မှာ နာရီတွေ ဒီလောက်ပေါနေတာ အသစ်တစ်လုံးဝယ်လိုက်မှာပေါ့။ ဘာဖြစ်လို့ ဒီလောက် စုတ်တဲ့နာရီကြီးကို အချိန်ကုန်ခံပြီး ပြင်နေရမှာလဲ"

ဟု ပြောလေ၏။

"ဒီလို ရှိတယ်ဗျ။ အသစ်ဟာ အသစ်အနေနဲ့ တန်ဖိုးရှိသလို အဟောင်းကလည်းအဟောင်းအနေနဲ့မြတ်နိုးစရာကောင်းတယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ထိုသူက မခိုးမခန့်ပြုံး၍...

"ဆရာက ဆရာ့ပစ္စည်းကို 'အန်းတစ်'လို့ ပြောချင်လို့လား။ အခုခေတ်မှာ လူတော်တော်များများဟာ 'အန်းတစ်'ကို ခံစားတတ်မှ ခေတ်မီသလို ဖြစ်နေကြတယ်။ အဲဒီထဲမှာ ဆရာလည်း ပါနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထိုသူက ပြောလေ၏။

"ဒီလိုရှိတယ် ကိုယ့်လူ။ ကျုပ်က ခေတ်မီအောင် ရှေးဟောင်းပစ္စည်းကို နှစ်သက်တာမဟုတ်ဘူး။ ဘယ်လိုကြောင့်လဲတော့ မသိဘူး။ ကျုပ်ရဲ့စိတ်မှာ ရှေးဟောင်းပစ္စည်းတွေကို သိပ်သဘောကျတယ်ဗျ။ ရှေးဟောင်းနာရီပျက်ကြီးတွေ၊ ရှေး ဟောင်း အိုးစုတ်ကြီးတွေ၊ ရှေးဟောင်း စားပွဲခုံကြီးတွေ၊ ပြီး တော့ ရှေးဟောင်းဓာတ်ပုံကြီးတွေကို တွေ့လိုက်ရရင် ကျုပ် စိတ်ထဲမှာ တစ်မျိုးပဲဗျ။ တစ်ခုခုကို လွမ်းသလိုလို ဆွေး သလိုလို ခံစားရတယ်"

ဟု ကျွန်ုပ်ပြောလိုက်လျှင် ထိုသူက...

"အဲဒါ...စိတ်ရောဂါ"

ဟု တုံးတိတိ ပြောလိုက်လေ၏။

"ပြီးတော့..ကျုပ်ဟာ အဲဒီပစ္စည်းတွေကို ဖုန်တွေ ဘာတွေ ခါ၊ ပျက်တာတွေရှိရင် ပြန်ပြင်၊ ပိန်တာတွေရှိရင် ပြန်ဖောင်း ပြီး ကျုပ် အလုပ်လုပ်တဲ့အနားမှာ ထားလေ့ရှိတယ်။ အချိန် ရရင် အဲဒီပစ္စည်းတွေကိုကြည့်ပြီး စဉ်းစားတော့တာပဲဗျို့။ ဥပမာဗျာ...ဟောဒီတိုင်ကပ်နာရီကြီးဟာ ကျုပ်မိတ်ဆွေက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို လက်ဆောင်ပေးထားတာ။ အဲဒါဟာ သူ့အဘိုး သုံးခဲ့တဲ့ နာရီတဲ့။ သူ့အဘိုးက မြန်မာလူမျိုး မဟုတ်ဘူးဗျ။ မာရဝါရီ ကုလားကြီးတဲ့။ ကျုပ်တို့တိုင်းပြည်ကို ရောက်လာတဲ့အခါမှာ သူက ရွှေချွတ်တဲ့လုပ်ငန်းကို လုပ်တယ်။ ပြီးတော့ရွှေအရောင်း အဝယ် လုပ်တယ်လို့လည်း ပြောတယ်။ အဲဒီတော့ ကျုပ်က ဘာတွေလျှောက်ပြီး စိတ်ကူးသလဲဆိုတော့ အဲဒီ မာရဝါရီ ကုလားကြီးဟာ ရွှေ အရောင်းအဝယ်လုပ်ပြီး ပိုက်ဆံရှိလာတဲ့ အခါမှာ မာရဝါရီမတစ်ယောက်နဲ့ အိမ်ထောင်ပြုမယ်ဗျာ။ ပြီးတော့ အိမ်တစ်လုံး ဆောက်မယ်ဗျာ။ ပြီးတော့ သူ့အိမ်ရဲ့ ဧည့်ခန်းမှာချိတ်ဖို့ ဒီနာရီကြီးကို ဝယ်မယ်ဗျာ။ အဲဒီ အချိန်တုန်းကတော့ ဒီနာရီကြီးဟာ အသစ်ကြီးပေါ့ဗျာ။ အဲဒီလိုက နေပြီး ကျုပ်ဟာ တွေ့လည်းမတွေ့ဖူး၊ မြင်လည်း မမြင်ဖူးတဲ့ မာရဝါရီ ကုလားသူဌေးကြီးတစ်ယောက်အကြောင်းကို စဉ်းစားလိုက်တာ မပြီးတော့ပါဘူးဗျာ”

ဟု ပြောလိုက်လျှင် ထိုသူက ...

“အဲဒါ စိတ်ရောဂါ”

ဟု တုံးတိတိ ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ ဒီလို ရှိသေးတယ်ဗျ။ အဲဒီ ရှေးဟောင်း ပစ္စည်းတွေမှာ မူလက သုံးခဲ့တဲ့လူရဲ့ ဓာတ်ငွေ့ဓာတ်သက်တွေ 'ဝေ့'တွေပေါ့ဗျာ။ အဲဒါတွေ ကျန်ရစ်နေတယ်လို့ ကျုပ်စိတ်မှာ ထင်တယ်ဗျ"

ဟု ပြေလိုက်ရာ ထိုသူက...

"အဲဒါ ..စိတ်ရောဂါ"

ဟု တုံးတိတိ ဆိုပြန်လေ၏။

ထို့ကြောင့် ကျွန်ုပ်က...

"သူများအိမ်ကို မဖိတ်ဘဲလည်း လာတယ်။ ပြီးတော့ သူများ လုပ်တာကိုကြည့်ပြီး စိတ်ရောဂါ...စိတ်ရောဂါလို့ ပြောတဲ့ လူဟာလည်း စိတ်ရောဂါဖြစ်နေတဲ့လူပဲ"

ဟု ပြောလိုက်လျှင် ထိုသူက...

"မှန်လိုက်တာ ဆရာရယ်။ ကျွန်တော့်မှာလည်း 'ဆိုက်ကိုးဆစ်' အဲ..အဲ.. စိတ်ရောဂါ..စိတ်ရောဂါ ရှိနေပါတယ်။ အဲဒီ စိတ်ရောဂါကို ကျွန်တော်ကိုယ်တိုင် နာမည်ပေးထားတာက တော့ 'တောင်စဉ်ရေမရ စိတ်ရောဂါ'လို့ နာမည်ပေးထား တယ်။ ရေလိုချင်တဲ့သူဟာ တောင်တွေပေါ်တက်ပြီး တောင် စဉ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရေလိုက်ရှာတယ်။ တကယ်က တောင်ပေါ်မှာ ရေ မရနိုင်ဘူး။ တောင်အောက်ကိုဆင်းမှ ရေရမယ်ဆိုတာကို မသိသာ ဆိုးဝါးပြီး တောင်စဉ်ခုနစ်ထပ်ကို ရေရှာထွက်ခဲ့လို့ ရေမရဘဲ ခြေကုန်လက်ပန်းကျတဲ့ရောဂါပေါ့ဗျာ"

ဟု ဆွေးဆွေးမြေ့မြေ့ ပြောလိုက်လေ၏။ ကျွန်ုပ်သည် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်လေ၏။ ထိုနောက်...

"အဲဒါ...စိတ်ရောဂါ"

ဟု ၎င်းပြောသည့် လေသံအတိုင်း ပြန်၍ပြောလိုက်လေ ၏။ ထိုအခါ ထိုသူက...

"မှန်ပါတယ် ဆရာရယ်။ ကျုပ်ဟာ နှစ်ပေါင်းများစွာ ဇွဲနဲ့ ကြိုးစားပြီး ဘာမှဖြစ်မလာတဲ့အခါကျမှ ငါလုပ်တဲ့ အလုပ် ဟာ ဘာမှဖြစ်မယ့်အလုပ်လည်း မဟုတ်ပါလားလို့ သိရတော့ တယ် ဆရာရယ်။ အဲဒီတော့ ကိုယ့်ကိုကိုယ် ယူကြုံးမရဖြစ်ပြီး တောက်တခေါက်ခေါက်နဲ့ အိပ်မပျော် စားမဝင် ဖြစ်တော့တာ ပါပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထိုသူ၏စကားကို နား ထောင်ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးရှေးရှေးတုန်းက လူတစ်ယောက်ဟာ မိုးပေါ်ကို မော့ကြည့်တယ်။ အဲဒီမှာ တိမ်တိုက်တွေ ရွေ့လျားသွားလာနေတာကို တွေ့ရတယ်။ အဲဒီတော့ ဒီလူက တိမ်တိုက်ထဲကို လူတစ်ယောက်များရောက်သွားရင် ဘယ်လိုနေမလဲလို့ သူက သိချင်တယ်။ အဲဒီနောက်တော့ ဒီလူဟာ ဝါးတောထဲကိုဝင်ပြီး ဝါးတွေ ခုတ်တော့တာပဲ။ ပြီးတော့ သူတစ်ယောက်တည်း တကုပ်ကုပ်နဲ့ မျှော်စင်ကြီးတစ်ခုဖြစ်အောင်လုပ်တယ်။ သူ့ မျှော်စင်ကြီးဟာ တဖြည်းဖြည်းမြင့်လာလိုက်တာ နောက်ဆုံးတော့ တိမ်တိုက်ထဲကိုရောက်ရောဆိုပါတော့ကွာ။ အဲဒီတော့ မျှော်စင်ထိပ်ပေါ်မှာထိုင်ပြီး ဟိုကြည့်ဒီကြည့်လုပ်တယ်။ ဖြူဖြူအငွေ့တွေ သူ့ဘေးနားက ဖြတ်သွားတာကလွဲပြီး ဘာမှ ထူးခြားမှုမရှိပါဘူး။ အဲဒီတော့ သူလုပ်တဲ့အလုပ်ဟာ ဘာမှမဟုတ်ပါလား။ လိုသလောက်ပြီးလျှင် မျှော်စင်ကြီးကို တဖြည်းဖြည်းဖျက်ချတယ်။ အဲဒီတော့ ဝါးခုတ်တာရော၊ မျှော်စင်ဆောက်တာရော၊ ပြန်ပြီး ဖျက်ချတာရောဆိုရင် နှစ်ပေါင်းသုံးဆယ်လောက် အချိန်ကြာသွားတယ်။ အသက်လေးဆယ်လောက် က စ,ပြီးလုပ်တာဆိုတော့ ဘာမှမဟုတ်ပါလားလို့ သိတဲ့အချိန် မှာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ခုနစ်ဆယ်ရောက်သွားပြီ။ လူ့သက်တမ်း ကုန်ဆုံး သွားပြီ။ အဲဒီတော့ ခင်ဗျားလည်းပဲ အခု ကျုပ်ပြောပြတဲ့ ပုံပြင်ထဲကလူလို ဘာမှမဟုတ်ပါလားဆိုတာကိုသိဖို့ အချိန် တွေတော်တော်ဖြုန်းခဲ့တယ် ထင်တယ်"

ဟု ပြောလေရာ ထိုသူက…

"မှန်ပါတယ်ဗျာ…မှန်ပါတယ်။ ဆရာပြောပြတဲ့ ပုံပြင်နဲ့ ကျွန် တော်နဲ့ အကိုက်ဆုံးပါပဲ။ ကျုပ်နာမည် ဦးစန်းမောင်တဲ့။ ကျွန် တော် ဂိုဏ်းဆရာတစ်ယောက်ဆီမှာ တပည့်ခံပြီး သူခိုင်းတဲ့ အတိုင်း လုပ်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ အတိ အကျပြောရရင် နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ ဘာဆိုဘာမှ ထူးထူး ခြားခြား မဖြစ်ခဲ့ဘူး။ သူက ဟောဒီလိုလုပ် သိဒ္ဓိတိုးလိမ့်မယ် ဆိုရင် ကျွန်တော်က လိုက်ပြီး လုပ်တာပဲ။ ဟောဒီ အဓိဋ္ဌာန် ဝင်၊ ဘယ်လို အကျိုးမျိုး ရမယ်ဆိုရင် လိုက်ပြီးဝင်တာပဲ။ ကျွန်တော့်ရဲ့ ဆရာကလည်း တော်တော့်ကို အပြောကောင်း တယ်။ စကားပြောရင် ဒေါနဲ့ မောနဲ့၊ မာန်နဲ့ ထန်နဲ့ ပြောတတ် တယ်။ သူပြောတဲ့အတိုင်း လိုက်ပြီးမလုပ်ရင် မျက်ထောင့်နီ ကြီးနဲ့ ကျွန်တော့်ကို ကြည့်လိုက်တာ ကျွန်တော်ဖြင့် ကျော



www.burmeseclassic.com

www.burmeseclassic.com



ကို စိမ့်သွားတာပဲ။ အဲဒီအခါမျိုးမှာ စကားပြောရင်လည်း တောက်,ခေါက်ပြီး ပြောတော့တာပဲ။ ကျွန်တော်ဟာ သူ့ကို ကြောက်တာနဲ့ လိုက်ပြီးလုပ်ရတာတွေ ရှိတယ်။ ဒါပေမယ့် နှစ်ပေါင်းနှစ်ဆယ်ကျော် လုပ်တယ်လေ။ ဘာမှ ထူးခြားချက် မရှိဘူး။ ကျွန်တော်တင် မထူးခြားတာ မဟုတ်ဘူး။ ကျွန်တော့် ဆရာလည်း ဘာမှ မထူးခြားဘူး။ အသက်သုံးဆယ်ကျော် လောက်က ကျွန်တော့်ဆရာနဲ့ ကျွန်တော် အတူတကွ လုပ်ခဲ့ ကြတာပဲ။ အနှစ်နှစ်ဆယ်ကျော်လောက် လုပ်ကြတာဆိုတော့ အသက်ငါးဆယ်ကျော်ကုန်ကြပြီ။ နှစ်ယောက်စလုံး ဆံပင် တွေကျွတ်ပြီး ထိပ်တွေပြောင်ကုန်ကြပြီ။ ဘာသိဒ္ဓိမှလည်း မရဘူး။ ဘာတန်ခိုးမှလည်း မရဘူး။ ဘယ်လိုလောကီအကျိုး စီးပွားမှလည်း မဖြစ်ထွန်းဘူး။ ကျွန်တော့်ဆရာဆိုရင် လ,စဉ် ဝင်တဲ့ငွေနဲ့ လစဉ်ကုန်တဲ့ငွေ မကာမိလို့ သူ့မိန်းမကြီးကိုတောင် တောပြန်ပို့လိုက်ရတယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်တော့်ဆရာ က ကျွန်တော့်ကိုအမိဋ္ဌာန်တစ်ခုဝင်ဖို့ခိုင်းတယ်။ အဲဒီမှာ ကျွန် တော်က မဝင်နိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒီတော့ ဆရာက ထုံးစံအတိုင်း တောက်ခေါက်ပြီး မျက်လုံးနီနီရဲရဲနဲ့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်တယ်။ အဲဒီတော့ ကျွန်တော်က ဆရာ့ကို ပြန်ပြီး ပြောတယ်။ 'ဒီမှာဆရာ ကျွန်တော်တို့လုပ်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီ။ ဘာမှ ထူးထူးခြားခြား မရှိဘူး။ ဥပမာ– ဆရာရယ်၊ ဆရာမင်းသိခ်တို့အုပ်စုက သူ့တပည့်တွေနဲ့သူ ဟိုဘုရားမှာ အဓိဋ္ဌာန်ဝင်လိုက်၊ ဒီဘုရားမှာ ပုတီးစိပ်လိုက် လုပ်ကြတာပဲ။ ဘာပဲဖြစ်ဖြစ် သူတို့အုပ်စုဟာ ကျွန်တော်တို့ ဆရာတပည့်ထက် တိုးတက်တယ်' လို့ ကျွန်တော်ကလည်း ပြောလိုက်ရာ အဲဒီမှာ ကျွန်တော့်ဆရာဟာ ယမ်းပုံမီးကျ ဖြစ်တော့တာပဲ။ 'ဟေ့ကောင်..မြဲမြဲမှတ်ထား။ မင်းသိခ်ဆိုတဲ့ အကောင်အကြောင်း ငါ့အိမ်ပေါ်မှာ မပြောနဲ့။ ဒီကောင့်ကို ငါ အထင်မကြီးဘူး'လို့ ပြောတော့တာပဲ အဲဒီတော့ ကျွန်တော် က ဒီလိုမပြောပါနဲ့ ဆရာရယ်။ ဆရာ့ကိုလည်း မင်းသိခ်က ဒီလိုပဲရှိတော့မပေါ့လို့ ပြန်လည်းပြောလိုက်ရော ကျွန်တော့် ဆရာဟာ သိပ်ပြီး ဒေါပွလာပြီး အနားမှာရှိတဲ့ ပုလင်းကို ဆွဲချပြီး သူ့ခေါင်းကိုသူရိုက်ချလိုက်တယ်။ ပုလင်းဟာ 'ဖောင်း' ခနဲ ကွဲသွားပြီး သူ့နဖူးက သွေးတွေစီးကျလာတယ်။ အဲဒီတော့ ဆရာရယ် ကျွန်တော်လည်း ဘယ်လိုလုပ် ကြည့်နေလို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့မလဲ ကျွန်တော်က သွေးမြင်ရင် ရှော့ခ်ဖြစ်တတ်တယ်။ အဲဒီတော့ ကျွန်တော်လည်း ဆရာ့ကို ဒီအတိုင်းထားပြီး သူ့အိမ်က ကပျာကယာဆင်းလာခဲ့တော့တယ်”

ဟု ဦးစန်းမောင်က ပြောလေ၏။

ကျွန်ုပ်သည် ဦးစန်းမောင်၏မျက်နှာကို သေချာစွာ ကြည့်ပြီးနောက်…

“ခင်ဗျားဆရာလိုလူမျိုးတွေ ကျုပ်ဘဝမှာ အများကြီး တွေ့ဖူးပါတယ်ဗျာ။ ကျုပ်နာမည်ကို မင်း လို့ ကြားလိုက်တာနဲ့ နောက်က သိခ်ဆိုတဲ့စာလုံးတောင်မကြားရသေးဘူး မကောင်းပြောချင်တဲ့သူတွေ၊ ရန်လုပ်ချင်တဲ့သူတွေ အများကြီးပါ။ ကျုပ်အဖို့တော့ ဒါမျိုးတွေဟာ ရိုးနေပါပြီ။ ဒီလူတွေဟာ စိတ်ရောဂါ ဖြစ်နေတဲ့လူတွေ။ ကျုပ်ကလည်း သူတို့ကို ဘာမှလည်း မပြော၊ မလုပ်ဘဲ သက်သက်အမုန်းပွားနေတယ်ဆိုတာ လူကောင်းတွေရဲ့ အလုပ်မှမဟုတ်ဘဲ။ အရူးတစ်ယောက်ရဲ့ အလုပ်ပဲ။ ထားလိုက်ပါတော့လေ။ ခင်ဗျား လာရင်းကိစ္စကိုပဲ ပြောပါ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဦးစန်းမောင်က…



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဆရာရဲ့။ ကျွန်တော့်ဆရာဟာ နောက်တစ်နေ့ကျတော့ ကျွန်တော့်အိမ်ကို ပတ်တီးကြီးနဲ့ ရောက်လာတယ်။ ပြီးတော့ တပည့်ရေ့. မနေ့က ငါ စိတ်ဆိုးမာန်ဆိုးလုပ်မိတာ တောင်းပန်ပါတယ်။ တို့ဆရာတပည့်နှစ်ယောက် ခင်ခင်မင်မင်ပေါ့ ကွာ။ တစ်ခုပြောရဦးမယ် ဆရာရေ။ ကျွန်တော့်ဆရာနဲ့ ကျွန် တောနဲ့က ရွယ်တူခင်ဗျ။ ဒါပေမယ့် ကျွန်တော့်ဆရာက သိပ် ပြီးတော့ အသားယူတာ။ ဘယ်တော့မှ ကျွန်တော့်ကို နာမည် မခေါ်ဘူး။ တပည့်လို့ပဲ ခေါ်တာ။ တပည့်တောင်မှ အသံ ထွက်က တစ်မျိုးခင်ဗျ။ တပည့်ဆိုရင် ပဲ့သွားမှာဆိုးလို့ တပည့် လို့ခေါ်တယ်။ ဆရာကတော့ ဒီလိုမဟုတ်ဘူး ဆရာ့တပည့် တွေနဲ့ ဆရာနဲ့ အတူတူသွားလာနေတာ ကျွန်တော် တွေ့ဖူးပါတယ်။ သူငယ်ချင်းတွေလိုပဲ သွားလာနေကြတာ။ တစ်ခါမှ လည်း တပည့်ဆိုတဲ့ အသုံးအနှုန်း မသုံးဘူး။ ကျွန်တော်ဖြင့် ပျော်လိုက်တာ။ ဆရာ့တပည့်တွေကလည်း ဘာပဲဖြစ်ဖြစ် ဆရာ့ကို ချစ်ကြပါတယ်။ ကျွန်တော့်ဆရာကတော့ ဒီလို မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော့်ဆရာကို ကြောက် တာတော့ မှန်တယ်။ ဒါပေမယ့် မချစ်ဘူး ခင်ဗျ။ ဆရာ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူတွေဟာ ကြာလာတဲ့အခါမှာ ချစ်ကြောက်ရိုသေရမဲ့ အစား၊ ရွံကြောက်ကြီး ဖြစ်လာတယ်”

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

“ဒီမှာ ကိုစန်းမောင်..ရူးနေတဲ့ ခင်ဗျားဆရာအကြောင်းကို ထားပြီး ခင်ဗျားလာရင်းကိစ္စကို ပြောပါဗျာ”

ဟု ပြောလိုက်လျှင်..ဦးစန်းမောင်က..

“ဘာပြောစရာလိုသေးသလဲ ဆရာရယ်။ ဟိုဆရာဆီက ထွက်လာပြီး ဒီဆရာဆီမှာ တပည့်ခံဖို့ပေါ့”

ဟု ပြောလေတော့၏။

ထိုအခါ ကျွန်ုပ်က…

“ဒီလိုရှိတယ် ကိုစန်းမောင်ရေ… ဟိုဆရာနဲ့ ပူးတွဲပြီး အဓိဋ္ဌာန်တွေလုပ်တာ မထူးလို့တော့ မထူးဘူးဆိုပြီး ကျုပ်ဆီ မလာနဲ့။ ကျုပ်ဆီမှာလည်း ဘာမှ မထူးဘူး။ (ခင်ဗျားတို့ မထူးတာက အနှစ်နှစ်ဆယ်ရှိပြီ။ ကျုပ် မထူးတာက အနှစ် သုံးဆယ် ရှိပြီ) ကျုပ်တပည့်တွေနဲ့ ကျုပ်ကိုကြည့်ပြီး တိုးတက် နေတာလို့လည်း မယူဆနဲ့ဦးဗျ။ ကျုပ်တို့က အထက်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဂိုဏ်းဆိုတဲ့ဝေါဟာရကို ကျုပ်တို့က သိပ်ပြီးကြိုက်တာ မဟုတ်ဘူး။ ကျုပ်က ပတ်သက်ရာ ပတ်သက်ကြောင်းတွေကိုခေါ်ပြီး ဇေဒင်လေး၊ လက္ခဏာလေး သင်ပေးတယ်။ သူတို့က အဲဒါလေးတွေ တတ်သွားတော့ တချို့လည်း ကိုယ့်အိမ်မှာကိုယ် ဇေဒင်ဟောကြတယ်။ တချို့က ဆိုင်ခန်းလေးတွေ ဘာ တွေဝယ်နိုင်လျှင်လည်းဝယ်၊ ငှားနိုင်လျှင်လည်း ငှားပြီး ဇေဒင်လက္ခဏာဆိုင်ဖွင့်ကြတယ်။ အဲဒီတော့လည်း အပေါက်အလမ်းတည့်ပြီး ဝင်ငွေလေးတွေ ဖြောင့်လာကြတာပေါ့။ အဲဒီလိုဖြစ်လာကြတော့လည်း ကျုပ်တို့လူစုက မခွဲဘူးဗျ။ ကျုပ်တို့က တပူးတတွဲတွဲ သွားလိုက်ကြ၊ စားလိုက်ကြ၊ အဓိဋ္ဌာန်ဝင်လိုက်ကြ၊ တစ်ယောက်တလဲ ကျွေးလိုက်ကြ၊ ဝေငှလိုက်ကြ လုပ်နေကြတာ ဘေးကကြည့်ရင် ဂိုဏ်းတစ်ဂိုဏ်းလို့တောင် မြင်နိုင်တယ်။ အမှန်က ဘာဂိုဏ်းမှ မဟုတ်ဘူး။ အဲဒီတော့ ခင်ဗျားက ကျုပ်တို့ဆီကိုလာပြီး ဘာလုပ်မှာလဲ။ ဇေဒင် သင်ယူမှာလား၊ ဇေဒင်ဟောမှာလား။ ကြိုပြီးပြောထားမယ်။ ကျုပ်တို့လည်း လုပ်နေတာကြာပြီ ဘာမှထူးလှတယ်လို့ မဟုတ်သေးဘူး ကိုစန်းမောင်ရေ”

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင်…

"အဲဒါကိုပဲ ကျွန်တော်က သဘောကျတာပါ။ ကျွန်တော့် ဆရာဆိုရင် ဒီလိုမဟုတ်ဘူး။ ဘယ်သူပဲလာလာ ထူးနေပြီ၊ ဟုတ်နေပြီလို့ ဖြီးလုံး၊ ဖြန်းလုံးတွေ လုပ်နေတယ်။ ကျွန်တော် သိတာပေါ့ ဆရာရယ်။ ကျွန်တော့်ဆရာဟာ ဘာမှ မထူးဘူး လို့ ပြောရမှာဟာ သူ့အတွက် အတော့်ကို ဝန်လေးနေတယ်။ ဒီအချက်ကိုက မရိုးသားတာကို ပြတာပဲ။ ဘာပဲဖြစ်ဖြစ် ဆရာ ကတော့ ရိုးသားပါတယ်။ မထူးတာကို မထူးဘူးလို့ ပြောဖော် ရတယ်။ အဲဒါကြောင့် ဆရာ့ဆီမှာ တပည့်ခံချင်ပါတယ်"

ဟု ဦးစန်းမောင်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"ဒီလိုလုပ်ပါဗျာ။ ကျုပ်ဆီမှာ တပည့်မခံပါနဲ့။ ကျုပ်တို့ အဓိဋ္ဌာန် ဝင်တဲ့ နည်းလေးတော့ ရှိပါတယ်။ အဲဒါလေးကို ကူးယူသွား ပြီး ဟိုဆရာဆီမှာပဲ ဆက်နေပါ။ ကျုပ်တို့နည်းလေးကို သဘောကျရင်လည်း ခင်ဗျားဟာခင်ဗျား အဓိဋ္ဌာန်ဝင်ပေါ့"

ဟု ကျွန်ုပ်က ပြောရလေ၏။

ထိုအခါ ကိုစန်းမောင်က…



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ မေးစမ်းပါရစေဦး ဆရာရယ်။ ဆရာ့ဆီကို ကျွန်တော်က လာပြီး တပည့်ခံတာကို ဆရာက ဘာ့ကြောင့် လက်မခံချင်ရတာလဲ"

ဟု မေးလေ၏။

"လက်မခံချင်လို့ မဟုတ်ပါဘူး ကိုစန်းမောင်ရယ်။ ခင်ဗျားက ကျုပ်တို့ဆီမှာ ထူးလာမယ်ထင်ပြီး ဝင်လာရော။ ဒီလည်းကျရော ဘာမှ မထူးဘူးဆိုရင် တစ်ချိန်ချိန်မှာ ကျုပ်ကို ရန်လုပ်လိမ့်မယ်။ အဲဒါကြောင့် ခင်ဗျားဟာ ခင်ဗျားဆရာနဲ့နေ၊ ကျုပ်တို့နည်းကို သဘောကျရင် ကျုပ်တို့နည်းအတိုင်း လုပ်ကြည့်ပေါ့။ အဲဒါဟာ အကောင်းဆုံးပါပဲဗျ"

ဟု ပြောလိုက်လျှင် ၎င်း ကိုစန်းမောင်က...

"ကောင်းပြီလေ.. ဆရာတို့ ဘယ်တော့ အဓိဋ္ဌာန် ဝင်ဦးမလဲ၊ ဆရာတို့ဆီက နည်းကို စာနဲ့ ကူးမယ်။ ဆရာတို့ လုပ်တာတွေကိုလည်း လက်တွေ့လိုက်ပြီးကြည့်မယ်။ ပြီးတော့ ကျွန်တော့်ဘာသာကျွန်တော် လုပ်ပါ့မယ်"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ၎င်းကိုစန်းမောင်ဆိုသူအား



www.burmeseclassic.com


www.burmeseclassic.com



ကျွန်ုပ်တို့ ပြုလုပ်လေ့ရှိသည့် အဓိဋ္ဌာန်နည်းကလေးတစ်ခုကို အောက်ပါအတိုင်း ပေးလိုက်လေ၏။

"တနင်္ဂနွေနေ့မှာ အဓိဋ္ဌာန်ဝင်ရင် ကြွေပန်းကန်ပြားပေါ်မှာ ဟောဒီစာလေးလုံး အထက်လမ်းစကားနဲ့ ပြောမယ်ဆိုရင် စမလေးလုံးပေါ့ဗျာ။ အဲဒါကို ရေးဆွဲပြီး အဓိဋ္ဌာန်ဝင်ရတယ်။ အဲဒီလေးလုံးက ဘာလဲဆိုတော့ (ပ၊ က၊ သ၊ အ )ဖြစ်တယ်ဗျ။ ကြွေပန်းကန်များကို လေးစိတ်မျဉ်းတားပြီး တစ်စိတ်ဆီမှာ 'စမ'တစ်လုံးဆီ ရေးသွင်းရတယ်။ ဒီမှာ ကျုပ် ပုံဆွဲပြမယ်။ ခင်ဗျား ကြည့်"

ဟု ဆိုပြီးလျှင် အောက်ပါပုံကို ဆွဲပြရလေ၏။




"ပထမဦးဆုံး စိပ်ရမယ့်ပုတီးက..

**အရဟံ..သိဒ္ဓိ.. ပစောက်**



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖြစ်တယ်။ အဲဒါကို တစ်ရာ့ရှစ်လုံး ပုတီးနဲ့ တစ်ပတ်ပြည့်အောင် စိပ်ရမယ်။ တစ်ပတ်ပြည့်အောင် စိပ်ပြီးတဲ့ အခါမှာ ပစောက်ဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင် အဖြူတစ် တိုင် ထွန်းညှိပူဇော်ရမယ်။ ပြီးရင်....

**အရဟံ..သိဒ္ဓိ..ကကြီး**

ဆိုတာကို ပုတီးတစ်ပတ်ပြည့်အောင် စိပ်ရမယ်။ စိပ်ပြီး ရင် ကကြီးဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင် အဖြူတစ်တိုင် ထွန်းရမယ်။ ပြီးလို့ရှိရင်..

**အရဟံ..သိဒ္ဓိ..သ**

လို့ စိပ်ရမယ်။ ပုတီးတစ်ပတ်ပြည့်ရင် သ ဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ပြီးတော့....

**အရဟံ..သိဒ္ဓိ...အ**

ဆိုတာကို ပုတီးတစ်ပတ် စိပ်ရမယ်။ ပြီးရင် အ ဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်...

"ဆရာ့ဥစ္စာက ပုတီးစိပ်ရမှာ လေးပတ်ထဲပါဗျာ။ ဘာမှ ခက်ခဲမှု မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးစန်းမောင်က ပြောလေ၏။

"ဒါက ဒီလိုလေ။ ပထမနေ့မှာ ပုတီး လေးပတ်ပဲပေ့ါ။ နောက်ကျတော့ နှစ်ဆတိုးသွားမှာပေ့ါ။ ဘယ်အချိန်မှာ နှစ်ဆတိုးမလဲဆိုတော့ ခုနစ်ရက်စိပ်ပြီးရင် နှစ်ဆတိုးမယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစန်းမောင်က...

"နှစ်ဆတိုးမှ ရှစ်ပတ်ရှိသေးတယ် ဆရာ"

ဟု ပြန်၍ပြောပြန်လေ၏။

"နောက်ထပ် ခုနစ်ရက် ပြည့်ပြီးရင် စမတစ်လုံးမှာ ပုတီးသုံးပတ်စိပ်ရမယ်လေဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းဦးစန်းမောင်က...

"စမတစ်လုံးမှာ ပုတီးသုံးပတ်နှုန်းစိပ်မှ ဆယ့်နှစ်ပတ်ပဲ ရှိပါသေးတယ်ဆရာရယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဒီအဓိဋ္ဌာန်က ခုနစ်ရက် ခုနစ်လီ (၄၉) ရက်လုပ်ရတာ ဦးစန်းမောင်ရေ..။ အဲဒီတော့ (၄၉) ရက်အဓိဋ္ဌာန်နောက်ဆုံးပတ်မှာ စမတစ်လုံးမှာ ပုတီးခုနစ်ပတ်စိပ်ရမှာဗျာ"

ဟု ပြောလိုက်လျှင် ၎င်းဦးစန်းမောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"စမ တစ်လုံးမှာ ပုတီးခုနစ်ပတ်စိပ်မှ ပုတီး (၂၈) ပတ်ပဲ ရှိပါတယ် ဆရာရယ်။ မလုပ်နိုင်စရာ မရှိပါဘူး"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် ၎င်းနှင့် စကားငြင်းခုန်ခြင်းအားဖြင့် အကျိုးမရှိနိုင်ကြောင်း သဘောပေါက်သဖြင့် ဆက်လက် ငြင်းခုန်ခြင်းမပြုတော့ဘဲ...

"လွယ်ရင် လုပ်ကြည့်ပေါ့ဗျာ။ တော်တော်ကြာတော့ ကိုယ့်ရှေ့မှာ ချ,ထားတဲ့ စမ ပန်းကန်ကြီးကို ရိုက်ခွဲချင်စိတ် ပေါက်လာလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုစန်းမောင်က...

"ဒီမှာ ဆရာ,ခ ခင်ဗျားပြောတဲ့ အဓိဋ္ဌာန်ဟာ ကျုပ်ရဲ့ဆရာ ပေးတဲ့ အဓိဋ္ဌာန်နဲ့ ယှဉ်လိုက်မယ်ဆိုရင် အများကြီး နုပါသေး တယ်ဗျာ။ ကျုပ်ဆရာရဲ့အဓိဋ္ဌာန်နဲ့ ဆရာ,ခရဲ့ အဓိဋ္ဌာန် ယှဉ်လိုက်မယ်ဆိုရင် ဆရာ,ခ ရဲ့ အဓိဋ္ဌာန်ဟာ ကျွန်တော့် ဆရာရဲ့အဓိဋ္ဌာန်ကို အလေးပြုပြီး ကော့သောင်းမှာ ချိန်မှတ် နေရလိမ့်မယ်။ ကျုပ်ဆရာပေးတဲ့ အဓိဋ္ဌာန်ဟာ တောထဲမှာ သွားလုပ်ရတာတွေ ရှိတယ်။ သစ်ပင်အောက်မှာ ခြင်ကိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လုပ်ရတာတွေရှိတယ်။ ထမင်းကို ဟင်းနဲ့မစားဘဲ ဆား ဖြူးစားရတဲ့ အခိုင်ဒွန်တွေရှိတယ်။ စုံနေတာပဲ"

ဟု ပြောလေ၏။

"အဲဒါတွေ သဘောကျရင် ခင်ဗျားဆရာဆီ ပြန်သွားလေ။ ခင်ဗျားဆရာ ခိုင်းတာတွေ လုပ်ပေါ့"

ဟု ကျွန်ုပ်က ခပ်ငေါ့ငေါ့ ပြောလိုက်ရာ ၎င်း ဦးစန်းမောင် က...

"ဆရာကလည်းဗျာ.. ကျုပ်ဆရာရဲ့ အခိုင်ဒွန်တွေကို ကြိုက် တယ်လို့ ကျုပ်က မပြောပါဘူး။ ခက်တာကို ပြောတာပါ"

ဟု ပြောလေ၏။

"ဒီမှာ ဦးစန်းမောင်၊ ခက်တိုင်း ကောင်းမယ်ထင်ရင် သလဲသီး တစ်လုံးဝယ်ပြီးတော့ အထဲက အစေ့တွေ ကော်ထုတ်ပြီးရင် သူ့နေရာသူ့ကျအောင် ပြန်ထည့်ကြည့်စမ်း။ ပြီးတော့ သပွတ် သီးခြောက်တစ်ခုကိုဝယ်ပြီး အထဲက သပွတ်အူကိုထုတ်၊ အထဲမှာ အပေါက် ဘယ်နှပေါက်ပါသလဲလို့ ရေတွက်ကြည့် စမ်း။ ခင်ဗျားခေါင်းက ကျိုးတိုးကျဲတဲဖြူနေတဲ့ဆံပင်တွေဟာ အကုန်လုံး ဖြူသွားလိမ့်မယ်။ ဒါပေမယ့် ဘယ်လိုအကျိုးမျိုးမှ



www.burmeseclassic.com

www.burmeseclassic.com



ရမှာမဟုတ်ဘူး။ ခက်တာနဲ့ကောင်းတာဟာ ဘာမှမပတ်သက်ဘူးဗျ။ ခက်တိုင်း ကောင်းတယ်လို့ မထင်နဲ့"

ဟု ပြောလိုက်လျှင် ကိုစန်းမောင်က...

"ဆရာတို့ ပုတီးသမားတွေဟာ အတော့်ကို စိတ်တိုကြတာပဲ။ ဒါကြောင့် ကျွန်တော်ဖြင့် စိပ်ပုတီးကို စိပ်ပုတီးလို့တောင် မခေါ်ချင်ဘူး။ စိတ်တိုပုတီးလို့ ခေါ်ချင်တယ်"

ဟု ပြောလိုက်လေ၏။

"မဟုတ်တာတွေမပြောနဲ့ ဦးစန်းမောင်။ ခင်ဗျား ငရဲကြီးလိမ့်မယ်။ အဲဒီတော့ တနင်္ဂနွေနေ့မှာ စတဲ့အဓိဋ္ဌာန်ကို ခင်ဗျား သဘောပေါက်ပြီပေါ့။ သဘောပေါက်ရင် ခုလာမယ့် တနင်္ဂနွေနေ့မှာလုပ်စမ်းကြည့်ပါဦး။ တစ်ခုတော့ ပြောလိုက်မယ်။ အဲဒီ အဓိဋ္ဌာန်က အိမ်မှာလုပ်လို့ မရဘူး။ စေတီတော် တစ်ဆူဆူမှာ သွားလုပ်ရတာ။ အဲဒီ စေတီတော်ကလည်း ရိုးရိုးစေတီ မဟုတ်ဘဲ နှစ်တစ်ထောင်အထက်မှာရှိတဲ့ စေတီမှရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုစန်းမောင်က...

"ဒါလည်း လွယ်ပါတယ်ဗျာ။ ရွှေတိဂုံ၊ ဆူးလေ၊ ရွှေဘုန်းပွင့်၊ ဗိုလ်တစ်ထောင် စတဲ့စေတီတွေဟာ နှစ်တစ်ထောင်အထက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတာပေါ့။ ဒါပေမယ့် ကျုပ် သိချင်တာက အဲဒါမဟုတ်ဘူး။ တနင်္ဂနွေမှာ စ,ပြီး လုပ်ရတဲ့ အဓိဋ္ဌာန်အတွက် ပန်းကန်ပြားပေါ်မှာ ရေးရတဲ့စာလုံးလေးလုံးကိစ္စပဲ။ အဲဒီ စာလုံးလေးလုံးက ဘယ်ကနေ ရသလဲ။ သူ့အရင်းအမြစ်က ဘယ်ကနေ လာသလဲ”

ဟု မေးလေတော့၏။

“ဒါက ဒီလို ဦးစန်းမောင်ရဲ့ အင်္ဂဝိဇ္ဇာက လာတာ။ အင်္ဂဝိဇ္ဇာမှာ တနင်္ဂနွေတိုင်ကို ထူလိုက်ရင် ဟောဒီလိုရတယ် မဟုတ်လားဗျ”

ဟု ကျွန်ုပ်ကဆိုကာ အောက်ပါအတိုင်းရေးပြလိုက်လေ၏။

| | |
|---|---|
| ၅ | ပ |
| ၂ | က |
| ၆ | သ |
| ၁ | အ |
| ၄ | |
| ၇ | |
| ၃ | |



www.burmeseclassic.com

www.burmeseclassic.com



ဦးစန်းမောင်သည် ကျွန်ုပ်ရေးပြသော အင်္ဂဝိဇ္ဇာတိုင်ကို သူ၏မှတ်စုစာအုပ်တွင် ကူးယူပြီးလျှင်...

"အဲဒီလို အခြေအမြစ်သိရတော့ လုပ်ရတာ ပိုပြီးအားရှိတာ ပေါ့။ ကျွန်တော့်ဆရာနဲ့ လုပ်ရတုန်းက သူက လုပ်ဆိုရင် လုပ်ရတာပဲ။ ဘာမှ ရှင်းမပြဘူး။ ရှင်းမပြဘူး ဆိုတာကလည်း သူကိုယ်တိုင် မသိတာလည်းပါတယ်။ ဆရာစား ချန်တာလည်း ပါတာပေါ့ဗျာ။ အဲဒီလိုဆိုရင် တနင်္လာအတွက်၊ အင်္ဂါအတွက်၊ ဗုဒ္ဓဟူးအတွက်၊ ကြာသပတေးအတွက်၊ သောကြာအတွက်၊ စနေအတွက် အဓိဋ္ဌာန်ဝင်ရမယ့် စာလုံးတွေ 'စမ' တွေပေါ့ ဆရာရယ်။ ဒါတွေကို အကုန်လုံး ပြောပြလိုက်ပါ"

ဟု ပူဆာလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က အဓိဋ္ဌာန် စ,ဝင်မည့် နေ့ရက်များ နှင့် သက်ဆိုင်သော စမ ခုနစ်မျိုးကို အောက်ပါအတိုင်း ရေးပြ လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၅ .. ပ | ၆ .. သ | ၇ .. တ |
| ၂ .. က | ၃ .. စ | ၄ .. ယ |
| ၆ .. သ | ၇ .. တ | ၁ .. အ |
| ၁ .. အ | ၂ .. က | ၃ .. စ |
| ၄ | ၅ | ၆ |
| ၇ | ၁ | ၂ |
| ၃ | ၄ | ၅ |
| ၁ .. အ | ၂ .. က | ၃ .. စ |
| ၅ .. ပ | ၆ .. သ | ၇ .. တ |
| ၂ .. က | ၃ .. စ | ၄ .. ယ |
| ၄ .. ယ | ၅ .. ပ | ၆ .. သ |
| ၇ | ၁ | ၂ |
| ၃ | ၄ | ၅ |
| ၆ | ၇ | ၁ |
| ၄ .. ယ | | |
| ၁ .. အ | | |
| ၅ .. ပ | | |
| ၇ .. တ | | |
| ၃ | | |
| ၆ | | |
| ၂ | | |



www.burmeseclassic.com

www.burmeseclassic.com



ဦးစန်းမောင်ကလည်း ကျွန်ုပ် ရေးပြသည်ကို သူ၏မှတ်စု၌ ကူးယူပြန်လေ၏။ ထိုသို့ ကူးယူပြီးနောက်....

"တနင်္ဂနွေနဲ့ ပတ်သက်တဲ့ လေးလုံးက စောစောက ရေးပြပြီးပြီ ပဲ။ ဘာဖြစ်လို့ ထပ်ပြီးရေးပြရတာတုန်း ဆရာရယ်"

ဟု အပြစ်တင်လေ၏။

"ဒါက ဒီလိုဗျ။ ခုနစ်နေ့အတွက် 'စမ' ရေးပြပါဆိုရင် ခုနစ် နေ့၊ ခုနစ်နံအတွက် ရေးရတယ်ဗျ။ ခင်ဗျား သိပြီးပြီဆိုပြီး ကျုပ်က ရေးမပြဘူးဆိုရင် တင်းပြည့်ကျပ်ပြည့် ဖြစ်မှာမဟုတ် ဘူး။ ခင်ဗျားက ကြံဖန်ပြီး အပြစ်တင်နေတာကို။ ခင်ဗျားနဲ့ ခင်ဗျားဆရာနဲ့ပဲ ကိုက်ပါတယ်။ ကျုပ်တို့ဆီ မလာပါနဲ့ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးစန်းမောင်က...

"ပုတီးသမား စိတ်တိုတယ်ဆိုတာ အမှန်ပဲဗျ။ မသိလို့ မေးမိ တာ ဒီလောက်တောင် စိတ်တိုရလား"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"ခင်ဗျားဟာက မေးတာနဲ့ မတူဘူး။ ရန်လုပ်တာနဲ့ တူနေ တယ်။ အဲဒါကြောင့် ကျုပ်က ကောင်းကောင်းမပြောဘဲ ခင်ဗျားကို ဟောက်တာ။ အဲဒီတော့ ခင်ဗျား နည်းသိပြီပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးတော့ လုပ်ပေတော့။ ပြန်ပေတော့၊ ပြန်ပေတော့၊ မြန်မြန်စွာမသွေ ပြန်ပါလေ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်း ဦးစန်းမောင်က…

“ခင်ဗျားကနေ ဆွဲရင်လည်း မနေပါဘူး ပြန်မှာပါ။ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ အဓိဋ္ဌာန် ဝင်ရမယ်။ အဲဒီအတွက် ပြင်ဆင်စရာ ရှိတာလေးတွေလည်း ပြင်ဆင်ရဦးမယ်။ သွားမယ်”

ဟု ဆိုလိုက်ရင်း ဦးစန်းမောင်သည် ထွက်သွားလေတော့၏။

ထို့နောက်တွင်ကား ဦးစန်းမောင်နှင့် ကျွန်ုပ်သည် မတွေ့တော့ပါ။ လေးလခန့် ကြာသောအခါ၌ ဦးစန်းမောင်သည် ကျွန်ုပ်ထံသို့ ရောက်လာ၏။ ကျွန်ုပ်သည် ၎င်းကို မြင်လျှင်မြင်ချင်း…

“ဦးစန်းမောင်ပါလား။ ဘာများ ကျွန်ုပ်ကို အပြစ်ပြောမလို့ လာတာပါလိမ့်”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးစန်းမောင်က ပြုံးလျက်…

“အပြစ်မဟုတ်ပါဘူးဗျာ။ အဖြစ်ကို ပြောမလို့ပါ။ ဟိုတစ်ခါတုန်းက ကျုပ်မှာက ဒုက္ခနဲ့ဗျ။ ဒုက္ခက တခြားဒုက္ခ မဟုတ်ပါဘူး။ အလုပ်က ချက်ချင်းကြီး ပြောင်းလာရတာဆိုတော့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မရှိလို့ နှမဝမ်းကွဲတစ်ယောက်အိမ်မှာ ကပ်ပြီး နေ,နေရတာ။ ယောက်ဖဝမ်းကွဲကလည်း ဆိုးလိုက်တာ မပြောပါနဲ့တော့။ အဲဒီမှာ ဆရာသမားရဲ့ တနင်္ဂနွေစ,တဲ့အဓိဋ္ဌာန်ကို လုပ်လိုက်တာ မမျှော်လင့်ဘဲ အိမ်ဒုက္ခ ငြိမ်းသွားတယ်ဗျို့။ နေဖို့၊ ထိုင်ဖို့ အဆင်ပြေသွားတယ်။ အဲဒီမှာ ကြွေးမြီလေးတွေ နည်းနည်း ရှိတော့ စိတ်ညစ်စရာတော့ ကျန်သေးတာပေါ့။ ဒါပေမယ့် တနင်္လာနေ့မှာ စ,တဲ့ အဓိဋ္ဌာန်ဝင်လိုက်တော့ နိုင်ငံခြား ရောက်နေတဲ့ ညီတစ်ဝမ်းကွဲက ငွေပို့လိုက်တယ်လေ။ အဲဒီ မှာ ကြွေးတွေ ဆပ်ပစ်လိုက်တယ်။ အဲဒါကြောင့် ကျုပ်မှာ လူလည်းပေါ့ပါး၊ စိတ်လည်း ပေါ့ပါးဖြစ်နေတဲ့အဖြစ်လေးကို လာပြီး ပြောချင်နေတာ။ မအားလို့ မလာရတာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"အဲဒီ အဓိဋ္ဌာန်ဟာ တစ်ခါဝင်ရင် (၄၉) ရက် ကြာတယ်။ ဗုဒ္ဓဟူးနံကြောင့် စိတ်ညစ်နေရင် ဗုဒ္ဓဟူးနေ့မှာ ဝင်လိုက် ရုံပဲ။ ကြာသပတေးနံကြောင့် အခက်အခဲတွေ့နေရင် ကြာသပတေးနေ့မှာ ဝင်လိုက်ရုံပဲ။ ကျွန်တော်တို့ ဆရာတပည့် တွေ မကြာခဏ (၄၉) ရက်တစ်ခါ (၄၉)ရက်တစ်ခါ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေတယ်ဆို တာ အဲဒါပါဗျာ။ အခု ဦးစန်းမောင်အနေနဲ့ လုပ်တတ်သွားပြီဆိုရင် ခင်ဗျားမိတ်ဆွေတွေကိုလည်း ပြော ပြလိုက်စမ်းပါ။ လေးလေးနက်နက် ယုံယုံကြည်ကြည်နဲ့ လုပ် ကြည့်စမ်းပါ။ မဖြစ်ဘူးရယ်လို့ မရှိပါဘူး။ အဖြစ်ထူးနဲ့ တကယ်တွေ့ရမှာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးစန်းမောင်က…

"မှန်ပါတယ်ဗျာ၊ မှန်ပါတယ်။ ကျုပ်လည်း ကျုပ်ရဲ့မိတ်ဆွေ တွေကို ပြောပြရဦးမယ်။ အခုလာတာက ဆရာနဲ့ ဆရာ့တပည့် တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဖက်ရည်တိုက်မလို့ဗျ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က…

"တခြားနည်းနဲ့ဆပ်ပါဗျာ။ လက်ဖက်ရည်တော့ မတိုက်ပါနဲ့။ ကျုပ်တို့ အိမ်မှာသောက်တဲ့ လက်ဖက်ရည်ဟာ တော်ရုံတန်ရုံ ဆိုင် မမီပါဘူး။ အဲဒီတော့ ကျုပ်တို့ကပဲ တိုက်လိုက်ပါရစေ။ လက်ဖက်ရည်မှာ အလွန်အင်မတန်နာမည်ကြီးတဲ့ မုတ်ဆိတ် တောင် ကျုပ်အိမ်က လက်ဖက်ရည်သောက်ပြီး ချီးကျူးသွား တယ်ဗျ။ မယုံရင် ခင်ဗျား သွားမေးကြည့်။ 'ရွှေဂုံတိုင်၊ စားမြိန်' ဆိုင်မှာ မုတ်ဆိတ်ရောက်နေတယ်။ မေးချင်ရင်တော့ အခု



www.burmeseclassic.com

www.burmeseclassic.com



သွားမေးနော်။ နောက်လဆိုရင်တော့ ဘင်္ဂလီဆုမှာ မုတ်ဆိတ်က ဆိုင်ထွက်မယ်ဆိုပဲ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစန်းမောင်က....

“သွားမယ်..သွားမယ်။ ကျုပ်လည်း သူ့လက်ဖက်ရည်ကို ကြိုက်တယ်ဗျ။ ဒါပေမယ့် ဆရာကလည်း ဆရာ့လက်ဖက်ရည် ကောင်းတယ်ဆိုတော့ သောက်ကြည့်ဦးမယ်လေ”

ဟု ဆိုသဖြင့် ကျွန်ုပ်သည် ၎င်း ဦးစန်းမောင်ဆိုသူအား လက်ဖက်ရည်ချိုတစ်ခွက် ဖျော်၍တိုက်လိုက်ရလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၅ .. ပ<br>၂ .. က<br>၆ .. သ<br>၁ .. အ<br>၄<br>၇<br>၃ | ၆ .. သ<br>၃ .. စ<br>၇ .. တ<br>၂ .. က<br>၅<br>၁<br>၄ | ၇ .. တ<br>၄ .. ယ<br>၁ .. အ<br>၃ .. စ<br>၆<br>၂<br>၅ |
| ၁ .. အ<br>၅ .. ပ<br>၂ .. က<br>၄ .. ယ<br>၇<br>၃<br>၆ | ၂ .. က<br>၆ .. သ<br>၃ .. စ<br>၅ .. ပ<br>၁<br>၄<br>၇ | ၃ .. စ<br>၇ .. တ<br>၄ .. ယ<br>၆ .. သ<br>၂<br>၅<br>၁ |
| ၄ .. ယ<br>၁ .. အ<br>၅ .. ပ<br>၇ .. တ<br>၃<br>၆<br>၂ | | |

www.burmeseclassic.com

www.burmeseclassic.com

# ကိုးနဝင်းမိုးလင်းမှသိမယ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ ကျွန်ုပ်နေထိုင်သော အယူတော်မင်္ဂလာခြံသို့ ရောင်ပြန်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်ဖြစ်သော မောင်မောင်မြင့် အေးသည် ရောက်ရှိလာလေ၏။ သူ၏လက်တွင် ကျွန်ုပ်အတွက် ထမင်းချိုင့်တစ်ချိုင့်လည်း ဆွဲ၍လာလေ၏။ ထိုကဲ့သို့ ထမင်းချိုင့် လာပို့ခြင်းသည် လွန်ခဲ့သောနှစ်များစွာကပင် ဖြစ်၏။

သူသည် ကျွန်ုပ်ကိုတွေ့လျှင်တွေ့ချင်း ပြုံးပြပြီးနောက်..

"ဆရာကြီးရေ...ဒီနှစ် နှစ်သစ်ကူးမှာ ထူးထူးခြားခြား အဓိဋ္ဌာန်လေးတစ်ခုတော့ တောင်းရဦးမယ်"

ဟု ပြောလေ၏။

မောင်မောင်မြင့်အေးက ထိုကဲ့သို့ပြောရာ ကျွန်ုပ်က..

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အဓိဋ္ဌာန်ဆိုလို့ ပြောရဦးမယ်ကွ။ ငါက တော်တော် အိပ်မက်မက်ခဲ့တဲ့လူကွ။ အိပ်မက် မက်တယ်ဆိုတာ မရှိသလောက် ပဲကွ။ ဘာကြောင့်လဲဆိုတော့ အိပ်ပြီဆိုရင် နှစ်နှစ်ခြိုက်ခြိုက် အိပ်တတ်တဲ့လူဆိုတော့ အိပ်မက် မမက်ဘူးကွ။ အိပ်မက်ဆိုတာ အိပ်သလိုလို၊ နိုးသလိုလို သူမျိုးမက်လေ့ရှိတာ မဟုတ်လား။ အေးပေ့..ဒါပေမဲ့ မော်ဘီခြံကို ရောက်ခါစပဲ ဗယား ကွက်တစ်ကွက်ကို အိပ်မက် မက်တယ်ကွ"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက...

"ဘယ်လို ဗယားကွက်ကိုများ မက်တာလဲ ဆရာကြီးရဲ့"

ဟု ပြန်ခေါ်မေးလေ၏။

"ဗယားဆိုလို့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူးကွာ။ ငါတို့ လောကီဆရာတွေ မကြာခဏအသုံးပြုခဲ့တဲ့ စမ္မာနဝကွက် ပေါ့ကွာ။ အင်္ဂလိပ်လိုတော့ မက်ဂျစ်စကွဲယားလို့ ခေါ်တယ်ကွ။ ဘယ်လိုပေါင်းပေါင်း (၁၅)ရတဲ့ အကွက်ဟာ လေကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက..

"သိပြီ..သိပြီ။ ကျွန်တော်လည်း မကြာခဏ တွေ့ဖူးပါရဲ့"

ဟု ပြန်၍ ပြောလေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကွက်ကို မက်တာက မဆန်းပါဘူး။ ဆန်းတာက အဲဒီ အကွက်မှာ အပေါ်ဆုံးတန်းမှာ ၂-၉-၄ ရှိတယ်လေကွာ။ အလယ်တန်းမှာက ၇-၅-၃ ကွာ။ နောက်တန်းမှာက ၆-၁-၈ မဟုတ်လား။ အေး..အဲဒီ ဂဏန်းတွေအတိုင်း ပုတီး စိပ်ပြီး အဓိဋ္ဌာန်လုပ်ရမယ်လို့ တစ်စုံတစ်ယောက်က ငါ့ကို လာပြောတယ်လို့ မက်တာကွ။ ပထမဦးဆုံး စ,ရမှာက ၂ ဂဏန်းက စရမှာပဲဟေ့။ အဲဒီမှာက သမ္မာသမ္ဗုဒ္ဓေါကို ပုတီး နှစ်ပတ် စိပ်ရမှာ။ ပြီးတော့ ၉ ဂဏန်းအတွက် ဘဂဝါကို ပုတီး ၉ ပတ် စိပ်ရမှာ။ နောက်ပြီးတော့ ၄ ဂဏန်းအတွက် သုဂတောဂုဏ်တော်ကို ပုတီး ၄ ပတ် စိပ်ရမှာ။ ပြီးတော့မှ အောက်တန်းက ၇ အစ မဟုတ်လား။ အဲဒီအတွက်က သတ္တာဒေဝ မနုဿနံကို ၇ ပတ် စိပ်ရမှာကွဲ့။ အလယ်ကွက် မှာက ၅ မဟုတ်လား။ အဲဒီအတွက်က လောကဝိဒူ ဂုဏ် တော်ကို ၅ ပတ်စိပ်ရမှာ။ အဲဒီ အလယ်ကွက် ရောက်လို့ရှိရင် အိပ်တဲ့ရက်မှာ သက်သက်လွတ်လည်း စားရဦးမှာကွ။ ပြီး တော့ ၉ ကွက်ပြည့်အောင် ဆက်ပြီးစိပ်သွားရတာပေါ့ကွာ။ တစ်ခု ထူးခြားတာက အကွက်က ပုံသေမဟုတ်ဘူးကွ။ ၂



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းစတဲ့အကွက်ကို လုပ်ပြီးရင် နောက်တစ်ခါစတဲ့အခါ ၃ ဂဏန်းစတဲ့ အကွက်ကို လုပ်ရတာကွ။ ပြီးရင် ၄ ဂဏန်း စတဲ့ အကွက်ကို လုပ်ရတာ။ အလယ်ကွက် ရောက်တိုင်း ရောက်တိုင်းလည်း သက်သက်လွတ် စားရမှာ။ ဒီမှာ တစ်ခု ထူးခြားတာကတော့ ပထမ ၉ ရက်ဆုံးတဲ့ အဓိဋ္ဌာန်နဲ့ ဒုတိယ ၉ ရက်စတဲ့ အဓိဋ္ဌာန်ဟာ တစ်ရက်ထဲမှာ ထပ်နေတာကို တွေ့ရတယ်။ ပထမလုပ်တဲ့ အဓိဋ္ဌာန်အဆုံးကို မနက်ပိုင်းမှာ လုပ်ပြီး နောက်လုပ်ရတဲ့ အဓိဋ္ဌာန်ကို အဲဒီ ညနေပိုင်းမှာ လုပ်ရတဲ့ သဘောရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်...

"ဆရာကြီးမက်တဲ့ အိပ်မက်ကလည်း ရှည်လှချည်လား"

ဟု မောင်မောင်မြင့်အေးက ပြောလေတော့၏။

"အဲဒီလို အရှည်ကြီးမက်နေတာတော့လည်း မဟုတ်ဘူးကွ။ အိပ်မက်က တိုတိုပဲ။ အိပ်မက်ထဲမှာ မက်တဲ့ပုဂ္ဂိုလ်ကလည်း တိုတိုပဲ ရှင်းပြတာ။ ဒါပေမဲ့ ငါက အကုန်လုံး နားလည်သွားတာကွ။ အိပ်မက်ထဲမှာ ရှင်းပြတာက တိုတိုလေး။ ငါက အားလုံး နားလည်သွားတာ။ ဒါကို မင်းက မယုံဘူးလို့တော့ မပြောနဲ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိ မှိတ်ပြီးသာ ယုံလိုက်ပေတော့ကွာ။ ဒီကိစ္စမျိုးက ပြောမယုံ ကြံဖူးမှသိ ဆိုတဲ့ ကိစ္စမျိုး ဖြစ်တယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက စပ်ဖြဲဖြဲမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်လိုက်လေတော့၏။

"ပုတီး ၉ ပိတ်စိပ်ရတဲ့အကွက်မှာ အလယ်တန်း အစ ၅ရယ်၊ အောက်ဆုံးတန်းအစ ၄ ရယ်ကို အိပ်မက်ထဲက ပုဂ္ဂိုလ် က လက်ညှိုးနဲ့ထောက်ပြပြီး ငါ့ကို ဘာပြောတယ် ထင်သလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ မောင်မောင်မြင့်အေးက..

"မသိဘူးလေ..."

ဟု ပြန်ပြောလိုက်လေ၏။

"အိပ်မက်ထဲက ပုဂ္ဂိုလ်က နံပါတ် ၅ အကွက်ကို လက်ညှိုး နဲ့ ထောက်တဲ့အခါမှာ 'မိုး'လို့ ဆိုတယ်ကွ။ နံပါတ် ၄ အကွက် ကို လက်ညှိုးနဲ့ ထောက်တဲ့အခါမှာ 'လင်း' လို့ ဆိုတယ်ကွ။ ကိုးနဝင်း မိုးလင်းဆိုတာ ဒီမှာဟော့လို့လည်း ပြောသေးတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်မြင့် အေးသည် ကျွန်ုပ်၏ စားပွဲပေါ်တွင်ရှိသော ဘောလ်ပင်များ ထည့် ထားသည့် ဖန်ဘူးထဲမှ ဘောလ်ပင်တစ်ချောင်းကို ထုတ်၍ အကွက်



www.burmeseclassic.com

www.burmeseclassic.com



များ ချကြည့်ပြီးလျှင် ဂဏန်းများရေးသွင်းကာ ထိုဂဏန်းများကို စစ်ဆေးကြည့်ရှုပြီးနောက်...

"အခု ဆရာကြီး ပြောတဲ့အတိုင်း ဆိုရင် ၉ ရက်၊ ၉ ရက် အမိဋ္ဌာန်လုပ်သွားရတဲ့ အပတ်ပေါင်း ၈ ကြိမ်မြောက်တဲ့ အမိဋ္ဌာန်မှာ ကျနေတယ်။ ၉ ကြိမ် မပြည့်သေးဘူး"

ဟု ပြောလေ၏။

"မှန်တာပေါ့ ငါ့လူရာ။ ကိုယ့်မှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒတွေဟာ ၉ ကြိမ်မြောက် အထိ မလုပ်ရပါဘူး။ အဲဒီ ၈ ကြိမ်မြောက်မှာဘဲ ထူးတော့တာ ပဲဟေ့။ အခက်အခဲတွေ ဆိုရင်လည်း အဲဒီ ၈ ကြိမ်မြောက် အမိဋ္ဌာန်အတွင်းမှာပဲ ဖြေရှင်းပြီးသား ဖြစ်သွားတယ်ကွ။ ခေတ်စကားနဲ့ ပြောရရင်တော့ မိုးလင်းသွားတာပေါ့ကွာ။ ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒတွေဟာလည်း အဲဒီ ၈ ကြိမ်မြောက်မှာပဲ ပြည့်စုံသွားလေ့ရှိတယ်။ ဒီစကားကို အရမ်းပြောတာ မဟုတ်ပါဘူးကွာ။ အဲဒီ အမိဋ္ဌာန်ကို ငါနဲ့ ငါ့ရဲ့ ဇေဒင်တပည့်တွေ အကြိမ်ကြိမ်လုပ်ပြီးသားကွ။ အဲဒီမှာချည်းပဲ ထူးကုန်ကြတော့တာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင်...

"သိပ်ပြီး မညွှန်းပါနဲ့ ဆရာကြီးရယ်။ ကျွန်တော်လုပ်မှာပါ။ တစ်ခုတော့ ရှိတယ်။ ဆရာကြီး ခုပြောတဲ့ ကိုးနဝင်းမိုးလင်းမှ သိမယ်ဆိုတဲ့ အဓိဋ္ဌာန်က ဆရာကြီးပြောတော့လည်း ရှင်းနေတာပဲ။ ကျွန်တော်တော့ မျက်စိနည်းနည်းလည်နေပြီ"

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"မျက်စိ မလည်စေရပါဘူး ငါ့လူရာ။ မင်း တကယ် အဓိဋ္ဌာန်ဝင်မယ်ဆိုရင်တော့ အကွက်ပုံစံ ၉ ခုနဲ့ရော ကန့်လန့်ဇယားနဲ့ရော ကြည့်ပြီး လုပ်လို့ရအောင်"

ဟု ပြောပြီး အောက်ပါအတိုင်း ရှင်းပြန်၏။

"အဲဒီ ကိုးနဝင်း မိုးလင်းမှသိမယ် အဓိဋ္ဌာန်ကိုဝင်တဲ့ ဘယ်နေ့ သားသမီးမဆို တနင်္လာနေ့ကစပြီး အဓိဋ္ဌာန်ဝင်ရမှာဖြစ်တယ်။ အဲဒီနေ့မှာ ပုတီးစိပ်ရမယ့် ဂုဏ်တော်ကတော့ သမ္မာသမ္ဗုဒ္ဓေါ ဆိုတဲ့ ဂုဏ်တော်ပဲ။ စိပ်ရမယ့် အပတ်ရေက ၂ ပတ်ဖြစ်တယ်။ အဲဒီ စိပ်ရမယ့်နေ့တွေ၊ ဂုဏ်တော်တွေ၊ အပတ်ရေတွေက ဘယ်ကရတာလဲဆိုတော့ မြန်မာ လောကီ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တွေရော၊ အနောက်တိုင်းက လောကီပညာရှင်တွေ ပါ အထူးလက်ကိုင်ထားပြီး သုံးလေ့သုံးထရှိတဲ့ စမ္မာနဝ ဒါမှ မဟုတ် မက်ဂျစ်စကွဲယား ဆိုတာကို အခြေခံပြီးရလာတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။

စမ္မာနဝဆိုတာက (၉) ကွက်ရှိတဲ့ ဇယားတစ်မျိုးပဲ။ သူ့ရဲ့ ထူးခြားချက်က ဂဏန်း (၃) လုံးတစ်တန်းကို ဘယ်လိုပဲပေါင်း ပေါင်း (၁၅) ချည်းပဲ ရနေတယ်။ ပေါင်းခြင်းဂဏန်း၊ တစ်လုံး တည်း ဂဏန်းလုပ်လိုက်ရင် (၆) ရတာပေါ့။ အဲဒီဟာနဲ့ (၉) နဝင်း မိုးလင်းမှ သိမယ်အဓိဋ္ဌာန်ဟာ ဟောဒီလို ဆက်စပ်နေ တာကွ။

| | | |
|---|---|---|
| ၂<br>တနင်္လာနေ့ | ၉<br>အင်္ဂါနေ့ | ၄<br>ဗုဒ္ဓဟူးနေ့ |
| ၇<br>ကြာသပတေးနေ့ | ၅<br>သောကြာနေ့ | ၃<br>စနေနေ့ |
| ၆<br>တနင်္ဂနွေနေ့ | ၁<br>တနင်္လာနေ့ | ၈<br>အင်္ဂါနေ့ |



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ စမ္ဗာနဝဇယားကွက်နဲ့ တစ်ဆက်တည်း တွဲပြီး သိထားဖို့ လိုအပ်တာကတော့ ဂုဏ်တော်တွေရဲ့ အမှတ်စဉ်ပဲ ဖြစ်တယ်။ ဒါကြောင့် ဂုဏ်တော်တွေရဲ့ အမှတ်စဉ်ကိုလည်း ဟော ဒီလို မှတ်သားထားဖို့ လိုတယ်"

၁ = အရဟံ

၂ = သမ္မာသမ္ဗုဒ္ဓေါ

၃ = ဝိဇ္ဇာစရဏ သမ္ပန္နော

၄ = သုဂတော

၅ = လောကဝိဒူ

၆ = အနုတ္တရော ပုရိသ ဓမ္မသာရထိ

၇ = သတ္ထာဒေဝ မနုဿနံ

၈ = ဗုဒ္ဓေါ

၉ = ဘဂဝါ

ဒါဆိုရင် ကိုးနဝင်းမိုးလင်းမှ သိမယ်အဓိဋ္ဌာန်ကို စပြီး ဝင်လို့ ရသွားပါပြီ။

စမ္ဗာနဝ ဇယားကွက်ထဲမှာ တနင်္လာ၊ အင်္ဂါ ဆိုပြီး နေ့တွေ ရေးထားတယ်။ နေ့တွေကတော့ အစဉ်အတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့ ဆိုတဲ့အကွက်မှာ နံပါတ် (၂) ဂဏန်းကို တွေ့လိမ့်မယ်။ နံပါတ်(၂)ဆိုတာ ဂုဏ်တော်အမှတ်စဉ်အရ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် မဟုတ်လား။ ဒါကြောင့် အဲဒီ တနင်္လာနေ့မှာ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီး (၂) ပတ် စိပ်ရတယ်။ အင်္ဂါနေ့အကွက်ကျတော့ နံပါတ် (၉) ဂဏန်းကို တွေ့လိမ့်မယ်။ နံပါတ် (၉) ဆိုတာ ဘဂဝါ ဂုဏ်တော်ဆိုတော့ အဲဒီနေ့မှာ ဘဂဝါဂုဏ်တော်ပုတီး (၉)ပတ် စိပ်ရမှာပေါ့ကွာ။ အဲဒီအတိုင်း ရောက်နေ့တည့်မှာ ကျတဲ့ နံပါတ်ရဲ့ဂုဏ်တော် ကျတဲ့နံပါတ်အရေအတွက်အတိုင်း ပုတီးစိပ်သွားဖို့ပါပဲ။ ဇယားရဲ့ အလယ်ကွက်က ဂဏန်းကိုတော့ ဝိုင်းပြထားတယ်။ အဲဒီနေ့မှာကျတော့ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရမှာကွ။ ဒါဟာ အဓိဋ္ဌာန် ပထမအဆင့်ကို ရှင်းပြခဲ့တာ ဖြစ်ပါတယ်။ ကျန်တဲ့ (၈) ဆင့်ကိုလည်း အဲဒီအတိုင်း ဆက်ဝင်သွားရမှာကွ။ ဒါကြောင့် (၉) ဆင့်လုံးအတွက် အဓိဋ္ဌာန်ဇယားကွက်တွေကို ချကြည့်ရင် ဟောဒီလိုရတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့မှစ

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

ပထမအခိဋ္ဌာန်

အင်္ဂါနေ့မှစ

| | | |
|---|---|---|
| ၃ | ၁ | ၅ |
| ၈ | ၆ | ၄ |
| ၇ | ၂ | ၉ |

ဒုတိယအခိဋ္ဌာန်

ဗုဒ္ဓဟူးနေ့မှစ

| | | |
|---|---|---|
| ၄ | ၂ | ၆ |
| ၉ | ၇ | ၅ |
| ၈ | ၃ | ၁ |

တတိယအခိဋ္ဌာန်

ကြာသပတေးနေ့မှစ

| | | |
|---|---|---|
| ၅ | ၃ | ၇ |
| ၁ | ၈ | ၆ |
| ၉ | ၄ | ၂ |

စတုတ္ထအခိဋ္ဌာန်

သောကြာနေ့မှစ

| | | |
|---|---|---|
| ၆ | ၄ | ၈ |
| ၂ | ၉ | ၇ |
| ၁ | ၅ | ၃ |

ပဥ္စမအခိဋ္ဌာန်

စနေနေ့မှစ

| | | |
|---|---|---|
| ၇ | ၅ | ၉ |
| ၃ | ၁ | ၈ |
| ၂ | ၆ | ၄ |

ဆဋ္ဌမအခိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့မှစ

| | | |
|---|---|---|
| ၈ | ၆ | ၁ |
| ၄ | ၂ | ၉ |
| ၃ | ၇ | ၅ |

သတ္တမအမိဋ္ဌာန်

တနင်္လာနေ့မှစ

| | | |
|---|---|---|
| ၉ | ၇ | ၂ |
| ၅ | ၃ | ၁ |
| ၄ | ၈ | ၆ |

အဋ္ဌမအမိဋ္ဌာန်

အင်္ဂါနေ့မှစ

| | | |
|---|---|---|
| ၁ | ၈ | ၃ |
| ၆ | ၄ | ၂ |
| ၅ | ၉ | ၇ |

နဝမအမိဋ္ဌာန်

အဲဒီ အမိဋ္ဌာန်ဇယားတွေရဲ့ ထူးခြားမှုကတော့ ပထမ အမိဋ္ဌာန်၊ စတုတ္ထအမိဋ္ဌာန်၊ သတ္တမ အမိဋ္ဌာန် ဇယားတွေက ဂဏန်းသုံးလုံးတန်းတွေကို ပေါင်းကြည့်ရင် တစ်လုံးတည်း ဂဏန်း (၆) ရနေတာကို တွေ့ရလိမ့်မယ်။ ဒုတိယအမိဋ္ဌာန်၊ ပဉ္စမအမိဋ္ဌာန်၊ အဋ္ဌမအမိဋ္ဌာန် ဇယားကွက်တွေက ဂဏန်း သုံးလုံးတန်းကို ပေါင်းကြည့်ရင် (၉) ရနေတာကို တွေ့ရလိမ့် မယ်။ ကျန်တဲ့ တတိယအမိဋ္ဌာန်၊ ဆဋ္ဌမအမိဋ္ဌာန်၊ နဝမ အမိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဇယားကွက်တွေကတော့ (၃) ရနေတာကို တွေ့ရ လိမ့်မယ်။ အဲဒီ (၃) တွေ၊ (၆) တွေ၊ (၉) တွေအပေါ် အခြေ ခံပြီး အဓိဋ္ဌာန်ဇယား တည်ဆောက်ထားတာပေါ့ကွာ"

**မှတ်ချက်။ ။ ဇယားကွက်တွေရဲ့အလယ်က ဝိုင်းပြထားတဲ့ ရက်တွေ အားလုံးမှာ သက်သက်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရမှာ ဖြစ်ပါတယ်။**

"ပထမ အဓိဋ္ဌာန်ဟာ တနင်္လာနေ့မှာ စပြီး အင်္ဂါနေ့မှာပြီး ပါတယ်။ ဒုတိယအဓိဋ္ဌာန်ဟာ အင်္ဂါနေ့မှာ ပြန်စရမယ်။ ဒါကြောင့် ပထမအဓိဋ္ဌာန်ထွက်တဲ့နေ့မှာပဲ ဒုတိယအဓိဋ္ဌာန်ကို စ,ရမှာ ဖြစ်တယ်။ (ပထမအဓိဋ္ဌာန်ပြီးတဲ့ နောက်တစ်နေ့ကျ မှ ဒုတိယအဓိဋ္ဌာန်ကို စ,တဲ့ နည်းလမ်း ရှိပါတယ်။ အဲဒီ နည်းဟာလည်း မမှားပါဘူး။ ဒါပေမဲ့ အခု ဖော်ပြလိုက်တဲ့ နည်းကတော့ ပိုပြီး အကျိုးရှိစေပါလိမ့်မယ်)

ဇယားကွက်တွေကို ကြည့်ပြီး စိပ်ရတာ သိပ်ပြီး နားမလည် ဘူး။ မှားသွားမှာစိုးတယ်ဆိုရင် နောက်ထပ် ကန့်လန့်ဇယား တစ်ခုကို ဖော်ပြဦးမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် အောက်ပါဇယားတစ်ခုကို ရေး ပြလိုက်ပြန်လေ၏။

**လာဘ်မိုးရွာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ပထမအဓိဋ္ဌာန် | တနင်္လာ ၂ | အင်္ဂါ ၉ | ဗုဒ္ဓဟူး ၄ | ကြာသပတေး ၇ |
| ဒုတိယအဓိဋ္ဌာန် | အင်္ဂါ ၃ | ဗုဒ္ဓဟူး ၁ | ကြာသပတေး ၅ | သောကြာ ၈ |
| တတိယအဓိဋ္ဌာန် | ဗုဒ္ဓဟူး ၄ | ကြာသပတေး ၂ | သောကြာ ၆ | စနေ ၉ |
| စတုတ္ထအဓိဋ္ဌာန် | ကြာသပတေး ၅ | သောကြာ ၃ | စနေ ၇ | တနင်္ဂနွေ ၁ |
| ပဉ္စမအဓိဋ္ဌာန် | သောကြာ ၆ | စနေ ၄ | တနင်္ဂနွေ ၈ | တနင်္လာ ၂ |
| ဆဋ္ဌမအဓိဋ္ဌာန် | စနေ ၇ | တနင်္ဂနွေ ၅ | တနင်္လာ ၉ | အင်္ဂါ ၃ |
| သတ္တမအဓိဋ္ဌာန် | တနင်္ဂနွေ ၈ | တနင်္လာ ၆ | အင်္ဂါ ၁ | ဗုဒ္ဓဟူး ၄ |
| အဋ္ဌမအဓိဋ္ဌာန် | တနင်္လာ ၉ | အင်္ဂါ ၇ | ဗုဒ္ဓဟူး ၂ | ကြာသပတေး ၅ |
| နဝမအဓိဋ္ဌာန် | အင်္ဂါ ၁ | ဗုဒ္ဓဟူး ၈ | ကြာသပတေး ၃ | သောကြာ ၆ |

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| သောကြာ<br>၅ | စနေ<br>၃ | တနင်္ဂနွေ<br>၆ | တနင်္လာ<br>၁ | အင်္ဂါ<br>၈ |
| စနေ<br>၆ | တနင်္ဂနွေ<br>၄ | တနင်္လာ<br>၇ | အင်္ဂါ<br>၂ | ဗုဒ္ဓဟူး<br>၉ |
| တနင်္ဂနွေ<br>၇ | တနင်္လာ<br>၅ | အင်္ဂါ<br>၈ | ဗုဒ္ဓဟူး<br>၃ | ကြာသပတေး<br>၁ |
| တနင်္လာ<br>၈ | အင်္ဂါ<br>၆ | ဗုဒ္ဓဟူး<br>၉ | ကြာသပတေး<br>၄ | သောကြာ<br>၂ |
| အင်္ဂါ<br>၉ | ဗုဒ္ဓဟူး<br>၇ | ကြာသပတေး<br>၁ | သောကြာ<br>၅ | စနေ<br>၃ |
| ဗုဒ္ဓဟူး<br>၁ | ကြာသပတေး<br>၈ | သောကြာ<br>၂ | စနေ<br>၆ | တနင်္ဂနွေ<br>၄ |
| ကြာသပတေး<br>၂ | သောကြာ<br>၉ | စနေ<br>၃ | တနင်္ဂနွေ<br>၇ | တနင်္လာ<br>၅ |
| သောကြာ<br>၃ | စနေ<br>၁ | တနင်္ဂနွေ<br>၄ | တနင်္လာ<br>၈ | အင်္ဂါ<br>၆ |
| စနေ<br>၄ | တနင်္ဂနွေ<br>၂ | တနင်္လာ<br>၅ | အင်္ဂါ<br>၉ | ဗုဒ္ဓဟူး<br>၇ |



www.burmeseclassic.com

www.burmeseclassic.com



"■ အဓိဋ္ဌာန်ရဲ့ အလယ်ရက် (ဝိုင်းပြထားတဲ့ရက်) တွေမှာ သတ်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရမှာ ဖြစ်တယ်။

■ နေ့တွေနဲ့ တွဲထားတဲ့ နံပါတ်တွေဟာ ဂုဏ်တော်အမှတ်စဉ်ဖြစ်သလို ပုတီးစိပ်ရမယ့် အပတ်ရေလည်းဖြစ်တယ်။

■ အဓိဋ္ဌာန် ၁ ဆင့်ဝင်တိုင်း ၉ ရက်လုံး ဆုတောင်း (၁) မျိုးတည်းသာ တောင်းသွားရမှာ ဖြစ်ပါတယ်။

■ အဓိဋ္ဌာန် ၉ ဆင့်ဆိုတော့ အရေးကြီးတဲ့ကိစ္စ (၉) မျိုး ဆုတောင်းနိုင်ပါတယ်။

ကျွန်ုပ်က ထိုသို့ တရှည်တလျားကြီး ရှင်းပြလိုက်ပြီးနောက် မောင်မောင်မြင့်အေးသည် ၎င်းဇယားကွက်ကို လက်ဖြင့် လိုက်၍ ထောက်ကာ ကြည့်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်က....

"ဇယားတွေ၊ ဇယက်တွေလည်း လုပ်မနေပါနဲ့တော့။ အဓိဋ္ဌာန် အစအဆုံး လုပ်ရမယ့် နေ့တွေ၊ ရက်တွေနဲ့ဆိုရင်လည်း ဟောဒီ အဓိဋ္ဌာန်ပြက္ခဒိန်အတိုင်းသာ အဓိဋ္ဌာန်ဝင်သွားပေတော့ကွာ"

ဟု မောင်မောင်မြင့်အေးအား ပြောပြရလေ၏။ ထို့နောက် ပြက္ခဒိန်ကိုယူကာ တစ်ဖက်ပါအတိုင်း ဖြည့်စွက်ပေးလိုက်လေတော့၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်မြင့်အေးသည် ကျွန်ုပ်ရေးပြသော အခိဋ္ဌာန် ဇယားနှင့် အခိဋ္ဌာန်ပြက္ခဒိန်ကိုများကို ကောက်ယူရင်း..

"ဒီအခိဋ္ဌာန်လုပ်ရင် ထူးမယ်လို့ ဆရာကြီး တာဝန်ယူတယ် နော်"

ဟု မေးပြန်သောကြောင့်..

"ငါက တာဝန်ယူစရာ မလိုပါဘူးကွာ။ မင်းရဲ့ အခိဋ္ဌာန်က မင်းကို တာဝန်ယူသွားပါလိမ့်မယ်။ မင်း ဘယ်လောက် ပီပီ ပြင်ပြင် လုပ်မလဲဆိုတဲ့အပေါ်မှာ မင်း ဘယ်လောက် ဖြစ် သလဲ ဆိုတဲ့ အဖြေကို မင်းကိုယ်တိုင် ကျေကျေနပ်နပ်ကြီး သိရပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောရင်း ၅၅၅ စီးကရက်တစ်လိပ်ကို ထုတ် ယူ၍ မီးညှိရှိုက်ဖွာကာ မီးခိုးများကို ကောင်းကင်ပေါ်သို့ မှုတ်ထုတ် လိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၁ | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | ဘဂဝါ<br>၉ ပတ် | သုဂတော<br>၄ ပတ် | သတ္ထာဒေဝ<br>၇ ပတ် |
| ၂ | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | အရဟံ<br>၁ ပတ် | လောကဝိဒူ<br>၅ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် |
| ၃ | သုဂတော<br>၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | အနုတ္တရော<br>၆ ပတ် | ဘဂဝါ<br>၉ ပတ် |
| ၄ | လောကဝိဒူ<br>၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | သတ္ထာဒေဝ<br>၇ ပတ် | အရဟံ<br>၁ ပတ် |
| ၅ | အနုတ္တရော<br>၆ ပတ် | သုဂတော<br>၄ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် |
| ၆ | သတ္ထာဒေဝ<br>၇ ပတ် | လောကဝိဒူ<br>၅ ပတ် | ဘဂဝါ<br>၉ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် |
| ၇ | ဗုဒ္ဓေါ<br>၈ ပတ် | အနုတ္တရော<br>၆ ပတ် | အရဟံ<br>၁ ပတ် | သုဂတော<br>၄ ပတ် |
| ၈ | ဘဂဝါ<br>၉ ပတ် | သတ္ထာဒေဝ<br>၇ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | လောကဝိဒူ<br>၅ ပတ် |
| ၉ | အရဟံ<br>၁ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | အနုတ္တရော<br>၆ ပတ် |

www.burmeseclassic.com

www.burmeseclassic.com




| | | | | |
|---|---|---|---|---|
| လောကဝိဒူ<br>၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | အနုတ္တရော<br>၆ ပတ် | အရဟံ<br>၁ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် |
| အနုတ္တရော<br>၆ ပတ် | သုဂတော<br>၄ ပတ် | သတ္ထာဒေဝ<br>၇ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | ဘဂဝါ<br>၉ ပတ် |
| သတ္ထာဒေဝ<br>၇ ပတ် | လောကဝိဒူ<br>၅ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | အရဟံ<br>၁ ပတ် |
| ဗုဒ္ဓေါ<br>၈ ပတ် | အနုတ္တရော<br>၆ ပတ် | ဘဂဝါ<br>၉ ပတ် | သုဂတော<br>၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် |
| ဘဂဝါ<br>၉ ပတ် | သတ္ထာဒေဝ<br>၇ ပတ် | အရဟံ<br>၁ ပတ် | လောကဝိဒူ<br>၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် |
| အရဟံ<br>၁ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | အနုတ္တရော<br>၆ ပတ် | သုဂတော<br>၄ ပတ် |
| သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | ဘဂဝါ<br>၉ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | သတ္ထာဒေဝ<br>၇ ပတ် | လောကဝိဒူ<br>၅ ပတ် |
| ဝိဇ္ဇာစရဏသမ္ပန္နော<br>၃ ပတ် | အရဟံ<br>၁ ပတ် | သုဂတော<br>၄ ပတ် | ဗုဒ္ဓေါ<br>၈ ပတ် | အနုတ္တရော<br>၆ ပတ် |
| သုဂတော<br>၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ<br>၂ ပတ် | လောကဝိဒူ<br>၅ ပတ် | ဘဂဝါ<br>၉ ပတ် | သတ္ထာဒေဝ<br>၇ ပတ် |

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိင်္ခ**



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမှ ဝယ်သော ဝန်းကာန်

www.burmeseclassic.com

www.burmeseclassic.com



# ၅

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန်ဘူတာအတွင်း၌ ဟို လျှောက်သည်လျှောက်လုပ်ရင်း ရထားထွက်မည့်အချိန်ကို စောင့် မျှော်နေမိလေ၏။ ထိုအချိန်က ကျွန်ုပ်သည် ဆန်စက်တစ်ခုတွင် တာဝန်ထမ်းဆောင်ရသောနေ့စားလရှင်းအလုပ်သမားတစ်ဦးမျှသာ ဖြစ်၏။ နေ့စားလရှင်း အလုပ်သမားများသည် စက်တင်ဘာလ သို့ ရောက်သောအခါ၌ အလုပ်ပြုတ်တတ်မြဲ ဖြစ်၏။ သက်ဆိုင် ရာမှလည်း စက်တင်ဘာသို့ရောက်လျှင် နေ့စားလရှင်း အလုပ် သမားများ၏ စာရင်းကို ကောက်ယူပြီးလျှင် အလုပ်ဖြုတ်ပေးရ၏။ ဤသို့ဖြုတ်ခြင်းကို "ဆားဗစ်ဘရိတ်"ဟု ခေါ်ကြောင်း ကျွန်ုပ် ကောင်းစွာမှတ်မိ၏။

ထိုသို့ ဆားဗစ်ဘရိတ်မလုပ်ဘဲ နေ့စားလရှင်း အလုပ် သမားတစ်ဦးအား အလုပ်လုပ်ခွင့်ပေးပါက ထိုအလုပ်သမားသည် နှစ်တိုးကြေး တောင်းနိုင်သော အခွင့်အရေး ရရှိသွားသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အပါအဝင် နေ့စားလရှင်း အလုပ်သမားများသည် အခြားသော ဝန်ထမ်းများကဲ့သို့ပင် အလုပ်လုပ်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့အား 'ဒေးလီးဝေ့ဂျက်'ဟု ခေါ်၏။

အဓိပ္ပာယ်မှာ နေ့စားသမားဟု ရ၏။ ကျွန်ုပ်သည် ထိုအချိန်က အင်းစိန်မြို့ရှိ ကောက်ပဲသီးနှံရုံးတွင် အလုပ်လုပ်ရသော ဒေးလီးဝေ့ဂျက်တစ်ဦးသာ ဖြစ်၏။ ထိုရုံးမှနေ၍ ဆန်စက်များ၊ ဂိုဒေါင်များ၊ စပါးဒိုင်များသို့ စေလွှတ်တတ်လေ၏။

တစ်ခါတစ်ရံ ရုံး၌လည်း စာရေးစာချီများလုပ်သော အလုပ်များကို လုပ်ခိုင်းတတ်လေ၏။ ကျွန်ုပ်၏ ကံဇာတာသည် လကွယ်ည အလား မှောင်မိုက်နေ၏။ ထို့ကြောင့် အာမခံချက်မရှိသော 'ဒေးလီးဝေ့ဂျက်' အလုပ်တွင် အချိန်အတော်ကြာနေခဲ့ရလေ၏။

ကျွန်ုပ်၏ဘဝသည် စက်တင်ဘာလရောက်တိုင်း အလုပ်ပြုတ်ရသော ဘဝဖြစ်၏။ အလုပ်ပြုတ်ပြီးလျှင် အလုပ်ပြန်၍ လျှောက်ရပြန်၏။ တစ်ခါတစ်ရံ ဖြုတ်ပြီးသည်နှင့် ပြန်၍ ခန့်သည်လည်း ရှိ၏။ တစ်ခါတစ်ရံ တစ်လ၊ နှစ်လကြာမှ ပြန်၍ ခန့်သည်လည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စက်တင်ဘာလသို့ရောက်သဖြင့် အလုပ်ဖြုတ်ခံခဲ့ရ၏။ ထို့ကြောင့် အိမ်သို့ပြန်ရန်အတွက် အင်းစိန်ဘူတာတွင် ရထားစောင့်နေရ၏။ ရထားသည် ရန်ကုန်ဘက်မှပင် ရောက်မလာသေးပေ။ ရန်ကုန်ဘက်မှ ရောက်လာပြီးမှသာလျှင် ခေါင်းတွဲကိုလှည့်၍ ပြန်၍ထွက်မည်ဖြစ်၏။

ထိုသို့လျှောက်ရင်း ဆာလောင်လာသဖြင့် ဘူတာရုံနှင့်မလှမ်းမကမ်းတွင်ရှိသော ကုလားဗယာကြော်ဆိုင်သို့ သွားကာဗယာကြော်နှစ်ခုကို ဝယ်၍ စားပြီးလျှင် သောက်ရေအိုးမှ ရေနှစ် ခွက်ကို အဝသောက်ချလိုက်လေ၏။ ထို့ကြောင့် အတော်အတန်နေသာထိုင်သာ ရှိသွားပြီဖြစ်၏။ ထိုအခါ၌ ကျွန်ုပ်သည် နွားတံဆိပ်ပါသော ဆေးပေါ့လိပ်တစ်လိပ်ကို လွယ်အိတ်အတွင်းမှ ထုတ်ယူကာ မီးညှိရှိုက်ဖွာ၏။ ပြီးလျှင် ကျွန်ုပ်၏ လွယ်အိတ်အတွင်းမှစာအုပ်တစ်အုပ်ကို ထုတ်ယူ၍ ဖတ်ရှုနေလေ၏။

ထိုအချိန်၌ ဥပဓိရုပ် လွန်စွာ သန့်ပြန့်၍ လွန်စွာမှလည်းကြံ့ခိုင်သော လူကြီးတစ်ဦးသည် ကျွန်ုပ်၏အနီး၌လာ၍ထိုင်လေ၏။

ထိုလူကြီးသည် သူ၏ လွယ်အိတ်အတွင်းမှ ကွမ်းအစ်ကိုထုတ်၍ ကွမ်းယာရင်း ကျွန်ုပ်အား....

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသူငယ် ရထားက အတော်စောင့်ရဦးမယ် ထင်တယ်"

ဟု မေးလိုက်ရာ ကျွန်ုပ်သည် ထိုလူကြီးအား ကောင်းကောင်းမွန်မွန် အဖြေမပေးဘဲ အောက်ပါအတိုင်း ပြန်၍ ပြောလိုက်လေ၏။

"ရထားနဲ့ပတ်သက်လို့ သိချင်တာတွေရှိရင် ရုံပိုင်ကို သွားမေးတာ အကောင်းဆုံးပဲဗျ။ ကျုပ်လည်း ခင်ဗျားလို ခရီးသည် ပဲ။ အတိအကျ ဘာမှ မဖြေမပေးနိုင်ဘူး"

ထိုလူကြီးသည် ကျွန်ုပ်အား ဆက်လက်၍ပြောဆိုခြင်း မပြုဘဲ ကွမ်းယာကို ယာမြဲယာပြီးလျှင် ပါးစောင်းအတွင်းသို့ သွင်းလိုက်လေ၏။ ထို့နောက် တစ်ချက်၊ နှစ်ချက် ဝါးလိုက်၏။ ဝါးပြီးလျှင်..

"အခုအတိုင်းသာဆိုရင်တော့ မေးပါများ စကားရဆိုတဲ့ ရှေးလူကြီးတွေ ထားခဲ့တဲ့ စကားပုံဟာ မှားပြီ။ ဘာပဲဖြစ်ဖြစ်လေ မေးစရာ ရှိတာတော့ ဆက်ပြီး မေးရဦးမယ်။ အချိန်ကတော့ သိပ်ပြီး မရှိသေးပါဘူး။ ဒါပေမယ့် နည်းနည်း မှောင်ရိပ်သန်းနေသလိုပဲ။ မီးတိုင်တွေက မီးတွေလည်း မလာသေးဘူး။ ဘယ်အချိန်ကျမှ အဲဒီ မီးတိုင်တွေက မီးတွေက လာတာလဲ မောင်ရင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးပြန်လေ၏။

"ဒီမှာ ဦးလေး ဟောဟို ကတ္တရာလမ်းအတိုင်း လျှောက်သွား၊ ရှေ့နားကျတော့ နည်းနည်းကွေ့လိုက်၊ လျှပ်စစ်ရုံးကို တွေ့လိမ့်မယ်။ အဲဒီမှာ သွားမေးရင် အကောင်းဆုံးပဲ။ ကျုပ်လည်း ခင်ဗျားလို ခရီးသည်ပဲ။ လျှပ်စစ်ဘက်ကမှ မဟုတ်ဘဲ။ မီးတိုင်က မီးတွေ ဘယ်အချိန်လာမလဲဆိုတာ အတိအကျ မပြောနိုင်ပါဘူး"

ဟု ပြောလိုက်လျှင် ထိုလူကြီးက....

"ထားပါတော့လေ..ထားပါတော့။ ဟောဟို ကတ္တရာလမ်းလောက်မှာ ကုန်စိမ်းသည်တွေ ရှိတတ်တယ်လို့ ကျုပ် မှတ်မိတယ်။ အခုတော့ ကုန်စိမ်းသည်တွေ မတွေ့ပါလား။ ဘယ်ရောက်ကုန်ပြီလဲ မောင်ရင်ရဲ့"

ဟု မေးပြန်ရာ ကျုပ်က....

"ဒီမှာ ဦးလေး ဟောဟိုမှာ ရပ်ထားတဲ့ ကားတွေကို တွေ့တယ်မဟုတ်လား။ အဲဒါ တိုက်ကြီးတို့၊ မော်ဘီတို့က ကုန်စိမ်းတွေကိုကြိုတဲ့ကားတွေပဲ။ သူတို့က ကုန်စိမ်းသည်တွေ ဘယ်အချိန်ရောက်တယ်ဆိုတာ အတိအကျသိနိုင်တဲ့လူတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို သွားမေးပါလား။ ကျုပ်က ခင်ဗျားလို ခရီးသည်ပဲ။ အဲဒီကိစ္စတွေကို ဘယ်လိုလုပ်ပြီး အတိအကျပြောနိုင်မှာလဲ"

ဟု ပြောလိုက်လျှင် ထိုလူကြီးက....

"မောင်ရင့်ကို ကျုပ် မသိလို့ စကားသုံးခွန်းမေးတယ်။ မောင်ရင်က အတိအကျမသိဘူးလို့ချည်းပဲ ပြန်ဖြေတယ်။ မောင်ရင်က အတိအကျ မဖြေနိုင်ဘူးဆိုတော့လည်း ကျုပ်ကပဲ ဖြေရမှာပေါ့။ ဒီလောက်တောင် စိတ်တိုနေပုံထောက်ရင် မောင်ရင့်အနေနဲ့ အလုပ်အကိုင်မှာ အဆင်မပြေဖြစ်လာတယ်နဲ့ တူပါရဲ့"

ဟု ပြောလိုက်ရာ....

"အဲဒါတော့ အတိအကျ ဖြေနိုင်တယ်။ ကျုပ် အလုပ်ပြုတ်လာတာ"

ဟု ပြန်၍ပြောလိုက်မိလေ၏။ ထိုလူကြီးသည် ကွမ်းတံတွေးကို ပလက်ဖောင်းဘေးသို့ လှမ်း၍ထွေးရန်အတွက် သူ၏နှုတ်ခမ်းပေါ်တွင် လက်နှစ်ချောင်းကိုထောင်၍ဒေါင်လိုက်ကပ်လိုက်၏။ ပြီးလျှင် နှုတ်ခမ်းကို အသာဖွင့်၍ ကွမ်းတံတွေးကို လက်ချောင်းနှစ်ခုကြားမှ လှမ်း၍ ထွေးလိုက်လေ၏။ ထိုသို့ ထွေးပြီးနောက်..



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တိုနေလို့လည်း အလုပ်က ပြန်ရမှာမှ မဟုတ်ဘဲ၊ အဲဒီတော့ စိတ်ကလေးကို ရှည်ရှည်ထားရတယ် သူငယ်ရဲ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က…

"ဦးလေးပြောသလို စိတ်ရှည်ရှည်ထားရင်ကော အလုပ်ပြန်ရမှာလား။ မဖြစ်နိုင်ပါဘူး ဦးလေးရယ်။ ကျုပ်နဲ့အတူ အလုပ်လုပ်တဲ့ ကြီးမောင်ဆိုတဲ့ကောင်ဟာ အတော်စိတ်ရှည်တဲ့ ကောင်၊ သူလည်း ကျုပ်နဲ့အတူ အလုပ်ပြုတ်ခဲ့ပြီ၊ အဲဒီတော့ အလုပ်ပြုတ်တာ မပြုတ်တာ စိတ်ဆိုးတာ စိတ်ရှည်တာနဲ့ မပတ်သက်ဘူး ဦးလေးရယ်"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ထိုလူကြီးက ပြုံးလေ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ မောင်ရင်ပြောသလို စိတ်တိုတာ၊ စိတ်ရှည်တာနဲ့ မပတ်သက်ရင် ကံကောင်းတာ၊ ကံမကောင်းတာနဲ့တော့ ပတ်သက်လိမ့်မယ် ထင်တယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထိုလူကြီးအား ကျွန်ုပ်တို့၏ ဒေးလီးဝေ့ဂျက်ခေါ် နေ့စားလရှင်း အလုပ်သမားတို့၏ ဖြစ်စဉ်ကြီးတစ်ခုလုံးကို ပြောပြလိုက်၏။ ထိုလူကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ထိုအခါ၌ ကျွန်ုပ်က…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ဦးလေး၊ ကျုပ်တို့အလုပ်မှာ ဒေးလီးဝေ့ဂျက်သုံးဆယ် ကျော်ရှိတယ်။ ဦးလေး ပြောသလိုဆိုရင် ကျုပ်တို့ လူ ၃၀လုံး ဟာ စက်တင်ဘာလမှာ တစ်ပြိုင်တည်း ကံဇာတာ ညံ့သွား တယ် ဆိုရမှာပေါ့..."

ဟု ပြောလိုက်လေ၏။ ထိုလူကြီးသည် ကွမ်းတံတွေးကို ထွေးရင်း ကျွန်ုပ်အား ငဲ့စောင်းကြည့်ကာ....

"ကတ်သီးကတ်သတ် အတော့်ကို ပြောတတ်တဲ့သူပဲ။ ကတ်သီး ကတ်သတ်ပြောတာ ဘာနဲ့တူသလဲဆိုတော့ သစ်ပင်က အသီးဟာ ပင်စည်နဲ့ဖြစ်စေ၊ ကိုင်းနဲ့ဖြစ်စေ၊ ညပ်ကပ်ပြီး သီးရ ရင် မဖွံ့ဖြိုးဘူးကွ။ ဒါကြောင့် ကတ်ပြီး ပြောရတဲ့ စကားလုံး တွေဟာလည်း မဖွံ့ဖြိုးဘူးပေါ့ကွာ။ ပြီးတော့ စကားက နှစ် မျိုးကွ။ ကတ်သီးကတ်သတ်ဆိုတော့ ဒီအပြောအဆိုမျိုးကို ဆင်ခြင်ပါကွယ်။ ကပ်ပြီးသတ်တဲ့လူ ပေါ်လာတတ်တယ်"

ဟု ကျွန်ုပ် မခံချင်ဖွယ်ဖြစ်သောစကားကို ပြောပြန်လေ၏။

"ဦးလေးပြောတာ သိပ်မှန်တာပဲ။ အဲဒီတော့ ဦးလေး ဟိုဘက် ခုံမှာ သွားပြီးထိုင်ရင် ကောင်းမယ်။ ဦးလေး မသွားရင် ကျုပ် သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ထိုလူကြီးက....

"ကံညံ့ရင် ဒီလိုပဲကွဲ့...အရိပ်ကို ရန်သူထင်တယ်ဆိုတဲ့ စကားဟာ ဒါမျိုးကိုပြောတာ။ ကဲပါ..ကဲပါ ကျုပ်ကတော့ နေရာမရွှေ့နိုင်ဘူး။ မောင်ရင်ပဲ သွားပြီးထိုင်ပါ"

ဟု ဆိုကာ ထိုနေရာ၌ပင် ထိုင်မြဲ ထိုင်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် နေရာရွှေ့လိုက်ရလေ၏။ ထိုသို့ နေရာရွှေ့ရင်း ပါးစပ်မှလည်း..

"ဘယ်လိုလူကြီးမှန်း မသိဘူး။ အတော့်ကို လျှာရှည်တယ်။ လူတစ်ဖက်သား ဘယ်လောက်စိတ်ညစ်နေမှန်းလည်း မသိ ဘူး။ သူ ပြောချင်တာတွေ ဇွတ်လာပြောနေတယ်။ ပြီးခဲ့တဲ့နှစ် က မလေးရှားဘက်က ရောက်လာတဲ့ တုပ်ကွေးရောဂါနဲ့ တစ်ခါတည်း ပါသွားဖို့ကောင်းတယ်။ ပြီးတော့ အင်ဒိုနီးရှားဘက် က ကူးလာတဲ့ မျက်စိနာရောဂါနဲ့ မျက်လုံးနှစ်လုံးစလုံး ကန်း သွားရင်လည်း ကောင်းမယ်။ ဒါမှမဟုတ် ဒီနှစ် မိုးဦးကျမှာ ဖြစ်တဲ့ ဝမ်းရောဂါနဲ့ ဇာတ်သိမ်းသွားရင်လည်း ကောင်းမယ်။ အလကား ဆန်ကုန်မြေလေးကြီး"

ဟု ပြောမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကျိန်ဆဲသမျှကို ထိုလူကြီးသည် ကောင်းစွာ ကြားရလေ၏။ သို့ရာတွင် သူ၏မျက်နှာ၌ စိတ်ဆိုးသောအရိပ်အယောင်ကို မတွေ့ရပါ။ ထိုလူကြီးသည် ကျွန်ုပ်အား သေချာစွာ လှမ်း၍ ကြည့်ပြီးနောက်....

"မင်းကလား ငါ့ကို ဆန်ကုန်မြေလေးလို့ ပြောတာ။ မဟုတ်မှ လွဲရော အဲဒါကို အတိတ်ကောက်ရရင် မင်းဟာ ဆန်ရုံးမှာ လုပ်တဲ့ကောင်နဲ့ တူတယ်။ ပြီးတော့ မြေလေးမှာကိုလည်း သိပ်ကြောက်နေပုံရတယ်။ အဲဒါကြောင့် တစ်နေရာတည်း မနေဘဲ သူများခိုင်းသမျှ ဟိုသွားလိုက်၊ ဒီသွားလိုက် လုပ်နေရတဲ့ ကောင်နဲ့တူတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"သိပ်ပြီး ဟုတ်တာပေါ့ဗျာ။ ခင်ဗျားပြောသလိုပဲ ကျုပ်ဟာ ဆန်ရုံးက။ ပြီးတော့ ဆန်စက်တွေ၊ ဂိုဒေါင်တွေမှာ တာလီတုတ်ကို ပေးရတဲ့ တာလီဗျ။ အဲဒီတော့ ငြိမ်ငြိမ်ထိုင်နေလို့ ဘယ်ရမလဲ။ ဟိုသွားရ၊ ဒီသွားရ အမြဲသွားနေရတာပေါ့"

ဟု ပြောလိုက်လျှင် ထိုလူကြီးက...

"တာလီအလုပ်လောက်ပြုတ်တာကို ဒီလောက်စိတ်ညစ်နေ ရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအလုပ်က ပြုတ်တဲ့လူဆိုရင် ဘယ်လောက်များ စိတ်ညစ်မလဲ မဆိုနိုင်ဘူး”

ဟု လှမ်း၍ ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်က....

“ဒီမှာ ဦးလေး၊ မင်းကြီးအလုပ်ပြုတ်တာနဲ့ တာလီ အလုပ်ပြုတ်တာဟာ ရာထူးချင်း ကွာခြားပေမယ့် စိတ်ညစ်တဲ့နှုန်းက တော့ အတူတူပဲ ဖြစ်မယ်ဗျ။ ဆင်လည်း ဆင့်အထွာပေါ့ဗျာ။ ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာပေါ့။ ဒီလောက်တော့ ဦးလေးသိဖို့ ကောင်းပါတယ်”

ဟု ကျွန်ုပ်က ပြောလိုက်လျှင်...

“မင်း ဆိုတဲ့ကောင်က ငါ့ကိုတော့ သိဖို့ကောင်းတယ်တဲ့။ မင်း ကိုမေးတော့ ဘာမှ အတိအကျ မပြောနိုင်ဘူးတဲ့။ မသိဘူးတဲ့။ တော်တော်ရယ်ဖို့ ကောင်းတဲ့ကောင်။ ငါ သိတာလေးတစ်ခု ကို မင်းကို အခု ပြောပြလိုက်ရင် မင်း သိပ်ပြီး အံ့သြသွားမယ်”

ဟု ထိုလူကြီးက ပြောလိုက်ရာ ကျွန်ုပ်က...

“ပြောစမ်းပါဦးဗျာ..ဦးလေးလောက် လျှာရှည်တဲ့ လူမျိုး ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ ထိုလူကြီးက…

"မင်းရဲ့အလုပ်ကို ပြန်ရအောင် ငါလုပ်ပေးနိုင်တယ်။ ဒါမှ မဟုတ်ရင် ဒီထက်ကောင်းတဲ့ အလုပ်ရချင်လည်း ရသွားလိမ့်မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က…

"ဒီလိုဆိုရင် ဦးလေးဆီကို ကျုပ် လာရမလား။ ကျုပ်ဆီကို ဦးလေး လာမလား။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်ဟာ လူငယ်ဆိုတော့ ဦးလေးဆီကို ကျုပ်က လာတာပဲ ကောင်းပါတယ်"

ဟု ဆိုကာ ကျွန်ုပ်သည် ကျွန်ုပ်ထိုင်ခဲ့သော နေရာဆီသို့ ပြန်၍သွားလေ၏။

"စောစောတုန်းကတော့ မင်းက ငါ့အနား မထိုင်ချင်ဘူးဆိုပြီး ထ,သွားတဲ့ကောင်။ အလုပ်ပြန်ရမယ်ဆိုတော့ ထ,လာတယ် မဟုတ်လား။ ပြောရသေးတာပေါ့ကွာ။ ဒါနဲ့ နေစမ်းပါဦး မောင်ရင်ရဲ့။ မောင်ရင်က ဘာနေ့သားတုံး"

ဟု မေးလိုက်သဖြင့် ကျွန်ုပ်က….

"ကျုပ်က တနင်္ဂနွေသား ဦးလေးရဲ့။ နာမည်က အောင်ထွန်းလို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ထိုလူကြီးက…

"ဒီလို မောင်အောင်ထွန်းရဲ့ ဘဝအခြေ ခိုင်မြဲဖို့အတွက်က ယောဂီပညာမှာ 'တြိစတု၊ ထိုင်ဖုံပြု'လို့ ဆိုထားတယ်။ တနင်္ဂနွေသားနဲ့ တြိက အင်္ဂါကွာ၊ တနင်္ဂနွေသားရဲ့ စတုက ဗုဒ္ဓဟူးကွာ။ အင်္ဂါနဲ့ ဗုဒ္ဓဟူး နှစ်နံပေါင်းလိုက်တော့ စောင်းလျားပေါ့ကွာ။ အဲဒီတော့ ထိုင်ဖို့ ခုံကလေးတစ်ခု ချုပ်ရမယ်။ တတ်နိုင်ရင်တော့ ပိုးဖဲကတ္တီပါနဲ့ ချုပ်ပေါ့ကွာ။ မတတ်နိုင်ရင်တော့ ဖျင်ကြမ်းနဲ့ပဲ ချုပ်ပေါ့။ ကုန်ကုန်ပြောမယ်ကွာ ဂုံနီအိတ်နဲ့ ချုပ်ရင်တောင် ရတယ်။ အဲဒီ ဖုံထဲကို ဝွမ်းတို့၊ လဲမှို့တို့ မထည့်နဲ့ကွ။ စောင်းလျားရွက်တွေ အပြည့်သိပ်ပြီး ထည့်ပေတော့။ ပြီးတော့ အဲဒီအပေါ်မှာ မင်း ထိုင်ရမယ်။ ဘုရားရှိခိုးတဲ့ အခါ၊ ပုတီးစိပ်တဲ့အခါ မင်း ထိုင်ရမယ်။ စားပွဲတွေ၊ ကုလား ထိုင်တွေ ဘာတွေနဲ့ အလုပ်လုပ်ရတဲ့လူဆိုရင်လည်း ကုလား ထိုင်ပေါ်မှာ အဲဒီဖုံကလေးတင်ပြီး ထိုင်ပေါ့ကွာ။ ပြီးတော့ ကြွေပန်းကန်ပြားတစ်ချပ်ပေါ်မှာ ဆေးအနက်နဲ့ 'ငါးထောင့်ကြယ်' ရေးရမယ်။ ကြွေပန်းကန်ပြားကတော့ ဘယ်လိုပန်းကန်ပြားမျိုးပဲဖြစ်ဖြစ် ရပါတယ်။ ဒါပေမယ့် အကောင်းဆုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါဆိုရင်တော့ 'ပဲခူးကဝယ်ခဲ့တဲ့ ပန်းကန်' ဆိုရင်တော့ ပိုပြီး ကောင်းတယ်ကွာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"ပုဂံမြို့ကဝယ်ခဲ့တဲ့ ပန်းကန်ဆိုရင် ပိုပြီး မကောင်းဘူးလား"

ဟု အတွန့်တက်လိုက်ရာ ထိုလူကြီးက....

"မရှည်စမ်းပါနဲ့ကွာ ပဲခူးကပန်းကန်ပဲ လုပ်စမ်းပါ"

ဟု အော်လိုက်လေ၏။

"ကောင်းပါပြီ၊ ကောင်းပါပြီဗျာ။ ပဲခူးက ပန်းကန်ပေါ်မှာ ဆေးအနက်နဲ့ ငါးထောင့်ကြယ် ရေးရမယ်။ ဆက်ပြီး ပြောပါဦး ဦးလေးရဲ့"


ဟု ကျွန်ုပ်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com






ပဲခူးမှ ဝယ်သော ပန်းကန်

ထိုအခါ ထိုလူကြီးက...

"အဲဒီ ငါးထောင့်ကြယ်ရဲ့ အလယ်ခေါင်မှာ ဖန်ခွက်တစ်ခွက်ထားရမယ်။ အဲဒီ ဖန်ခွက်ထဲမှာ ရေထည့်ပြီး တနင်္ဂနွေသားဆိုရင် တနင်္ဂနွေရဲ့ ပဉ္စပွတ်ဖြစ်တဲ့ ပန်း၊ ပဉ္စပွတ်ဆိုတာ တခြားဟာ ပြောတာ မဟုတ်ပါဘူး။ ငါးခုမြောက်ပန်းကို ပြောတာ။ ဥပမာ တနင်္ဂနွေသားဆိုရင် သူ့ရဲ့ငါးခုမြောက်ဟာ ကြာသပတေးဆိုတော့ မေမြို့ပန်းပေါ့ကွာ။ မေမြို့ပန်း ၅ ပွင့် ထည့်ရမယ်။ ကြယ်ရဲ့ထောင့်ကလေးတွေမှာတော့ ဖယောင်းတိုင်တစ်တိုင် စီထွန်းရမယ်။ ပြီးတော့ ဘုရားကိုတင်ပြီး 'အလုပ် အမြန်ဆုံးရပါစေ၊ အလုပ်ခိုင်မြဲပါစေ၊ အလုပ်မှာ အကျိုးရှိပါစေ' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းရမယ်”

ဟု ပြောလေ၏။

“အဲဒီလိုလုပ်လိုက်ရင် အလုပ်ပြန်ပြီးရရောလား”

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုလူကြီးက…

“အလုပ်ပြန်ပြီးရတာ မဟုတ်ဘူးကွ။ ပွင့်လန်းသွားတာ။ ပြုတ်သွားတဲ့အလုပ် ပြန်ပြီး ရချင်လည်းရမယ်။ ဒါမှမဟုတ် ဒီ့ထက်ကောင်းတဲ့အလုပ် ရချင်လည်း ရမယ်။ အလုပ်မှာ အကျိုးဖြစ်ထွန်းချင်လည်း ဖြစ်ထွန်းသွားလိမ့်မယ်။ ဘယ်လိုပဲ ဖြစ် ဖြစ် ပွင့်လန်းသွားလိမ့်မယ်။ လုပ်ရမယ့်ရက်က (၄၉) ရက်လုပ်ရမှာကွ”

ဟု ပြောလေ၏။

“ပုတီးစိပ်ပါဆိုတာ ဘာကို စိပ်ရမှာတုံး”

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

“ဒီလိုမောင်အောင်ထွန်းရဲ့။ ပုတီးစိပ်တာလည်း သိပ်ပြီးခက်တာမဟုတ်ပါဘူး။ လင်္ကာလေးမှတ်ထားရုံပဲ။ အဲဒီလင်္ကာလေးက…

***“မ–သိ–ကြ–လျှင်–တွေး–ဆ–ဦး”***

ဆိုတဲ့ လင်္ကာလေးပါပဲ။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



**"တနင်္ဂနွေသားစိပ်ရင် အရဟံသိဒ္ဓိ–ဦး**
**တနင်္လာသား စိပ်ရင် အရဟံသိဒ္ဓိ–ကြ**
**အင်္ဂါသား စိပ်ရင် အရဟံသိဒ္ဓိ–ဆ**
**ဗုဒ္ဓဟူးသား စိပ်ရင် အရဟံသိဒ္ဓိ–လျှင်**
**ကြာသပတေးသား စိပ်ရင် အရဟံသိဒ္ဓိ–မ**
**သောကြာသား စိပ်ရင် အရဟံသိဒ္ဓိ–သိ**
**စနေသား စိပ်ရင် အရဟံသိဒ္ဓိ–တွေး**ရယ်လို့ ဖြစ်တယ်ကွ။

စိပ်ရမယ့် အပတ်က နေ့စဉ် ၉ ပတ် စိပ်သွားရမယ်။ ငါပြောတာ မယုံပါနဲ့ဦး။ လက်တွေ့ စမ်းကြည့်ပါဦး"

ဟု ထိုလူကြီးက ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က...

"တနင်္ဂနွေသားအတွက်ဟာ စောင်းလျားရွက်တွေကို ဖုံထဲ ထည့်ချုပ်တာ ဟုတ်ပါပြီ။ ကျန်တဲ့ နေ့သမားတွေအတွက်က ဘယ်လိုလုပ်ရမှာလဲ"

ဟု မေးလိုက်ရာ....

"တနင်္ဂနွေသားအတွက် ဖုံထဲမှာ စောင်းလျားရွက်ထည့်၊ တနင်္လာသားအတွက် ဖုံထဲမှာ လက်ပံရွက်ထည့်၊ အင်္ဂါသား အတွက် သပြေရွက်ထည့်၊ ဗုဒ္ဓဟူးသားအတွက် သနပ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ထည့်၊ ကြာသပတေးသားအတွက် အုန်းနှဲ့ရွက်ထည့်၊ သောကြာသားအတွက် အင်ကြင်းရွက်ထည့်၊ စနေသားအတွက် ကြက်ဆူရွက်ထည့်ပြီးတော့ ဖန်ခွက်ထဲမှာ ထည့်ရမယ့် ပန်းကလည်း တနင်္ဂနွေသားအတွက် မေမြို့ပန်း (၅) ပွင့်၊ တနင်္လာသားအတွက် သပြေညွှန့် (၆) ညွှန့်၊ အင်္ဂါသားအတွက် ဒန်းညွှန့် (၇) ညွှန့်၊ ဗုဒ္ဓဟူးသားအတွက် အုန်းညွှန့် (၁) ညွှန့်၊ ကြာသပတေးသားအတွက် ကံ့ကော် (၂) ညွှန့်၊ သောကြာသားအတွက် ဆီးညွှန့် (၃) ညွှန့်၊ စနေသားအတွက် ရွက်လှ (၄)ညွှန့် ထည့်ရမယ်ကွ။ ကဲ..ဟောဟိုမှာ ရထားလည်း လာနေပြီ သွားကြစို့"

ဟု ဆိုလိုက်လေ၏။ ထို့နောက်တွင်ကား ရထားလာသောကြောင့် ကျွန်ုပ်လည်း ရထားပေါ်သို့တက်၏။ ပြီးလျှင် ထိုလူကြီးအတွက် နေရာဦးပေးထား၏။ ထိုလူကြီးသည် ကျွန်ုပ် ဦးပေးထားသော နေရာတွင် ထိုင်၏။ လမ်းတွင်လည်း ထိုလူကြီးသည် ၎င်းမှာသည့်အတိုင်း လုပ်ဖြစ်စေရန် တတွတ်တွတ် မှာ၏။

ကျွန်ုပ်ကလည်း လုပ်မည်ဖြစ်ကြောင်း ကတိပေးရ၏။

ထို့နောက် ထိုလူကြီးသည် ကမာရွတ်ဘူတာ၌ ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။ ကျွန်ုပ်လည်း ထိုလူကြီးအား လက်ပြ နှုတ်ဆက်ရင်း ဆက်လက်၍ စီးနင်းလိုက်ပါလာခဲ့တော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**

*(မှတ်ချက် – ကျွန်ုပ်သည် ထိုလူကြီးပြောသည့်အတိုင်း ပြုလုပ်ခဲ့၏။ ၄၉ ရက် အတွင်း၌ပင် လေးထောင့်ကန် ပြည်တော်အေးဆန်စက်၌ မန်နေဂျာအလုပ်ကို ရခဲ့၏။ ထို့ကြောင့် ကျွန်ုပ်၏မှတ်စု၌ ထိုထူးဆန်းသော ယတြာကလေးအား 'ဖုံ'ဟု ခေါင်းစဉ်တပ်၍ ရေးမှတ်ခဲ့လေ၏။)*

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



"တနင်္ဂနွေသားစိပ်ရင် အရဟံသိဒ္ဓိ–ဦး

တနင်္လာသား စိပ်ရင် အရဟံသိဒ္ဓိ–ကြ

အင်္ဂါသား စိပ်ရင် အရဟံသိဒ္ဓိ–ဆ

ဗုဒ္ဓဟူးသား စိပ်ရင် အရဟံသိဒ္ဓိ–လျှင်

ကြာသပတေးသား စိပ်ရင် အရဟံသိဒ္ဓိ–မ

သောကြာသား စိပ်ရင် အရဟံသိဒ္ဓိ–သိ

စနေသား စိပ်ရင် အရဟံသိဒ္ဓိ–တွေး



www.burmeseclassic.com

www.burmeseclassic.com



## ဆရာမင်းသိခ်၏ ဝါဆိုလအစီအရင်

**ဓာတ်ရှင်လေးပါး ပူဇော်နည်း**

**(က) စတင်ပူဇော်ရမည့်နေ့**

ဝါဆိုလပြည့်နေ့

**(ခ) နောက်ဆုံးပူဇော်ရမည့်အချိန်**

သီတင်းကျွတ်လပြည့်နေ့

**(ဂ) ပူဇော်ရမည့် အချိန်နာရီ**

နံနက် (၅) နာရီ

အတိအကျပြုလုပ်လိုပါမူ အောက်ပါနာရီအတိုင်းပြုလုပ်ပါ။

| | |
|---|---|
| ဝါဆိုလအတွင်း | နံနက် ၅း၃၀ နာရီ |
| ဝါခေါင်လ | နံနက် ၅း၄၀ နာရီ |
| တော်သလင်းလ | နံနက် ၅း၅၀ နာရီ |
| သီတင်းကျွတ် | နံနက် ၆း၀၀ နာရီ |

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



**(ဃ) ပူဇော်ရမည့်ပစ္စည်း**

| | |
|---|---|
| နို့ထမင်း | (၄) ပွဲ |
| သောက်တော်ရေ | (၄) ပွဲ |
| ဖယောင်းတိုင် | (၄) တိုင် |
| ယပ် | (၄) ခု |

နို့ထမင်းမှာ နွားနို့ (သို့မဟုတ်) နို့ဆီဖြင့် ကျိုပါ။

ယပ်များမှာ..

| | | |
|---|---|---|
| ရှင်သကျော်သာရ | အရှေ့အရပ်အတွက် | အဖြူရောင် |
| ရှင်မေဓရအနောက်အရပ်အတွက် | | အဝါရောင် |
| ရှင်ဥပဂုတ္တ | တောင်အရပ်အတွက် | အစိမ်းရောင် |
| ရှင်သာရဒတ္တ | မြောက်အရပ်အတွက် | အပြာရောင် |

**(င) ညပိုင်းတွင် ပင့်ဖိတ်ရန်**

ညအိပ်ရာဝင်ခါနီးတွင် အောက်ပါအတိုင်းရွတ်ဆိုလျှောက်ထား၍ ရဟန္တာအရှင်မြတ်ကြီးများအား ပင့်ပါ။

အရှေ့သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်သကျော်သာရ ရဟန္တာအရှင်မြတ်ကြီးဘုရား...

**လာဘ်မိုးဇွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အနောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော အရှင်မေဓရ ရဟန္တာ အရှင်မြတ်ကြီးဘုရား...

တောင်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးဘုရား...

မြောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော ရှင်သာရဒတ္တရဟန္တာအရှင်မြတ်ကြီးဘုရား..

မနက်ဖြန်နံနက် အရုဏ်တက်တွင် ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း မြန်မာတိုင်း ဌာနတိုင်း ....မြို့၊ ......ရပ်ကွက် ရှိသော တပည့်တော် တပည့်တော်မ၏နေအိမ်ဂေဟာတွင် အရှင်မြတ်ဘုရားတို့အား ခတ်လေးပါးဆွမ်းကပ်လှူမည်ဖြစ်သောကြောင့် နဖူးမြေစိုက်၊ ဦးခိုက်၍ ဖိတ်ကြားအပ်ပါသည် အရှင်မြတ်ဘုရားတို့...

တပည့်တော်အား အစဉ်သနားသည်ကို အကြောင်းပြု၍ ကြွရောက် ဘုဉ်းပေးတော်မူကြပါ အရှင်မြတ်ဘုရားတို့...

**လာဘ်မိုးစွေစာပေ**


www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်း ပင့်လျှောက်သောအခါ၌ ဆွမ်းကပ် သောစားပွဲအလယ်တည့်တည့်၌ ဖယောင်းတိုင်တစ်တိုင် ထွန်း၍ လျှောက်ထားပင့်ဖိတ်ရမည်။

**<u>ခါတ်ရှင်လေးပါးပူဇော်၍ ကြီးပွားချမ်းသာစေသောနည်း</u>**




ပူဇော်ရမည့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြုလုပ်ပြီးနောက်..

ကျွန်ုပ်၏နေအိမ်တွင် မနက်ဖြန်နံနက် အရုဏ်တက်၌ ထူးခြား မွန်မြတ်သော ဓာတ်ကြီးလေးပါး အရဟံဆွမ်းကို ရဟန္တာ အရှင် မြတ်ကြီးလေးပါးအား ကပ်လှူပူဇော်မည် ဖြစ်သောကြောင့် ဘိုးတော်သိကြား၊ သာသနာစောင့်နတ်မင်းကြီးလေးပါး၊ သမ္မာဒေဝ အပေါင်း၊ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လမ်းစောင့်နတ်တို့သာမက ကမ္ဘာအရပ်ရပ်တွင်ရှိသော ဝိဇ္ဇာအပေါင်း၊ သိုက်နန်းရှင်အပေါင်း တို့အား အကျွန်ုပ်၏နေအိမ်တွင် ရဟန္တာကြီးများကို ကပ်လှူမည့် ဓာတ်ကြီးလေးပါး အလှူကြီးတွင် ရဟန္တာကြီးများကို ကြည်ညိုရန် ကြွရောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။

ရဟန္တာကြီးများ ဆွမ်းဘုဉ်းပေးသည်ကို ကြည်ညိုပြီး မိမိ တို့ နေရာဌာန အသီးသီးသို့ ပြန်လည်ကြွမြန်းကြပါကုန်။

ဤအလှူကြီးအား ဝါတွင်းလေးလပတ်လုံး ပြုလုပ်မည် ဖြစ်ပါ၍ ဝါတွင်းကာလပတ်လုံး ဖိတ်ကြားအပ်ပါသည် အရှင်ဘုရား တို့...

**မှတ်ချက်။ ။ (စ) တွင် ဖော်ပြထားသော ပူဇော်ပြီး ဆုတောင်းရမည့်**




www.burmeseclassic.com

www.burmeseclassic.com



**ပုံစာကို ညပိုင်းတွင် ရဟန္တာကြီးများအား ပင့်ဖိတ်ပြီးသောအခါ၌လည်း တစ်ကြိမ်ထပ်၍ ရွတ်ဆိုပါ။ ဤဖော်ပြချက်အတိုင်း တစ်သဝေမတိမ်း လေ့နံ့ဓားထစ် ပြုလုပ်ပါ။ မုချ ကြီးပွားချမ်းသာလိမ့်မည်။**




**စွန့်ရမည့်ပုံစံ**

## (စ) ပူဇော်ပြီး ဆုတောင်းရမည့် ပုံစံ

တပည့်တော်/ တပည့်တော်မ (          ) နေ့သား/ သမီးသည် သမုဒ္ဒရာလေးစင်းတွင် သီတင်းသုံးနေတော်မူသော ရဟန္တာအရှင်မြတ်ကြီး လေးပါးအား ခေတ်ကြီးလေးပါးကို ရည်ရွယ်၍ ပထဝီခေတ်အတွက် နို့ထမင်း၊ တေဇောခေတ်အတွက် အလင်းတိုင်၊ ဝါယောခေတ်အတွက် ယပ်တောင်၊ အာပေါခေတ်အတွက် သောက်တော်ရေတို့ကို စေတနာညွတ်နူး အထူး ကပ်လှူပူဇော်ခဲ့ပါသည် အရှင်ဘုရားတို့...

အရှင်ဘုရားတို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် လာမည့် သီတင်းကျွတ်လပြည့်နေ့ကို နောက်ဆုံးထား ၍ လောကီအကျိုးစီးပွား၊ ချမ်းသာကြွယ်ဝခြင်းကို အမှန်တကယ် လိုချင်ပါသည် ဘုရား။ ထိုဆုကို ပြည့်လိုကြောင်း ဆုတောင်းပါ သည်။ အိုးအိမ်၊ ယာဉ်ရထား၊ အဝတ်တန်ဆာ၊ စိန်ရွှေရတနာတို့ သည် တပည့်တော်ထံ ရောက်လာပါစေသတည်း။

**(ဤအတိုင်း လေးလေးနက်နက်ရွတ်ဆိုပါ)**

## (ဆ) ပူဇော်ပြီး ဆွမ်းတော်စွန့်ရမည့် ပုံစံ

သတင်းစာစက္ကူအရွယ် စက္ကူကြီးပေါ်တွင် ကြက်ခြေခတ် ၍ ကြီးလေးကြီးရေးပြီး အစဉ်အတိုင်း အရှေ့အနောက် တောင် မြောက် ဆွမ်းတော်ပွဲများကို စက္ကူပေါ်တွင် စွန့်ပါ။ ယပ်များကို အစဉ်အတိုင်း စိုက်ပါ။ ရေကိုလည်း အစီအစဉ်အတိုင်း မြေကြီး ပေါ်တွင် လောင်းပါ။ ထို သောက်တော်ရေများမှ ရေအချို့ကို ပုလင်းဖြင့်ယူထားပါ။ ထိုရေဖြင့် မျက်နှာသစ်ခြင်း၊ ခေါင်းကို ဆွတ်ဖျန်းခြင်း၊ သောက်ခြင်း ပြုလုပ်ပါ။ အန္တရာယ်ရှိသူများ၊ အနာ ရောဂါ ကျရောက်သူများကိုလည်း ထိုရေကို ဆေးအဖြစ် ပေးပါ။

**သဗ္ဗေသတ္တာ ကမ္မသကာ**


**မင်းသိင်္ခ**

**လာဘ်မိုးရွာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

စ့ဂဲ့ငုံငါဂဗဋုံစိ




www.burmeseclassic.com

www.burmeseclassic.com

## ဘာဖြစ်နေသလဲ ဘယ်လိုလုပ်လိုက်ပါလား

တစ်ညသ၌ ကျွန်ုပ်သည် အနည်းငယ်ဖျားချင်သလိုရှိလာသဖြင့် အကိုက်အခဲပျောက်ဆေးနှင့် အဖျားပျောက်ဆေး ၂ လုံးကို သောက်ပြီးလျှင် စောင်ခြုံ၍အိပ်နေလေ၏။

ထိုအချိန်၌ ဧည့်သည်နှစ်ဦးက တွေ့ချင်သည်ဆိုသဖြင့် ကျွန်ုပ်အနီးသို့လာရန် ပြောရလေ၏။ ထိုအခါ မိန်းမကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက် ကျွန်ုပ်အနီးသို့ လာလေ၏။ ကျွန်ုပ်က ဖျားနေသဖြင့် အနီးသို့မကပ်ရန် ပြောပြီးလျှင် ထ၍ထိုင်ရလေ၏။ ထိုသို့ ထိုင်ပြီးနောက်..

"ကဲ..ဘာဖြစ်တာလဲ။ ကျုပ် ဘာလုပ်ပေးရမလဲ"

ဟုမေးရာ ထိုမိန်းမကြီးကြီးက..

"ကျွန်မတို့က ဘော်စင်ထဲမှာနေတယ်။ ဒါက ကျွန်မသမက်ပါ။ ကျွန်မသမက်အလုပ်သွားတုန်း၊ ကျွန်မကလည်း ဈေးသွားတုန်း ကျွန်မသမီး အိမ်ကထွက်သွားလို့။ ပြီးတော့ သူက တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ တယ်လီဖုန်းဆက်တယ်။ သူ့ကို မရှာပါနဲ့တဲ့။ ခက်တာက သူ့ယောကျ်ားနဲ့လည်း ရန်မဖြစ်ဘူး။ ကျွန်မနဲ့လည်း ဘာမှ မဖြစ်ဘူး။ သက်သက်ချည်း ထွက်သွားတာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဒီလိုရှိတယ်ဗျ။ အိမ်ကနေထွက်သွားတဲ့ကိစ္စတွေဟာ မကြာခဏတွေ့ကြုံရတဲ့ ကိစ္စတွေပဲ။ အဲဒီတော့ ခင်ဗျားတို့အနေနဲ့ ခဏခဏလာမမေးရအောင် တစ်ခါတည်းမှတ်ထားရင် ကောင်းမယ်ထင်တယ်"

ဟုပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ဆရာက ကျွန်မသမီးပြန်လာအောင် လုပ်မပေးဘဲ ဗေဒင်သင်ပေးမလို့လား။ မသင်ပါနဲ့ ဆရာရယ်။ မတတ်ချင်ပါဘူး။ သမီးပြန်လာအောင်သာ လုပ်ပေးပါ"

ဟု ပြောလေ၏။

"သမီးပြန်လာအောင်လုပ်ပေးလို့ သမီးပြန်လာရင် သမက်က တစ်ခါထွက်သွားဦးမှာ။ အဲဒီကျတော့ သမက်ပြန်လာအောင် ခင်ဗျားက လာလုပ်ခိုင်းဦးမှာ"

ဟု ပြောရာ ထိုမိန်းမကြီးက..



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသမက်ကလေးက မထွက်ပါဘူး။ သူက အရမ်းလိမ္မာတာ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း၏သမီး ပြန်လာစေသောနည်းကို ပေးလိုက်လေ၏။

နောက်တစ်နေ့ နေ့လယ်၂ချက်ထိုးတွင် ထိုမိန်းမကြီးသည် ကျွန်ုပ်ထံသို့ရောက်လာပြီးလျှင် ထွက်သွားသောမိန်းကလေး ပြန်လာပြီဖြစ်ကြောင်းကို အားရဝမ်းသာနှင့် ပြောလေတော့၏။ ကျွန်ုပ်အတွက်လည်း ဝန်ဇင်းစတိုးမှ ကိတ်မုန့်တစ်ဘူး ဝယ်လာလေ၏။

**

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်လခန့်ကြာသောအခါ၌ ထိုမိန်းမကြီးနှင့် သူ၏သမီးသည် ကျွန်ုပ်ထံသို့ အူယားဖားယားနှင့် ရောက်လာပြန်၏။ ကျွန်ုပ်မှာ သွေးတိုးသဖြင့် အိပ်ရာထဲတွင် လှဲနေရလေ၏။

ကျွန်ုပ်သည် ထိုမိန်းမကြီးကိုမြင်လျှင်..

"ဘာဖြစ်လာပြန်တာလဲ။ ဘာလုပ်ပေးရမလဲ"

ဟု မေးလိုက်ရာ..

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ ပြောပဲမပြောချင်ဘူး။ သမက်က အိမ်ကထွက်သွား ပြန်ပြီ"

ဟု ပြောလျှင် ကျွန်ုပ်က..

"ကျုပ်ပြောသားပဲ။ အဲဒီလို အိမ်က ထွက်သွားတဲ့ကိစ္စတွေက မကြာမကြာပေါ်တတ်တာ။ တစ်ခါတည်းမှတ်ထားပါဆိုတော့ ခင်ဗျားက မမှတ်ချင်ဘူးဆို"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ဒီတစ်ခါတော့ မှတ်ပါ့မယ်ဆရာရယ်။ မှတ်ပါ့မယ်"

ဟု ပြောရှာလေ၏။ ထို့ကြောင့် ကျွန်ုပ်က..

"ကျုပ်တို့ဗေဒင်မှာက **မိတ်ကိုဓာတ်အုပ်–လာအောင်လုပ်**ဆိုတဲ့ စကား ရှိတယ်။ ထွက်သွားတဲ့လူ နေ့နံရဲ့ အပြင်မိတ်ဓာတ်၊ အဲဒီအပြင်မိတ်ဓာတ်ဆိုတာက **'အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း'**လို့ ခေါ်တယ်။ တနင်္ဂနွေသားထွက်သွားရင် ကြာသပတေးအစပစ္စည်းနဲ့ ခေါ်ရမယ်။ ပြီးတော့ ဓာတ်အုပ်ရမယ် ဆိုတော့ ဓာတ်ကိုပြောရဦးမယ်။ ဓာတ်ဟာ ဘာလဲဆိုတော့ **'အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ'** အန်ဆိုရင် တောနဲ့အုပ်ရမယ်။ ဂဗ်ဆိုရင် ဘောနဲ့အုပ်ရမယ်"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ကျွန်မခေါင်းကဆံပင်တွေ ဖြူတော့မှာပဲ"

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ခင်ဗျားခေါင်းက ဆံပင်က တစ်ဝက်ဖြူနေပြီပဲ"

ဟု ပြောလိုက်ရာ ထိုမိန်းမကြီးက..

"အခု တစ်ဝက်ဖြူနေပြီလေ။ ဆရာပြောတဲ့စကားတွေ နားထောင်လိုက်ရင် ကျန်တဲ့တစ်ဝက်ပါ ဖြူသွားမှာပေါ့"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က..

"ခင်ဗျားကို သင်ပေးလည်း အလကားပါပဲ။ အဲဒီတော့ ပုံသေလုပ်နည်းလေးကို ပြပေးလိုက်မယ်"

ဟု ဆိုကာ အောက်ပါအတိုင်း စာရွက်ပေါ်တွင် ရေးပြလိုက်လေတော့၏။

ထိုမိန်းမကြီးသည် ကျွန်ုပ်ရေးပေးသောစာရွက်ကို ဖတ်ကြည့်ပြီးလျှင်..

"ဒါက ဟုတ်ပါပြီ။ ဘယ်လိုလုပ်ရမလဲ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဇယားကို ကြည့်ပေါ့ဗျာ။ တနင်္ဂနွေသားသမီး ထွက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ညွန့်၂၉ညွန့်ကို ပူးကိုင်ပြီး သူ့အိပ်ရာကို ပြန်လာခဲ့လို့ အမိန့်ပေးရင်း ဖ ချက်ရိုက်ရမယ်ဗျ။ ပြီးတော့ အဲဒီပိတောက် ညွန့်ကို အဝင်ဝမှာ ထောင်ထားရမယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ကျွန်မသမက်ဟာ စနေသားရှင့်။ ရေအိုးနဲ့လုပ်ရမယ်ဆိုတော့ ဘယ်လိုလုပ်ရမလဲ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က..

"အိုးသစ်တစ်လုံးထဲမှာ ရေ (၁၇) ခွက် ထည့်ဗျာ။ ပြီးတော့ ခင်ဗျားသမက်အိပ်တဲ့နေရာမှာ အဲဒီရေအိုးနဲ့ ၅ ချက် မြှောက် ချည်၊ ထိချည်လုပ်ပေါ့ဗျာ။ အိုးနဲ့တော့ ဘယ်ရိုက်လို့ရမတုံး။ ပြီးတော့ အဲဒီအိုးကို အဝင်အဝမှာ ထားပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ဒီစာရွက်ကို မှန်ပေါင်သွင်းပြီး ဧည့်ခန်းမှာချိတ်ထားမယ်။ အိမ်ကဟာတွေ ဘယ်သူထွက်မလဲ။ အကုန်လုံးကို ခေါ်ရိုက်ပြီး ပြန်ခေါ်မယ်"

ဟု ကြုံးဝါးကာ ပြန်သွားလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



| ထွက်သွားသူ၏ နေ့နံ | ဓာတ်ပစ္စည်း | အရေ အတွက် | ရိုက်ရမည့် အချက် |
|---|---|---|---|
| တနင်္ဂနွေ | ပိတောက် | ၂၉ညွန့် | ၆ ချက် |
| တနင်္လာ | လက်ပံ | ၃၆ညွန့် | ၇ ချက် |
| အင်္ဂါ | သရက် | ၃၃ညွန့် | ၁ ချက် |
| ဗုဒ္ဓဟူး | ကသစ် | ၃၆ညွန့် | ၂ ချက် |
| ကြာသပတေး | အင်ကြင်း | ၂၁ညွန့် | ၃ ချက် |
| သောကြာ | ဇလပ် | ၂၅ညွန့် | ၄ ချက် |
| စနေ | ရေအိုးတစ်လုံးတွင်ရေ(၁၇)ခွက်ထည့်ပါ | | ၅ ချက် |


သဗ္ဗေသတ္တာ ကမ္မသကာ

**မင်းသိင်္ခ**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မိမိအတ်တသာ မှန်ပါစေ အဆောင်

www.burmeseclassic.com

www.burmeseclassic.com



# မိမိဘက်ကသာ မှန်ပါစေ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်၏တပည့် ဗေဒင် လက္ခဏာ ဆရာမနှစ်ဦး ရောက်ရှိလာလေ၏။

တစ်ဦးမှာ ဆရာမကြာညိုသင်းဟူ၍ဖြစ်၏။ ကျန်တစ်ဦး မှာ ဆရာမရွှေယမင်းဦးဟူ၍ဖြစ်၏။ ၎င်းဆရာမနှစ်ဦးသည် ညီ အစ်မအရင်းများဖြစ်ကြ၏။ ထို့အပြင် ၎င်းတို့နှစ်ဦးသည် စာပေ ဗိမာန်ဆုရ စာရေးဆရာမောင်ရွှေစွန်၏ ညီမများဖြစ်ကြပြီး ရုပ်ရှင် မျက်မှန်မဂ္ဂဇင်းတိုက်ပိုင်ရှင်ဦးအောင်သိန်း၏ သမီးများလည်း ဖြစ် ကြကုန်၏။

ကျွန်ုပ်သည် ၎င်းတို့ကို တွေ့လျှင်..

"ဘယ်လိုလဲ ဆရာမတွေ။ အဆင်ပြေကြတယ်မို့လား"

ဟုမေးရာ ၎င်းတို့နှစ်ဦးက အဆင်ပြေကြောင်း ပြန်၍ ပြောကြားလေ၏။ ထို့နောက် ရွှေယမင်းဦးက..



www.burmeseclassic.com

www.burmeseclassic.com



"အခုလာတာတွေက အတိုက်အခံများလို့ ဆရာမရယ်။ အတိုက်အခံ ပြေပျောက်အောင် လုပ်ပေးပါ။ ရုံးမှာ တရားစွဲခံထားရလို့ အမှုနိုင်အောင်လုပ်ပေးပါဆိုတဲ့ အကြောင်းအရာတွေက များတယ် ဆရာကြီးရဲ့။ အဲဒါတွေကို တဲရှေ့ကတ်ပြားနဲ့ပဲ ဖြေရှင်းပေးပါတယ်။ ဆန်းပညာက ညွှန်ပြတဲ့နည်းတွေနဲ့လည်း ဖြေရှင်းပေးပါတယ်။ ဒါပေမဲ့ အဲဒီယတြာတွေက ခက်လို့ လုပ်ရတဲ့လူတွေအဖို့ အများကြီး ကသိကအောက်ဖြစ် တယ်။ အဲဒါကြောင့် လွယ်လွယ်ကူကူနဲ့ အတိုက်အခံကိုနိုင်စေ တဲ့နည်း၊ အမှုနိုင်စေတဲ့နည်းကို သင်ပေးပါဦး"

ဟု ပြောလေ၏။

"ဒီလိုရှိတယ်ကွဲ့။ လူဆိုတော့လည်း တစ်ယောက်တည်းနေတာမှ မဟုတ်ဘဲ။ အများနဲ့ နေကြရတာ။ အများဆိုကတည်းက ကျေနပ်တဲ့လူလည်း ရှိမယ်၊ မကျေနပ်တဲ့လူလည်း ရှိမယ်ပေါ့ကွယ်။ မကျေနပ်တဲ့လူ ရှိပြီဆိုကတည်းက အတိုက်အခံဆိုတာ ပေါ်ပြီပေါ့။ ဒါဟာ ဆန်းတဲ့ကိစ္စမဟုတ်ပါဘူး။ အတိုက်အခံဆိုတာကလည်း ကိုယ့်ဘက်က ဆက်ဆံမှုညံ့ဖျင်းတယ်။ ပြေလည်အောင် မဆက်ဆံတတ်ဘူးဆိုရင်တော့ ဗေဒင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူးကွဲ့။ ဗေဒင်ကိန်းခန်းအရ၊ ဂြိုဟ်အရဆိုရင်တော့ ယတြာချေရမှာပေါ့ကွယ်။ လူတွေ တွေ့ကြုံဖြစ်ပျက်နေတာ အားလုံးကို ဗေဒင်ထဲလာထည့်လို့ မရဘူး။ နေမကောင်းရင် ဆရာဝန်ဆီ သွားရမယ်။ ဗေဒင်ဆရာဆီ လာလို့မရဘူး။ အမှု ဖြစ်ရင် ရှေ့နေဆီသွားရမယ်။ ဗေဒင်ဆရာဆီ လာလို့မရဘူး။ နောက်တစ်ခုက အမှုနိုင်အောင် ယတြာလုပ်ပေးပါဆိုတဲ့ စကားကို ပြန်ပြောရမယ်။ ဥပဒေရယ်လို့ ရှိကတည်းက ပြစ်မှုနဲ့ပြစ်ဒဏ်ဆိုတာ တွဲပြီးပါလာတာ။ ကိုယ်က မဟုတ်တာ လုပ်ထားပြီး အမှုနိုင်အောင် ယတြာချေလို့မရဘူး။ အဲဒီလို ချေလို့ရတယ်ဆိုရင် ဒုစရိုက်သမားတွေဟာ ဗေဒင်ပညာကို တတ်အောင် သင်ပြီးမှ ဒုစရိုက်မှုကို ကျူးလွန်ကြမှာပေါ့။ အခု ငါပြောတာတွေကို နင်တို့ဆီလာတဲ့ ဗေဒင်လက္ခဏာပရိသတ် ကိုလည်း နားလည်သဘောပေါက်အောင် ရှင်းပြပါ။ မဟုတ် တာတွေ လုပ်၊ အမှုတွေကျူးလွန်ပြီး ဗေဒင်ဆရာဆီကို ဘီစကွတ်မုန့်ပုံးလေး တစ်ပုံး၊ ငွေလေးကိုးဆယ်၊ တစ်ရာနဲ့ အမှုကလွတ်အောင် လုပ်ပေးပါဆိုတာ သဘာဝမကျဘူး။ ဒါဟာ ပညာရပ်ကို သက်သက်လာပြီးစော်ကားသလိုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူများဆီက ငွေသန်းရှစ်ရာလောက်လိမ်ပြီး ဗေဒင်ဆရာဆီကို ဘီစကွတ်မုန့်ပုံးလေးတစ်ပုံးနဲ့ ငွေလေးကိုးဆယ်၊ တစ်ရာနဲ့ ဒီအမှုကလွတ်အောင်လုပ်ပေးပါဆိုတာ သိပ်ရယ်ဖို့ကောင်းတယ်။ ငါကတော့ ငါ့ဆီကို အဲဒီလိုလူမျိုးလာရင် သန်းရှစ်ရာလောက်လိမ်ပြီး အဲဒီအမှုကလွတ်အောင် ယတြာချေလို့ရတယ်ဆိုရင် ယတြာချေပေးနိုင်တဲ့ဆရာကို အမှန်ပေးစမ်းပါဗျာ။ ကျုပ်လည်း အဲဒီလိုလုပ်ချင်လို့ပါလို့ ပြန်ပြီးရိလွှတ်လိုက်တယ်။ ပြီးတော့ အဲဒီဘီစကွတ်မုန့်ပုံးကိုလည်း ပြန်ပေးလိုက်တယ်။ မယူဘဲ ပြန်သွားရင်လည်း အဲဒီမုန့်ကို လမ်းကကလေးတွေ ကျွေးပစ်လိုက်တယ်။ ဘာလို့ အဲသလိုလုပ်သလဲဆိုရင် လူယုတ်မာရဲ့ပစ္စည်းကို မစားကောင်းဘူးလို့ ယူဆလို့ပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာမ ကြာညိုသင်းက..

"ရိုးရိုးအတိုက်အခံပေါ်နေတာဆိုရင်ကော။ ပြီးတော့ ကိုယ့်ဘက်ကမှန်ပြီးဖြစ်ရတဲ့ အမှုမျိုးဆိုရင်ကော။ ဥပမာ–ကိုယ်က သနားလို့ နေစရာမရှိဘူးဆိုတဲ့လူကို အိမ်ပေါ်ခေါ်တင်ထားတယ်။ ကိုယ်က အဲဒီအိမ်ကို ရောင်းချင်တဲ့အခါမှာ အဲဒီလူက



www.burmeseclassic.com

www.burmeseclassic.com



မဆင်းတော့ဘူး။ မောင်ပိုင်စီးချင်လာတယ်။ အဲဒီတော့ အမှု ဖြစ်ရတယ်။ အဲဒါမျိုးဆိုရင် ကိုယ့်ဘက်က မှန်တာပဲ။ ယတြာ လုပ်လို့ မရဘူးလား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဒါက နမူနာပြောတာပေါ့လေ။ ဒါမျိုး အလားတူတွေ အများ ကြီးရှိမှာပါ။ ကိုယ့်ဘက်က မှန်ပါလျက်နဲ့ အမှုရင်ဆိုင်နေရ တယ်။ ကိုယ်က ပြေပြေလည်လည်ဆက်ဆံပါလျက် အတိုက် အခံများနေတယ်။ ဒါမျိုးတွေကတော့ ယတြာချေလို့ရတယ်။ နင်တို့ကိုလည်း အများကြီးသင်ပေးထားတာပဲ"

ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ၎င်းတို့နှစ်ဦးက ဟုတ်မှန်ကြောင်း ဝန်ခံကြလေ၏။ ထို့နောက် ဆရာမ ကြာညိုသင်း က..

"အဲဒီလို အတိုက်အခံကိစ္စတွေ၊ အမှုကိစ္စတွေအတွက် ဆရာ ကြီးသုံးတဲ့ ကိုယ်ပိုင်နည်းကော မရှိဘူးလား"

ဟု မေးလေ၏။

"ဒီလိုရှိတယ်ကွဲ့။ ဟောဒီဂါထာလေးနဲ့ အနက်ကလေးကို အရ ကျက်မှတ်ထား။ မရသေးခင်မှာတော့ စက္ကူတစ်ရွက်မှာ ကူး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘုရားစင်မှာ ကပ်ထား။ ဒါပေမဲ့ အနက်ကတော့ ဆင်ခြင်ရုံပါပဲကွယ်။ ပါဠိကိုပဲ အသုံးပြုမှာပါ”

**ဒေဝပုတ္တော ကိလေသောစ၊**
**အဘိသင်္ခါရ မာရကော။**
**ခန္ဓော မစ္စုတိ ပဉ္စေတေ၊**
**မာရေ ဝိဇိတဝံ နမေ။ ။**

ကျွန်ုပ်သည် အထက်ပါဂါထာကို စာရွက်တစ်ရွက်မှာ ရေးပြလိုက်လေ၏။ ထို့နောက် ၎င်းဂါထာ၏အနက်ကိုလည်း အောက်ပါအတိုင်း စာရွက်အလွတ်တစ်ရွက်တွင် ရေးပြရလေ၏။

ဒေဝပုတ္တော၊ ဒေဝပုတ္တမာရ်လည်းကောင်း၊
ကိလေသော၊ ကိလေသမာရ်လည်းကောင်း၊
အဘိသင်္ခါရမာရကော၊ အဘိသင်္ခါရမာရ်လည်းကောင်း၊
ခန္ဓော၊ ခန္ဓမာရ်လည်းကောင်း၊
မစ္စုတိ၊ မစ္စုမာရ်လည်းကောင်း၊
ဣတိ၊ ဤသို့။ ဧတေ-ပဉ္စမာရေ၊

**လာဘ်မိုးရွာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုမာရ်ငါးပါးတို့ကို၊

ဝိဇိတဝံ၊ အောင်တော်မူပြီးသော မြတ်စွာဘုရားကို၊

အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

ဆရာမကြာညိုသင်းနှင့် ဆရာမရွှေယမင်းဦးတို့သည် ကျွန်ုပ် ရေးပြသော ဂါထာနှင့်အနက်ကို အားတက်သရော ကူးယူကြလေ၏။ ထို့နောက် ရွှေယမင်းဦးက..

"အဲဒီဂါထာကို ဘယ်လိုလုပ်ရမှာလဲ ဆရာကြီးရဲ့"

ဟု မေးလေ၏။

"အတိုက်အခံရှိရင် အဲဒီဂါထာကို ၄၉ ရက် သက်စေ့ရွတ်ရမယ်"

ဟု ပြောရာ ၎င်းတို့သည် မှတ်စုဌ် ရေးမှတ်ကြလေ၏။ ထို့နောက်..

"အမှုရှိရင်ရော"

ဟု ကြာညိုသင်းက မေးလေ၏။

"အမှုရှိရင်တော့ YANTRIC ယန္တြကို သုံးရမယ်။ အဲဒါက ဟောဒီမှာကြည့်"

ဟု ဆိုကာ ကျွန်ုပ်သည် အနန္တာလဟီးရီးဆိုသူ ပုဂ္ဂိုလ်




www.burmeseclassic.com

www.burmeseclassic.com



ကျော်၏ ယန္တြကျမ်းတွင် ဖော်ပြထားသည့် အောက်ပါယန္တြကို ရေးပြလေ၏။



အထက်ပါအတိုင်း ရေးပြပြီးနောက်..

"အဲဒါကို ပန်းကန်ပြားပေါ်မှာ မာကင်ပင်နဲ့ဖြစ်စေ၊ ဆော့ပင်နဲ့ဖြစ်စေ၊ သဘော်ဆေးနဲ့ဖြစ်စေ ကူးရေးပြီး အဲဒီအပေါ်ကမှ သစ်သီးကိုးမျိုး၊ ဒါမှမဟုတ် ထန်းလျက်ခဲသက်စေ့တင်ပြီး **လက္ခံုဘီဒေဝီ**ကို အမူချိန်းရှိတဲ့ ရက်တွေမှာ ပူဇော်ပသရတယ်"

ဟု ကျွန်ုပ်က ပြောလေ၏။ ထိုအခါ ကြာညိုသင်းက..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီယန္တြက အစွမ်းတော်တော်ထက်သလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က..

"နှစ်ပေါင်းများစွာ သုံးလာခဲ့တာပဲ။ အဲဒီအစီရင်ဟာ တော်တော်လေး ထိရောက်ပါတယ်။ ဒါပေမဲ့ မိမိဘက်ကတော့ မှန်ဖို့လိုတာပေါ့။ ဒါကြောင့် ဒီအစီအရင်ကို ငါ့ရဲ့မှတ်စုစာအုပ်မှာ ဘယ်လိုခေါင်းစဉ်တပ်ထားသလဲဆိုတော့..

*'မိမိဘက်ကသာ မှန်ပါစေ..*

*အတိုက်အခံတွေ၊ အမှုအခင်းတွေ*

*လွင့်မျောပျောက်လွင့်စေ..'*

လို့တောင် ခေါင်းစဉ်တပ်ထားတယ်ဟ"

ဟု ပြောလိုက်ရာ ဌင်းညီအစ်မနှစ်ဦးသည် ကျွန်ုပ်၏ စကားကို သဘောကျ၍ ပျော်တပြုံးပြုံး ဖြစ်သွားကြလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## မသိကြလျှင် တွေးဆဦး

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ်ဘေးရှိ နေရာလွတ်နေသော မြေကွက်ကလေးတွင် အမိုးတစ်ခု ဆောက်လုပ်နေလေ၏။ အမှန်စင်စစ်အားဖြင့် ထိုအမိုးကို ဆောက်လုပ်ရန်အတွက် ကျွန်ုပ်၌ ငွေကြေးမရှိပါ။ မဟာသစ် ရေလုပ်ငန်းပိုင်ရှင် မောင်မောင်တာဆိုသော သူငယ်တစ်ဦးက လှူဒါန်းသောကြောင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်သည် လက်သမားဆရာများနှင့် တိုင်ပင်ကာ ဟိုနေရာကို ဟိုလိုလုပ်ပါ၊ ဒီနေရာကို ဒီလိုလုပ်ပါ စသည်ဖြင့် ကျွန်ုပ်လုပ်လိုသော အရာများကို လက်သမားဆရာများအား ပြောပြနေလေ၏။ လက်သမားဆရာ သုံးဦးသည် ကျွန်ုပ်ပြောသည်ကို ခေါင်းညိတ်ပြလေ၏။ သို့ရာတွင် အမှန်တကယ် လုပ်သောအခါ၌ ကျွန်ုပ်ပြောသကဲ့သို့ လုပ်မည်မဟုတ်ကြောင်း ကျွန်ုပ် ကောင်းစွာ ရိပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပြောသကဲ့သို့ လုပ်လျှင်လည်း ထိုအမိုးသည် သုံး၍ရတော့မည် မဟုတ်ပေ။ ကျွန်ုပ်သည် လက်သမားပညာနှင့် ပတ်သက်၍ ဗဟုသုတ လွန်စွာနည်းသူဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်ပြောသည့်အတိုင်းသာ လျှောက်၍လုပ်လျှင်လည်း ထိုအမိုးသည် အမိုးမဖြစ်တော့ဘဲ အလွန်ကြီးမားသည့် ရေတံလျှောက်ကြီးတစ်ခုသာ ဖြစ်ဖွယ်ရှိတော့၏။ ကျွန်ုပ်က အမိုးကိုစိုက်ချရမည့်အစား ထောင်ချင်၏။ ခုံးရမည့်နေရာတွင် ခွက်ချင်၏။ ထို့ကြောင့် လက်သမားဆရာများသည် ကျွန်ုပ်ပြောသည့်အခါ၌ ခေါင်းညိတ်သော်လည်း အမှန်တကယ် လုပ်သောအခါ၌ ကျွန်ုပ်ပြောသည်နှင့် ဆန့်ကျင်ဘက်ကိုသာ လုပ်တော့၏။

ထို့ကြောင့် ကျွန်ုပ်က…

"ခင်ဗျားတို့တတွေ ကျုပ်ပြောသလိုလည်း မလုပ်ပါလား"

ဟု အပြစ်တင်လိုက်ရာ လက်သမားဆရာတစ်ဦးက…

"ဆရာပြောတဲ့အတိုင်းသာ လုပ်ရင် ရေတွေ ဒလဟော အိမ်ထဲဝင်ကုန်မှာပေါ့။ ပြီးတော့ ဆရာပေးတဲ့ငွေနဲ့လည်း ဘယ်လောက်မလဲ။ ဆရာပြောတဲ့ဟာက လှတော့ လှတယ်။ ဒါပေမယ့် အသုံးမဝင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ပြောသဖြင့် ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်နှင့် ၎င်းတို့၏စကားကို လက်ခံလိုက်ရလေတော့၏။ လက်သမားဆရာများသည် တဒုန်းဒုန်း၊ တဒိုင်းဒိုင်း ရိုက်နေ၏။ ကျွန်ုပ်သည် ထို တဒုန်းဒုန်း၊ တဒိုင်းဒိုင်းအောက်တွင် ချွေးတလုံးလုံးနှင့် အတိုအစများကို သိမ်းဆည်းနေရ၏။ ထိုအချိန်၌ လူတစ်ယောက်သည် ကျွန်ုပ်ထံသို့ ဝင်လာပြီးလျှင်...

"ဟာ..ကိုယ့်လူ အတော်ကြီးဝနေပါလား။ လူနဲ့တောင် မတူတော့ဘူး။ ဝက်လို ဖြစ်နေပြီ။ ဘာပဲဖြစ်ဖြစ် လူလည်း ဗုဒ္ဓဟူး၊ ဝက်လည်းဗုဒ္ဓဟူးဆိုတော့လည်း အတူတူပဲလို့သဘောထားရမှာပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထိုလူကို မော့၍ ကြည့်လိုက်၏။ ကျွန်ုပ်၏မျက်စိမှာ မှုန်ဝါးနေသောကြောင့် ထိုသူ၏မျက်နှာ ကို ကောင်းစွာမတွေ့ရပါ။ အတော်အတန် စူးစိုက်ကြည့်ပြီးမှ..

"သြော်..ခင်ဖျားကိုး၊ မတွေ့တာ အတော်ကြာနေပြီပဲ။ ကျုပ် က ခင်ဖျားသေပြီလို့ မှတ်နေတာ။ အခုလို မသေမပျောက် တွေ့ရတာ ဝမ်းနည်းပါတယ်"

ဟု ပြောလိုက်လျှင် ထိုသူသည် တဟားဟား ရယ်လေ၏။ ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးတွေ မကြားရတာ ကြာလို့ တမင်တကာ ရောက်အောင် လာခဲ့တာပဲ၊ လက်ဖက်ရည်လေးဘာလေး မတိုက်ဘူးလား"

ဟု ပြောလေ၏။ ထိုသူသည် ကျွန်ုပ်နှင့် လွန်စွာရင်းနှီးသူဖြစ်၏။ မတွေ့သည်မှာလည်း အတော်ကြာပြီဖြစ်၏။ ယခင်က သူသည် ဂုန်နီအိတ်အဟောင်းရောင်းသော လုပ်ငန်းကို လုပ်သူဖြစ်၏။ 'ကိုဂုန်နီ'ဟု နောက်ပြောင်၍ ခေါ်၏။ အမှန်စင်စစ် သူ၏ နာမည်အရင်းမှာ 'ကိုနီ'သာ ဖြစ်၏။ ကျွန်ုပ်က 'ဂုန်'တစ်လုံး တိုး၍ ခေါ်ခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်သည် ဆန်စက်တွင် အလုပ်လုပ်ခဲ့ရဖူး ၏။ မကြာခဏ ဂုန်နီအိတ်များ ပျောက်ဆုံးသောကြောင့် ကိုနီထံ တွင် ဂုန်နီအိတ်များ ဝယ်ယူပြီး အစားပြန်၍ ထည့်ရလေ၏။

"ဘယ်လိုလဲ ကိုဂုန်နီကြီး၊ ဂုန်နီအိတ် မလုပ်တော့ဘူးလား"

ဟု မေးလိုက်ရာ ၎င်းက...

"ဂုန်နီအိတ်ခေတ် ကုန်သွားပြီလေ။ မြေဖြူအိတ်တွေ အစား ဝင်လာပြီ၊ ကိုယ်တို့ ဂုန်နီသမားတွေ ဘေးထိုင်သွားပြီ။ လုပ်ချင်ရင် ဂုန်နီအိတ်တော့ မရဘူး။ မြေဖြူအိတ် အရောင်း အဝယ်လုပ်ရင် ရသေးတယ်။ ဒါပေမယ့် အသက်အရွယ်လေး ကြီးလာတော့ မလုပ်တော့ပါဘူး။ သားအကြီးကောင်က ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်။ အဲဒီမှာ ဂျပန်မတစ်ယောက်နဲ့ အိမ်ထောင်ကျနေတယ်။ သမီးအလတ်က မလေးရှားရောက်နေတယ်။ အဲဒီမှာ တရုတ်တစ်ယောက်နဲ့ အိမ်ထောင်ကျနေတယ်။ သမီးအငယ်က ထိုင်းမှာ ထိုင်းပုလိပ်နဲ့ အိမ်ထောင်ကျနေတယ်။ ကျုပ်မိန်းမက စင်ကာပူသွားမယ်လို့ လုပ်နေလို့ မနည်း ဆွဲထားရတယ်။ လွှတ်များလွှတ်လိုက်ရင် သူလည်း ဟိုမှာ အိမ်ထောင်ကျနိုင်တယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ကိုဂုန်နီစကားကြောင့် အားရပါးရ ရယ်လိုက်မိလေ၏။ ရယ်ပြီးလျှင်...

"ခင်ဗျားရဲ့ သားသမီးတွေက ကမ္ဘာကိုဖြန့်ပြီး ချစ်ကြည်ရေးလုပ်နေတာပဲ။ ခင်ဗျားက ဒီမှာ ဘာလုပ်နေတာလဲ"

ဟု မေးလိုက်ရာ ကိုဂုန်နီကြီးက...

"သားသမီးတွေဆီက ပိုက်ဆံပို့တယ်။ ကျုပ်က ဒီမှာ တွင်တွင်ကျယ်ကျယ်လေး ဖြုန်းပေးတယ်။ မနက်နိုးလာရင် စိတ်တိုင်းကျမှာ ဘရိတ်ဖတ်သွားစားတယ်။ ဆယ်နာရီထိုးလောက်မှာ ရန်ကုန်မြို့မှာရှိတဲ့ ထမင်းဆိုင်ကောင်းကောင်းတွေဆီမှာ တစ်လှည့်စီလှည့်ပြီး မနက်စာစားတယ်။ ပြီးတော့ တရေးအိပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တရေးနိုးတော့ နာရီဝက်လောက် ဘုရားမှာသွားပြီး ပုတီးစိပ်တယ်။ ပုတီးစိပ်ပြီးရင် လက်ဖက်ရည်ဆိုင်ဝင်ပြီး လက်ဖက်ရည်သောက်တယ်။ ညနေစာကိုတော့ အိမ်မှာ ကိုယ့်ဟာကိုယ်ဖြစ်သလို ချက်စားလိုက်တယ်"

ဟု ပြောလျှင် ကျွန်ုပ်က...

"ခင်ဗျားမိန်းမက မချက်ဘူးလား"

ဟု မေးလိုက်ရာ ကိုဂုန်နီကြီးက...

"ကျုပ်မိန်းမက အိမ်မှာမနေဘူး။ စင်ကာပူ မသွားရဘူး ဆိုတာနဲ့ ရိပ်သာတစ်ခုပြီးတစ်ခု လှည့်ပြီး ရက်ရှည်တရားဝင်နေတယ်။ အဲဒီတော့ ဖုန်းမောင်ကတော့ တစ်ယောက်ထဲပါဖြစ်နေတာပေါ့"

ဟု ပြန်၍ ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"ကိုဂုန်နီကြီး ခင်ဗျားအသက်ကြီးပြီနော်။ ရှုပ်ရှုပ်ယှက်ယှက်တွေမလုပ်နဲ့"

ဟု ပြောလိုက်လျှင် ကိုဂုန်နီကြီးက ရယ်လေ၏။ ထို့နောက် ကိုဂုန်နီကြီးက...

"ကိုယ့်လူက လူတစ်ဖက်သားကို ပြောရရင် နည်းနည်းပါးပါး



www.burmeseclassic.com

www.burmeseclassic.com



အားနာဖို့ မစဉ်းစားဘူး။ စပြီး နှိပ်ထည့်လိုက်တာပဲ။ ရှုပ်ရှုပ်ယှက်ယှက် တစ်ခုမှ မလုပ်ဘူး”

ဟု ပြောလေ၏။ ထို့နောက် သူကပင်…

“အလကားပြောတာပါ ငါ့လူရာ။ ကိုယ့်လူအထင်ကြီးအောင် လျှောက်ပြီး ကြွားနေတာ။ သားသမီးသုံးယောက်စလုံး ကိုယ့်ဆီကို တစ်ပြားမှ မပို့ဘူး။ အဲဒီတော့ မနက်ဘက်လည်း စိတ်တိုင်းကျမှာ ဘရိတ်ဖတ် မစားနိုင်ပါဘူး။ မနက်စာကိုလည်း ထမင်းဆိုင်တွေမှာ လှည့်ပြီးမစားနိုင်ပါဘူး။ ကိုယ်တစ်ယောက်တည်း အိမ်မှာ မရှိ၊ ရှိတာလေးနဲ့ ကြိတ်ပြီး လွေးနေရတာပါ။ ကျုပ်မိန်းမကတော့ အသက်ကြီးလာတော့ မီးယပ်ကိုင်ပြီး အိပ်ရာထဲ လဲနေရှာတယ်။

အဲဒါကြောင့် ကျုပ်လည်း မပြုစုနိုင်တာနဲ့ သူ့အမေအိမ် ပြန်ပို့ထားရတယ်။ ငယ်ငယ်တုန်းက ရှာဖွေထားတဲ့ဟာကို တဖြည်းဖြည်းချင်း ဖဲ့စားနေရတဲ့ အဆင့်ပါ”

ဟု ကိုဂုန်နီကြီးက ပြောလေ၏။

“ကဲ..ထားစမ်းပါဦး ကိုဂုန်နီကြီးရယ်။ အခု ကျုပ်ဆီလာတာက ဘာကိစ္စလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုဂုန်နီကြီးက...

"လာတာက ယတြာကိစ္စပါ"

ဟု ပြောလျှင် ကျွန်ုပ်က...

"ယတြာကိစ္စဆိုလျှင် နှစ်ချက်ခွဲမှ လာရမယ်။ အဲဒီအချိန်က လွဲပြီး ကျန်တဲ့အချိန်မှာ လုပ်မပေးဘူး"

ဟု ပြောလိုက်လေ၏။

"ကျန်တဲ့အချိန်မှာက ဘာဖြစ်လို့ လုပ်မပေးတာလဲ"

ဟု ကိုဂုန်နီကြီးက ပြန်၍ မေးလိုက်လေ၏။

"ကျန်တဲ့အချိန်မှာ ကျုပ်က အချိန်နဲ့ ပုတီးစိပ်ရတယ်ဗျာ။ စာရေးရတယ်ဗျာ။ အချိန်ပို မရှိဘူးဗျ။ ကျုပ် လုပ်ပေးနိုင်တဲ့ အချိန်ကလေးကို လုပ်ပေးရတာပဲ။ အဲဒါကို တချို့က သဘော မပေါက်ဘူး။ သူတို့လာတဲ့ အချိန်ကို လုပ်ပေးရမယ်လို့ အကျပ် ကိုင်တယ်။ အဲဒီလို မလုပ်ပေးတာနဲ့ ဒေါတွေ၊ ဘာတွေ ပွသွား တော့တာပဲ။ လူရင်းတွေက ပိုဆိုးသေးတယ်။ ရင်းနှီးတာကို အကြောင်းပြုပြီး သူများအလုပ်လုပ်ချိန်ကို အနိုင်ကျင့်ပြီး လာကြတဲ့လူက များတယ်။ အဲဒီအထဲမှာ ခင်ဗျားမပါစေ နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ခပ်မာမာ ပြောလိုက်ရာ ကိုဂုန်နီကြီးက ရယ်လေ၏။

"အညာက လာတဲ့ ကျုပ်အစ်မတစ်ယောက် ကိုယ်လူနဲ့တွေ့ဖို့ လာတာ မတွေ့ရလို့ ဆဲသွားတယ်"

ဟုကိုဂုန်နီကြီးကပြောလိုက်ရာ ကျွန်ုပ်ကရယ်လိုက်လေ၏။

"အခုလည်း ခင်ဗျား ကျုပ်ကို ဆဲပြီး ပြန်မယ်ပေါ့"

ဟု ကျွန်ုပ်က မေးလိုက်လျှင်...

"ကျုပ်ကတော့ ဘယ်ဆဲမလဲဗျာ။ ခင်ဗျားရဲ့ဒုက္ခကို ကျုပ် သိနေတာပဲ။ ကျုပ်လာတဲ့ ယတြာကိစ္စကလည်း ခင်ဗျားဆီက ယတြာတောင်းမလို့ လာတာ မဟုတ်ပါဘူး။ ကျုပ်ဘကြီး လုပ်တဲ့ ယတြာအကြောင်း ပြောပြမလို့ လာတာ"

ဟု ကိုဂုန်နီက ပြောလိုက်လျှင် ကျွန်ုပ်က...

"အလို..အဆန်းပါလား။ ကျုပ်ဆီကို လာတဲ့လူ အားလုံးက ကျုပ်ဆီက ယတြာတောင်းပြီး ပြန်တယ်။ ခင်ဗျားက ကျုပ် ကို ယတြာ ပြန်ပြီးပေးမယ်ဆိုတော့ တော်တော်ဆန်းတာပဲ။ ဒါနဲ့ နေစမ်းပါဦး။ ခင်ဗျားက မြစ်ဝကျွန်းပေါ်သား မဟုတ်လား။ ခင်ဗျားအစ်မက ဘယ်နှယ့်ကြောင့် အညာက လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လျှင်...

"ကျုပ်အစ်မက အညာကလူနဲ့ အိမ်ထောင်ကျတာလေ။ အညာမှာပဲ နေတယ်"

ဟု ကိုဂုန်နီကြီးက ပြန်၍ဖြေလေ၏။

"ဒါနဲ့ နေစမ်းပါဦး။ ခင်ဗျားဘကြီးအကြောင်း ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုဂုန်နီကြီးက...

"ကျုပ်ဘကြီးနာမည်က ခင်ဗျားနာမည်နဲ့အတူတူပဲ။ ကိုအောင်ထွန်းတဲ့ သူက ဗေဒင်ဆရာမဟုတ်ဘူးဗျ။ စပါးပွဲစားကြီး။ ဒါပေမယ့် ယတြာတော့ အလွန်စွမ်းတယ်ဗျ။ သူ့ရဲ့ယတြာတွေက အစွမ်းထက်လွန်းအားကြီးလို့ မြို့ပေါ်ကတောင် လာပြီး သူ့ဆီမှာ ယတြာတောင်းရတယ်။ သူ့အိမ်က ချောင်းစပ်မှာဆိုတော့ ငွေရာသီ ကျောင်းပိတ်ရက်မှာ ကျုပ်ဟာ သူ့အိမ်မှာ သွားနေတာ။ ချောင်းထဲဆင်း ဆော့ချင်တာနဲ့ကို သွားနေတာဗျို့။ ကျုပ်ဘကြီးဟာ အသက် ၈၀ အထိ နေသွားရှာတယ်။ သူ့ကို ကျုပ်တို့တစ်ရွာလုံးရော ရွာနီးချုပ်စပ်က 'ဘိုးထွန်း' လို့ပဲ ခေါ်တယ်။ သူနဲ့ နေပါများတော့ သူလုပ်တဲ့ ယတြာနည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျုပ် အတော်ကလေး ရခဲ့တယ်ဗျ။ အဲဒါကို ခင်ဗျားကို ပြောပြချင်လို့ လာတာပါ”

ဟု ကိုဂုန်နီကြီးက ပြောလျှင် ကျွန်ုပ်က...

“နေဦး..နေဦး..ဂုန်နီကြီး။ ကျုပ်ရဲ့ မှတ်စုစာအုပ် ယူလိုက်ဦးမယ်”

ဟု ဆိုကာ ကျွန်ုပ်၏ တပည့် ဖိုးသူတော်အား မှတ်စုစာအုပ်နှင့် ခဲတံကို ယူခိုင်းလိုက်လေ၏။ ထိုပစ္စည်းများ ကျွန်ုပ်လက်တွင်း ရောက်လာသောအခါ၌...

“ကဲ..ပြောပေတော့..ကိုဂုန်နီကြီးရေ၊ **ဘိုးထွန်း ယတြာ**”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုဂုန်နီက...

“ဘကြီးသုံးတဲ့ ယတြာက လက်ဖက်ရည်ပန်းကန် အရွယ်လောက်ရှိတဲ့ ပန်းကန်ခုနစ်ချပ်ဗျ။ ပြီးတော့ ရေနွေးကြမ်းသောက်တဲ့ ရေနွေးကြမ်း ပန်းကန်လေးက ခုနစ်လုံးဗျ။ ဖယောင်းတိုင်ထွန်းဖို့ ခွက်ကလေးက ခုနစ်ခုဗျ”

ဟု ပြောလေ၏။

“ဆိုစမ်းပါဦး။ စိတ်ဝင်စားစရာပဲ”

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုဂုန်နီက...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ပန်းကန်လေးခုနစ်ချပ်ကို ဘုရားစင်ရှေ့ ခင်းပြီး အတန်းလိုက် တန်းထားရတယ်။ အဲဒီ ပန်းကန်ပြားတွေ ပေါ်မှာလည်း သဘော်ခဲဆေးနဲ့ စာတစ်လုံးစီ ရေးထားတယ်။ ရေးထားတဲ့ စာကတော့..."

ဟု ဆိုကာ ကျွန်ုပ်ထံမှ မှတ်စုစာအုပ်ကို ဆွဲယူကာ အောက်ပါ စာခုနစ်လုံးကို ၎င်းက ရေးပြလိုက်လေ၏။

**မ–သိ–ကြ–လျှင်–တွေး–ဆ–ဦး**

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက်...

"ဆက်ပြီးပြောပါဦး"

ဟု ဆိုလိုက်ရာ ကိုဂုန်နီကြီးက...

"'မ'ဆိုတာ 'ကြာသပတေး'ဗျာ၊ 'သိ'ဆိုတာက 'သောကြာ'ဗျာ၊ 'ကြ'ဆိုတာက 'တနင်္လာ'ဗျာ၊ 'လျှင်'ဆိုတာက 'ဗုဒ္ဓဟူး'ဗျာ၊ 'တွေး' ဆိုတာက 'စနေ'ဗျာ၊ 'ဆ'ဆိုတာက 'အင်္ဂါ'ဗျာ၊ 'ဦး'ဆိုတာက 'တနင်္ဂနွေ'ဗျာ၊ ဒီနေ့ ခုနစ်နေ့ဟာ မြတ်စွာဘုရားရဲ့ 'နာမ်တော်စဉ်ကိန်း'လို့ခေါ်တယ်။ ကြာသပတေး နေ့မှာ ပစ္စေသန္ဒေယျတယ်၊ သောကြာနေ့မှာ ဖွားမြင်တော် မူတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တနလ်ာနေ့မှာ တောထွက်တော်မူတယ်၊ ဗုဒ္ဓဟူးနေ့ မှာ ဘုရားဖြစ်တော်မူတယ်၊ စနေနေ့မှာ တရားဦး ဟောတော်မူတယ်။ အင်္ဂါနေ့မှာ ပရိနိဗ္ဗာန် ပြုတော်မူတယ်။ တနင်္ဂနွေနေ့မှာတော့ ဓာတ်တော် လောင်ကျွမ်းတော်မူတယ်ပေါ့ဗျာ”

ဟု ရှင်းပြလေ၏။

“အဲဒါကို ခင်ဗျားဘကြီးက ဘယ်လို ယတြာလုပ်တာတုံး”

ဟု ကျွန်ုပ်က မေးလိုက်ရာ...

“အဲဒီ ပန်းကန်ခုနစ်ချပ်မှာ ဆွမ်းတွေ ထည့်တာပါပဲ။ ဆွမ်းထည့်ပြီးရင် သကြားတစ်ဇွန်းဆီ လိုက်ပြီး ဆွမ်းပေါ်မှာ ပုံတော့တာပဲ။ ရေနွေးကြမ်းပန်းကန်ထဲမှာ သောက်တော်ရေ ထည့်တယ်ဗျာ”

ဟု ကိုဂုန်နီကြီးက ပြောလျှင် ကျွန်ုပ်က...

“ဖန်ခွက်နဲ့ဆို ပိုမကောင်းဘူးလား ကိုဂုန်နီကြီးရဲ့”

ဟု မေးလိုက်ရာ...

“အခုလို ကိုယ့်လူမေးသလို မိန်းမတစ်ယောက်က ကျုပ်ဘကြီးကို မေးဖူးတယ်ဗျ။ ဘကြီးက ဒေါပွလိုက်တာ မပြောပါနဲ့တော့။ ဖန်ခွက်နဲ့ မလုပ်ချင်လို့ ရေနွေးကြမ်းပန်းကန်နဲ့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဘာရှည်တာလဲတဲ့။ အဲဒီတော့ အဲဒီမိန်းမကလည်း မခေဘူးဗျို့။ ဘာဖြစ်လို့ ဖန်ခွက်နဲ့ မလုပ်ချင်တာလဲ အဘိုး ထွန်းရယ်လို့ ထပ်ကွန့်ပြီးမေးတယ်။ အဲဒီတော့ ကျုပ်ဘကြီး က 'ရေ=၈'၊ 'နွေး=၇'၊ 'ကြမ်း=၂' အဲဒါ အောင်နဝင်းဓာတ်၊ အဲဒါကိုလိုချင်လို့ ရေနွေးကြမ်းပန်းကန်နဲ့ လုပ်တာကို ရှင်းပြဖူးတယ်"

ဟု ကိုဂုန်နီကြီးက ပြန်ရှင်းပြလေ၏။

"ဆွမ်းတော်ကတော့ ဟုတ်ပါပြီ။ သကြားနဲ့ပဲ ကပ်ရမှာလား။ တခြား ကောင်းမြတ်တဲ့အရာတွေ ထည့်လို့မရဘူးလား"

ဟု ကျွန်ုပ်က မေးပြန်ရာ ကိုဂုန်နီကြီးက...

"လုပ်ပြန်ပြီ..ကျုပ်ဘကြီးနဲ့သာ တိုက်ရိုက်တွေ့ရင်တော့ ခင်ဗျားတော့ ခေါင်းခေါက်ခံရလိမ့်မယ်။ ခင်ဗျားမေးသလို လူတစ်ယောက်က ကျုပ်ဘကြီးကို မေးဖူးတယ်။ ကျုပ်ဘကြီး က ဒေါပွလိုက်တာ မပြောပါနဲ့တော့။ အဲဒီလူကိုလည်း မင်း ယတြာလုပ်မှာလား၊ ဟိုမေး၊ ဒီမေး မေးမှာလား။ ဟိုမေး ဒီမေး မေးမှာဆိုရင် မလာနဲ့တော့ သွားတော့တဲ့။ ဒါပေမယ့် အဲဒီလူကလည်း မခေဘူးဗျို့။ သိချင်လို့ မေးတာပါ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပါနဲ့ ဘိုးထွန်းရယ်လို့ ပြောပြန်တယ်။ အဲဒီတော့ ကျုပ်ဘကြီးက ယတြာချေတယ်ဆိုတာ သောကရှိတဲ့လူတွေ ချေတာကွ။ 'သောက ၆'၊ 'က,က ၂' ကွ၊ သကြားဆိုတာလည်း 'သိက ၆' 'ကြားက ၂' ကွ၊ ယတြာမှာက 'နံ့တူရက်ကို ရဲဘက်ခေါ်သည်' ဆိုတဲ့စကား ရှိတယ်ကွ။ နံ့တူကို လှူလိုက်တာ၊ သောကကို လှူချင်လို့ သကြားထည့်တာကွ၊ ပြီးတော့ စီးပွားတက်ချင်တဲ့လူအတွက်လည်း ဒီသကြားပဲ လှူရမယ်။ ဘာဖြစ်လို့လဲဆိုတော့ 'သူကြွယ်' ဓာတ်ကွ၊ ပြီးတော့ ကာလကလည်း သကြားသာသနာဆိုတော့ ဓာတ်တူနာမ်တူ တွေရ အောင်တွဲပြီးလုပ်တာလို့ ဒေါ်နဲ့မောနဲ့ ပြောဖူးတယ်"

ဟု ပြောလေ၏။

"ခင်ဗျားလည်း စိတ်မဆိုးပါနဲ့ ကိုဂုန်နီကြီးရယ်။ ကဲ..ခင်ဗျား ဘကြီးပြောတဲ့ ယတြာကို ဆက်ပြီးပြောပါတော့"

ဟု ကျွန်ုပ်က တောင်းပန်လိုက်ရာ ကိုဂုန်နီကြီးက...

"ကိုယ့်လူ ကြားဖြတ်ပြီး မေးတာနဲ့ ဘယ်ရောက်သွားမှန်း တောင် မသိတော့ဘူး"

ဟု ပြောပြီးလျှင် စီးကရက်တစ်လိပ်ကိုထုတ်၍မီးညှိရှိုက်ဖွာ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ၎င်း၏စကားကို အစပြန်ကောက်၍ ဆက်ပေးရလေတော့၏။ ထိုအခါကျမှပင် ကိုဂုန်နီကြီးက…

"အဲဒီ ဆွမ်းတော်ပန်းကန်တွေကို စောစောက ကျုပ်ပြောသလို ဘုရားစင်ရှေ့မှာ ခုံတစ်ခုနဲ့ 'မသိကြလျှင် တွေးဆဦး' အစီအစဉ်အတိုင်း အတန်းလိုက် စီထားတယ်ဗျာ။ ပြီးတော့မှ ယတြာချေမယ့်ကိစ္စကို အရင်မေးတယ်။ ဥပမာ– ငွေကိစ္စဆိုရင် 'ကြ'ဆိုတဲ့ ပန်းကန်မှာ အရင် ဆွမ်းထည့်တယ်ဗျာ။ အိမ်ကိစ္စဆိုရင် 'ဦး'ဆိုတဲ့ ပန်းကန်မှာ အရင် ဆွမ်းတော်ကိုထည့်တယ်။ ပြီးတော့မှ ဘာနေ့သားလဲလို့ မေးပြီး နေ့သားအလိုက် ဆွမ်းတော်ကိုထည့်တယ်။ အင်္ဂါသားဆိုရင် 'ဆ'ဆိုတဲ့ ပန်းကန်မှာ ဆွမ်းတော်ကိုထည့်တယ်။ အကြောင်းကိစ္စကို အရင်ထည့်တယ်။ ပြီးတော့ နေ့နံကို ထည့်တယ်။ အဲဒီနှစ်ခုကို ထည့်ပြီးမှ ကျန်တဲ့ ပန်းကန်တွေကို ဆွမ်းတော်ထည့်တယ်။ ပြီးတော့မှ ရေနွေးကြမ်းပန်းကန်တွေမှာသောက်တော်ရေတွေကိုလိုက်ပြီး ဖြည့်တယ်။ အဲဒါတွေပြီးမှ ဖယောင်းတိုင်တွေကို မီးလိုက်ပြီး ထွန်းတယ်။ ပြီးရင် ဆွမ်းကပ်ခိုင်းတယ်။ ဆုတောင်းခိုင်းတယ်"

ဟု ပြောလေ၏။

**လာဘ်မိုးရွာစေပေ**

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းအရာက နှစ်မျိုးသုံးမျိုး ဖြစ်နေရင်ကောဗျာ"

ဟု ကျွန်တော်က မေးလိုက်လျှင် ကိုဂုန်နီကြီးက...

"သေတော့မှာပဲ။ ဘကြီးနဲ့တွေ့ရင်။ ဒီမှာကိုယ့်လူ ကျုပ်ဘကြီးက လူတစ်ယောက်ကို တစ်ကြိမ်မှာ ယတြာတစ်မျိုးပဲ ချေပေးတယ်။ သူ့ဟာသူ အကြောင်းအရာ ဘယ်နှစ်မျိုးပဲရှိရှိ တစ်မျိုးပဲ ချေပေးတယ်။ တစ်မျိုးပြီးမှ တစ်မျိုးချေပေးတယ်။ အဲဒီလို နှစ်မျိုးသုံးမျိုး ချေခိုင်းတဲ့လူကို ကျုပ်ဘကြီးက ပြောတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သား ရွှေအိုးထမ်းလာတာ မြင်ချင်ရင် သုဝဏ္ဏသာမ ဇာတ်ထုပ် သွားကြည့်တဲ့။ အစုံကိုင်ချင်ရင် ကျူလီယာဆိုင်ဖွင့်တဲ့။ တစ်ချိန်တည်းမှာ ခုနှစ်မျိုးလောက် လုပ်ချင်ရင် ခုနစ်ထွေအက သင်တဲ့။ ယတြာကတော့ တစ်ခါလုပ်ရင် တစ်မျိုးပဲတဲ့။ မကျေနပ်ရင် ရှေ့မှာချောင်းရှိတယ်။ ခုန်ချ သေတဲ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။

"ခင်ဗျားဘကြီးက အတော် စိတ်တိုတဲ့လူပဲ။ ဒီမှာ ကိုဂုန်နီကြီး၊ ကျုပ်တို့လူ့ဘောင်ဟာ ဃရာဝါသ ကိစ္စများမြောင် လူတို့



www.burmeseclassic.com

www.burmeseclassic.com



ဘောင်လို့ ဆိုထားတယ်။ ကိစ္စအလွန်များတာဗျ။ တစ်ခုတည်း မဟုတ်ဘူး”

ဟု ကျွန်ုပ်က ပြောလိုက်လျှင်…

“ကျောင်းအစ်မကြီးတစ်ယောက် ကျုပ်ဘကြီးကို ခင်ဗျား အခုပြောသလို ပြောဖူးတယ်ဗျ။ ကိစ္စက အများကြီးတဲ့။ အဲဒီလိုလည်းပြောရော ဘကြီးက ဘာပြောသလဲဆိုရင် ကိစ္စများရင် ကိုယ့်ကိုယ်ကိုကိစ္စတုံးအောင်လုပ်ပစ်လိုက်တဲ့။ ယတြာကတော့ တစ်ခါချေရင် တစ်မျိုးပဲချေလို့ရတယ်တဲ့။ ယတြာချေတာကို ကုန်စုံဆိုင်ဖွင့်သလို ငရုတ်သီးလည်းရမယ်၊ ကြက်သွန်လည်း ရမယ်၊ အာလူးလည်းရမယ် မထင်နဲ့တဲ့။ အဲဒီလိုပြောလိုက်လို့ ကျောင်းအစ်မကြီးက စိတ်ဆိုးပြီး ကျုပ်ဘကြီးနဲ့ စကား မပြောတော့ဘူး။ အဲဒီတော့ ကြားထဲကတစ်ယောက်က လာပြောတယ်။ ဘိုးထွန်း–ကျောင်းအစ်မကြီးက စိတ်ဆိုးလို့ မခေါ်တော့ဘူးတဲ့။ အဲဒီလိုလာပြောတော့ ကျုပ်ဘကြီးက မြန်မာပြည်မှာ လူဦးရေ ၁၆ သန်းလောက်ရှိတာကွာ။ သူနဲ့ စကားမပြောရလည်း လူ ၁၅ သန်းကျော် ကျန်သေးတယ်တဲ့။ (ထိုအချိန်က လူဦးရေ ၁၆ သန်းခန့်သာ ရှိပါသည်။) အဲဒီ ၁၅ သန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားကုန်အောင် ပြောမယ်ဆိုရင်တောင် သေတဲ့အထိ ပြောလို့ပြီးမှာ မဟုတ်ပါဘူးတဲ့။ ဒီ မိန်းမကြီးလောက်အတွက် အရေးမပါကြီးပါဘူးတဲ့"

ဟု ဂုန်နီက ပြောပြပြန်လေ၏။ ထိုအခါ ကျွန်ုပ်က...

"ကိုဂုန်နီဘကြီးက အတော်စိတ်တိုတာပဲ။ အပြောလည်း အတော်ပိုင်တာပဲ"

ဟု ပြောလိုက်လျှင်...

"ကိုယ့်လူကို ပြောရဦးမယ်။ သူ့မှာ သားတစ်ယောက်ရှိတယ်။ ဘယ်နေရာမှာမှ သုံးလို့မရဘူး။ ပေါကြောင်ကြောင်နဲ့။ သူက သနားတယ်ဆိုပြီး ကိုရင်ကြီး ဝတ်ပေးထားတယ်။ တစ်နေ့ တော့ သူ့သားကိုရင်ကြီးနဲ့ သူနဲ့ စကားများပါလေရောဗျာ။ အဲဒီတော့ သူ့သားက သူ့ကိုစိတ်ကောက်ပြီး ကိုရင်ကြီးကနေ ထွက်ပစ်လိုက်တယ်။ အဲဒီအခါမှာ ကျုပ်ဘကြီးက အဲဒီ ငတိ ကို မိန်းမ ထပ်ပြီး ပေးစားပစ်လိုက်တယ်။ အဲဒီတော့ ကျုပ် တို့က ဝိုင်းပြီးပြောကြတာပေါ့။ ဘကြီး ဘယ်လိုလုပ်လိုက်တာ လဲလို့မေးတော့ ငြိမ်းငြိမ်းနေရအောင် ကိုရင်ဝတ်ပေးထားတာ ကိုထွက်လာလို့ ဒုက္ခတွင်းထဲကို ချလိုက်တာပေါ့။ အခု ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင် လှေထိုးလိုက်လိုလိုက်ရ၊ လှေထိုးမလိုက်ရတဲ့အခါမှာ မြေတို့ လွှစင်မှာ သွားပြီး လွှဆွဲလို ဆွဲရနဲ့ ဒုက္ခတွေ့နေပြီလေ လို့ ပြန်ပြီးဖြေတယ်”

ဟု ကိုဂုန်နီကြီးက ပြောလေ၏။

“ခင်ဗျားဘကြီးက အတော်ရွတ်တာပဲဗျ”

ဟု ကျွန်တော်က ပြောလိုက်လျှင်…

“ဟုတ်ပြီ..ဟုတ်ပြီ ကိုယ့်လူပြောမှ ကျုပ် သတိရတယ်။ ကျုပ် ဘကြီးက ရွတ်သေးတယ်ဗျ။ သူ အမြဲရွတ်တဲ့ ဂါထာတစ်ပုဒ်ရှိ တယ်။ အဓိပ္ပာယ်ကတော့ ကျုပ် မသိဘူးဗျ။ သူရွတ်တာက လည်း အသံက မပီဘူးဗျ”

ဟု ကိုဂုန်နီကြီးက ပြောလေ၏။

“ခင်ဗျားဘကြီးက စကားမပီဘူးလား”

ဟု ကျွန်ုပ်က မေးလိုက်လျှင် ကိုဂုန်နီကြီးက…

“စကားပီပါတယ်ဗျ၊ ဒါပေမယ့် သူရွတ်တဲ့မန္တန်က ပါးစပ်ပိတ် ပြီး ရွတ်ရတာ”

ဟု ပြောလိုက်လျှင် ကျွန်ုပ်…

“ပါးစပ်ပိတ်ပြီး ရွတ်ရတဲ့အတူတူတော့ ရွတ်မနေပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ရွတ်လည်းရွတ်ရတယ်၊ ပါးစပ်လည်း ပိတ်ထားရတယ်ဆိုတော့ ဘာအဓိပ္ပာယ်ရှိမှာလဲ"

ဟု ပြောလိုက်လေတော့၏။ ထိုအခါ ကိုဂုန်နီက…

"ကိုယ့်လူကလည်း တယ်ခက်တာပဲ။ တချို့မန္တန်တွေဟာ အသံကို ဖွင့်ရွတ်ရတယ်။ တချို့မန္တန်တွေဟာ အသံပိတ်ပြီးရွတ်ရ တယ်။ တချို့မန္တန်တွေဟာ အသက်အောင့်ပြီး ရွတ်ရတယ်ဆို တာ မကြားဖူးဘူးလား။ အခု ကျုပ်ဘကြီးရွတ်ရတဲ့ မန္တန်က ပါးစပ်ပိတ်ပြီးရွတ်ရတာ။ အဲဒီတော့ သူမန္တန်ရွတ်နေတဲ့အခါ မှာ တအီးအီး၊ တအဲအဲနဲ့ အ,အ စကား ပြောသလိုပဲ။ သိပ်ရယ်ဖို့ကောင်းတာ။ ဒါပေမယ့် ကျုပ်ပူဆာလို့ သူက အဲဒီမန္တန်ကို စာရွက်မှာ ရေးပြဖူးတယ်။ အနက်တော့ မသိဘူး"

ဟု ပြောပြီး ကျွန်ုပ်ထံမှ စာရွက်တစ်ရွက်တောင်းပြီးလျှင် ၎င်း၏ဘကြီး ရေးပြသည်ဆိုသော အောက်ပါမန္တန်ကို စာရွက်တွင် ရေးပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



**ဩဘာင်း ဩကိုးကထေသိ ကိုးကာရဏာ တဝကမ္ဗွဲအဟာံ ဓာနာမိ၊ နတ္တို စောရော ကုတော ဘယံ အညမညံ ပီယံမမ ဂဗ္ဘာ ဂူစလိ ဂဗ္ဘီယသပသံ ဥပိယ အန္တံမ ရုကျွော..**

ကျွန်ုပ်လည်း မှတ်စုစာအုပ်တွင် ကော်ဖြင့်ကပ်၍ သိမ်းဆည်းထားလိုက်လေ၏။ ထို့နောက် ကျွန်ုပ်က ကိုဂုန်နီကြီးအား....

"ကျုပ် ပြန်ပြောမယ်ဗျာ။ ဘုရားစင်ရှေ့မှာ စားပွဲ သပ်သပ်ခင်းမယ်။ ဆွမ်းပန်းကန် ခုနစ်ပွဲ တန်းစီပြီး ပြင်ထားမယ်။ အဲဒီပန်းကန်တွေမှာလည်း သဘော်ဆေးနဲ့ အခုခေတ်ဆိုလျှင်တော့ မာကင်ပင်နဲ့ 'မသိကြလျှင် တွေးဆဦး' ဆိုတဲ့ စာတစ်လုံးစီ ရေးထားမယ်ဗျာ။ ပြီးတော့ ယတြာချေမယ့်လူရဲ့ အကြောင်းကိစ္စကိုကြည့်ပြီး ဆွမ်းထည့်မယ်၊ 'အိမ်' ကိစ္စဆိုရင် 'ဦး' ဆိုတဲ့ ပန်းကန်မှာထည့်မယ်။ 'ငွေကိစ္စ'၊ 'ကျောင်းကိစ္စ' ဆိုရင် 'ကြ' ဆိုတဲ့ ပန်းကန်မှာထည့်မယ်။ 'စိန်' ကိစ္စဆိုရင် 'ဆ' ဆိုတဲ့ ပန်းကန် မှာထည့်မယ်။ 'ရွှေကိစ္စ' 'လူ' ကိစ္စဆိုရင် 'လျှင်' ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန် မှာထည့်မယ်။ 'မြေကိစ္စ' 'အမွေကိစ္စ'ဆိုရင် 'မ'ဆိုတဲ့ ပန်းကန် မှာထည့်မယ်။ 'သားသမီးကိစ္စ'ဆိုရင် 'သိ'မှာ ထည့်ရမယ်။ 'ထီကိစ္စ' 'နှမ်းကိစ္စ' 'နွားကိစ္စ' ဆိုရင် 'တွေး'ဆိုတဲ့ ပန်းကန်မှာ ဆွမ်းထည့်ရမယ်။ အဲဒါကိုထည့်ပြီးရင် ဘာနေ့သားသမီးလဲ ဆိုတာကို မေးပြီး နေ့သားအလိုက် ဆွမ်းထည့်ရုံပဲ။ ဥပမာ–ကိစ္စက 'အိမ်ကိစ္စ'ဆိုတော့ 'ဦး' ဆိုတဲ့ ပန်းကန်မှာ ဆွမ်းထည့်မယ်။ လုပ်တဲ့လူကလည်း တနင်္ဂနွေ သားဆိုရင်တော့ ထပ်ပြီး ထည့်စရာမလိုဘူး။ ထည့်ပြီးပြီပဲ။ အဲဒီလို ဆွမ်းထည့်ပြီးမှ ဆွမ်းပေါ်မှာ ကြွေဇွန်းကြီးတစ်ဇွန်းစာ သကြားတွေလိုက်ပြီး ပုံရုံပဲ။ ပြီးတော့ အဲဒီ ပန်းကန်နားမှာ ထားတဲ့ ရေနွေးကြမ်း ပန်းကန်တွေထဲကို သောက်တော်ရေ တွေ ထည့်ပြီးဖြည့်ရမယ်။ ပြီးတော့ ဖယောင်းတိုင်တွေ ထွန်းရ မယ်။ သောက်တော်ရေဖြည့်တာတို့ ဖယောင်းတိုင်ထွန်းတာ တို့ကိုလည်း ဆွမ်းပွဲထည့်တဲ့ အစီအစဉ်အတိုင်းပဲ အကြောင်း အရာကို အရင်ထည့်မယ်။ ပြီးရင် နေ့သားနေရာကို နောက် ထည့်ရမယ်"

ဟု ပြောလိုက်လျှင် ကိုဂုန်နီကြီးက…



www.burmeseclassic.com

www.burmeseclassic.com



"အောရိုက်..အောရိုက်"

ဟု ပြောလေ၏။

"အောရိုက်တွေဘာတွေ လုပ်မနေနဲ့။ ခင်ဗျားကြည့်ရတာ တော်တော်လတ်လတ်ဆတ်ဆတ်ပဲ။ အမှန်အတိုင်း ကျုပ်ကို ပြောစမ်းပါ။ စီးပွားရေးအခြေအနေ ဘယ်လိုလဲ"

ဟု ကျွန်ုပ်က မေးလိုက်လျှင်...

"အမှန်အတိုင်းပြောရရင် သားသမီးတွေလည်း နိုင်ငံခြား ရောက်ကုန်ကြပြီ။ ကျုပ်ကိုလည်း ငွေ တစ်ပြားမှ မပို့ကြဘူး။ ကျုပ်ကလည်း အရွယ်ရလာလို့ မယ်မယ်ရရ အလုပ်မလုပ်နိုင် တော့ဘူး။ ကျုပ် ပီပီသသ လုပ်တဲ့အလုပ်တစ်ခု ပြောပါဆို ရင် ကျုပ်ဘကြီး ဘိုးထွန်းရဲ့ **'မသိကြလျှင် တွေးဆဦး'** ယတြာ ကို တစ်ပတ်တစ်ခါ လုပ်တယ်ဗျ။ ကျုပ်ကတော့ ဘယ်တော့ လုပ်လုပ် ငွေကိစ္စပဲဆိုတော့ 'ကြ'ဆိုတဲ့ ပန်းကန်မှာ အရင် ဆွမ်းတော်ဖြည့်တာပဲဗျို့။ ပြီးတော့ ကျုပ်က စနေသားဆို တော့ 'တွေး'ဆိုတဲ့ ပန်းကန်ကို ဖြည့်တယ်။ ပြီးရင် ဘကြီးပေး ထားတဲ့ မန္တန်ကို အဓိပ္ပာယ်က ဘာလဲမသိဘူး။ ခပ်တိုတို၊ တအင်းအင်း၊ တအဲအဲရွတ်တယ်။ ရွတ်ရမှာကလည်း ခပ်များ



www.burmeseclassic.com

www.burmeseclassic.com



များမဟုတ်ပါဘူး။ သုံးခေါက်ထဲပါ။ ဒါပေမယ့် စီးပွားရေး မဟုတ်သော်လည်း သူ့ဘာသာနဲ့သူ စားရေးသောက်ရေးက ပြေလည်နေပါတယ်။ ငွေပိုငွေလျှံလေးကိုလည်း ဘဏ်မှာ အပ်ပြီး ဟိုင်းယားပါချေ့စ် စနစ်နဲ့ မော်တော်ကားလေး ဘာလေး တစ်စီးပိုင်တယ်ပေါ့ဗျာ။ လ,ကုန်လို့ စာရင်းပိတ်လိုက်တဲ့အခါမှာ သူများကိစ္စလေးတွေ လိုက်ပြီး ဆောင်ရွက်ပေးခဲ့ဟာ သုံးလေးသောင်းတော့ စီတယ်ဗျို့။ အဲဒီတော့ မိုးလင်းတာနဲ့ ကိုယ့်ကားလေးနဲ့ ကိုယ်မောင်းပြီး ဘုရားမှန်မှန် သွားနိုင်တယ်။ ပုတီးမှန်မှန် စိပ်နိုင်တယ်၊ အရင်ကလို လျှာထွက် အောင် မရှာရဘူးပေါ့ဗျာ”

ဟု ကိုဂုန်နီကြီးက ပြောလိုက်ရာ ကျွန်ုပ်က...

“ခင်ဗျားပြောတဲ့ ဘိုးထွန်းရဲ့နည်းကို စာအုပ်ထဲမှာထည့်ပြီး ရေးမှာနော်။ ကျေနပ်ရဲ့လား”

ဟု ပြောလိုက်ရာ ကိုဂုန်နီကြီးက...

“ဒီမှာကိုယ့်လူ ကျုပ်ကလည်း အရင်ကလို မဟုတ်ပါဘူး။ ပုတီးလမ်းကိုလျှောက်တဲ့ ပုတီးသမားပါဗျာ။ အဲဒီတော့ ပုတီးလမ်းမှာ ခရီးပန်းနေတဲ့သူတွေ ချောင်ချောင်လည်လည်လေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်လို့ ခင်ဗျားဆီကို အဲဒီအကြောင်း စာရေးပေးပါလို့ လာပြောတာဗျို့"

ဟု ပြန်၍ ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ၎င်း ကိုဂုန်နီကြီးအား....

"ကောင်းပါလေရဲ့ဗျာ"

ဟုပြောရင်း 'သာခု'သုံးကြိမ်ခေါ်လိုက်လေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



## ရန်နှင့် အတိုက်အခံများ ပျောက်လွင့်စေသော အဆောင်လေးတစ်ခု

တစ်နေ့သ၌ ကျွန်ုပ်သည် မိုးအေးအေးရှိသည်နှင့် ရေနွေးကြမ်းကျိုကာ လက်ဖက်ခြောက်ကောင်းကောင်း ခတ်လျက် အညာမှ လက်ဆောင်ရထားသော မလိုင်လုံးနှင့်မြည်းရင်း ရေ နွေးကြမ်း သောက်နေလေ၏။

ထိုအချိန်၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်၏ ဗေဒင်လက္ခဏာ တပည့်ငါးဦးသည် ပြိုင်တူဆိုသလို ရောက်ရှိလာကြလေ၏။ ထိုငါးဦးအနက် ကမ္ဘာအေးဘုရားတွင် ဗေဒင်ဟောသောဆရာ စောရန်နိုင်က…

"ဆရာကြီးတစ်ယောက်တည်း ပျင်းနေပြီမှတ်တယ်။ ကျွန်တော်တို့ရောက်လာတာ အတော်ပဲပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က…



www.burmeseclassic.com

www.burmeseclassic.com



"မပျင်းတတ်ပါဘူးကွာ။ တစ်ယောက်တည်း နေရတဲ့အခါမျိုး လည်း ကိုယ့်ဟာကိုယ် ကျေနပ်အောင် ရေနွေးလေး ကျို သောက်လိုက်၊ လက်ဖက်ရည်လေး ဖျော်သောက်လိုက်၊ ဝတ္ထု စာအုပ်လေး ဖတ်လိုက်နဲ့ နေတတ်ပါတယ်။ ပြီးတော့ တခြား လူအဖို့တော့ တစ်ယောက်တည်းနေရင် စိတ်က ဟိုရောက် ဒီရောက် ရောက်တတ်တယ်။ ငါတို့စာရေးဆရာတွေအဖို့ တော့ စိတ်က ဟိုရောက်ဒီရောက် ရောက်လေ ဝတ္ထုတွေ ရလေပေါ့ကွာ။ ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေ ဆိုတဲ့ စကားလိုပဲ ဟိုတွေးဒီတွေး တွေးရလေ ဝတ္ထုတွေ ရလေပေါ့ ကွာ။ ဒီအတွက်တော့ ဒုက္ခမဖြစ်လှပါဘူး"

ဟု ပြောလိုက်ရာ ဆရာ စောရန်နိုင်က…

"ကျွန်တော်ကဖြင့် တစ်ယောက်တည်း နေကိုမနေတတ်ဘူး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ရေနွေးကြမ်းပန်းကန် ကို အောက်သို့ချရင်း….

"မှန်တာပေါ့ ငါ့လူရာ။ မင်းက တစ်ယောက်တည်း မနေတတ် လို့ မိန်းမယူတယ်။ ကလေးနှစ်ယောက်ရတယ်ဆိုတော့ မင်းပါ ပေါင်းလိုက်ရင်လေးယောက်ပေါ့ကွာ။ ယောက္ခမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ နေမကောင်းတဲ့ မရီးတစ်ယောက်ရယ် ပေါင်းလိုက်ရင် (၆) ယောက်ပေါ့ကွာ။ မင်းအိမ်မှာ လူ (၆)ယောက် ရှိတယ် မဟုတ်လား။ ငါက မင်းလိုမဟုတ်ဘူးလေ။ မိန်းမလည်းမရှိဘူး။ သားသမီးလည်းမရှိဘူး။ ယောက္ခမလည်း မရှိဘူး။ မရီးလည်း မရှိဘူး။ တကယ့်တကယ် တွက်ကြည့်လိုက်ရင် အိမ်သား ဆိုလို့ ငါရယ်၊ ငါ့ကိုခင်လို့ တန့်ကြည်တောင်က လိုက်လာတဲ့ ဖိုးသူတော်လေးရယ် (၂)ယောက်ပဲရှိတာ။ အခု အချိန်မှာဖိုးသူတော်လေးက အိပ်နေတယ်။ အဲဒီတော့ ရေနွေး ကျိုသောက်နေတယ်။ တစ်ယောက်တည်း စိတ်ဟာ ဟိုတွေး၊ ဒီတွေး တွေးနေတယ်။ မပျင်းပါဘူးကွာ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာစောရန်နိုင်က...

“အခု ကျွန်တော်တို့လာတာက ဆရာ့အိမ်မှာ ထမင်းစားမယ်။ ပြီးတော့ ကျွန်တော်တို့အလုပ်မှာ တွေ့နေရတဲ့ အခက်အခဲလေးတွေ ပြောပြချင်လို့ပါ။ အဲဒီတော့ အရေးကြီးတာက ကျွန်တော်တို့ကို ထမင်းကျွေးဖို့ စီစဉ်ပါဦး”

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

“ဒါက သိပ်ပြီးမခက်ပါဘူး ငါ့လူရာ။ ဟောဟိုနားက ရေနံ့သာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲမှာ ကဝက်ကင်းငါးသလောက်ကြီးတွေ တွေ့ခဲ့တယ် ကွာ။ နေရောင်မှာ ငွေရောင်တလက်လက်နဲ့ စူလိုက်တာကြီး တွေ မပြောပါနဲ့တော့။ တို့ (၂)ယောက်တည်း ဝယ်ပြီး ချက်စား မယ်ဆိုရင် မကိုက်ဘူးကွာ။ အခုလို မင်းတို့ရောက်လာတော့ လည်း အဲဒါကြီးတွေချက်စားရတာ အကိုက်ပဲ။ အဲဒီတော့ ပိုက်ဆံယူပြီး မြန်မြန်သွားဝယ်ချေကွာ"

"အဲဒီ ငွေရောင်ဝင်းနေတဲ့ ငါးသလောက်ကြီးတွေကို ဘယ် လိုလုပ်မှာလဲ ဆရာရဲ့"

ဟု မေးလိုက်လေ၏။

"မန်ကျည်းမှည့်နဲ့ အချဉ်ဆီပြန်ချက်မယ်ကွာ။ ပြီးတော့ ဘူး သီးလေး တစ်စိတ်လောက်လည်း ဝယ်ခဲ့ဦးဟ..။ ဘူးသီး ဟင်းခါးလေး ချက်ရအောင်။ ငရုတ်သီးစိမ်းနဲ့ ပုဇွန်ခြောက် လည်း နည်းနည်းဝယ်ခဲ့ကွ။ ငပိရည်ဖျော်ထဲ ထောင်းပြီး ထည့် ရအောင်။ ပြီးတော့ အဲဒီမှာ တမာချဉ်တွေ တွေ့တယ်ကွ။ အဲဒါလည်း ငါးစည်းခြောက်စည်းလောက် ဝယ်ခဲ့ကွာ။ ငါးပိ ရည်နဲ့ တို့မြှုပ်စားရတာပေါ့"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ဆရာစောရန်နိုင်က...

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ငါးသလောက်နဲ့ တမာချဉ်ဆိုတော့ တော်တော်တက်မယ် ဆရာကြီး"

ဟု ပြောလိုက်လေ၏။

"အတက်နဲ့ အဆင်းဆိုရင် အတက်ကို သဘောကျတယ်ဆိုကွ။ အခုတော့ ဘာဖြစ်လို့ တက်မှာ ကြောက်နေရတာတုံး"

ဟု ကျွန်ုပ်က ကျီစားလိုက်ရာ ဆရာ စောရန်နိုင်က...

"ဒါက ရောဂါဆရာရဲ့။ ကောင်းတဲ့ တက်ခြင်းမဟုတ်ဘူး။ သွေးတက်တာ မဆင်မသင့်ရင် ကိစ္စချောသွားနိုင်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"အဲဒီအတွက် မပူပါနဲ့ကွာ ငါ တာဝန်ယူပါတယ်"

ဟု ပြောလျှင် ဆရာ စောရန်နိုင်က....

"ဘယ်လိုတာဝန်ယူတာလဲ ဆရာကြီး၊ ကိစ္စပြီးတဲ့အထိ တာဝန်ယူတာလား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က....

"အလကားပြောတာပါကွာ။ အခု ငါတို့စားမယ့်အထဲမှာ ဘူးသီးဟင်းခါးတစ်ခွက် ပါသေးတယ်လေကွာ။ အဲဒါလေး ပူပူ သောက်လိုက်ရင် ချွေးထွက်သွားမှာပါ။ ချွေးထွက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



သွေးတက်တာတွေ လွင့်ပျောက်သွားမှာပါ။ ကဲ..ကဲ.. ငါး
သလောက်တွေ ကုန်သွားလိမ့်မယ် မြန်မြန်သွားဝယ်ချေ”

ဟု ပြောလိုက်သဖြင့် စောရန်နိုင်သည် ရေနံ့သာဈေးသို့ ခပ်သုတ်သုတ်ကလေး ပြေး၍သွားလေ၏။ ထို့နောက် ကျွန်ုပ်မှာ လိုက်သောပစ္စည်းများ စုံစိစွာ ဝယ်ခြမ်း၍ ပြန်လာလေ၏။

ကျွန်ုပ်သည် ထမင်းအိုးတည်၏။ ထမင်းကျက်သည်နှင့် ငါးသလောက်ကို အချဉ် ဆီပြန်ချက်လေ၏။ ငါးသလောက်ကျက်လျှင် (၃) ဦးစပ် ဘောလည်ငါးပိကို နနွင်းမှုန့်နှင့်ရောကာ ကျိုလေ၏။ ငပိရည်နှင့် အလွန်မွှေးလေ၏။ ကျွန်ုပ်သည် ထိုငပိရည်အား သပွတ်သီးခြောက်ဖြင့် စစ်၍ ပန်းကန်လုံးအတွင်းသို့ ထည့်လိုက်ပြီးနောက် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပုစွန်ခြောက်တို့ကို ထောင်း၍ ခပ်လိုက်လေ၏။ ပြီးလျှင် ငရုတ်သီးမှုန့် ခပ်လိုက်လေ၏။ ထို့နောက် ဘူးသီးဟင်းခါးကို ဆက်၍ ချက်လေ၏။ ကျွန်ုပ် ဤသို့ ပြုလုပ်နေစဉ် ဆရာသိဒ္ဓိဆန်းက ပန်းကန်များကို ဆေးကြောလေ ၏။ ကျောက်မြောင်း စိတ္တသုခလမ်းတွင် နေထိုင်သော ဆရာကျော်ဆုသွေးက စားပွဲခုံကို ရေစိုအဝတ်ဖြင့် သုတ်လေ၏။ မအူကုန်းတွင် နေထိုင်သော ဆရာလှိုင်ဘွားအောင်က ထမင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ခူးထည့်လေ၏။ ရွှေတိဂုံဘုရားရှေ့မုခ်တွင် ဗေဒင်ဆိုင်ဖွင့်ထားသော ဆရာဖြိုးဟန်ကျော်က ထမင်းပွဲများကို ယင်ကောင်မနားစေရန် ယပ်တောင်ဖြင့် ခတ်နေရလေ၏။

ထို့နောက် ကျွန်ုပ်တို့ ဗေဒင်ဆရာ၊ ဆရာတပည့် (၆)ဦးသည် စားပွဲခုံတွင် ဝိုင်းကာ မြိန်ယှက်စွာ စားသောက်ကြလေ၏။

ထိုသို့ စားသောက်ရင်း ဆရာကျော်ဆုသွေးက...

"အခုတလော ကျွန်တော်တို့ဆီလာတဲ့ ပရိသတ်က အလုပ်မှာ ရန်များတယ်၊ အတိုက်အခံများတယ်ဆိုတဲ့ လူက များတယ် ဆရာကြီးရဲ့။ ကျွန်တော်တို့လည်း အင်္ဂဝိဇ္ဇာနည်းတွေ၊ ဆန်းနည်းတွေနဲ့ လုပ်ပေးခဲ့တာပါပဲ။ ထိရောက်မှု ရှိပါတယ် ဆရာကြီး။ ဒါပေမယ့် တချို့က ကျွန်တော်တို့ပေးတဲ့ နည်းတွေကို တခြားမှာလည်း ရဖူးပါတယ်တဲ့။ အဲဒီလို ပြောတယ်။ အဲဒါကြောင့် ရန်ကင်းတဲ့၊ အတိုက် အခံလွင့်ပျောက်တဲ့ ယတြာနည်းလေးတွေ ပေးပါဦး"

ဟု ပြောလိုက်လျှင် ကျန်သောသူများကလည်း...

"ဟုတ်တယ်..ဟုတ်တယ် ကျွန်တော်တို့လာတာ ဒီကိစ္စပဲ။ အခုတလော ကျွန်တော်တို့ဆီလာတဲ့ လူတွေဟာ အဲဒီကိစ္စတွေက များတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

“ငါ ဗေဒင်လက္ခဏာ ဟောစားတုန်းက သုံးတဲ့ နည်းကလေးတော့ ရှိတယ်ကွ။ အဲဒါက အိန္ဒိယက ‘အာနန္ဒာလဟီးရီး’ (ANANDA LAHARI) ဆိုတဲ့ ဆရာကြီးတစ်ဦးရေးတဲ့ ယန္တြစာအုပ် စာမျက်နှာ နံပါတ် ၃၇ မှာ ဖော်ပြထားတဲ့ ယန္တြလေး အကြောင်းပဲကွာ။ ဘာပုံကလေးမှန်း မသိပါဘူးကွာ။ ကောက်ကောက်ကွေ့ကွေ့ကလေးပါပဲ။ အဲဒီယန္တြလေးအပေါ်မှာ ပူဇော်ရမယ့်ပစ္စည်းတွေလည်း ဖော်ပြထားတယ်။ ရွတ်ရ မယ့် မန္တန်တွေလည်း ဖော်ပြထားတယ်။ ငါက တစ်ခုမှမလုပ် ဘူး။ ငါ့မှာ ရန်ရှိလာတဲ့အခါမှာ အဲဒီယန္တြလေးကို စားပွဲပေါ်တင်လိုက်တယ်ကွာ။ အဲဒီပေါ်မှာ ပန်းကန်ပြားလေးတစ်ချက်တင်လိုက်တယ်ကွာ။ ပြီးတော့ အဲဒီအပေါ်က မီးထွန်းလိုက်တယ်ကွာ။ အဲဒီအခါမှာ ထူးထူးခြားခြား ရန်တွေပျောက်သွားတယ်။ အတိုက်အခံတွေလည်း ပျောက်သွားတယ်ကွ။ အဲဒါနဲ့ ငါလည်း ငါ့မိတ်ဆွေတွေကို ပေးတယ်။ အဲဒီတုန်းကတော့ ဖိုတိုစတက်မပေါ်သေးဘူးကွ။ ဓာတ်ပုံရိုက်ရိုက်ပြီး ပေးရ တယ်။ ဓာတ်ပုံဖိုးတော့ မနည်းဘူး ကုန်ခဲ့ဖူးတာပေါ့ကွာ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိတ်ဆွေတွေက အားကြီးသဘောကျတယ်။ ငါကတော့ ပိုက်ဆံတွေကုန်လှပေါ့ကွာ။ ပြီးတော့ ငါဟာ ဗေဒင် လက္ခဏာ ဟောတဲ့အခါမှာလည်း ရန်များတဲ့လူ၊ အတိုက်အခံ များတဲ့ လူကို အဲဒီယန္တြလေးသုံးဖို့ ပေးခဲ့ဖူးတယ်။ အခုလည်းပဲ ငါ့ဆီကိုလာတဲ့ လူတွေကို ဖိုတိုစတက်ကူးပြီး အဲဒါလေးတွေကို ပေးနေတာပဲ။ အိတ်ထဲမှာဆောင်ထားရင်လည်း ကောင်း တယ်။ ငါက အဲဒီ ယန္တြလေးကို အလွတ်ဆွဲတတ်နေပြီ"

ဟု ဆိုကာ ကျွန်ုပ်သည် ထမင်းစားပြီးသောအခါ၌ စားပွဲပေါ်တွင် မြေဖြူခဲဖြင့် အောက်ပါယန္တြပုံကို ဆွဲပြလိုက်လေတော့၏။

စောရန်နိုင်အပါအဝင် ကျွန်ုပ်၏တပည့်များလည်း ထိုပုံကို ကူးယူသွားကြလေ၏။ ထို့နောက် ဆရာ စောရန်နိုင်က...

"ဒီနေ့အဖို့တော့ မဆိုးဘူး။ ငါးသလောက်ဆီပြန်ဟင်းလည်း စား ရတယ်။ ယန္တြတစ်ခုလည်း ရတယ်ဆိုတော့ အတော့်ကို နေရာကျ တာပဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"အေး...နေရာကျရင် ကိုယ်စားထားတဲ့ပန်းကန်လေးတွေ ကိုယ့်ဟာကိုယ် ပြောင်အောင် ဆေးသွားကြ"



www.burmeseclassic.com


www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ၎င်းတို့လည်း ပန်းကန်များကို ဆေးကြ၏။ ကျွန်ုပ်မှာမူကား အညာမလိုင်ခဲနှင့် ရေနွေး ကြမ်းကို သောက်ရင်း ကျွန်ုပ်၏တပည့် (၅) ဦး အလုပ်လုပ်နေသည် ကို ကြည့်ရင်း ပီတိဖြစ်လျက် ရှိလေတော့သည် တကား။ ။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**



**ရန်နှင့် အတိုက်အခံများ ပျောက်လွင့်စေသော အဆောင်**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်လိုအစက်အစဲမျိုး တွေ့နေသလဲ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက် ၅၀ အရွယ် လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုသူသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း...

"ဂွတ်တမောနီး ကောင်းသော မနက်ခင်းပါ"

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်မှလည်း ၎င်းအား ပြုံးပြ၍ နှုတ်ဆက်လိုက်လေ၏။ ထိုအခါ ထိုသူက...

"ဟောင်းဒူး ယူဒူး..ကျန်းမာပါရဲ့လား"

ဟု ပြောပြန်လေ၏။ ကျွန်ုပ်ကလည်း ကျန်းမာကြောင်း ပြောလိုက်ရာ ထိုသူက....

"မိုင်နိမ်းအစ်..ဦးသန်းလွင်၊ ကျွန်တော့်နာမည် ဦးသန်းလွင် ဖြစ်ပါတယ်"

ဟု ပြောပြန်လေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန့်ပ်အနီးသို့ ပန်းချီဆရာ ကျော်စွာဆိုသည့် သူငယ်ကလေးသည် ရောက်ရှိလာပြီးလျှင် ခပ်တိုးတိုး ပြောပြလေ၏။

"ဆရာ..ဆရာ ဗြိတိသျှဘားမားဆိုတဲ့ နာမည်ကို ဒီလူကြီး ကို ပေးရမှာ။ အင်္ဂလိပ်တစ်ခွန်း၊ မြန်မာတစ်ခွန်းနဲ့ ကျွန်တော် ဖြင့် ရယ်ချင်လိုက်တာ"

ဟု ပြောရာ ကျွန့်ပ်က...

"ဝသီဖြစ်နေလို့ ထင်ပါရဲ့ကွာ။ ခွင့်လွှတ်လိုက်ပါ။ အခုထက်ထိ အင်္ဂလိပ်ကို အထင်ကြီးနေကြတုန်းကွ။ တစ်ခု ခက်တာက အင်္ဂလိပ်ဆိုလည်း အင်္ဂလိပ်လို ပြောပေါ့ကွာ။ တကယ်လို့ သူ ပြောတဲ့ အင်္ဂလိပ်စကားကို ငါ့အနေနဲ့ နားမလည်ဘူးထင်ရင် လည်း သူ့အနေနဲ့ မြန်မာလို ပြောသင့်တာပေါ့ကွာ။ ခုတော့ အင်္ဂလိပ်တစ်ခွန်း၊ မြန်မာတစ်ခွန်းနဲ့။ ကဲ..ကဲ.. သွားပေ တော့။ သူ ကြားသွားရင် ရှက်သွားဦးမယ်"

ဟု ဆိုကာ ပန်းချီ ဆရာကျော်စွာအား အနားမှ နှင်ထုတ် လိုက်ရလေ၏။ ထို့နောက် ကျွန့်ပ်သည် ထိုလူအား နေရာထိုင်ခင်း ပေး၏။ ထိုလူသည် ကျွန့်ပ်အား...

"သင့်ခ် ကျူး၊ ကျေးဇူးတင်ပါတယ်"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြန်လေ၏။ ထို့နောက် ထိုလူသည် အိတ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ကာ…

"ကင်န်အိုင်စမုတ် ဟီးယား၊ ကျွန်တော် ဒီမှာ ဆေးလိပ်သောက်လို့ ရပါသလား"

ဟု ပြောပြန်လေ၏။ ကျွန်ုပ်ကလည်း…

"ရပါတယ် ခင်ဗျာ။ သောက်ပါ"

ဟု ပြန်၍ ပြောလိုက်ရာ ထိုသူက…

"မေအိုင်ကက်အက်ရှ်ထရေး၊ ဆေးလိပ်ပြာခွက်ကလေးများ ရနိုင်ပါသလား"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဆေးလိပ်ပြာခွက် ထိုးပေးလိုက်ရလေ၏။ ထိုသူသည် ကျွန်ုပ်အား အင်္ဂလိပ်တစ်ခွန်း၊ မြန်မာတစ်ခွန်း ပြောနေ၏။ ၎င်းပြောသော အင်္ဂလိပ်စကားများကို ၎င်းဘာသာဘာသာပြန်ပေးနေ၏။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာတွင် လိုရင်းသို့မရောက်ဘဲ အချိန်များပို၍ ကုန်နေ၏။ ကြာသောအခါ၌ ကျွန်ုပ်သည် သည်းမခံနိုင်တော့ပေ။ ထို့ကြောင့်…

"ဒီမှာ မိတ်ဆွေကြီး..အင်္ဂလိပ်လို ပြောမှာဖြင့်လည်း ပြောပါ။ မြန်မာလို ပြောမှာဖြင့်လည်း ပြောပါ။ မလိုအပ်ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ သိပ်ပြီးကုန်နေတယ်။ ကျုပ်မှာ အလုပ်က သိပ်ပြီး အားတာ မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ထိုသူက...

"သက်ရိုက်တ်၊ သက်ရိုက်တ် ဒါမှန်တယ်"

ဟု ပြောပြန်လေ၏။

"ကျုပ်ပြောတာ နားလည်ရင် အင်္ဂလိပ်လို တစ်ခွန်းမှ မပြောနဲ့ ဗျာ။ မြန်မာလိုပဲ ပြောဗျာ"

ဟု ကျွန်ုပ်က ဘုတောလိုက်ရာ ထိုသူက...

"ဆောရီး.. ဆောရီး ...ဝမ်းနည်းပါတယ်"

ဟု ပြောလေ၏။

"အကောင်းဆုံးက ခင်ဗျားပြန်တာ အကောင်းဆုံးပဲ။ ခင်ဗျား နဲ့ ကျုပ်နဲ့စကားပြောလို ဖြစ်မှာမဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက

"ဘယ့်နှယ်ကြောင့် နှင်နေရတာတုန်းဗျာ၊ နဝင်းအချိန်ကျလို့ မင်းသိမ်ခဆီလာတာ။ ဘိုစကားပြောမိတာနဲ့ မလိုလားလို့ ကျုပ် ကို နှင်ပြီလား"

ဟု ပြောလေ၏။ ထိုသူသည် မြန်မာလိုပြောသောအခါ၌



www.burmeseclassic.com

www.burmeseclassic.com



လည်း ရိုးရိုးမပြော။ နဘောတွေ၊ ကာရန်တွေနှင့် ပြောလေ၏။ ကျွန်ုပ်လည်း အတော်စိတ်ညစ်နေပြီ ဖြစ်၏။ ထို့ကြောင့်....

"မိတ်ဆွေကြီး ခင်ဗျားဟာ တံတားလေးနဲ့ နေရာမှားလာပြီ ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက..

"ဘယ်လိုလဲဆရာရယ်။ ကျုပ်ကို အရူးစာရင်းသွင်းလိုက်ပြီလား။ ကျုပ်ဟာ အရူးမဟုတ်ပါဘူး။ ပျော်တတ်လို့ပါ။ ကဲပါလေ ကျုပ် စကားကောင်းကောင်း ပြောပါတော့မယ်။ လာရင်းကိစ္စက ဒီလိုဗျာ။

နံပါတ်(၁)ခင်ဗျားဟာ ခင်ဗျားပလဲနံပသင့်တဲ့ မဂ္ဂဇင်း တွေထဲမှာ ပိတ်ဖြူစင်ကြယ်ကြီးတွေဝတ်၊ လည်ပင်းမှာ ပုတီး ကြီးတွေ ဆွဲထားတဲ့ ခင်ဗျားဓာတ်ပုံကြီးတွေကို ထည့်ခိုင်း တယ်။ အဲဒီတော့ မသိတဲ့လူက မင်းသိခ်ဆိုတဲ့လူဟာ ဘိုးတော် ဖြစ်သွားပြီလို့ ပြောလိုပြောနဲ့ လုပ်နေကြပြီ။ အမှန်က ခင်ဗျား ဟာ ဒီလိုမလုပ်သင့်ဘူး။ မလုပ်ပါနဲ့လို့လည်း ကျုပ်က မေတ္တာ ရပ်ခံတယ်။

နံပါတ် (၂) အိမ်ကိုလာခဲ့ပါ။ တတ်နိုင်တဲ့ အကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်ဆိုပြီး ကြေညာတယ်။ ခင်ဗျားအိမ်လည်းသွားရော တံခါးကြီးပိတ်ထားတယ်။ သွေးတိုးနေလို့တဲ့။ ဝတ္ထုရေးနေလို့ တဲ့။ ပုတီးစိပ်နေလို့...တဲ့။ မတွေ့ခဲ့ရဘူး။

နံပါတ် (၃) မဂ္ဂဇင်းတွေထဲမှာ ဟိုနား၊ ဒီနားဆိုသလို ခင်ဗျားရေးတဲ့ လောကီနဲ့ပတ်သက်တဲ့ စာတိုပေစကလေးတွေ ဖတ်ရတယ်။ ဒါပေမယ့် ဘယ်ဟာမှ ပြီးဆုံးအောင် ရေးထား တာ မတွေ့ရဘူး။ ဟိုတစ်စ၊ ဒီတစ်စဖြစ်နေတာ အဲဒါလေး တွေ ပြည့်စုံအောင် ရေးပေးစေချင်တယ်။

နံပါတ် (၄) ကျုပ်ဟာ ပုတီးစိပ်တာများပြီ။ သိပ်ပြီးထူးလှတယ် မရှိဘူး။ အဲဒီတော့ ထူးချင်တယ်ဗျာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ခင်ဗျားဟာ ကျုပ်ဆီကလည်း နည်းစနစ်လိုချင်သေးတယ်။ ကျုပ်ကိုလည်း မကောင်းပြောသေးတယ်။ အဲဒီတော့ ဘယ်လို လုပ်ပြီး ခင်ဗျားကို နည်းကောင်းတွေပေးလို့ရမလဲ"

ဟုကျွန်ုပ်က ပြောလိုက်ရာ ဦးသန်းလွင်က...

"အဲဒီလို ညစ်ပေါက်တွေမလုပ်စမ်းပါနဲ့ဗျာ။ ဝေဖန်တယ်ဆို တာ ခင်ဗျားအကျိုးအတွက်ပဲ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

“ဒီမှာ ကျုပ်က ဝေဖန်တာနဲ့ အပြစ်ပြောတာကို ခွဲပြီးမသိတဲ့ လူမှမဟုတ်ဘဲဗျ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ…

“ဒီလိုဆိုလည်း လွယ်ပါတယ် ဆရာရယ်။ ကျုပ်ပြောတာတွေ ပြန်ပြီး ရုပ်သိမ်းတယ်ဗျာ။ ရုပ်သိမ်းတဲ့နေရာမှာလည်း အချက် လိုက်ပြန်ပြီး ရုပ်သိမ်းပေးမယ်။

နံပါတ်တစ်…

ခင်ဗျားဟာ အစဉ်သဖြင့် အပေါ်ဖြူ အောက်ဖြူ ဝတ် တယ်။ ပုတီးကို လည်ပင်းမှာ ဆွဲထားလေ့ရှိတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ကြုံတဲ့နေရာမှာ ပုတီးစိပ်တဲ့ အလေ့အထ ရှိတာကိုး။ အဲဒီတော့ ပုတီးနဲ့လူနဲ့ ကင်းကွာလို့ မဖြစ်ပေဘူး။ အဲဒီအခါမှာ ခင်ဗျားရေးတဲ့ ဝတ္ထုတွေ၊ ဆောင်းပါးတွေကို ဖော်ပြချင်တဲ့ အယ်ဒီတာတွေဟာ ခင်ဗျားဆီကိုလာပြီး ဓာတ်ပုံ ရိုက်ယူကြတယ်။ အဲဒီတော့ ဘယ်အချိန်ပဲရိုက်ရိုက် ပိတ်ဖြူ စင်ကြယ်နဲ့ လည်ပင်းမှာ ပုတီးဆွဲထားတဲ့ပုံပဲရမှာပေါ့။

ဒါဟာ ခင်ဗျားအနေနဲ့ စတန့်ထွင်တာလည်း မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ် နေနေတာ။ အဲဒီတော့ ခင်ဗျားကလည်း ခင်ဗျားဟာခင်ဗျား ဘိုးတော်ပါလို့လည်း မပြောဘူး။ သူတို့ဟာ သူတို့ ထင်သွားတာကတော့ ခင်ဗျားမှာ အပြစ်မရှိပါဘူး။ ဒါကြောင့် နံပါတ်တစ် ဝေဖန်ချက်ကို ကျုပ်အနေနဲ့ ရုပ်သိမ်းတယ်။

နံပါတ် (နှစ်)....

ခင်ဗျားက အိမ်ကိုလာခဲ့ပါလို့ ဖိတ်ခေါ်တယ်။ ခင်ဗျား ဖိတ်ခေါ်ချက်အတိုင်း လူတွေက လာကြပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာ သွေးတိုးရောဂါရှိနေတော့ အချိန်တိုင်းမှာ လူတွေနဲ့ဘယ်တွေ့နိုင်မလဲဗျာ။ ပြီးတော့ ဝတ္ထုတွေလည်း ရေးနေတယ်ဆိုတော့ ဝတ္ထုရေးနေတဲ့အချိန်မှာ လူတွေကို ဘယ်တွေ့နိုင်မလဲဗျာ။ ပြီးတော့ ခင်ဗျားဟာ ဒီဘက်နှစ်မှာ ပုတီးအတော့်ကိုစိပ်နေတယ် မဟုတ်လား။ အဲဒီတော့ ပုတီးစိပ်တာကိုဖျက်ပြီး လာတဲ့လူတိုင်းနဲ့ ဘယ်တွေ့ဖြစ်မလဲ။ အချိန်အားရရင်တော့ ခင်ဗျားဟာ ခင်ဗျားတတ်တဲ့ပညာနဲ့ ဘယ်သူ့ကိုမဆို ကူညီနေတယ်ဆိုတာ ကျုပ် မျက်မြင်ပဲဗျာ။ အဲဒီတော့ ဒုတိယ ဝေဖန်ချက်ကို ကျုပ် ရုပ်သိမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ် (သုံး)..ကတော့ ခင်ဗျားဟာ လောကီပညာနဲ့ ပတ်သက်လို့ မဂ္ဂဇင်းတွေထဲမှာ ရေးတာတွေ့ရပါတယ်။ ဒါပေမဲ့ ဘယ်ဟာမှ မပြီးဆုံး သေးဘူးဆိုတဲ့ အချက်ပါပဲ။ ဒါကလည်း ဗျာ ခင်ဗျားဟာ ထိန်ချန်ပြီး ရေးနေတာမှ မဟုတ်ဘဲ။ မဂ္ဂဇင်းတွေမှာ စာဖောင်ရသလောက်ပဲ ရေးနေရတာ မဟုတ်လား။ ဒါဟာလည်း အပြစ် မဟုတ်ပါဘူး။

နံပါတ် (လေး)..နံပါတ် (လေး) အချက်ကတော့ ခင်ဗျားကို ဝေဖန်တာမဟုတ်ဘူးဗျ။ ကျုပ်က ခင်ဗျားကို ပုတီးစိပ်နည်း တောင်းတာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ကျွန်ုပ်ကို ကောင်းသည်ဟု ပြောလိုက်သောကြောင့် ထို ဦးသန်းလွင်ဆိုသော သူအား လက်ဖက်ရည်ချိုတစ်ခွက် ဖျော်တိုက်လေ၏။ ပြီးလျှင် ၎င်းအလိုရှိသော ပုတီးစိပ်နည်းကို ပေးလိုက်လေ၏။

"ဒီလို ဆရာခရဲ့ ကျုပ်က သစ်လုပ်ငန်းတွေလုပ်နေတာဆို တော့ သစ်ကွက်တွေထဲကို သွားရတယ်။ တချို့သစ်ကွက်တွေ က ကျားရှိတယ်။ တချို့သစ်ကွက်တွေက မြွေပေါတယ်။ တချို့ သစ်ကွက် တွေက ကျားသစ်တွေ ဘာတွေရှိတယ်။ အတိုချုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ တောရိုင်းတိရစ္ဆာန်တွေက အသက်ကို ရန်ရှာနိုင်တယ်။ အဲဒါကိုနိုင်,နိုင်တဲ့ ပုတီးစိပ်နည်းများမရှိဘူးလား"

ဟု ထိုသူက မေးလိုက်လေ၏။

"ရှေးဆရာတွေဟာ ဒီကိစ္စတွေအတွက် ရှာဖွေစူးစမ်းပြီး သားပါဗျာ။ သိပ်ပြီး ခက်ခက်ခဲခဲလည်း မဟုတ်ပါဘူး။ 'ဣတိ' ဆိုတဲ့ စာလုံးလေး နှစ်လုံးကို (၁၀၈) ခေါက်ပြည့်အောင် လက်အုပ်ချီပြီး ရွတ်ဗျာ။ ပြီးတော့မှ တောထဲကိုဝင်။ ဘယ်လို တောမှ ခင်ဗျားကို ဒုက္ခမပေးနိုင်ပါဘူး"

ဟု ပြောလိုက်ရာ...

ဦးသန်းလွင်သည် ကျွန်ုပ်အား ကျေးဇူးတင်စကား ပြော၍ ပြန်သွားလေတော့၏။

နှစ်လခန့် ကြာသောအခါ၌ ၎င်းဦးသန်းလွင်သည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြန်၏။

"ဆရာရေ..ဆရာပေးလိုက်တဲ့ နည်းကတော့ တကယ့်ကို အကျိုးထူးပါတယ်"

ဟုဝမ်းသာအားရပြောလေ၏။ ထို့နောက်ဦးသန်းလွင်က..

"အခု လာတာက ကိစ္စတစ်မျိုးဗျ။ ကျွန်တော်တို့မှာက



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်ရှိတာ။ မိဘတွေ သေသွားတော့ အိမ်ကြီး တစ်လုံး ကျန်ခဲ့တယ်။ အဲဒါက ကျုပ်အစ်မနဲ့ ကျုပ်ပိုင်တဲ့ အမွေပေါ့ဗျာ။ ကျုပ်ကလည်း အခုလိုအချိန်မျိုးမှာ ငွေရင်းနှီး ကောင်းကောင်းနဲ့ အလုပ်လုပ်ချင်တော့ ဒီအိမ်ကြီးကို ရောင်း ချင်တယ်။ ကျုပ်အစ်မကြီးကလည်း ကျုပ်ရောင်းစားမှာ စိုး လို့ဆိုပြီး အိမ်ဂရံစာရွက်ကြီးကို ဖွက်ထားတယ်ဗျ။ တိုတိုပြော ရရင်တော့ အဲဒီ အိမ်ဂရံစာရွက်ကြီးကို ကျုပ်ရချင်တယ်။ ရောင်းစားချင်တယ်။ အဲဒီတော့ ပုတီးစိပ်တဲ့နည်းနဲ့ ရမယ်ဆို ရင်တော့ လုပ်ပေးစမ်းပါ ဆရာရယ်"

ဟု ကပ်သီးကပ်သပ် ပူဆာလေ၏။ ထိုအခါ ကျွန်ုပ်က..
"ဒီလိုရှိတယ် ဦးသန်းလွင် သူတစ်ပါးဆီမှာ ရှိနေတဲ့ အရာကို ကိုယ်က လိုချင်လို့ သွားပြီးတောင်းတဲ့အခါမှာ ရဖို့ခဲယဉ်းတယ် ဗျ။ အဲဒီတော့ မြစ်ထဲကိုပဲသွားသွား၊ ရေကန်ရှိရာကိုပဲ သွား သွား သွားပြီးတော့ ချက်နစ်ရုံ ရေထဲကို ဆင်းရမယ်ဗျ။ ပြီး တော့ 'ပိသော' ဆိုတဲ့ စာလုံးနှစ်လုံးကို လက်အုပ်ချီပြီး (၁၀၈) ခေါက် ရွတ်ဆိုရမယ်။ ကျုပ်ပြောတာ မယုံပါနဲ့ဦး။ လုပ်ကြည့် ပြီး အကျိုးထူးမှယုံပါ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးသန်းလွင်က…

"ဒီလိုဆရာခ,ရယ် မြစ်ထဲလည်း မသွားချင်ဘူး။ ကန်ထဲလည်း မဆင်းချင်ဘူး။ ငါးထည့်တဲ့ သစ်သားစည်ပိုင်းတစ်လုံး ဝယ်မယ်ဗျာ။ အဲဒီထဲ ရေထည့်ပြီး ရေကို ချက်နစ်တဲ့အထိ ဝင်ပြီးထိုင်မယ်။ ပြီးတော့ ခင်ဗျားပြောတဲ့ 'ပီသော'ဆိုတာကို (၁၀၈) ခေါက် လက်အုပ်ချီပြီး ရွတ်မယ်ဗျာ။ မရဘူးလား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က…

"အဲဒီလို ကပ်သီးကပ်သပ် လုပ်မယ်ဆိုရင်လည်း လုပ်ပေါ့ဗျာ။ ရပါတယ်"

ဟု ပြောလိုက်ရာ ထို ဦးသန်းလွင်ဆိုသူသည် ပြန်သွား၏။

နှစ်လခန့် ကြာသောအခါ၌ ကျွန်ုပ်ရှေ့တွင် 'ပါကဲ့ရိုး' ကားတစ်စီး လာ၍ရပ်၏။ ကားပေါ်မှ ကိုသန်းလွင် ဆင်းလာ၏။ လက်ထဲတွင်လည်း အင်္ဂလိပ်တံခါက်ဖာဟု ဆိုရမည်ဖြစ်သော လက်ဆွဲသားရေအိတ်တစ်လုံး ပါလာ၏။ ထိုသူသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း…

"ဆရာရေ့…ငါးထည့်တဲ့ သစ်သားစည်ပိုင်းတစ်လုံးကို အရင်းပြုလိုက်တာ အမွေဆိုင်အိမ်ကြီးတော့ ရောင်းဖြစ်သွားပြီ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တစ်ဝက်၊ အစ်မကြီးတစ်ဝက် ခွဲယူလိုက်တယ်။ ဘယ်လောက်ရသလဲတော့ မမေးနဲ့။ အခြေအနေကတော့ အာစရိမြင်တဲ့အတိုင်းပဲ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"သဘောပေါက်ပါပြီဗျာ။ သဘောပေါက်ပါပြီ။ အခုလာတာဘယ်ကိစ္စအပူကပ်မလို့လဲ"

ဟု မေးလိုက်ရာ ဦးသန်းလွင်က...

"ဒီလို ဆရာရဲ့။ အလုပ်လုပ်ရတာက ကိုယ်တစ်ယောက်တည်းလုပ်ရတာ မဟုတ်ဘူး။ စပ်တူတွေ လုပ်ရတာ။ ကုမ္ပဏီဆိုပေမယ့် ကျွန်တော်က အစုရှယ်ယာလောက်သာ ဝင်နိုင်တာဆရာရဲ့။ ဒါပေမဲ့ အဲဒီကုမ္ပဏီမှာ ကျုပ်ကို မန်နေဂျာပြန်ပြီးခန့်ထားတယ်။ အခုအခါမှာ ကျုပ်တို့အချင်းချင်းကပဲ ကျုပ်ကိုကျောက်တွန်းလို့ ကုမ္ပဏီလူကြီးတွေက ကျုပ်ကို တော်တော် လေးအမျက်ပွားနေကြပြီ။ အဲဒါ ဘယ်လိုလုပ်ရမလဲ"

ဟု မေးပြန်လေ၏။ ထိုအခါ ကျွန်ုပ်က...

"'ဘဂဝါ' ဆိုတဲ့ ဂါထာသုံးလုံးကို (၃၇) အုပ် ကွမ်းယာမှာမန်းပြီး စားရမယ်။ ပြီးတော့ ခင်ဗျားကို အမျက်ပွားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထက်လူကြီးနဲ့ ခင်ဗျား သွားပြီးတွေ့ပါ။ ဒီဟာကို ကျုပ် မကြာခဏ သုံးရတယ်။ ချစ်သူ အထင်လွဲခံရတဲ့ မိန်းကလေး တွေကို ရေမွှေးကို မန်းခိုင်းရတယ်။ သူတို့လိမ်းချယ်တဲ့ မိတ်ကပ်တွေ၊ ပေါင်ဒါတွေ မန်းခိုင်းပြီး လုပ်ခိုင်းရတယ်။ ကျုပ် လုပ်ခဲ့သရွေ့တော့ ရာခိုင်နှုန်းပြည့် အောင်မြင်တယ်။ ခင်ဗျား လုပ်ကြည့်ပေါ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုသန်းလွင်သည် ကျေးဇူးတင် ကြောင်းကို အင်္ဂလိပ်လိုတစ်ခွန်း၊ မြန်မာလိုတစ်ခွန်း ပြောဆို၍ သူ၏ ပါဂျဲရိုးကားကြီးပေါ်သို့ တက်သွားလေတော့၏။ တစ်လခန့် ကြာသော အခါ ထိုသူသည် 'ကက'တိုင်စီဖြင့် ကျွန်ုပ်အိမ်သို့ ရောက်လာလေ၏။

"ဘယ်လိုလဲ ဦးသန်းလွင်"

ဟု ကျွန်ုပ်က မေးလိုက်ရာ…

"အခြေအနေ မကောင်းဘူး ဆရာရေ့။ ကျုပ်တို့ ကုမ္ပဏီ လည်း စည်းကမ်းချက်နဲ့ မညီလို့ အရေးယူခံရတယ်။ ကျုပ် လည်း ဘာလုပ်လုပ် အလွဲလွဲ၊ အချော်ချော်တွေချည်း ဖြစ်နေ တယ်။ ကျုပ်ရဲ့အလုပ် အခြေအနေဟာ တော်တော့်ကို ဦးစိုက် သွားပြီ။ ပုတီးနဲ့ ကယ်စမ်းပါဦးဗျ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်စိပျက်၊ မျက်နှာပျက်ဖြင့် ပြောလေ၏။

"ဒီလိုဆိုရင် ခင်ဗျားကို အကြံပေးမယ်။ ညောင်ပင်ကြီးကြီး ကို သွား။ ရွတ်ရမယ့် အချိန်က ဆယ့်နှစ်နာရီတိတိပဲ။ ရွတ်ရမှာကလည်း သုံးလုံးပဲ။ 'အရဟံ' တဲ့။ အဲဒါဟာ ရိုးရိုးတန်းတန်း ဒုက္ခကတော့ တစ်ခါရွတ်ရင် လုံလောက်တယ်။ ခင်ဗျားက တော့ ကိုးရက်လောက် ဆက်တိုက်ရွတ်ရမယ်။ (၁၀၈)ကြိမ် ကိုးရက် ရွတ်ရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးသန်းလွင်သည် ပြန်သွားလေတော့၏။

တစ်လခန့် ကြာသောအခါ၌ ဦးသန်းလွင်သည် 'ထရူပါ' ဟု ခေါ်သော အကောင်းစား မော်တော်ကားကြီးဖြင့် ကျွန်ုပ်ထံ ရောက်လာလေ၏။ ကျွန်ုပ်သည် ၎င်းကို မြင်လျှင်မြင်ချင်း...

"ဘာခိုင်းဦးမလို့လဲ ဦးသန်းလွင်"

ဟု ပြောလိုက်ရာ ၎င်းက...

"မဟုတ်ပါဘူး ဆရာရယ်။ ဆရာပေးတဲ့ နည်းတွေဟာ ကျုပ်အတွက် အလွန်ပဲ အကျိုးရှိပါတယ်။ လက်တွေ့လည်း ကျပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဣတိ'..ဆိုတဲ့ သားရဲတိရစ္ဆာန်ကို နိုင်တဲ့ဂါထာ။

'ပိသော'..ဆိုတဲ့ သူများလက်ထဲ ရောက်နေတဲ့ ပစ္စည်း ကို ရအောင် ယူနိုင်တဲ့ဂါထာ။ (အဲဒီ ဂါထာနဲ့ အစ်မကြီးဆီ ရောက်နေတဲ့ အိမ်ဂရံကြီးကို ရအောင် ယူခဲ့တာလေ။)

'ဘဂဝါ'ဆိုတဲ့ အမျက်ပြေဂါထာ။ ကွမ်းယာကို ၃၇ အုပ် မန်းပြီး စားလို့ ကျွန်တော့်ရဲ့ ဘော့စ်နဲ့ ကျွန်တော် ပြန်ပြီး ကြည်သွားတာလေ။

'အရဟံ'ဆိုတဲ့ စီးပွားပျက်မလို ဖြစ်နေတဲ့ အခြေအနေက ပြန်ပြီး ဦးမော့လာတာလေ"

ဟု ဦးသန်းလွင်က ပြောလိုက်ရာ ကျွန်ုပ်က....

"ခင်ဗျား မှတ်မိသားပဲ။ အဲဒီတော့ ဆိုစမ်းပါဦး ကိစ္စ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးသန်းလွင်က...

"ကိစ္စကတော့ ဆရာ့ကို ကန်တော့မလို့"

ဟု ပြန်၍ ပြောလျှင်...

"ကျုပ်ကို ကန်တော့ရအောင် ကျုပ်က ဘိုးတော်မှ မဟုတ်တာ"

ဟု ပြန်၍ပြောလိုက်ရာ ဦးသန်းလွင်သည် ရယ်လေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဆရာရယ် ဆရာလုပ်ပေးလို့ ကျွန်တော့်မှာ အကျိုးရှိတယ်။ အဲဒီတော့ ဆရာ့ကို ကန်တော့ရမှာပေါ့"

ဟု ဆိုကာ ကျွန်ုပ်အား တန်ဖိုးကြီးလှသော ပစ္စည်းအချို့ဖြင့် ကန်တော့လေတော့၏။ ကျွန်ုပ်သည်လည်း ၎င်းကန်တော့သော ပစ္စည်းများကို လင်ပန်းကြီးတစ်ခုထဲတွင် စု၍ထည့်ပြီးလျှင် စားပွဲခုံပေါ်သို့ တင်၍ တစ်စုံတစ်ဦးအား ရည်ညွှန်းကာ ကန်တော့ရလေတော့၏။ ထိုအခါ ဦးသန်းလွင်က...

"ဆရာက ဘယ်သူ့ကို ကန်တော့နေတာလဲ"

ဟု မေးလေ၏။

"အခုတော့ မရှိတော့ပါဘူး။ စာရေးဆရာ 'မြစလွယ်'ကို ကန်တော့နေတာ။ သူ့ကို 'မြစလွယ်'လို့ပဲ သိကြတယ်။ အမှန် သူ့နာမည်အရင်းက 'ဦးထင်ပေါ်'တဲ့။ လောကီပညာဘက်မှာ အတော်နှံ့စပ်တယ်ဗျာ။ သူ့ရဲ့ ကျမ်းစာအုပ်တွေ တော်တော်များများကို ကျုပ် ဖတ်ဖူးတယ်ဗျ။ လူကိုတော့ တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ သူ့စာတွေကို ဖတ်ပြီး လောကီပညာ ဗဟုသုတတွေ အတော်ကလေး ရခဲ့တယ်ဗျ။ အဲဒီတော့ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာထဲမှာ ပါတယ် မဟုတ်လား။ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တာပေါ့ဗျာ။ အခု ခင်ဗျားလာမေးတဲ့ ကိစ္စတိုင်းကို ဣတိ ရွတ်လိုက်ပါ။ ပိသောရွတ်လိုက်ပါ။ ဘယ်လိုရွတ်လိုက်ပါ ဆိုတဲ့ ဖြေရှင်းနည်းတွေဟာ ဦးထင်ပေါ်ရေးတဲ့ 'သဗ္ဗသိဒ္ဓိစွယ်စုံကျမ်း'မှာ ပါတယ်ဗျ"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လျှင် ဦးသန်းလွင်က…

"မှန်ပါတယ် ဆရာရယ်။ ဘယ်လို အခက်အခဲမျိုးတွေ့တွေ့ သူနည်းနဲ့သူ လုပ်လိုက်တော့လည်း ပြေလည်သွားတာပါပဲ။ အဲဒီတော့ ဆရာ အခုပြောပြတဲ့ဟာ (ဣတိ၊ ပိတော၊ ဘဂဝါ၊ အရဟံ) အထိပဲ ရောက်သေးတယ်နော်။ ကျန်တာတွေလည်း ပြောပြဦး တစ်ပိုင်းတစ်စကြီး လုပ်မထားနဲ့"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

"ဘယ်လိုတွေ အခက်အခဲ တွေ့နေသလဲ။ လာခဲ့ပါ ဦးသန်းလွင်။ ဘုရားဂုဏ်တော်ကို သူ့နေရာနဲ့သူ စိတ်ပိုင်းပြီး ပုတီးစိပ်လိုက်တာနဲ့ ပြေလည်သွားတဲ့ ဆရာကြီး ဦးထင်ပေါ်ရဲ့ ပုတီးစိပ်နည်း ကျုပ်ဆီမှာ ရှိပါတယ်။ ကျုပ်ဆီမှာ ရှိတဲ့ ပရိသတ်ကိုလည်း ကျုပ် ဒီနည်းတွေ ပေးနေတာပါ။ အခက်အခဲရှိရင် လာခဲ့ဟေ့"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးသန်းလွင်က…

"သင့်ခ်ကျူး၊ ကျေးဇူးတင်ပါတယ်"

ဟု ပြောကာ ပျော်ရွှင်မြူးတူးစွာ ထွက်သွားလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



ကော်နဲ့ပဲ ကပ်ကပ်၊ ဖယောင်းစက်ချပြီး ကပ်ကပ်၊ ပန်းကန်ပြားပေါ်မှာ ကပ်လိုက်ရုံပဲ။ ပြီးတော့ အဲဒီ သစ်ရွက်ပေါ်မှာ အလတ်စား ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ထွန်းတဲ့အခါမှာ ဘုရားစင်ပေါ်မှာ ထွန်းလို့မရဘူး။ ထမင်းစားစားပွဲခုံမှာပဲ ဖြစ်ဖြစ်၊ မတ်တပ်စားပွဲပေါ်မှာပဲဖြစ်ဖြစ် တင်ပြီး ထွန်းရမယ်။ ထွန်းထားတဲ့ အတွင်းမှာ မင်းက ဖယောင်းတိုင်ကို ကြည့်ပြီး တတွတ်တွတ် ပြောရမယ်။ ပြောရမယ့် အကြောင်းအရာကတော့ မင်းအနေနဲ့ အခက်အခဲ တွေ့နေရတဲ့ အကြောင်းပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



# ပြည့်စုံစေမယ့်နည်း

ကျွန်ုပ်သည် ဓာတ်သမားများ ပြောလေ့ရှိသော ဓာတ်ကျသည်ဟူသည့် စကားကို ကြားရသော အခါတိုင်း၌ နားကလောမိတော့၏။ အမှန်အတိုင်း ဝန်ခံရလျှင် ထိုသို့ နားကလောသော်လည်း ဓာတ်ကျသည်ဟူသော စကား၏ အဓိပ္ပာယ်ကို ကျွန်ုပ်အနေနှင့် ကောင်းစွာသိရှိခြင်းမရှိပါ။

ကျွန်ုပ်သည် ကျွန်ုပ်၏အဓိဋ္ဌာန်အတွက် ခရီးထွက်ခဲ့ရာ ထိုဓာတ်ကျသည် ဆိုသော စကားကို နေရာအတော်များများတွင် ကြားခဲ့ရ၏။ ကြားရသည့် အခါတိုင်း၌လည်း အထက်က ဆိုခဲ့သည့် အတိုင်း နားကလောမိတော့၏။

ဤသို့နှင့် ခရီးထွက်ခဲ့ရာ ပုပ္ပားတောင်သို့ ရောက်ပြီး (၁၆) ရက်မြောက်သောနေ့တွင် မိုးလင်းခါနီး၌ အိပ်မက်တစ်ခုမက်၏။ အိပ်မက်ထဲတွင် တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်အား...

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာမနေနှင့် သွားတော့"

ဟု နှင်လေတော့၏။

ကျွန်ုပ်သည် ထိုအိပ်မက်ကို အယုံအကြည်မရှိပါ။ ထို အိပ်မက် မက်ပြီး (၂၄) ရက် ကြာသောအခါ၌ ကျွန်ုပ်ကို လွန်စွာရိုသေသော ကျွန်ုပ်၏ တပည့်များနှင့် ပြဿနာတက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ပုပ္ပားတောင်ကို စွန့်ခွာ၍ ခရီးထွက်ခဲ့ရ၏။ ခရီးထွက်ခါနီးတွင် ပုပ္ပားတောင်မှ ယောဂီမိတ်ဆွေကြီးတစ်ဦးက...

"ဘယ်လိုလဲ ဆရာကြီး။ ပုပ္ပားမှာ ဓာတ်မကျဘူးလား"

ဟု မေးလိုက်သည်ကို ကျွန်ုပ်သည် ယခုတိုင် ကြားယောင်နေမိသေးတော့၏။

ထိုသို့ ခရီးထွက်ခဲ့ရာ မန္တလေးသို့ ရောက်သောအခါ၌ ကိုကံဌေးဆိုသော မိတ်ဆွေတစ်ဦးက မဲဇာသို့ ခေါ်သွားသဖြင့် ကျွန်ုပ်လည်း လိုက်ပါခဲ့ရလေ၏။ မဲဇာသို့ ရောက်ခါနီးတွင် စားသောက်ဆိုင်တစ်ဆိုင်၌ ကိုကံဌေးက ကျွန်ုပ်ကို ထားခဲ့ပြီး ကျွန်ုပ်၏ နေရေးထိုင်ရေးကို သွားရောက်စီစဉ်လေ၏။ ၎င်းအား စောင့်၍ ကျွန်ုပ်သည် စားသောက်ဆိုင်၌ အိပ်ပျော်သွား၏။ ထိုသို့ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်အတွင်း အိပ်မက် မက်သည်လား၊ နား၌ တကယ်ကြားသည်လား မခွဲခြားနိုင်ပါ။ ကျွန်ုပ် သိလိုက်သည်မှာ...

"ဒီမှာမနေနဲ့ တခြားကိုသွား"

ဟု ဖြစ်ပါသည်။

ကိုကံငွေး ပြန်လာသောအခါ၌ ကျွန်ုပ်အတွက် နေရေးထိုင်ရေး အဆင်မပြေကြောင်းကို ရိပ်မိသဖြင့် ကျွန်ုပ်လည်း ပြန်၍ လှည့်ခဲ့ရလေတော့၏။ ထိုအခါ၌ ကျွန်ုပ်နားကလောခဲ့သော 'ဓာတ်ကျ' သည် ဆိုသည့်စကားသည် ကျွန်ုပ်၏နား၌ အစွဲကြီး စွဲသွားလေတော့၏။ စွဲရုံသာမက ကျွန်ုပ်ပြောသောစကားများတွင် 'ဓာတ်ကျသည်'၊ 'ဓာတ်မကျဘူး' ဆိုသော စကားများမှာ ဖောင်းပွလျက်ရှိလေတော့၏။

ကျွန်ုပ်သည် ဤသို့နှင့်ပင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ခဲ့ပြီး ကျွဲပွဲအနီး စည်ကြီးတင်စေတီ၌ ဆရာတော် ဦးဂန္ဓမာထံ ခွင့်ပန်၍ နေထိုင်ခဲ့ရလေ၏။

ထိုနေရာသည် ကျွန်ုပ်အတွက် ဓာတ်မကျပါ။ ပြောင်းရွှေ့သွားရန် နိမိတ်များ မကြာခဏ တွေ့မြင်ရလေ၏။ ကျွန်ုပ်လည်း ဇွတ်အတင်း ပေကပ်၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နေခဲ့ရာ တစ်နေ့တွင် တံတွေးထွေးလိုက်တိုင်း သွေးများ ထွက်လာလေတော့၏။ ထို့ကြောင့် တောင်ငူမြို့သို့တက်၍ ဓာတ်မှန်ရိုက်ပြီးလျှင် ဆရာဝန်ကြီး ဦးသိန်းလွင်ထံ ပြကြည့်ရာ ကျွန်ုပ်၏ အဆုပ်၌ ဒဏ်ရာဒဏ်ချက်များကို တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရန်ကုန်သို့ တက်လာပြီး ဓာတ်မှန် ထပ်မံရိုက်ကြည့်ပြန်၏။ ဓာတ်မှန်သာမက 'စကင်'လည်း ရိုက်ကြည့်ပြန်၏။ ထို့နောက် ဆရာဝန်ကြီး ဦးကျော်မြင့်ထံ အပ်နှံ၍ ကုသရလေတော့၏။

ထိုသို့ ကုသနေစဉ်အတွင်း၌ပင် ကျွန်ုပ်သည် နှစ်ကြိမ် သတိလစ်သွားဖူး၏။ ထို့ကြောင့် ထိုနေရာတွင် ဓာတ်မကျကြောင်း ရိပ်မိသဖြင့် ဒေးစွန်ပါသို့ ပြောင်းခဲ့လေ၏။

ဒေးစွန်ပါသို့ ရောက်သောအခါ၌ ထိုအဆုပ်ရောဂါမှာ ပျောက်ကင်းသွားသော်လည်း ဟိုက်ဒရိုစီးလ် ရေမှုတ်ရောဂါနှင့် တင်ပါးမှ အကြိတ်သည် ကျွန်ုပ်အား ဒုက္ခပေးပြန်၏။

ထို့ကြောင့် ရန်ကုန်မြို့ စမ်းချောင်းရပ်တွင်ရှိသော မဟာမြိုင်ဆေးခန်းတွင် ဆရာဝန်ကြီး ဦးကြည်စိုးထံ အပ်နှံကာ နှစ်ကြိမ်တိတိ ခွဲစိတ်ခံရပြန်လေတော့၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဆီးချိုရောဂါရှိသောကြောင့် ထိုဆေးခန်းမှ တော်တော်နှင့် မဆင်းနိုင်ဘဲ ရှိလေ၏။ ထိုသို့ ဆေးရုံ၌နေစဉ် တစ်ညဉ့် ဒေးစွန်ပါသို့ မပြန်ရန် အိပ်မက်ရသဖြင့် ကျွန်ုပ်လည်း မှော်ဘီဘက်သို့ ပြောင်းရွှေ့ရန် စီစဉ်ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် မှော်ဘီနှင့် ရန်ကုန် ကူးချီသန်းချီ လုပ်ကာ ကျွန်ုပ်၏ နေထိုင်ရေးအတွက် အပူတပြင်း စီစဉ်ရလေတော့၏။

ထို့ကြောင့် ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းထောင့်ရှိ ယခင် ကျွန်ုပ်နေထိုင်ခဲ့သော အခန်းကလေး၌ မကြာခဏ လာရောက်၍ တည်းခိုရလေ၏။

ထိုသို့ တည်းခိုနေစဉ်အတွင်း တစ်စုံတစ်ယောက်သော သူသည် ကျွန်ုပ်ထံသို့ ရောက်လာပြီးလျှင်...

"ဘယ်လိုလဲ ဆရာကြီး၊ မှော်ဘီမှာ ခတ်ကျနေပြီဆို"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုသူကို လှမ်း၍ ကြည့်လိုက်ရာ အယ်ဒီတာ မောင်မောင်မြင့်အေးဖြစ်နေကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။

"အေးကွ..အရင်တုန်းကတော့ အဲဒီ ခတ်ကျတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို ငါ့နားထဲမှာ တစ်မျိုးကြီးပဲ။ အခုတော့ ငါ ကိုယ်တိုင် ကြုံနေရပြီ။ ကဲ..ဆိုစမ်းပါဦး။ ဘာများ ကိစ္စအထူးရှိသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်းက...

"ဆောင်းပါးအတိုလေးတစ်စောင်လောက် ရေးပေးစမ်းပါ ဆရာကြီးရယ်"

ဟု ပြောလေ၏။

"ဘယ်လို ဆောင်းပါးမျိုးလဲ။ ကျင့်စဉ်နဲ့ ပတ်သက်တဲ့ဟာမျိုး တွေလား"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်မိလေ၏။

"အဲဒါတွေ မလုပ်ပါနဲ့ ဆရာကြီးရယ်။ ကျင့်စဉ်တွေဘာတွေ က ကျွန်တော်တို့လည်း မလုပ်နိုင်သေးပါဘူး။ တစ်ခုပြောမယ် ဆရာကြီး။ ကျွန်တော် အခုတလော အလုပ်လုပ်ရတာ အဆင် မပြေဘူး။ ဘာကိုပဲ လုပ်လုပ် 'ချော်'နေတယ်။ ကိုန်းသေဆို တဲ့ ကိစ္စတွေဟာ တကယ့်တကယ် လုပ်လိုက်တဲ့အခါကျတော့ ကိုန်းမသေတော့ဘဲ လွဲချော်နေတယ်။ ရစရာရှိတာတွေလည်း မရဘူး။ ငွေတစ်ခုတည်းကို ပြောတာမဟုတ်ဘူးနော်။ အရာ ရာကို ပြောတာ။ လူတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ် ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ရာက မနိုးခင်မှာ သူ့အိမ်ကို အရောက်သွားပြီး သူ့ကို အမိဖမ်းတာ။ သူ့မိန်းမက ညကပဲ မအူပင်ဖက်ကို ခရီးထွက် သွားတယ်တဲ့။

ကျွန်တော်ပြောတဲ့ ဥပမာတွေကို ဆရာကြီး သဘော ပေါက်လောက်ပါပြီ”

ဟု ပြောကာ အယ်ဒီတာ မောင်မောင်မြင့်အေးသည် သူ၏ လက်ထဲတွင် ပါလာသော ဂျာနယ်တစ်စောင်ဖြင့် သူ့ကိုယ်သူ ယပ် ခပ်နေလေတော့၏။

ကျွန်ုပ်သည် ကျွန်ုပ်၏လွယ်အိတ်အတွင်း၌ပါသော မှတ်စု စာအုပ်ကို ထုတ်၍ အနည်းငယ် လှန်လှောလိုက်ပြီးလျှင် မောင် မောင်မြင့်အေးအား ထိုစာအုပ်ကို ဖွင့်၍ ပေးလိုက်လေ၏။

မောင်မောင်မြင့်အေးသည် ကျွန်ုပ်၏ မှတ်စုစာအုပ်ကို ဖတ်ပြီးနောက်...

“ဆရာကြီးဟာကအတိုကောက် ရေးထားတာပဲ။ ကျွန်တော် ဘယ်နားလည်မလဲ။ နည်းနည်းလောက် ရှင်းပြပါလား”

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က...

“ဒါက ရှေးက လူကြီးတွေလုပ်တဲ့နည်းကွ။ မှတ်စုရဲ့ ခေါင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ပါလား။ ရက္ခစိုးထံ အပူကပ်တဲ့နည်းတဲ့။ လုပ်ရမှာက ကိုယ့်အိမ်နဲ့ အနီးဆုံးသစ်ပင်က သစ်ရွက်ကို ခူးပြီး ထမင်းစားပန်းကန်မှာ ကပ်ရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက..

"ဘာနဲ့ ကပ်ရမှာလဲ"

ဟု ပြန်၍ မေးလေ၏။

"မင်းကလည်းကွာ။ ခက်လိုက်တာ။ ကပ်ဖို့က အဓိကပဲ မဟုတ်လား။ ကော်နဲ့ပဲ ကပ်ကပ်၊ ဖယောင်းစက်ချပြီး ကပ်ကပ်၊ ပန်းကန်ပြားပေါ်မှာ ကပ်လိုက်ရုံပဲ။ ပြီးတော့ အဲဒီ သစ်ရွက်ပေါ်မှာ အလတ်စား ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ထွန်းတဲ့အခါမှာ ဘုရားစင်ပေါ်မှာ ထွန်းလို့မရဘူး။ ထမင်းစားစားပွဲခုံမှာပဲ ဖြစ်ဖြစ်၊ မတ်တပ် စားပွဲပေါ်မှာပဲဖြစ်ဖြစ် တင် ပြီး ထွန်းရမယ်။ ထွန်းတားတဲ့ အတွင်းမှာ မင်းက ဖယောင်းတိုင်ကိုကြည့်ပြီး တတွတ်တွတ် ပြောရမယ်။ ပြောရမယ့် အကြောင်းအရာကတော့ မင်းအနေနဲ့ အခက်အခဲ တွေ့နေတဲ့ အကြောင်းပေါ့ကွာ။ ရက္ခစိုးကြီး ကျွန်တော် မောင်ဖြူနဲ့ တွေ့မှဖြစ်မယ်။ အမြန်ဆုံးတွေ့အောင် လုပ်ပေးပါ။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြွေးရစရာ ရှိတယ် ဆိုပါတော့ကွာ။ ရက္ခစိုးကြီး အဲဒီ ကြွေးကို အမြန်ဆုံးရအောင် လုပ်ပေးပါ။ အသင် မလုပ်နိုင်ရင်လည်း လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကို လုပ်ခိုင်းပေးပါလို့ လူလူခြင်း ပြောသလို ပြောရတယ်ကွ။ ပြောလို့မောရင် ခဏနားပေါ့ ကွာ။ လူလူချင်း ပြောတဲ့အခါမှာ အကြောင်းအရာ တစ်မျိုး တည်းကို ထပ်ခါထပ်ခါပြောရင် တစ်ဖက်က နားထောင်ရတဲ့ လူ နားပူလာတယ် မဟုတ်လား။ အဲဒီလို နားပူလာအောင် ပြောရမယ်။ တစ်နေ့ကို ဖယောင်းတိုင် (၈) တိုင် ထွန်းရမယ်။ တစ်တိုင်ကုန်ရင် နောက်တစ်တိုင် ထပ်ပြီး ထွန်းပေါ့ကွာ။ အလတ်စား ဖယောင်းတိုင်ဟာ လေငြိမ်တဲ့နေရာမှာ ထွန်းရင် တစ်နာရီ ကြာတယ်ကွ။ တစ်နာရီလုံးလုံး ပြောဖို့တော့ မလို ပါဘူး။ ဖယောင်းတိုင်တစ်တိုင် ထွန်းပြီးတိုင်း (၁၀) မိနစ် လောက်တော့ ပြောရမှာပေါ့။ ဘယ်အချိန် ထွန်းရမယ်။ ဘယ် နေ့ ထွန်းရမယ်လို့ ကန့်သတ်ချက် မရှိပါဘူး။ တစ်နေ့ (၈) တိုင်ပြည့်ရင် ပြီးတာပဲ။ သွားစရာ လာစရာရှိရင် မထွန်းသေး ဘူးပေါ့ကွာ။ ပြန်လာတော့မှ ထွန်းပြီး ရက္ခစိုးကို နားပူနာဆာ လုပ်ရတော့မှာပေါ့"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက..

"လုပ်တာတော့ ဟုတ်ပါပြီ ဆရာကြီးရယ်။ ဘယ်နှစ်ရက်လောက် လုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"တချို့လည်း တစ်ရက်နဲ့ထူးတယ်ကွ၊ တချို့လည်း သုံးရက်လောက် လုပ်ရတယ်။ အများဆုံး လုပ်ရတာကတော့ (၈)ရက်လောက် လုပ်ရတယ်ကွ။ တစ်ခုတော့ ရှိတာပေါ့ကွာ။ ကိုယ်တိုင်တည်တဲ့ကိစ္စဟာ တရားသဖြင့် ကိစ္စဖြစ်ရမယ်။ သဘာဝကျတဲ့ ကိစ္စလည်း ဖြစ်ရမယ်ပေါ့ကွာ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ၎င်း မောင်မောင်မြင့်အေးက

"ဒီလိုလုပ်လို့ အစဉ်ပြေသွားတဲ့လူတွေ ဆရာကြီးအနေနဲ့ သက်သေပြနိုင်သလား"

ဟု ကျွန်ုပ်အား ပြန်၍ မေးလိုက်လျှင် ကျွန်ုပ်က...

"အဲဒီလိုကြေးဆိုရင်ကွာ သက်သေတစ်ယောက် ပြနိုင်တိုင်း ငါ့ကို ငွေတစ်ရာပေးရမယ်ဆိုပါတော့။ အဲဒီ စကားကို လက်ခံမယ်ဆိုရင်တော့ ငါ့ကိုပေးဖို့ ငွေတစ်သောင်း ထုတ်လိုက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ၎င်း မောင်မောင်မြင့်အေးက တဟားဟား ရယ်မောရင်း...

"ဒီအသံမျိုးတွေမကြားရတာ ကြာပြီ။ ကျွန်တော်လည်း ပြန် ပြီး လုပ်လိုက်ဦးမယ် ဆရာကြီးရေ.."

ဟု ဆိုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြန်သွားလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ပုတီးလမ်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက်ငါးဆယ်အရွယ်ခန့် လူတစ်ယောက် ရောက်ရှိလာလေ၏။ သူသည် သစ်ခေါက်ရောင် အင်္ကျီ၊ လုံချည်များကို ဝတ်ထားရုံမျှမက လွယ်ထားသော လွယ်အိတ်မှာလည်း သစ်ခေါက်ရောင်ပိတ်စဖြင့် ချုပ်ထားလေ၏။ ထို့ပြင် သူ၏လည်ပင်း၌ အမျိုးအစားမတူသော သစ်သားများဖြင့် ပြုလုပ်ထားသည့် ပုတီးတစ်ကုံးကိုလည်း ဆွဲထားလေ၏။

ထို့ကြောင့် ပါးစပ်က ဖွင့်မပြောပါဘဲလျက် 'ပုတီးသမား' ဟု သိလိုက်ရ၏။ သူသည် ကျွန်ုပ်ကိုမြင်လျှင်...

"ဆရာ မင်းသိခ်ဆိုတာ မှတ်တယ်"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်။ မင်းသိခ်ဆိုတာ ကျုပ်ပါပဲ။ ဘယ်လို အကြောင်းများ ရှိလို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းက...

"ကျုပ်နာမည်က ခင်မောင်ရင်တဲ့။ ပုတီးသမားတစ်ယောက်ပါပဲ"

ဟု ပြောသဖြင့် ကျွန်ုပ်က...

"ခင်မောင်ရင် ဆိုတာကတော့ ပြောပြမှ သိနိုင်တဲ့ အရာမျိုးဖြစ်ပါတယ်။ ပုတီးသမားဆိုတာကတော့ ပြောပြဖို့ မလိုပါ ဘူး။ ဝတ်ထားတာကလည်း ယောဂီရောင်၊ လွယ်ထားတဲ့ လွယ်အိတ်ကလည်း ယောဂီရောင်၊ ဒီကြားထဲ မြောက်ဥက္ကလာပက ဦးသောင်းရွှေလုပ်တဲ့ ယောဂီရောင် လွယ်အိတ်ကြီး လွယ်ထားတာဆိုတော့ နဖူးမှာ ပုတီးသမားဆိုတဲ့ စာတန်းကြီး ထိုးထားတဲ့ အတိုင်းပါပဲ။ လာရင်းကိစ္စကို ပြောပါခင်ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းက....

"ကျုပ်ဟာ ပုတီးကို ချောက်ချီးချောက်ချက်စိပ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အကျအန စိပ်တာ"

ဟု ၎င်းက ပြောလေ၏။

"ကောင်းပါတယ် ခင်ဗျာ။ ပုတီးစိပ်တာကိုက ကောင်းနေပါပြီ။ ဒီကြားထဲ အကျအန စိပ်တယ်ဆိုတော့ ပိုကောင်းနေပါပြီ။ ဘာများ ပြောစရာ လိုသေးလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လျှင် ၎င်းက...

"ကျုပ်ဟာ အရင်ကတော့ အစိုးရဌာနတစ်ခုက ဝန်ထမ်းတစ်ဦးပါပဲ။ လုပ်သက်စေ့လို့ ပင်စင်ယူလိုက်တယ် ဆိုပါတော့။ ပင်စင်ယူတဲ့နေ့က စပြီး သားကျွေးမှု၊ မယားကျွေးမှု ဘာမှ မရှာတော့ဘူးဗျ။ ပုတီးကိုပဲ အကျအနစိပ်နေတာ။ စီးပွားမရှာတော့ဘူးဆိုတော့ လောဘသက္ကာယလည်း နည်းသွားပြီပေါ့ဗျာ။ အခုလာတာက အကြောင်းနှစ်ခုနဲ့ လာတာဗျ။ တစ်ခုက ဆရာရေးတဲ့ စာအုပ်အကြောင်း၊ ကျန်တစ်ခုက ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ"

ဟု ထိုလူက ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က..

"ပြောပါဦး"

ဟု ဆိုလိုက်ရာ ယောဂီဝတ်စုံ ဝတ်ထားသော ဦးခင်မောင်ရင်ဆိုသည့် လူကြီးသည် သူ၏လွယ်အိတ်အတွင်းမှ ဒိုင်ယာရီစာအုပ်တစ်အုပ်ကို ဆွဲထုတ်၏။ ထို့နောက် ဓာတ်ပုံအယ်လ်ဘမ် အသေးစားတစ်ခုကို ဆွဲထုတ်လေတော့၏။ ပြီးလျှင် ဓာတ်ပုံအယ်လ်ဘမ်ကို တစ်ရွက်ချင်း လှန်ပြ၏။ ကျွန်ုပ်လည်း မကြည့်ချင် ကြည့်ချင်နှင့် လှမ်း၍ကြည့်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ကြည့်ပါ။ ကျုပ်တည်တဲ့ ဘုရားတွေ၊ နှစ်ကျိပ်ရှစ်ဆူပြည့်ဖို့ နှစ်ဆူပဲ လိုတော့တယ်။ ကျုပ်က သာသနာပြုနေတာ"

ဟု ဌာန်နှင့်မာန်နှင့် ပြောလေ၏။

"ဘိလပ်မြေဖိုး၊ အုတ်ခဲဖိုးတွေ ကိုယ့်အိတ်ထဲမှာ ကျန်မနေဘူးဆိုရင်တော့ ဒီအလုပ်ဟာ ကောင်းပါတယ်။ ကိုယ့်အိတ်ထဲမှာ ကျန်အောင်လုပ်မယ်ဆိုရင်တော့ အပါယ်ငရဲကို သွားမယ့်အလုပ်ပဲ။ ကျုပ်နဲ့သိတဲ့ လူတစ်ယောက်ဟာ လူ့လောကမှာလည်းပဲ ဘာမှ ပီပီပြင်ပြင် မလုပ်ခဲ့ဘူး။ ဟိုဝင်ရောလိုက်၊ ဒီဝင်ရောလိုက်နဲ့ အတော့်ကို ယောက်ယက်ခတ်ပြီး မျက်စိနောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ။ ဘယ်နေရာမှ ဟန်မကျတဲ့ အခါမှာမှ သူဟာ အဝတ်အစားပြောင်းပစ်လိုက် တယ်။ ပြီးတော့ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ထူးကြီး တစ်ပါးနားမှာ ကပ်ပြီး အခု ခင်ဗျားလုပ်သလိုဟာမျိုးတွေ လုပ်တော့တာပဲ။ ကျုပ်ဟာ သူ့အကြောင်း ကောင်းကောင်းသိနေလေတော့ သူ ဘာတွေပြောပြော၊ သူ ဘာတွေပြုပြု အမှတ်ပေးလို့ မရဘူး။ အခု ခင်ဗျားယူလာသလိုပဲ ဓာတ်ပုံအယ်လ်ဘမ်တွေ ယူလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြတယ်။ အခု ခင်ဗျားပြသလိုပဲ သာသနာပြုနေတယ် ဆိုပြီး ဘုရားတည်နေတဲ့ ပုံတွေ ကျုပ်ဆီမှာ လာလှန်ပြီး ပြ တယ်။ ဒီလူက ခင်ဗျားထက်ဆိုးတဲ့ အချက်ရှိသေးတယ်။ သူ့ နောက်မှာ ဒေ့သည်နှစ်ယောက်၊ သုံးယောက် ပါပါလာတယ်။ အဲဒီ ဒေ့သည်တွေရှေ့မှာ ကျုပ်ကို သူ့တပည့်လိုလို၊ ဘာလိုလို ယူဆလို့ရအောင် မင်းတွေ၊ ငါတွေနဲ့ ပြောလိုပြော၊ ဟိတ်တွေ ဟန်တွေထုတ် လုပ်သေးတယ်။ ကျုပ်ကလည်း သူဝတ်ထားတဲ့ အဝတ်ကို အားနာလို့ ဘာမှ ပြန်မပြောခဲ့ပါဘူး။ ဒီတစ်ခါ ဒီအပေါက်မျိုးလာချိုးရင် ပညာကောင်းကောင်းပေးဖို့ စဉ်းစား ထားတယ်။ ကဲ...ဆိုစမ်းပါဦး မိတ်ဆွေကြီး။ ပုတီးကြီး လည် ပင်းမှာဆွဲပြီး သာသနာပြုတာကိုတော့ လေးစားပါတယ်။ မဟုတ်တာတော့ တစ်လုံးမှ ပြောမယ်မကြံနဲ့"

ဟု ကျွန်ုပ်က ခပ်ငေါက်ငေါက် ပြောလိုက်လျှင် ထိုသူသည် ကျွန်ုပ်၏မျက်နှာကို အံ့သြသလို ကြည့်ပြီးနောက်....

"ဘယ်လိုမှတောင် မပြောရသေးဘူး ခင်ဗျားက ဒေါချည်းပဲ။ ဘယ်လိုဖြစ်တာလဲ"

ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုပါ။ ကျုပ်ဆီကို ခင်ဗျားလိုလူတွေ မကြာခဏ ရောက်ရောက်လာတတ်တယ်။ ယောကျာ်းတွေချည်းပဲ မဟုတ်ဘူး။ မိန်းမတွေလည်း ဓာတ်ပုံအယ်လ်ဘမ်လေးတွေ လာလာပြတယ်။ သူတို့ သာသနာ ပြုနေပါတယ်တဲ့။ ကျုပ်က မယုံဘူး။ သာသနာပြုတယ်ဆိုတဲ့ နဖူးစည်းစာတန်းအောက်က နေ လိမ်နေတဲ့လူတွေလို့ပဲ ကျုပ်က သဘောပေါက်တယ်။ အဲဒါက ကျုပ်ဆီကို လာပြီး လိမ်မလို့ကြိုးစားတဲ့ လူတွေရဲ့ အကြောင်း ပြောပြတာ။ ကျုပ်ရဲ့တပည့်ပါ။ ကျုပ်ရဲ့ညီပါ။ ကျုပ်ရဲ့ဆရာ ပါဆိုပြီး အနယ်နယ်မှာ လိမ်နေတဲ့လူတွေရှိတယ်။ ဒါတွေက စကားစပ်မိလို့ ပြောတာပါလေ။ လူလိမ်တွေ ပေါ်နေတဲ့အကြောင်း၊ အစဉ်ထာဝရ သတိထားနေရတဲ့ အကြောင်း ပြောပြတာပါ။ အထူးသဖြင့် ကျုပ်ဟာ ပိုပြီး သတိကောင်းတယ်။ ကျုပ်ရဲ့ဝေးရာမှာ ကျုပ်ရဲ့နာမည်သုံးပြီး လိမ်တာကတော့ ကျုပ်လည်း မတတ်နိုင်ဘူး။ ကျုပ်ဆီကိုလာပြီး လိမ်ဖို့ကတော့ စိတ်ကို မကူးလေနဲ့။ တစ်ပြားမှ မရဘဲ မောသွားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူ၏မျက်နှာသည် စက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ကို လုံးချေပြီး ပြန်၍ ဖြန့်ကြည့်သကဲ့သို့ တွန့်ခေါက်ရှုံ့တွ၍ နေလေတော့၏။ ထိုသူက....

"ကျုပ်က ပုတီးသမားပါဗျ"

ဟု ပြောပြန်လေ၏။

"အဲဒီလို ပြောတဲ့လူကို ကျုပ်က သာပြီးတောင် သတိထားသေးတယ်"

ဟု ပြောလိုက်လျှင် ထိုသူသည် သူ၏ အယ်လ်ဘမ်စာအုပ်နှင့် ဒိုင်ယာရီကို ယောဂီရောင် လွယ်အိတ်အတွင်းသို့ ကပျာကယာထိုးထည့်ကာ...

"ခင်ဗျားနဲ့ဆက်ပြောလို့ အပေါက်အလမ်းတည့်မှာ မဟုတ်ပါဘူး။ ကဲ..သွားမယ်"

ကျွန်ုပ်က....

"အဲဒါ အကောင်းဆုံးပဲ"

ဟု ပြောလိုက်လျှင် ထိုသူသည် ဆောင့်..ဆောင့်.. ဆောင့်..နှင့် ထွက်သွားလေတော့၏။

ကျွန်ုပ်သည် လွန်စွာရှည်လျားသော ပုတီးလမ်းကို လျှောက်ခဲ့၏။ ထိုသို့ လျှောက်ခဲ့ရာ လမ်းတစ်လျှောက်တွင် ဤသို့သော လူ



www.burmeseclassic.com

www.burmeseclassic.com



လိမ်လူကောက်များကို တွေ့ခဲ့ရ၏။ ထို့ကြောင့် သူတို့က ပါးစပ်ဟ,လိုက်သည်နှင့်ပင် 'လိမ်တော့မည်'ဟု ကျွန်ုပ် ကောင်းစွာသိ၏။

**မှတ်ချက်။ ။**

**ချစ်စွာသော စာရှုသူခင်ဗျား...**

**အကယ်၍ သင်သည် ပုတီးစိပ်ခြင်းကို ဝါသနာပါ၍ ပုတီး လမ်းကို စတင်၍ လျှောက်မည်ဆိုပါလျှင် သင့်ထံသို့ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပုတီးအယောင်ပြ၍ လိမ်မည့်လူလိမ်များ ရောက်လာ တတ်ပါသည်။ အစဉ် သတိရှိပါလေ။**

**စာရေးသူ**

❁ ❁ ❁ ❁

တစ်နေ့သ၌ ကျွန်ုပ်အိမ်သို့ အသက်ခြောက်ဆယ်ကျော် အရွယ် ထောင်ထောင်မောင်းမောင်းလူကြီးတစ်ဦးသည် ကျွန်ုပ်နှင့် ငယ်ပေါင်းဖြစ်သော ဖေညွန့်ဆိုသည့် သူငယ်ချင်းတစ်ဦးနှင့်အတူ ရောက်ရှိလာလေ၏။ သူသည် မော်လမြိုင်ခါးတိုဟုခေါ်သည့် လက်ရှည်ရှည်၊ ခါးတိုတို အင်္ကျီပုံစံတစ်မျိုးကို ဝတ်ထား၏။အောက်ပိုင်းမှာလည်း လက်လေးလုံးလောက်ရှိသည့် ပုဆိုးကွက်တုံးကြီးကို ဆင်မြန်းထား၏။ ခေါင်းတွင် သျှောင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုလူကြီးကို လှမ်း၍ကြည့်လိုက်၏။ ထိုလူကြီး၏ ဟန်ပန်မှာ ဇာတ်ပွဲများတွင် တွေ့ရသော မင်းသားကြီး၏ ဟန်ပန်မျိုးဖြစ်၏။

ကျွန်ုပ်၏သူငယ်ချင်း ဖေညွန့်က ကျွန်ုပ်အား...

"ဖိုးအောင်ထွန်းရေ..အဘက မင်းနဲ့တွေ့ချင်တယ်ဆိုလို့ လိုက်ပို့တာကွ။ ငါကတော့ အဘတို့၊ မင်းတို့ အလုပ်တွေကို နားမလည်ပါဘူးကွာ။ အဘနဲ့ မင်းနဲ့တွေ့ရင် ကောင်းမယ်ထင်ပြီး အဘကလည်း မင်းနဲ့တွေ့ချင်တယ်ဆိုလို့ လိုက်ပြီး ပို့တာပါ"

ဟု ကျွန်ုပ်အား ပြောပြီးလျှင် ထိုလူကြီးဘက်သို့လည်း လှည့်ကာ...

"အဘ ဟောဒါ အဘတွေ့ချင်တယ်ဆိုတဲ့ မင်းသိခ်ဆိုတာပဲ။ ကျွန် တော်နဲ့ကတော့ ငယ်သူငယ်ချင်းတွေ"

ဟု ပြောလေ၏။ ထိုအခါ ထိုလူကြီးက ကျွန်ုပ်အား မခိုးမခန့်ကြည့်ကာ....

"အဟမ်း..အဟမ်း..မင်းသိခ်ကိုးကွ"

ဟု ကျွန်ုပ်အား ဇာတ်သံပါပါ ခေါ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး ခင်ဗျာ"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်လျှင် ထိုလူကြီးက...

"မင်းသိခ်ရယ် မင်းက ခတ်သမားလုပ်နေပြီး တယ်ညံ့တာ ကိုး။ သိကြားသာသနာ ရောက်နေပြီကွ။ အဲဒီတော့ ခတ် သိမ်းချိန်တန်ပြီ။ ဒါကြောင့် မြန်မာပြည်အတွက် တာဝန်ယူပြီး ခတ်တွေလိုက်သိမ်းနေရတယ်"

ဟု ဇာတ်ဟန်ပါပါနှင့် ပြောလေ၏။

သူ၏စကားများသည် မည်သည့်အဓိပ္ပာယ်မျှ မရပါ။ သိကြားသာသနာရောက်ခြင်းကြောင့် ခတ်တွေ လျှောက်၍ သိမ်းနေရသည်ဆိုသည့် စကားကို ကျွန်ုပ် လုံးဝ နားမလည်ပါ။ သူ ပြောသည့် 'ခတ်' ဆိုသည့် စကားကိုလည်း ကျွန်ုပ် လုံးဝ နား မလည်ပါ။ အထူးသဖြင့် မြန်မာစကားတွင် ထို ခတ်ဆိုသော စကားသည် လွန်စွာ ရှုပ်ထွေး၏။ မည်သည့်နေရာ၌ ခတ်ဆိုသော စကား သုံးရမည်ကို ကျွန်ုပ် ကောင်းစွာ နားမလည်ပါ။

အင်္ဂလိပ်ဆရာဖန်တီးသော အလုံးကို ခတ်လုံးဟု ခေါ်၏။ သီချင်းဖွင့်သော စက်တစ်မျိုးကို ခတ်စက်ဟုခေါ်၏။ မော်တော်ကားတွင်ထည့်သော ဆီတစ်မျိုးကို ခတ်ဆီဟု ခေါ်၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



အတူ ဝမ်းသွားသည်ကို အချို့သောအရပ်ဒေသ၌ ခတ်သွားသည်ဟု ခေါ်၏။ ဝမ်းချုပ်သည်ကို ခတ်ချုပ်သည်ဟုဆို၏။ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ် ပူးကပ်သည်ကို ခတ်စီးသည်ဟုခေါ်၏။ တစ်စုံတစ်ဦးနှင့် ရင်းနှီးသည်ကို 'ခတ်သိ'ဟု ခေါ်၏။

ထို့ကြောင့် ခတ်ဆိုသော မြန်မာစကားသည် ကောင်းသောနေရာ၌လည်း သုံးလေ၏။ အလတ်စားနေရာ၌လည်း သုံးလေ၏။ အနိမ့်ဆုံးအားဖြင့် မစင်ကိုလည်း ခတ်ဟု ခေါ်ခဲ့၏။ ထို့ကြောင့် ဗေဒွန်နှ့်ခေါ်လာသော ထိုလူကြီးသည် 'ခတ်တွေ သိမ်းနေသည်'ဟု ဆို၏။ မည်သည့်ခတ်တွေကို လိုက်သိမ်းနေသနည်း။

ကျွန်ုပ်သည် ထိုလူကြီး၏အကဲကို သိလိုသဖြင့်...

"ကဲ..ဆိုစမ်းပါဦး ဦးလေး။ ဦးလေးပြောတဲ့ ခတ်တွေကို ကျုပ်မသိဘူး။ ကျုပ်က ဦးလေးပြောတဲ့ ခတ်သမားမဟုတ် ဘူး။ စာလေးဘာလေး ရေးတယ်။ စာရေးဆရာလို့ ခေါ်ချင် ခေါ်၊ မခေါ်ချင်လည်းရတယ်။ ဗေဒင်လေးဘာလေး ဟော တယ်။ ဗေဒင်ဆရာလို့ ခေါ်ချင်ခေါ်၊ မခေါ်ချင်လည်းရတယ်။ ပုတီးလေးဘာလေး စိပ်တယ်။ ပုတီးသမားလို့ ခေါ်ချင်ခေါ် မခေါ်ချင်လည်းရတယ်။ ဒါပေမဲ့ ခတ်သမားတော့မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ထိုလူကြီးက…

"အိမ့်…အိမ့်…မင်းသိခ်။ တယ်လည်း ခက်တာကိုး။ ဓာတ် ဆိုတာ ဘူတကွ။ အဲဒါကြောင့် ဓာတ်ဘူတလို့ ခေါ်တာ"

ဟု ပြောပြန်လေ၏။ ထိုအခါ ကျွန်ုပ်က…

"ဦးလေး ဓာတ်ဘူတတော့ ကျုပ်မသိဘူး။ ဓာတ်ဘူးတော့ သိတယ်"

ဟု ပြောလိုက်လျှင် ထိုလူကြီးက…

"ခက်တာပဲလကွယ်။ မင်းသိခ်နှယ် ဓာတ်ပျက်၊ နတ်ပျက်တဲ့"

ဟု ပြောပြန်လေ၏။ ထိုအခါ ကျွန်ုပ်က….

"နတ်ပျက်ဆိုတာတော့ မသိဘူးခင်ဗျ။ ဓာတ်ပျက်ဆိုတာက တော့ ဝမ်းတွေ မကြာခဏ သွားတာပဲ"

ဟု ပြောလိုက်လျှင်…

"အို…ဟိုး…မင်းသိခ်ကို လူတော်အောက်မေ့နေတာ လူလျှော် ပဲ။ ကဲ…ရှည်ရှည်ဝေးဝေးပြောလို့ မဖြစ်ချေဘူး။ အဘမှာ လည်း ဓာတ်ကိစ္စတွေက ရှိသေးတယ်။ လိုရင်းကို ပြောမှ ဖြစ်တော့ပေမကိုး။ ဒီလိုလကွယ့်။ ငါးမည်ရ ပြည်ရွှေဘိုမှာ အလောင်းဘုရားဓာတ်တိုင် စိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျွန်ုပ်က…

"ရွှေဘိုမှာ လျှပ်စစ်ရပြီ ဦးလေးရဲ့။ ဓာတ်တိုင်လည်း ရှိမှာ ပေါ့။ အလောင်းဘုရားဓာတ်တိုင်ဆိုပြီး နောက်ထပ် ဓာတ်တိုင်တစ်တိုင်စိုက်ဖို့ လိုမယ်မထင်ပါဘူး"

ဟု ပြောရာ ထိုလူကြီးက စိတ်ပျက်သော အမူအရာဖြင့်…

"အဟမ်း…အဟမ်း…တယ်လည်းခက်တာကိုး။ ဒီဘက်လမ်းစခန်းက ဗဟုသုတလည်း ဘာမှ မရှိပါကလား။ ကဲလေ အနန္တသော သတ္တဝါ၊ အနန္တသော ပစ္စည်း၊ အနန္တသော အကြောင်း၊ အနန္တသောအကျိုးဆိုတော့ မင်းလိုဘာမှမသိတဲ့ကောင်လည်း ရှိဦးမှာပေါ့။ ကဲ…အဘပြောမယ်။ ကောင်းကောင်းနားထောင်။

ဘုရား၊ တရား၊ သံဃာ ရတနာက သုံးပါး။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးက သုံးပါး။

သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာက သုံးပါး။

လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်ဝတ္တရားက သုံးပါး။ အဲဒီတော့ သုံးပါး၊ သုံးပါး အချင်းအများဘဲ ကျင့်ပွားရအောင် မင်းသိခ်ရေ အလောင်းဘုရားဓာတ်တိုင်စိုက်ဖို့ ငွေသုံးသောင်း လှူစမ်းပါ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က…

“ဒီမှာ ဦးလေး…

ကာမ၊ ဗျာပါဒ၊ ဝဟိံ ဝိတက်သုံးပါး။

ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ ပုဒိအာဉာဏ်တော်က သုံးပါး။

လိမ္မာခြင်း၊ ရဲရင့်ခြင်း၊ ထိုးထွင်းခြင်း၊ ရန်အောင်ခြင်းသုံးပါး။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃံ သရဏဂုံက သုံးပါး။

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာက သုံးပါး။

ကာယ၊ ဝစီ၊ မနော သင်္ခါရမှုက သုံးပါး။

အတိဇာတ၊ အနုဇာတ၊ အဝဇာတသားက သုံးမျိုး။

သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျသုတ်က သုံးကျမ်း။

ဂိမှန္တ၊ ဝဿန၊ ဟေမန္တ ဥတုက သုံးပါး။

အဲဒီတော့ ဦးလေးရေ သုံးပါးတွေကိုတော့ လာပြီး ရှုတ်ပြမနေနဲ့။ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိချင်ရင်တော့ ဆရာဦးသုခရေးတဲ့ သုခမှတ်စုမှာပါတဲ့ သုံးပါးစုကို ဖတ်ကြည့်လိုက်ဦး။ နောက်ဆုံးပြောချင်တဲ့ သုံးပါးကတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ပါးချိတ်ကို တစ်ချက်၊ ညာဘက်ပါးစောင်ကိုတစ်ချက်၊
မေးစေ့ကိုတစ်ချက်၊ မြက်မြက်ကလေး 'အနှက်မခံရလေ အောင်'
အခါကြီးကောင်းတုန်း ဂျာလတီးကျောင်းပေရော့"

ဟု ပြောကာ လက်သီးနှင့် ထိုးမည်၊ ကြိတ်မည်ကဲ့သို့ ဟန်ပြင်လိုက်လျှင် ထိုလူကြီးသည် ကြောက်လန့်တကြား ကပျာကယာထ၍။

"မလုပ်ပါနဲ့ မောင်ရင်ရယ်။ ဦးလေး ပြန်ပါ့မယ်"

ဟု ဆိုကာ ၎င်းအား ခေါ်လာသည့် ကျွန်ုပ်၏ သူငယ်ချင်း ဖေညွှန့်ကိုမျှ မစောင့်နိုင်တော့ဘဲ အိမ်ပေါ်မှ ဆင်းပြေးသွားလေသတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**


**မင်းသိခ်**

**မှတ်ချက်။ ။ ပုတီးလမ်းမှာ လျှောက်လှမ်းနေကြသော ပုတီးသမား မိတ်ဆွေများခင်ဗျား။ သင့်ကို ပုတီးသမားမှန်းသိလျှင် ဤသို့ တောမရောက် တောင်မရောက် စကားမျိုးပြောကာ လူလိမ်များ ရောက်လာတတ်ပါသည်။ အထူးသတိထားရန် မေတ္တာရှေ့ထား၍ ဖော်ပြလိုက်ရပါသည်။**

**စာရေးသူ**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



ငွေရေး ကြေးရေး အဆင်ပြေစေသော အစောင်

www.burmeseclassic.com

www.burmeseclassic.com

## ဖိုင်နင်ရှယ်ဆပ်ဆက်(ခေါ်)
## ငွေရေးကြေးရေးအဆင်ပြေစေသော ကတ်ပြားလေး

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိန်းမကြီးသုံးယောက် ရောက်ရှိလာလေ၏။ ထိုမိန်းမကြီး သုံးယောက်အနက် ခပ်သွက်သွက် မိန်းမကြီးတစ်ဦးက..

"ဆရာက ဗေဒင်မမေးရဘူးဆိုလို့ မမေးပါဘူး။ ဒါပေမယ့် ကျွန်မတို့ရဲ့အခက်အခဲကိုတော့ ပြောပြရမှာပေါ့။ ကျွန်မတို့က ငွေရေးကြေးရေးကိစ္စ သွားပြီးပြောမလို့ရှင့်။ အဲဒီလို သွားပြီး ပြောမယ်ဆိုတာကလည်း ကိုယ့်ဘက်က ရစရာရှိလို့မဟုတ်ဘူးနော်။ သွားပြီး အကူအညီတောင်းမယ့်သဘော။ အဲဒါလေး အဆင်ပြေအောင် အဆောင်လေးပေးပါ ဆရာရယ်"

..ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က လောလောဆယ် ယူရလည်းလွယ်ကူ၊ ဆောင်ရာ၌လည်း လွယ်လွယ်ကူကူ ဆောင်နိုင်




www.burmeseclassic.com

www.burmeseclassic.com



သော အဆောင်တစ်ခုကို စဉ်းစားရလေ၏။ ထိုသို့ စဉ်းစားရာ၌ တားရော့ကို အဆောင်အဖြစ်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်၏ ။



တားရော့တွင် တုတ်နံပါတ်(၅)သည် ငွေရေးကြေးရေး အောင်မြင်မှုအတွက် အဆောင်ကောင်းဖြစ်၏။ တားရော့ကတ်ပြား များသည် တစ်ခုနှင့်တစ်ခု သရုပ်ဖော်ရာ၌ မတူကြပေ။ မိမိ၏စနစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်မိမိ သရုပ်ဖော်ခြင်းဖြစ်၏။ သို့ရာတွင် အဓိပ္ပာယ်နှင့် သဘော သွားမှာမူ အတူတူပင်ဖြစ်၏။

တားရော့တုတ်နံပါတ်(၅)အား အချို့က ကြယ်ပုံသဏ္ဍာန် တုတ်ငါးချောင်းစီထားပုံဖြင့် သရုပ်ဖော်၏။ အချို့က တုတ်ငါးချောင်း ထောင်ထားပုံဖြင့်သရုပ်ဖော်၏။ အချို့တားရော့များက တုတ် ငါး ချောင်းကို လူငါးယောက်က မ,၍ တစ်စုံတစ်ခုဆောက်လုပ်နေပုံနှင့် တင်စား၏။

ကျွန်ုပ်သည် တုတ်ငါးချောင်းကို လူငါးယောက်က စုပေါင်း ၍ဆောက်လုပ်နေပုံကို ပို၍ သဘောကျ၏။ ထို့ကြောင့်..

"ဟုတ်ပါပြီ။ အဒေါ်ကြီးကတော့ ငွေရေးကြေးရေးကိစ္စ သွား ပြောချင်တဲ့ကိစ္စ အဆင်ပြေဖို့ အဆောင်လိုချင်တာ။ ကျန်တဲ့ နှစ်ယောက်ကကော"

ဟု မေးလိုက်ရာ ထိုနှစ်ယောက်က..

"ထိုနည်းလည်းကောင်း"

ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏တားရော့ ကတ် (သို့မဟုတ်) နိမိတ်ဖတ်ကတ်တွင်ပါသော တုတ် ငါးချောင်း သင်္ကေတကို ထိုအဒေါ်ကြီးများအား ပေးလိုက်လေ၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်ခန့်ကြာသောအခါတွင် ထိုအဒေါ်ကြီးသုံးယောက်သည် ကျွန်ုပ်ထံသို့ ရောက်လာကြပြန်၏။

"ကျွန်မတို့တော့ ဆရာ့အိမ်နားတောင် ပြောင်းပြီးလာနေချင် ပြီ။ ဘာလေးဖြစ်ဖြစ် ဆရာ့အိမ်လာလိုက်ရင် ရှင်းသွားတာပဲ။ ဆရာလုပ်ပေးတာလည်း လွယ်လွယ်ကူကူပဲ။ ကျွန်မတူမလေး ကိစ္စတုန်းကလည်း ငါးမူးတန်ခဲတံနှစ်ချောင်းဝယ်ခိုင်းပြီး စားပွဲပေါ်မှာထောင်ခိုင်းလိုက်တာနဲ့ပဲ သူ့ကိစ္စအောင်မြင်သွားတယ်။ လူဆိုတာ မကြာခဏ အကြောင်းကိစ္စပေါ်တာရှင့်။ မသိရင်တော့ အခက်ကြီး။ ဆရာတို့လို သိတော့လည်း ဘာလေးလုပ်လိုက်ဆိုတာနဲ့ ဖြစ်သွားတော့တာ။ အဲဒါကြောင့် ကျွန်မဖြင့် ဆရာ့အိမ်နားပြောင်းလာပြီး အကြောင်းပေါ်တိုင်း လာပြီးခိုင်းချင်တော့တာပဲ"

ဟု ပြောလိုက်ရာ ကျန်သောအဒေါ်ကြီးနှစ်ဦးကလည်း ငါးသုံးလုံးစီးကရက်ဘူးများ၊ လက်ဆောင်ပစ္စည်းများကို ကျွန်ုပ်အား ပေး၍..

"ကျွန်မတို့လည်း ဒေါ်အေးပြောတဲ့အတိုင်းပဲ။ ထိုနည်းလည်းကောင်းပေါ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြလေ၏။ ထိုအခါ ကျွန်ုပ်က..

“ပြောင်းမလာနဲ့တော့ဗျို့။ ကျုပ် ဒီမှာနေဖို့က ရက်ပေါင်း ၁၄၀ ပဲ ရှိတော့တယ်။ အကြောင်းကိစ္စရှိရင် ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်းထဲမှာ ကျွန်တော့်ညီ ဦးဝင်းဇော် ရှိပါတယ်။ ကျွန်တော့်ဇေကံသတပည့်တွေလည်း ရှိပါတယ်။ ရောင်ပြန်မဂ္ဂဇင်းထဲမှာ လိပ်စာတွေပါပါတယ်”

ဟု ပြောလိုက်ရာ ထိုဒေါ်အေးဆိုသော အဒေါ်ကြီးက –

“ဟင်း..ဆရာကလည်း လုပ်ပြီ။ ခိုင်းမှ မခိုင်းရသေးဘူး ဂန္ဓာရီဆိုပြီး ထွက်ပြေးပြီကိုး”

ဟု ပြောလိုက်ရာ ကျန်သော အဒေါ်ကြီးနှစ်ဦးနှင့်အတူ ကျွန်ုပ်ပါရော၍ ရယ်လိုက်ရလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**

**မှတ်ချက်။** *။ကျွန်ုပ်သည် ငွေရေးကြေးရေးအဆင်မပြေသူ များအား အဆင်ပြေစေရန်အတွက် တားရော့ထုပ်တွင် ပါသော တုတ်သင်္ကေတ(၅)ကတ်ပြားကို အဆောင်အဖြစ်*

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



*ပေးလေ့ရှိပါသည်။ ပေးတိုင်းလည်း အောင်မြင်သည် ချည်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ရောင်ပြန်ပရိသတ်အား ငွေရေးကြေးရေးကိစ္စအကြောင်းပေါ်က အသုံးပြုနိုင်ရန် စေရန် ထိုတံဆိပ်ကို ရောင်ပြန်လက်ဆောင်အဖြစ် ထုတ် ပေးလိုက်ရပါသည်။ အသုံးပြု၍ အဆင်ပြေကြစေရန် လည်း အထူးတလည် ဆုတောင်းမေတ္တာ ပို့သလိုက်ရပါ သည်။*

*အချို့သော နိမိတ်ဖတ်တားရှော့ကတ်ပြားတွင် တုတ်နံပါတ် (၅) သင်္ကေတကို ကြယ်ပုံသဏ္ဌာန်ဖြင့် ဖော်ပြလေ့ရှိပါသည်။ ထို့ကြောင့် ထိုကြယ်ပုံသဏ္ဌာန်ကို အသုံးပြုလျှင်လည်း အာနိသင်အတူတူ ရှိပါသည်။ ပုံ နှစ်မျိုးစလုံးကို ဖော်ပြလိုက်ပါသည်။*

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



## မေ့လို့မရတဲ့ ပုံတော်ကြီး

တစ်နေ့သ၌ ကျွန်ုပ်သည် စာအုပ်ဟောင်းတစ်အုပ်အား ဖတ်ရှုရင်း အနှောင့်များပြနေသည်ကို တွေ့ရသဖြင့် အနှောင့်ကို ပြန်၍ ချုပ်နေလေ၏။

ထိုအခါ၌ ကျွန်ုပ်နှင့်သိကျွမ်းသော လူတစ်ယောက်သည် ကျွန်ုပ်ဆီသို့ ရောက်လာပြီးလျှင်....

"ဘာတွေများ အလုပ်များနေတာလဲ ဆရာမင်းသိခ်ရဲ့"

ဟု ပြောလေ၏။

"အလုပ်များတယ်ရယ်တော့ မဟုတ်ပါဘူးဗျာ။ စာအုပ်အဟောင်းတစ်အုပ်ဖတ်ရင်း အနှောင့်ပြနေတာတွေ့လို့ ပြန်ပြီးချုပ်နေတာပါ။ ဆိုစမ်းပါဦး ဘာကိစ္စလဲ"

ဟု မေးလိုက်ရာ ထိုသူက...

"ဒီလိုပါ ဆရာရယ်။ ကျုပ်က အညာသားပါ။ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျုပ်အဖေက အညာဘက် အလုပ်ပြောင်းသွားတဲ့ အခါမှာ အညာမှာ မွေးလို့ပါပဲ။ ဒါပေမယ့် ကျုပ်အဖေ၊ အမေ က အောက်သူအောက်သားတွေပါ။ အဖေဟာ ကျုပ်ကိုမွေး ပြီး မကြာခင်မှာပဲ ပင်စင်ယူလိုက်တယ်။ အညာမှာပဲ ဆက် နေခဲ့တယ်။ အဲဒီတော့ ကျုပ်လည်း အညာသားဖြစ်သွားရ တာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က...

"မိတ်ဆွေကြီး အညာသားဖြစ်တယ်ဆိုတာ သိပ်ပြီး အရေး မကြီးရင် အဲဒီနေရာ နည်းနည်းကျော်လိုက်ပါလား။ အရေး ကြီးတဲ့ နေရာ မြန်မြန်ရောက်တာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ထိုသူက...

"ကောင်းပါပြီ..ကောင်းပါပြီ။ ကျုပ်နာမည်က ဦးခြိကူးတဲ့။ ဒါပေမယ့် ခကွေးရရစ် သေးသေးတင်ခြိမှ ကျုပ်နာမည် အမှန် ရမယ်နော်။ ခြိကို ခကွေးယပင့်နသတ်နဲ့ ချန်လိုက်ရင် တော့ တက်တက်စင်အောင် လွဲသွားတော့မယ်။ အဲဒါက တရုတ်တွေ ချန်တဲ့ ချန်။ ကျုပ်နာမည်က ရရစ်သေးသေးတင် မှ မှန်တယ်။ ဒီမှာ မေးစရာရှိတာက မြန်မာဖြစ်ပါရဲ့။ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကပြားနာမည် မှည့်ထားရသလဲဆိုတဲ့ကိစ္စပဲ။ ဒါက.. ဒီလိုဗျ။ အနွတ္တအမည်ဆိုတာ ကြားဖူးတယ်မဟုတ်လား။ အကြောင်းတစ်ခု ဖြစ်ရပ်တစ်ခုအပေါ်မှာ ပေါ်ပေါက်လာတဲ့ အမည်ပေါ့ဗျာ”

ဟု ပြောလျှင် ကျွန်ုပ်က...

“ဒီမှာ မိတ်ဆွေကြီး ဦးခြိ်ကူး။ နာမည်ကိစ္စ သိပ်ပြီး အရေး မကြီးရင် နည်းနည်းကျော်လိုက်ပါဗျာ။ ဒါမှ အရေးကြီးတဲ့ နေရာ မြန်မြန်ရောက်မှာပေါ့”

ဟု ပြောလိုက်ရာ ၎င်း ဦးခြိ်ကူးက...

“ကျုပ်အဖို့ အရေးကြီးတာက အကြီးဆုံးက ဘကြီးဗျ။ ဘကြီး ဆိုလို့ ပြောလိုက်ဦးမယ်။ အခု လူတွေက အဖေ့မောင်ကိုလည်း ဦးလေး၊ အမေ့မောင်ကိုလည်း ဦးလေးလို့ ခေါ်နေကြတယ်။ ပြီးတော့ အဖေ့အစ်ကိုကိုလည်း ဘကြီး၊ အမေ့ဘက်က အစ်ကို ကိုလည်း ဘကြီးလို့ ခေါ်နေကြတယ်။ အဖေ့အစ်မကိုလည်း ကြီးဒေါ်၊ အမေ့အစ်မကိုလည်း ကြီးဒေါ် ခေါ်နေကြတယ်။ နောက်ပြီးတော့ အဖေ့ညီမကိုလည်း အဒေါ်၊ အမေ့ညီမကို လည်း အဒေါ် ခေါ်နေကြတယ်။ အမှန်က ကျုပ်တို့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမှာ အဲဒီလို မဟုတ်ဘူးဗျ။ ခွဲခွဲခြားခြားခေါ်တယ်။ လုံး လားထွေးလား မခေါ်ကြပါဘူး။ ဘကြီးဆိုတာက အဖေ့ရဲ့ အစ်ကိုကို ပြောတာ။ အမေ့ရဲ့ အစ်ကိုကိုကျတော့ ဦးကြီးလို့ ခေါ်ရတယ်"

ဟု ဦးခြံကူးက အစချီလိုက်လျှင် ကျွန်ုပ်က…

"ဒီမှာ မိတ်ဆွေကြီး ဦးခြံကူး။ အဲဒီ ဆွေမျိုးစပ်တဲ့ ကိစ္စက သိပ်ပြီး အရေးမကြီးဘူးဆိုရင် ကျော်လိုက်ပါလားဗျာ။ ဒါမှ အရေးကြီးတဲ့နေရာကို ရောက်မှာ"

ဟု ပြောလိုက်လျှင်…

"ဟုတ်ပါတယ်..ဟုတ်ပါတယ်။ အရေးကြီးတာက ရှင်လေး ပါးထဲမှာလည်းပဲ တောင်သမုဒ္ဒရာမှာ ကြေးပြာသဒ်နဲ့ သီတင်း သုံးတော်မူတဲ့ ရှင်ဥပဂုတ္တာပဲ။ အရပ်ထဲအခေါ်တော့ ရှင်ဥပဂုတ် ပေါ့ဗျာ"

ဟု ဦးခြံကူးက အစချီလိုက်လျှင် ကျွန်ုပ်က…

"ဒီမှာ ဦးခြံကူး။ ခင်ဗျားဘကြီးရယ်၊ ရှင်ဥပဂုတ္တာရယ်က ဘာ များပတ်သက်လို့လဲ။ အရေးမကြီးရင် ကျော်လိုက်ပါလားဗျာ"

ဟု ပြောလိုက်လျှင် ဦးခြံကူးက…



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ပါ့မယ်..ကျော်ပါ့မယ်။ ဒီလိုဗျ..။ ကျုပ်ဘကြီးက လောကီပညာ အလွန်လိုက်စားတာ။ သူက တစ်နေ့မှာ ကျုပ်တို့အိမ်မှာပဲ (၄၅) ရက် ဥပုသ်စောင့်တယ်။ ကျုပ်ရဲ့အဖေက တော့ သူ့ကို သိပ်မကြည်ဘူး။ ယောင်တောင်တောင် လုပ်နေတယ်ဆိုပြီး သူ့ကို အားကြီးအထင်သေးတယ်။ ဒါပေမယ့် လည်း အစ်ကိုဆိုတော့ လက်ခံရတာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က...

"အရေးမကြီးရင် ကျော်လိုက်ပါလား ဦးခြိကူးရယ်"

ဟု ပြောလိုက်လျှင် ဦးခြိကူးက....

"ကျော်ပါ့မယ်ဗျာ..ကျော်ပါ့မယ်။ ကျုပ်ဘကြီးက ကျုပ်တို့ အိမ်မှာ (၄၅) ရက် အဓိဋ္ဌာန်ဝင်ပြီး ကတ်ဘုတ်ပြားကြီးတစ်ခု ပေါ်မှာ ရှင်ဥပဂုတ္တ ပုံတော်တစ်ခု ရေးဆွဲတယ်ဗျ။ ပုံတော် ရေးဆွဲတယ်ဆိုလို့ ပန်းချီဆွဲသလို ဆွဲတာမဟုတ်ဘူး။ ဂဏန်းတွေလည်းပါရဲ့။ အက္ခရာတွေလည်း ပါရဲ့။ အဲဒီလို ဆွဲနေတဲ့ ရက်အတွင်းမှာ စကားမပြောရဘူးဗျ။ ဝစီပိတ်ဆိုတဲ့ စာလေး ရေးပြီး ထောင်ထားတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က...



www.burmeseclassic.com

www.burmeseclassic.com



"အရေးမကြီးရင် နည်းနည်း ကျော်လိုက်ပါလား မိတ်ဆွေကြီး ဦးခြိကူးရယ်"

ဟု ပြောလိုက်လျှင် ဦးခြိကူးက…

"ဟုတ်ကဲ့..ဟုတ်ကဲ့..ကျော်ပါ့မယ်။ အဲဒီ ရှင်ဥပဂုတ် ပုံတော်ကြီးကို ရေးဆွဲပြီးတဲ့အခါမှာ သူလည်း အဓိဋ္ဌာန်ပြည့် လို့ ထွက်သွားတယ်။ ကျုပ်အမေကိုလည်း ကြေးဖလား (၇) လုံးနဲ့ သောက်တော်ရေ (၇) ခွက် ကပ်လှူဖို့၊ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ဖို့၊ ဆွမ်းတော် (၇) ပွဲကို သစ်သီးနဲ့ ကပ်လှူဖို့ သင်ကြားပေးပြီးတော့ ကျုပ်တို့အိမ်က ထွက်သွား တော့တယ်။ ဘယ်လိုဖြစ်မှန်းတော့ မသိဘူး။ အဲဒီပုံတော်ကြီး ပူဇော်တဲ့နေ့ကစပြီး ကျုပ်တို့အိမ်မှာ လာဘ်လာဘလည်း ရွှင်တယ်။ အန္တရာယ်လည်း အတော်ကင်းတယ်။ အကြံအစည်တွေလည်း အထမြောက်အောင်မြင်တာကို တွေ့ရလို့ ကျုပ်ဘကြီးကို အထင်မကြီးတဲ့ ကျုပ်အဖေကတောင် ဒီလူကြီး ဒါတော့ မဆိုးဘူးလို့ ပြောဖူးတယ်။ မပြောလို့လည်း မရဘူးလေဗျာ။ ကျုပ်အဖေဟာ အိမ်ပိုင်ရာပိုင် ရသွားပြီး သူ့ဆွေမျိုးတွေက လက်ဝါးကြီးအုပ်ထားတဲ့ အမွေတွေလည်း မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့လက်ထဲရောက်လာတယ်။ အမေ့ဘက်က အမွေတွေက လည်းပဲ ရုံးရောက်တော့မလို ဘာလိုနဲ့ နောက်ဆုံး ဘယ်မှ မရောက်ဘဲ အမေ့ရဲ့လက်ထဲကို ရသင့်ရထိုက်တာတွေ ရလာ တယ်။ ကျုပ်အမေကတော့ ကျုပ်အဖေကို ရှင် ဘာမှပြောမနဲ့။ ကျုပ်တို့ အခုလို အဆင်ပြေသွားတာဟာ အစ်ကိုကြီး လာရေး ပေးသွားတဲ့ ရှင်ဥပဂုတ် ပုံတော်ကြီးကြောင့်လို့ အတတ်ပြော တယ်။ ကျုပ်အဖေကလည်း ဟုတ်ပါတယ်..ဟုတ်ပါတယ် လို့ ဝန်ခံရတယ်။ ကျုပ်နဲ့ ကျုပ်အမေအကြောင်းလည်း ပြော ရဦးမယ်"

ဟု ဦးခြံကူးက ပြောလိုက်လျှင် ကျွန်ုပ်က...

"အရေးမကြီးရင် ကျော်လိုက်ပါလားဗျာ"

ဟု ပြောလိုက်ရာ ဦးခြံကူးက...

"ဟုတ်ကဲ့..ဟုတ်ကဲ့..ကျော်ပါ့မယ်။ ဒါပေမယ့် အရေးကြီး တဲ့ စကားတွေ ရောက်တော့မယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက် ကျုပ်အဖေဆုံးတယ်။ အဲဒီတော့ ကျုပ်တို့မိသားစု ရန်ကုန် ပုသိမ်ညွှန့်ဆိုတဲ့ ရပ်ကွက်ကို ပြောင်းလာကြတယ်။ ပုသိမ်ညွှန့် ဒုတိယအကြိမ် မီးလောင်တဲ့အခါမှာ စောစောက



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ပုံတော်ကြီး မီးထဲမှာ ပါသွားတယ်ဗျို့။ အဲဒီမှာ ကျုပ် အမေက စိတ္တဇတစ်ခု ဖြစ်နေတယ်။ ဒီပုံကြီးမျိုး ပြန်ပြီး ပူဇော်ချင်တယ်။ ကျုပ်ကိုလည်း ရအောင်ရှာဖို့ ပူဆာရှာတယ်။ ကျုပ်အမေကြီးဟာ အခုဆိုရင် အသက် (၈၀)ကျော်နေပြီ။ အဲဒီ ပုံတော်ကြီးကို အခုထိ တမ်းတနေတုန်းပဲ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"ဒီမှာ ဦးခြိကူး။ အရေးမကြီးရင် နည်းနည်းကျော်လိုက်ပါ လားဗျာ"

ဟု ပြောလိုက်ရာ ဦးခြိကူးက...

"ကျော်လို့မရဘူးလေ ဆရာရဲ့။ အရေးကြီးနေပြီလေ။ ကျုပ် အမေ ကြီးက အသက်ကြီးလှပြီ။ နေ့သေမလား၊ ညသေမလား မပြောတတ်ဘူး။ အဲဒီပုံတော်မျိုး တစ်ခုလိုချင်တယ်။ ဆရာ့ အနေနဲ့ ဆောင်ရွက်ပေးစမ်းပါဗျာ။ ဆရာ့ကျေးဇူးကို မမေ့ပါ ဘူး"

ဟု ပြောသည်။ ကျွန်ုပ်က မေးလိုက်ရာ ဦးခြိကူးက....

"ဒီလို ဆရာရဲ့။ ကျုပ်ဘကြီးနာမည်က ဦးအောင်ထွန်းတဲ့။ ဆရာ့နာမည်ကလည်း ဦးအောင်ထွန်းဆိုတော့ တိုက်ဆိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။ ဒါကြောင့် ကျုပ်ဘကြီး ဦးအောင်ထွန်းရေးသွားတဲ့ ရှင်ဥပဂုတ်ပုံတော်မျိုးကို ဆရာမင်းသိခ်လို့ခေါ်တဲ့ ဦးအောင် ထွန်း ဆီက ရနိုင်လို့ပါဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ဦးခြံကူးအပေါ်၌လည်း ကောင်း၊ ရှင်ဥပဂုတ်ပုံတော်ကြီးကိုရလိုသော ဦးခြံကူး၏ မိခင်ကြီး အပေါ်၌လည်းကောင်း ကရုဏာသက်မိလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည်လည်း အဓိဋ္ဌာန်ဝင်၍ ဗျည်းစမ များကို အသုံးပြုကာ ရှင်ဥပဂုတ် ပုံတော်ကြီးကို ရေးဆွဲရလေ တော့သည်။ ထိုသို့ရေးဆွဲပြီးနောက် ကြေးဖလားဖြင့် သောက်တော် ရေ (၇)ခွက်၊ အမွှေးတိုင် (၇)တိုင်၊ ဖယောင်းတိုင် (၇)တိုင်၊ ဆွမ်း (၇) ပွဲ ကပ်လှူပူဇော်ပြီးလျှင် ဦးခြံကူးအား ပေးလိုက်လေတော့၏။

ဦးခြံကူးလည်း အားရဝမ်းသာဖြင့် ထိုပုံတော်ကြီးကို ယူ သွားပြီး မှန်ပေါင်သွင်းလေ၏။ ပြီးနောက် ကျွန်ုပ်အား တစ်ခေါက် လာ၍ပြ၏။ ကျွန်ုပ်သည် ဦးခြံကူးတို့ သားအမိအား ကျွန်ုပ်တတ် သောပညာဖြင့် ကူညီလိုက်ရသောကြောင့် ပီတိဖြစ်မိလေတော့၏။

ဦးခြံကူးလည်း မှန်ပေါင်ကြီးကို ခေါင်းပေါ်ရွက်၍ ဝမ်း မြောက်ဝမ်းသာဖြင့် ပြန်သွားလေတော့၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ရက်အတန်ကြာသောအခါ၌ ဦးခြံကူးသည် ကျွန်ုပ်ထံသို့ ရောက်လာပြန်၏။

"ဆရာရေ..ပြောစရာ စကားတွေတော့ အများကြီးပါလာတယ်။ ကျော်လိုက်ပါဦး ဆိုတာမျိုးတော့ မလုပ်လိုက်ပါနဲ့ဦးနော်"

ဟု ကျွန်ုပ်အား ပြောလိုက်လေ၏။ ထို့ကြောင့်ကျွန်ုပ်လည်း ရယ်မိသေးတော့၏။

"ဘာပဲဖြစ်ဖြစ်ဗျာ အရေးမကြီးရင်တော့ ကျော်ရမှာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးခြံကူးက...

"အရေးကြီးတယ်ဗျ။ အရေးကြီးတယ်။ ကျုပ် တစ်ခေါက်လာတုန်းက ကျုပ်နာမည် ခြံကူးဆိုတာ ပြောပြဖူးတယ် မဟုတ်လား။ ခြံ ကိုလည်း ရရစ်သေးသေးတင်နဲ့ ခြံရမယ်ဆိုတာ ပြောပြဖူးတယ် ထင်ပါတယ်။ အရေးမကြီးလို့ ကျော်ပါဆိုတဲ့ အထဲ ပါသွားသလားတော့ မပြောတတ်ဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က...

"မပါပါဘူး"

ဟု ပြန်၍ ပြောရလေ၏။ ထိုအခါ ဦးခြံကူးက....



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လမ်းလေးလျှောက်တတ်ကာစ အရွယ်မှာ ကျုပ်တို့ ခြံမှာ မနေဘဲ ဟိုဘက်ခြံကို ကူးကူးသွားတတ်လို့ စပြီး ခေါ်ရာကနေ အဲဒီနာမည် တွင်သွားတာဗျ။ ငယ်ငယ်တုန်းကလည်း အညာဘက်မှာ နေခဲ့တယ်လို့လည်း ပြောခဲ့တယ် မဟုတ်လား။ ကျုပ် ကူးကူးပြီး သွားတဲ့ခြံက အပျိုကြီး၊ လူပျိုကြီး မောင်နှမတွေ နေတဲ့ခြံဗျ။ ကျုပ်တောင် ဒီအရွယ်ရောက်ပြီဆိုတော့ သူတို့လည်း သေကုန်ကြပြီပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားဆီက ရှင်ဥပဂုတ် စမပုံတော်ကြီးချိတ်ပြီး ခုနစ်ရက်လောက်အကြာ မှာပဲ အဲဒီ လူပျိုကြီး၊ အပျိုကြီး မောင်နှမအထဲက တစ်ယောက် ဟာ အသက် (၉၀) ရှိနေပြီ။ မသေသေးဘူးဗျို့။ ကျုပ်ကို တွေ့ချင်တယ်ဆိုပြီး ပူဆာလို့ ပတ်ဝန်းကျင်က လိုက်ရှာပေးရတယ်။ တွေ့လည်း တွေ့ရော ကျုပ် ကလေးဘဝတုန်းက ကူးကူးသွားတယ်ဆိုတဲ့ ခြံကို ကျုပ်ကို အပြီးအပိုင် အမွေပေးတယ်ဗျို့။ ပြီးတော့ သူ့ရဲ့ အတွင်းပစ္စည်းတွေကိုလည်း သားထောက်နောက်ခံမရှိတဲ့ ကျုပ်ကိုပဲ စာချုပ်စာတမ်းနဲ့ အပိုင်ပေးလိုက်တယ်။ ခင်ဗျား ရေးပေးလိုက်တဲ့ ပုံတော်ကြီးဟာ အမွေကိစ္စတွေမှာလည်း အတော့်ကို အဆင်ပြေတာပဲ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ်လေ ခင်ဗျားရဲ့လက်ရာ စမတွေနဲ့ ရေးဆွဲထားတဲ့ ပုံတော်ကြီးဟာဖြင့် လာဘ်ရွှင်တယ်၊ အမွေရတယ်။ အဲဒီတော့ ကျုပ်အဖို့ မေ့လို့မရတဲ့ ပုံတော်ကြီးပါပဲဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"ဒီလိုကြားရတာ ဝမ်းသာလှပါပြီဗျာ။ ကျုပ်ဆီကိုလည်း နောက်ထပ် ထူးခြားချက်တွေ လာပြောဦး။ တကယ်ထူးပြီဆို ရင်တော့ အများပူဇော်နိုင်ဖို့ အဲဒီ မေ့မရတဲ့ ရှင်ဥပဂုတ် ပုံတော်ကြီးကို ရောင်ပြန်မဂ္ဂဇင်းထဲ ထည့်ရမယ်ဗျို့"

ဟု ဝမ်းမြောက်ဝမ်းသာ ပြောလိုက်ပြီး ကျွန်ုပ်ထံသို့ ထမင်းလာပို့သော အယ်ဒီတာမောင်မောင်မြင့်အေး ရောက်လာသည်နှင့် ၎င်းကို ဆွဲပေးသကဲ့သို့ ဆွဲထားသော ပုံတော်ကြီးတစ်ပုံကို မဂ္ဂဇင်းထဲ ဖော်ပြရန်အတွက် ပေးလိုက်လေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



## ခြေရာကောက် နေကြာပန်းစိုက်နည်း

ကျွန်ုပ်တို့အယ်ဒီတာအဖွဲ့သည် စာရေးဆရာမင်းသိခ်ထံ သို့ နေ့လယ် နှစ်နာရီခွဲလောက်တွင် ရောက်ရှိသွားလေ၏။ ကျွန်ုပ်တို့ ရောက်ရှိသွားချိန်တွင် ဆရာမင်းသိခ်သည် အခက်အခဲအမျိုးမျိုး အဖုံဖုံ ကြုံတွေ့နေသူများနှင့်တွေ့ဆုံကာ ယတြာများ ပေးနေလေ ၏။ သူသည် ကျွန်ုပ်တို့ကို တွေ့လျှင်တွေ့ချင်း..

"လာ..လာ...လာ၊ လက် ဖက်ရည်သောက်ပြီးမှ ပြန်ကြတာပေါ့"

ဟု ဖော်ရွေစွာ နှုတ်ဆက်လေ၏။ ကျွန်ုပ်တို့လည်း ဆရာ့ အနီးတွင် ဝင်၍ထိုင်ကြလေ၏။ ထိုအချိန် အသက် (၃၀) ကျော် အရွယ် မိန်းမတစ်ဦးသည် ဆရာမင်းသိခ်၏ရှေ့တွင် လာ၍ထိုင်လေ ၏။ ဆရာ မင်းသိခ်က ထိုမိန်းမအား..

"နာမည် ဘယ်လိုခေါ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။ ထိုအခါ ထိုမိန်းမက..

"မြသက်ခြယ်လို့ ခေါ်ပါတယ်"

ဟု ဖြေလိုက်လျှင် ဆရာမင်းသိင်္ခသည် ပြုံးလိုက်လေ၏။

"တနင်္ဂနွေသမီးသာဆိုရင်တော့ ဒီနာမည်ဟာ အင်္ဂဝိဇ္ဇာ ဆရာတစ်ယောက်ယောက်ပေးထားတဲ့ နာမည်ပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မြသက်ခြယ်က..

"ဟုတ်ပါတယ်၊ မြေနီကုန်းက ဆရာထွန်းအောင်ဝေပေးထား တာပါ၊ သူကလည်း ဆရာ့တပည့်လို့ ပြောပါတယ်"

ဟုပြန်၍ဖြေလေ၏။ ဆရာမင်းသိင်္ခသည် ထိုမိန်းမ၏ မွေး သက္ကရာဇ်ကို မေးပြီးနောက် ထိုမိန်းမအား...

"ဘာဖြစ်တာလဲ"

ဟု မေးလေ၏။

"ကျွန်မယောကျ်ားက မိန်းမအားကြီးရှုပ်တာ၊ အခုလည်း အငယ်အနှောင်းတွေ ဘာတွေ ထားနေလို့ ဆရာ့ဆီလာပြီး အကူအညီတောင်းရတာပဲ"

ဟု ပြောရာ ဆရာမင်းသိင်္ခက..

"ဒါလေးများ ဒီလိုလုပ်လိုက်ပါလား"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု စကားစလိုက်လေ၏။ ထိုအခါ မြသက်ခြယ်က..

"ဘယ်လိုလုပ်ရမှာလဲ ဆရာ"

ဟု အငမ်းမရ ပြန်၍မေးလိုက်လေ၏။

"ခင်ဗျားယောက်ျားရဲ့ခြေရာကို ရအောင်ယူဗျာ၊ ပြီးတော့ ပန်းအိုးတစ်အိုးမှာ မြေဆွေးတွေနဲ့အတူထည့်လိုက်၊ အဲဒီလိုထည့်ပြီးရင် နေကြာပင်ပေါက်ကလေးတစ်ပင်ကို အဲဒီ ပန်းအိုးကလေးထဲမှာ ထည့်ပြီး စိုက်လိုက်၊ ပန်းပင်ကို ရေလောင်းတဲ့အခါမှာ ခင်ဗျားလက်ကို ဆေးပြီး အဲဒီ ရေနဲ့ လောင်းရတယ်၊ အဲဒီ ပန်းပင်ကလေး ရှင်သန်လာတာနဲ့ အမျှ ခင်ဗျား ယောက်ျားလည်း အငယ်အနှောင်းတွေနဲ့ ပြတ်သွားလိမ့်မယ်၊ မိန်းမရှုပ်တာတွေလည်းမရှုပ်ဘဲ ခင်ဗျားအိမ်မှာ မြဲနေလိမ့်မယ်"

ဟုပြောလိုက်လျှင် မြသက်ခြယ်၏မျက်နှာကလေးသည် နေရောင်တွင် လက်လိုက်သော မှန်ကဲ့သို့ ဝင်းခနဲ လက်သွားလေ၏။ ထို့နောက်မှ..

"ဆရာ့ကျေးဇူး မမေ့ပါဘူး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် မြသက်ခြယ်၊ ဒီနည်းဟာ ကျုပ်ရဲ့မူပိုင်နည်း တော့ မဟုတ်ဘူး၊ 'လင်ဒန်မောရစ်' ဆိုတဲ့ ဗေဒင်ဆရာမ အမြဲသုံးတဲ့ နည်းဗျ၊ သူ့ကိုလည်း ကျေးဇူးတင်ရမှာပေါ့"

ဟု ဆရာက ပြောလိုက်လျှင် မြသက်ခြယ်က..

"အဲဒီ မယ်မင်းကြီးမကိုလည်း ကျေးဇူးတင်ပါတယ်ရှင်"

ဟု ပြောပြီးလျှင် ထွက်သွားလေတော့သတည်း။

**သဗ္ဗေသတ္တာကမ္မဿကာ**

**မင်းသိခ်**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်အခက်အခဲမဆို သုံးနိုင်တဲ့ ကြီးလေးကြီးစမ ဖယောင်းတိုင်

တစ်နေ့မှာ ကျွန်တော်တို့အယ်ဒီတာအဖွဲ့ဟာ ဆရာမင်းသိခ်ရဲ့ မဟာမြိုင်ဓာတ်ခန်းကို ရောက်သွားပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်က နေ့လယ်နှစ်နာရီခွဲပါ။ ဆရာမင်းသိခ်ဟာ ထုံးစံအတိုင်း သူ့တိုက်ရှေ့မှာ စားပွဲလေးမှာ ယောဂီရောင် ဝတ်စုံနဲ့ ထိုင်နေတာကို တွေ့ရပါတယ်။ ကလေးနာမည်ပေးဖို့ လာ တဲ့လူတွေ၊ အဆိုတော်တွေ၊ သရုပ်ဆောင်လုပ်ဖို့ အနုပညာနာမည် လာတောင်းတဲ့သူတွေ၊ ကုမ္ပဏီနာမည်လာတောင်းတဲ့သူတွေအပြင် သားပူ၊ မယားပူ၊ လင်ပူ၊ ကြွေးပူ၊ ကျန်းမာရေး၊ အမှုအချုပ် စသည်ဖြင့် ဒုက္ခအမျိုးမျိုးနဲ့ လာရောက်တဲ့လူတွေလည်း ပါကြပါတယ်။

ဆရာမင်းသိခ်ဟာ အဲဒီ အကြောင်းအမျိုးမျိုးနဲ့ ရောက်လာတဲ့သူတွေကို တစ်ယောက်ချင်းခေါ်ပြီး နာမည်ပေးတန်တာပေး၊



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ အခက်အခဲတွေအတွက် ယတြာပေးတန်တာတွေကို လုပ်ပေးနေပါတယ်။ အဲဒီအချိန်မှာ အသက် (၅၀) အရွယ်လောက်ရှိတဲ့ လူတစ်ယောက်ဟာ ဆရာမင်းသိခ်ရှေ့ကို ဝင်ထိုင်လိုက်ပါတယ်။ သူ့နာမည်ကိုတော့ 'ဦးရွှေဘော်' လို့ သိလိုက်ရပါတယ်။ အဲဒီအခါမှာ ဆရာမင်းသိခ်က..

"ကဲ.. ကိုရွှေဘော်၊ ဘာဖြစ်တာလဲ၊ ကျွန်တော့်ကို သေသေ ချာချာ ပြောပြပါ၊ ကျွန်တော်တတ်တဲ့ပညာနဲ့ ကူညီပါ့မယ်"

ဟု ပြောလိုက်လျှင် ကိုရွှေဘော်က

"ဒီလိုပါဆရာရယ်၊ ကြွေးကိစ္စကြောင့် ပြောရမှာပဲ၊ ကျွန်တော့်မှာ ကြွေးပူသင့်နေလို့ပါ ဆရာရယ်၊ အဲဒါကြောင့် ဆရာ့ဆီက ယတြာလေးများရမလားလို့ လာခဲ့တာပါ"

ဟု ပြောလေ၏။ ထိုအခါ ဆရာမင်းသိခ်က..

"ဦးရွှေဘော်ရေ၊ ပြည့်ပြည့်စုံစုံပြောပါ၊ ကြွေးပူသင့်တယ်ဆိုတာ ဘယ်လိုဖြစ်တာတုံး"

ဟုမေးလိုက်ရာ ဦးရွှေဘော် ဆိုသူက..

"ဒီလိုပါဆရာရယ်၊ ကျွန်တော် ငွေငါးသောင်းလောက်ချေးထားခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ဆရာမင်းသိခ်က..

"ငွေငါးသောင်းလောက်ချေးပြီး ဘယ်လိုဖြစ်တာလဲ"

ဟု ပြောလိုက်ရာ ဦးရွှေဘော်က..

"အဲဒါက ရိုးရိုးချေးတာမဟုတ်ဘူး ဆရာရဲ့၊ အတိုးနဲ့ချေးတာ၊ တစ်ဆယ်တိုးနဲ့ချေးတာ၊ အဲဒါ ချေးတာ ငါးသောင်းကို အခု အတိုးရောအရင်းပါ တစ်သိန်းကျော်သွားပြီ ဆရာရဲ့၊ အဲဒါ ပြန်လည်းမဆပ်နိုင်တော့ဘူး၊ ကြွေးရှင်ကလည်း တရားစွဲမယ် လို့လာလာပြောနေတယ်၊ အဲဒီအခက်အခဲပါပဲ ဆရာရယ်"

ဟု ပြောလိုက်ရာ ဆရာမင်းသိခ်က..

"ဦးရွှေဘော်ရယ် ဒါလေးများ ဒီလိုလုပ်လိုက်ပါလား"

ဟု ပြောလိုက်လျှင်..

"ဘယ်လိုလုပ်ရမှာလဲ ဆရာရယ်"

ဟု ဦးရွှေဘော်က မေးလိုက်ရာ ဆရာမင်းသိခ်က..

"ကျွန်တော် ခင်ဗျားကို 'စမ'ပုံနဲ့ ဖယောင်းတိုင်မှာပတ်ဖို့ စာရွက်လေးတစ်ရွက် ပေးလိုက်မယ်၊ အဲဒါကို ဖယောင်းတိုင် မှာ ပတ်၊ ဖယောင်းတိုင် (၄၅) တိုင်မှာ ပတ်ရမယ်၊ ဒီစာရွက် ကလေးကိုတော့ မိတ္တူကူးစက်မှာ ခင်ဗျား သွားပြီးတော့ ကူး




www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ (၄၅) စောင်၊ အဲဒါလေးကိုပတ်ပြီးတော့ ညအိပ်ခါနီးမှာ တစ်တိုင် တစ်တိုင် ပူဇော်သွားပြီး ခင်ဗျားရဲ့ အခက်အခဲကို (၄၅) ရက်လုံးလုံး ဆုတောင်းပေတော့၊ အဲ–လုပ်ရမယ့်ဟာကတော့ စည်းကမ်းကတော့ အခြားမရှိဘူး၊ ဖယောင်းတိုင်မှာ ဒါကိုပတ်၊ ကော်သုတ်ကပ်ထားလိုက်၊ ရိုးရိုး ဖယောင်းတိုင်ပဲ၊ (၆) တိုင်ထုပ် ဖယောင်းတိုင်ကိုဝယ်ရင် ပိုကောင်းတယ်၊ (၄၅)တိုင်ဝယ်ထား၊ ပတ်ထား၊ အိပ်ခါနီးမှ လုပ်ရမယ်၊ ဒီဖယောင်း





www.burmeseclassic.com

www.burmeseclassic.com



တိုင် ထွန်းညှိပူဇော်ပြီးရင် ဦးရွှေဘော် ဘာမှမလုပ်ရဘူးနော်၊ ကိစ္စတွေ တစ်နည်းနည်းနဲ့ ပြေလည်သွားပါလိမ့်မယ်”


ဟု ပြောလိုက်တာကို တွေ့ရပါတယ်။ ဦးရွှေဘော်ကြီးဟာ ဆရာမင်းသိခ်ပေးတဲ့ ကြီးလေးကြီး စမစာရွက်လေးကို ယူပြီးတော့ ဝမ်းသာအားရနဲ့ ထွက်သွားလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလေးကြိုး ဓမမစေယာင်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com



## ဗျည်းကျေးစမ ရှင်သီဝလိပုံ

တစ်နေ့သ၌ ကျွန်ုပ်သည် အသိမ်းလွန်၍မှိုတက်သွားသော စီးကရက်များကို မှိုများ ပျောက်သွားစေရန်အတွက် နေပူလှန်း၍ နေရလေ၏။ ထိုသို့နေပူလှန်းနေစဉ်အတွင်း အသက် (၅၀) ကျော် အရွယ် မိန်းမကြီးတစ်ဦးသည် ခွင့်တောင်းခြင်းမပြုဘဲ အိမ်တွင်း သို့ ဝင်လာလေ၏။ ထို့နောက်တွင် အနီးတွင်ဝင်၍ထိုင်ကာ..

"ဆေးလိပ်ကို အကောင်းဝယ်သောက်ပါဆရာရယ်၊ မှိုတက် တွေ ဝယ်ပြီး မသောက်ပါနဲ့၊ မှိုတက်တွေ ဝယ်တော့လည်း ဒီလို လှန်းရတဲ့ဒုက္ခတွေ ဘာတွေနဲ့ အဆင်မပြေပါဘူး"

ဟုပြောရာ ကျွန်ုပ်က..

"ဘယ်သူက မှိုတက်ဝယ်သောက်မှာလဲဗျ၊ ဝယ်ပြီးသားဆေး လိပ်တွေ မှိုတက်တော့ လှမ်းနေရတာ"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက..



www.burmeseclassic.com

www.burmeseclassic.com



"သြော် ဒီလိုလား၊ ကန်တော့..ကန်တော့..၊ မသိလို့ပါ"

ဟုဆိုကာ စုတ်ပြဲနေသောကျွန်ုပ်၏အင်္ကျီကိုကြည့်ပြီးလျှင်–

"ဆရာတစ်ယောက် အနေနဲ့ ဒီလောက်စုတ်တဲ့ အင်္ကျီကိုတော့ ဝတ်ဖို့ မကောင်းပါဘူးရှင်၊ သူများကို ပေးပစ်လိုက်ပါ"

ဟု ပြောပြန်သဖြင့် ကျွန်ုပ်က..

"အစုတ် ဝတ်ချင်လို့ ဝတ်နေတာ မဟုတ်ဘူးဗျို့၊ ကျုပ်က ဒီနှစ်မှာ အစုတ်အဟောင်းတွေဝတ်ရမယ့်ကိန်းရှိလို့ ဝတ်နေတာ"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက..

"သြော်..ဒီလိုလား၊ မသိလို့ပါ၊ ကန်တော့..ကန်တော့"

ဟု ပြောပြန်လေ၏။ ထို့နောက် ၎င်းက..

"ဆေးလိပ်မှိုတက်တွေ ကိုယ်တိုင်လှန်းနေရတယ်ဆိုတော့ ခိုင်းဖို့ တပည့်လေး ဘာလေး မရှိဘူးပေါ့နော်"

ဟုပြောလိုက်ရာ ကျွန်ုပ်က..

"ခိုင်းစရာ တပည့် မရှိလို့ မဟုတ်ဘူး။ ဒီနှစ်က ကျုပ်ရဲ့ကိန်းက သူများကိုမခိုင်းရဘူး၊ လုပ်စရာရှိရင် ကိုယ်တိုင်လုပ်ရမယ့် ကိန်း ကြုံနေလို့"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လျှင် ထိုမိန်းမကြီးက..

"သြော်..မသိလို့ပါ၊ ကန်တော့..ကန်တော့.."

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က စိတ်တိုလာသဖြင့်..

"အဒေါ်ကြီးကလည်း စပ်စပ်စုစု မဘဲဥပဲ၊ ဘာကိစ္စနဲ့ လာတာလဲ၊ လာရင်းကိစ္စကို တိုတိုနဲ့လိုရင်းပြောပြီး ပြန်ရင် ကောင်းမယ်ထင်တယ်၊ နို့မဟုတ်ရင် တစ်နေ့လုံး ခင်ဗျား ကန်တော့နေရလိမ့်မယ်၊ ခင်ဗျားပြောနေတာက တစ်ခုမှမဟုတ်ဘူး"

ဟုပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ဆရာကလည်း စိတ်မတိုသင့်တာကို တိုနေပြန်ပြီ၊ ကျွန်မနာမည်ကို ပြောပြပါဦးမယ်"

ဟု စကားစလိုက်လျှင် ကျွန်ုပ်က..

"တိုတိုလုပ်ပါအဒေါ်ကြီးရာ၊ ကျုပ်မှာအလုပ်တွေရှိပါသေးတယ်"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက..

"ကျွန်မနာမည်ကို အရင်ပြောမယ်၊ ကျွန်မနာမည်က ညမှာသာတဲ့ ဂြိုဟ်မင်းမှာ ဟထိုးထည့်လိုက်ပါ၊ ကလိထိုးရင် ဖြစ်တဲ့မျိုး နောက်ကစာလုံးတိုး၊ မသိသေးရင် ပန်းပေးပါ၊ ကျွန်မပြောလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကျွန်ုပ်လည်း ခေါင်းကိုတဖြင်းဖြင်းကုတ်မိလေ၏။

"အဒေါ်ကြီး၊ ဘာတွေလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုမိန်းမကြီးက..

"ညမှာသာတဲ့ ဂြိုဟ်မင်းဆိုတာ 'လ' ကိုပြောတာ၊ အဲ့ဒီမှာ ဟထိုးထည့်လိုက်ပါဆိုတော့ 'လှ' ပေါ့ရှင်၊ ကလိထိုးရင် ဖြစ်တဲ့ မျိုးဆိုတော့ ကလိထိုးရင် ရီတာပေါ့ရှင်၊ အဲ့ဒါကို နောက်က ထည့်လိုက်ပါတဲ့၊ အဲ့ဒီတော့ ကျွန်မ နာမည်က 'မလှရီ' ပေါ့"

ဟုပြောလိုက်လျှင် ကျွန်ုပ်က..

"တိုတိုလုပ်ပါဆိုမှဗျာ၊ နာမည်ကိုတောင် စကားထာဝှက်နေသေးတယ်၊ ခက်တော့တာပါပဲ၊ ကဲပါ..ကဲပါ၊ လာရင်းကိစ္စပြောစမ်းပါ"

ဟုပြောလိုက်လျှင် ထိုမိန်းမကြီးက..

"အေဒီ(၁၈၈၅)ခုနှစ်လောက်မှာ အထက်နေပြည်တော်က နေပြီးတော့ ရန်ကုန်ရွှေမြို့တော်ကို ပုဂံမင်းတရားဟာ တိုင်းခန်းလှည့်လည်ရင်း ဒဂုံခေါ်တဲ့ အခု ရန်ကုန်ရွှေမြို့တော်ကို ရောက်ရှိခဲ့ပါတယ်၊ ပြီးတော့ ရန်ကုန်မြို့ လေးဆူဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကြီးနဲ့ မဝေးတဲ့နေရာမှာ အိမ်တော်ကြီး ဆောက်ပြီး စံမြန်းနေထိုင်ခဲ့ပါတယ်၊ အဲ့ဒီ ပုဂံမင်းတရား နေပြည်တော်ကို ပြန်လည်ကြွမြန်းတဲ့အခါမှာ အိမ်တော်ကြီးကို ဖျက်ခဲ့ပါတယ်၊ အဲ့ဒီနေရာကိုလည်း အိမ်တော်ရာလို့ သမုတ်ခဲ့ ပါတယ်၊ နောက် ကာလကြာတဲ့အခါမှာ ဒီအိမ်တော်ရာမှာ ဘုန်းမွဲကံမွဲ သူဆင်းရဲတို့ အိမ်ဆောက်ပြီး ဝင်နေမှာစိုးလို့ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါ တယ်၊ အဲ့ဒီစေတီ တော်ကို အိမ်တော်ရာစေတီတော်လို့ ခေါ်ပါတယ်"

ဟု အစချီလိုက်လျှင် ကျွန်ုပ်သည် အလွန်စိတ်ညစ်၍သွား လေ၏။

"အဲ့ဒါနဲ့ ခင်ဗျားလာတဲ့ အကြောင်းနဲ့ ဘယ်လိုများ ပတ်သက် နေလို့လဲ ဒေါ်လှရီရဲ့"

ဟု ကျွန်ုပ်က စိတ်မရှည်သောလေသံဖြင့်မေးလိုက်ရာ ထို ဒေါ်လှရီက..

"ကျွန်မက အဲ့ဒီနားမှာနေတာ"

ဟု ပြောလိုက်လေ၏။

"တိုတိုလုပ်စမ်းပါဒေါ်လှရီရယ်၊ လာရင်းကိစ္စကိုပဲပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်လှရီက...

"ခုနစ်ထက်ကြီးတဲ့ ထိုအရာ၊ ပိတ်နေလိုက်တာ တော်အကြာ၊ ဖြေနိုင်ရင် လူသူတော်၊ မဖြေနိုင်ရင် လူရှော်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာစိတ်ညစ်၍သွားပြန်လေ၏။

"ဘယ်လိုလဲ..ဒေါ်လှရီ၊ ရိုးရိုးလုပ်စမ်းပါဗျာ၊ စကားထာ တွေနဲ့ မလုပ်စမ်းပါနဲ့၊ ကျုပ် စကားထာတွေမတတ်ဘူး"

ဟုပြောလိုက်လျှင် ဒေါ်လှရီက..

"ခုနစ်ထက်ကြီးတော့ ရှစ်လေ၊ ရှစ်ကို ဖဲဝိုင်းမှာ လာဘ်လို့ ခေါ်တယ် မဟုတ်လား၊ လာဘ်ပိတ်နေတယ်လို့ပြောတာ"

ဟုပြောလိုက်လျှင် ကျွန်ုပ်သည် ရယ်လည်းရယ်ချင်၏။ စိတ်လည်းဆိုး၏။

"အဲ့ဒီ လာဘ်ပိတ်နေတော့ ကျုပ်က ဘာလုပ်ပေးရမှာလဲ၊ လာဘ်ပွင့်အောင် လုပ်ပေးရမှာလား"

ဟု ကျွန်ုပ်က ပြန်၍မေးရာ..

"လာဘ်ပွင့်အောင် လုပ်ပေးရမယ်၊ ဒါပေမယ့် ကိုယ်လုပ်ပေး ချင်သလို လုပ်ပေးဖို့တော့ စိတ်မကူးနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တစ် – ဒီက လှရီက အားတာမဟုတ်ဘူး၊ ဒီတော့ ပုတီး ဘယ်နှပတ်စိပ်ပါ ဆိုလို့တော့ မခိုင်းပါနဲ့၊

နှစ် – သက်သတ်လွတ်စားပါလည်း မခိုင်းပါနဲ့၊ ထမင်း စားတဲ့အခါ သူများအသက်မပါရင် စားလို့မရ ဘူး၊

သုံး – နေ့စဉ် ဝတ္တရားမပျက် လုပ်ရမယ့် အလုပ်တွေ မခိုင်းပါနဲ့၊ လှရီတို့က ကျန်းမာတာ မဟုတ်ဘူး၊ လုပ်နိုင်တဲ့နေ့ လုပ်နိုင်တယ်၊ မလုပ်နိုင်တဲ့နေ့ မလုပ်နိုင်ဘူး၊

လေး – ဘယ်စေတီကို သွားပါ၊ ဘယ်ဂြိုဟ်တိုင်မှာ ဘာ လှူလိုက်ပါ မလုပ်ပါနဲ့၊ လှရီတို့က မော်တော်ကား စီးရတာကျပ်လို့ ဘယ်မှမသွားတာ ကြာပြီ၊

ငါး – ........"

ဟု အစချီလျှင် ကျွန်ုပ်က...

"တော်ပါတော့ အဒေါ်ကြီးရယ်၊ ကျုပ် သဘောပေါက်ပါပြီ၊ ဘာမှမလုပ်ဘဲ လာဘ်ရွှင်ချင်တယ်ပေါ့"

ဟုမေးလိုက်ရာ ဒေါ်လှရီကြီးက...

**လာဘ်မိုးရွာစေ**

www.burmeseclassic.com

www.burmeseclassic.com



"အခုလိုပြောရတာ အားနာပါတယ်၊ ဒါပေမယ့် နဂိုတည်းက ရှင်းရှင်းပြောထားမှ ဖြစ်တာ၊ အဲ့ဒီလို ရှင်းရှင်းမပြောထားရင် ဆရာတို့လို ဗေဒင်ဆရာတွေက ဟိုခိုင်းဒီခိုင်းနဲ့၊ လှရီတို့က လုပ်နိုင်တာမဟုတ်ဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"ကောင်းပါပြီဗျာ..၊ ဟောဒီမှာ ကျုပ်က လာဘ်ရွှင်တဲ့ ရှင်သီဝလိပုံတော်ကို အဓိဋ္ဌာန်နဲ့ ဆွဲထားတယ်"

ဟုဆိုကာ ကျွန်ုပ်ရေးဆွဲပြီးခါစ ရှင်သီဝလိပုံတော်ကို ဒေါ်လှရီအားပြလိုက်ရာ ဒေါ်လှရီက...

"ရှင်သီဝလိပုံတော်ကိုချိတ်၊ လာဘ်ရွှင်မယ် ပြောမလို့လား၊ ရှင်သီဝလိပုံတော်ပါတဲ့ ပြက္ခဒိန်နှစ်ခုတောင် အိမ်မှာရှိတယ်၊ ဒီလိုတောင် မဟုတ်ဘူး၊ ဆေးရောင်နဲ့ ဆွဲထားတာ၊ ရှင်သီဝလိက ကောင်းကင်မှာပျံလို့၊ တိမ်တိုက်ထဲမှာ၊ သိပ်ပြီး သပ္ပာယ်တာပဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ကျုပ်ရေးထားတဲ့ ရှင်သီဝလိပုံတော်က ဒါမျိုးမဟုတ်ဘူး၊ ခင်ဗျားပြောတာမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ဒေါ်လှရီကြီးသည် ကျွန်ုပ် ရေးဆွဲထား သော ရှင်သီဝလိပုံတော်ကို သေချာစွာကြည့်ပြီးလျှင်...

"ဆရာ့ ရှင်သီဝလိပုံတော်ကလည်း ဂဏန်းတွေရော၊ စာတွေ ရော ရှုပ်နေတာပဲ၊ ဘာအဓိပ္ပာယ်လဲ"

ဟု မေးလေ၏။

"ခက်တော့တာပဲ၊ ရှေးတုန်းက ဆရာတွေဟာ ရှင်သီဝလိ ပုံတော်ကို စမတွေနဲ့ ရေးဆွဲကြတယ်၊ ဂဏန်းတွေနဲ့လည်း ရေးဆွဲကြတယ်၊ ဂဏန်းကလည်း ရိုးရိုးဂဏန်းနဲ့လည်းရေး တယ်၊ ဒူးဂဏန်း၊ ကျေးဂဏန်းနဲ့လည်း ရေးတယ်၊ အခု ကျုပ်ရေးထားတဲ့ ပုံတော်က ဗျည်းနဲ့ကျေးဂဏန်းနဲ့ပေါင်းပြီး ရေးထားတာ၊ အရမ်းရေးတာ မဟုတ်ဘူး၊ အချိန်နဲ့အခါနဲ့ တွက်ပြီး ရေးထားတာ၊ ပူဇော်တဲ့လူတွေ လာဘ်ရွှင်စေဖို့ လည်း အများကြီးအာရုံထည့်ပြီး ရွတ်ဖတ်ထားတာ၊ အဲ့ဒီပုံ တော်ကို ခင်ဗျား ယူသွားပြီး ခင်ဗျားအိမ်မှာ ပူဇော်ကြည့်၊ ဘယ်လ,ပဲဖြစ်ဖြစ် မြန်မာလဆန်း (၈) ရက်၊ မနက်(၈)နာရီ မှာ စပြီးချိတ်ဆွဲရမယ်၊ သစ်သီး သို့မဟုတ် ယိုနဲ့ ဆွမ်းတော် (၈) ပွဲ ကပ်ရမယ်၊ ဖယောင်းတိုင် (၈)တိုင် ထွန်းရမယ်၊ ပန်း



www.burmeseclassic.com

www.burmeseclassic.com



(၇) ပွင့် လှူရမယ်၊ သောက်တော် ရေ (၇) ခွက်ရယ်၊ အမွှေးတိုင် (၈) တိုင် လှူဒါန်းရမယ်၊ ပြီးတော့ ရှစ်ပါးသီလယူရမယ်၊ ယူပြီးတာနဲ့ ပုံတော်ရှေ့မှာထိုင်ပြီး 'အရဟံ သိဒ္ဓိလာဘ်' ဆိုတာကို ပုတီးရှစ်ပတ်ပြည့်အောင်စိပ်ရမယ်၊ အဲ့ဒီတစ်ခါကိုတော့ ပြည့်စုံအောင်လုပ်ကိုင်ပြီးရင် ရှင်သီဝလိပုံတော်ကို ဘုရားစင်ရဲ့ညာဘက်မှာ ချိတ်ဆွဲထားလိုက်၊ အရေးကြီးတဲ့ကိစ္စတွေ ရှိရင် အဲ့ဒီအတိုင်း ပြန်လုပ်ရတယ်၊ ရိုးရိုးအချိန်တွေမှာတော့ မကြာခဏ ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို အဲ့ဒီအနားမှာ ထွန်းညှိပူဇော်ပေးပါ၊ ဘာမှ ကရိကထများဖို့မရှိပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါ်လှရီကြီးက..

"စပြီးချိတ်တဲ့နေ့ပဲ အလုပ်နည်းနည်းရှုပ်တာပါ၊ ကျန်တာကတော့ ပုံတော်အနားမှာ ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းပေးရုံပဲဆိုတော့ လှရီတို့က ဒီလောက်တော့လုပ်နိုင်ပါတယ်၊ လာဘ်လာဘနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် အကြောင်းပေါ်လာရင် ဆွမ်း (၈) ပွဲ၊ ဖယောင်းတိုင် (၈) တိုင် ပြန်လုပ်ရမှာပေါ့"

ဟု မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထို မိန်းမကြီးသည် ကျွန်ုပ်ထံမှ ဗျည်းကျေးစမ ရှင်သီဝလိ ပုံတော်ကို ပင့် ဆောင်သွားလေတော့၏။

တစ်လခန့်ကြာသောအခါ၌ ကျွန်ုပ်ထံသို့ ထိုမိန်းမကြီး ရောက်လာလေတော့၏။ ကျွန်ုပ်သည် ၎င်းကိုကြည့်၍..

"ဘယ်လိုလဲ ဒေါ်လှရီကြီး၊ နည်းနည်းပါးပါးအဆင်ပြေလာပြီလား"

ဟုမေးလိုက်လျှင် ဒေါ်လှရီကြီးက ခေါင်းကို တွင်တွင်ညိတ်ပြ၍..

"ဆရာ ပေးလိုက်တဲ့ 'ဗျည်းကျေး ရှင်သီဝလိပုံတော်' နဲ့ပတ်သက်ရင် ကျွန်မ ပြောဖို့ စကားလေးခွန်းရှိတယ်၊

နံပတ်တစ် – ဒီပုံတော်က သင့်ပါတယ်၊

နံပတ်နှစ် – မဆိုးပါဘူး၊

နံပတ်သုံး – ဟုတ်သလိုလိုတော့ ရှိတယ်၊

နံပတ်လေး – ဒီပုံကြောင့်လား၊ ကိုယ့်ရဲ့ ကံကြောင့်လားတော့ မသိဘူးဆိုတဲ့စကား ပြောခွင့်မရှိဘူး၊ ပြောရမယ့်စကားက တစ်ခုပဲရှိတယ်၊ ဒီပုံတော်ချိတ်ပြီးမှ လာဘ်လာဘနဲ့ပတ်သက်ပြီး သိပ်ပြီးတော့ထူးတယ်၊ ဒါပဲ ဆရာရေ့၊ အဲ့ဒါ ပြောဖို့လာတာ"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ ရွှင်ပျသောမျက်နှာဖြင့် ထွက်သွားလေတော့သတည်း။

**မှတ်ချက်**။ ။ဇင်းပုံတော်အား အလိုရှိက လာဘ်မိုးစွေစာပေတိုက်သို့ လာရောက်ယူနိုင်ပါသည်။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



# မိန်းကလေး ပေးသွားသည့် နှစ်ထပ်လက်ဆောင်ကလေး

ကျွန်ုပ်သည် ရှေးယခင်က စာရေးခြင်းအလုပ်နှင့် ဗေဒင်ဟောခြင်းအလုပ်ကို ပူးတွဲ၍လုပ်ကိုင်ခဲ့သော်လည်း အသက်အရွယ်ရလာသောအခါ၌ ဗေဒင်ဟောခြင်းကို မပြုလုပ်နိုင်တော့ပေ။ စာရေးခြင်းသက်သက်ကိုသာ ပြုလုပ်ရလေ၏။ သို့ရာတွင် ကျွန်ုပ်ထံ၌ ဗေဒင်လက္ခဏာကြည့်ဖူးသော မိတ်ဟောင်းများသည် အခက်အခဲကြုံသောအခါ၌ ကျွန်ုပ်အား ဗေဒင်ဟောပြောပေးရန် နားပူနားဆာလုပ်ကြလေတော့၏။ ထို့ကြောင့်ကျွန်ုပ်သည် ၎င်းတို့အတွက် နေ့လယ် (၂) နာရီခွဲမှ (၄) နာရီအတွင်း အချိန်ပေးကာ ယတြာများ၊ အဆောင်များ၊ ဓာတ်ရိုက်ဓာတ်ဆင်များ ပြုလုပ်ပေးလေ့ရှိ၏။

"အရင်တုန်းကလို အသေးစိတ်တော့ မဟောနိုင်တော့ဘူးဗျာ၊ အခက်အခဲရှိရင်တော့ ယတြာတို့၊ ဓာတ်ရိုက် ဓာတ်ဆင်တို့ အခမဲ့ လုပ်ပေးပါ့မယ်"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားဖြင့် နှစ်သိမ့်ရလေတော့၏။ ထိုသို့ နှစ်သိမ့်လိုက်သောအခါကျမှပင် ပို၍ဆိုးလေတော့၏။ နေ့လယ် (၂)ချက်ခွဲသည်နှင့်တစ်ပြိုင်နက် ယတြာချေမည့်သူများ စုပုံ၍ရောက်ရှိလာလေတော့၏။ ထို့နောက် ၎င်းတို့၏ဒုက္ခအမျိုးမျိုးကို ပြောလေတော့၏။ ကျွန်ုပ်လည်း တတ်စွမ်းနိုင်သမျှ ယတြာများ၊ ဓာတ်ရိုက်ဓာတ်ဆင်များ၊ အဆောင်များ ပြုလုပ်ပေးရတော့၏။ သို့ရာတွင် အချို့သော ဒုက္ခများမှာ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပြုလုပ်ပေးရန် ခဲယဉ်းလှပါဘိတော့၏။ ဥပမာ– ငါးနှစ်လောက်က ဆုံးထားသော ကြွေးကို ပြန်ရအောင်လုပ်ပေးပါဆိုသူများ၊ မိမိအားပစ်၍သွားသော ရည်းစားသည် တခြားယောက်ျားကို ယူသွားပြီး ကလေးသုံးယောက်ရနေသည့်တိုင်အောင် မိမိက စွဲလမ်းနေသေးသဖြင့် ထိုစွန့်ပစ်သွားသောရည်းစားက မေတ္တာရှိလာစေရန် ပီယအဆောင်ပေးပါ ဆိုသူများမှအစ ဂျပန်နိုင်ငံသို့ သွားလိုပါသည်၊ သို့သော် ထိုသို့ သွားနိုင်ရန်အတွက် ငွေ (၁၈) သိန်းကုန်မည်၊ ၎င်းထံတွင် ငွေ (၁၈)ကျပ်ပင်မရှိ၊ ဆရာ့ပညာနှင့်ကူညီပါဆိုသူများ ရောက်လာတတ်ကြလေ ၏။ ကျွန်ုပ်သည် ထိုကတ်သီးကတ်သတ်ဒုက္ခသည်များကို အကူအညီပေးလိုပါသည်။ သို့ရာတွင် ကျွန်ုပ် ထိုသို့သောအစွမ်းသိဒ္ဓိများမရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးပါ။ ထို့ကြောင့် ကျွန်ုပ်သည် ညအိပ်ရာဝင်တိုင်း ထိုဒုက္ခသည်များအတွက် ယတြာကောင်းများ ပြုလုပ်ပေးနိုင်ရန် အစဉ်သဖြင့် အာရုံပြု၍ အိပ်တတ်လေ၏။

တစ်ညသ၌ ကျွန်ုပ်သည် ယတြာအကြောင်းအရာများကို စဉ်းစားရင်း အိပ်ပျော်သွားလေတော့၏။ ကျွန်ုပ်သည် ကျောက်တောင်စွန်းကလေးပေါ်တွင် ပက်လက်လှန်၍အိပ်နေလေ၏။ လေမှာ တဟူးဟူးတိုက်နေသဖြင့် ကျွန်ုပ်၏ ဆံပင်များ၊ အဝတ်အစားများမှာ တဖျပ်ဖျပ်လှုပ်ယမ်းနေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ကျွန်ုပ်အနီးသို့လာ၍မတ်တတ်ရပ်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုတစ်စုံတစ်ယောက်အားကြည့်လိုက်ရာ အဖြူရောင်ဝတ်ရုံရှည်ရှည်ကြီးဝတ်ထားသည့် အသက် (၃၀) အရွယ် အနောက်တိုင်းသူတစ်ဦးကို တွေ့မြင်ရ၏။ ကျွန်ုပ်သည် သူ့အား စူးစူးရဲရဲ ကြည့်လိုက်၏။

"ရှင် ဘာကြည့်နေတာလဲ၊ ရှင့်ဆီကို ကျွန်မ တစ်ခေါက်ရောက်ဖူးတယ်လေ၊ လက်မောင်းသွေးနဲ့ရေးရတဲ့ အဆောင်ကလေးတစ်ခုအကြောင်း လာပြီးပြောပြဖူးတယ်လေ၊ ရှင်မေ့သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဓိပ္ပာယ်ရသော စကားကို ထိုမိန်းမက အင်္ဂလိပ် ဘာသာဖြင့်ပြောလေ၏။

"သိပြီ..သိပြီ..၊ မင်းဟာ ဝိုက်ဝှစ် (ချ်)လို့ခေါ်တဲ့ အဖြူ ရောင် စုန်းမ 'ဆာရာ' မဟုတ်လား"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် ထိုမိန်းမက အသံလွင် လွင်ကလေးဖြင့် ရယ်လေ၏။ ထိုသို့ ရယ်လိုက်ပြီးလျှင်..

"မှန်ပါတယ်ရှင်၊ 'ဆာရာလင်ဒန်မောရစ်' ပါ၊ ကျွန်မကိုစုန်းမ လို့ မခေါ်ပါနဲ့၊ ကျွန်မက ကောင်းတာတွေပဲလုပ်တာ၊ ဝိုက် စစ္စတာဟု(ဒ်)လို့ခေါ်ရင် တော်လောက်ပါပြီ"

ဟု ထိုမိန်းမက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ကောင်းပြီ..ကောင်းပြီ၊ အဖြူရောင်ညီမတော်လို့ ခေါ်ရ မှာပေါ့"

ဟု ပြန်၍ပြောလိုက်လျှင် ဆာရာက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်..

"ရှင့်ကို ကျွန်မက နည်းကောင်းကလေးတစ်ခုပေးမလို့၊ အဲဒါက ဘာလဲဆိုတော့ ကိုယ်က မကောင်းမှုကိုလည်း မကျူးလွန်ဘူး၊ ဒါပေမယ့်လို့ ကံဆိုးမိုးမှောင်ကျပြီး အမှုအခင်းတစ်ခုခုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သက်သေအနေနဲ့ဖြစ်စေ၊ တရားခံအနေနဲ့ဖြစ်စေ ကျရောက်သွားတဲ့အဖြစ်အပျက်တွေဟာ လူ့လောကမှာ အပုံကြီးရှိတယ်၊ အဲဒီလိုအခါမျိုးမှာ အပြစ်ဒဏ်ကသက်သာခွင့်ရစေဖို့ လောကီပညာရှင်တွေဟာ အမျိုးမျိုးအဖုံဖုံသောနည်းလမ်းတွေနဲ့ 'တယ်လီစမင့်'ခေါ်တဲ့ လက်ဖွဲ့တွေ၊ 'ချမ်း'ခေါ်တဲ့ အဆောင်တွေကို ကြံစည်စိတ်ကူးပြီး ဆောင်ရွက်ပေးလေ့ရှိကြပါတယ်၊ ဒါပေမယ့် ဟောဒီ ကျွန်မရေးပြတဲ့နှစ်ထပ်စက်ဝိုင်းလေးကတော့ အဲ့ဒီကိစ္စမျိုးမှာ တော်တော်ကိုအစွမ်းပြကူညီပါလိမ့်မယ်"

ဟုဆိုလျှင် ကျွန်ုပ်က..

"ဒီ နှစ်ထပ်စက်ဝိုင်းကလေး ဆောင်ထားရုံနဲ့ပဲ သက်သာ ခွင့်ရရောတဲ့လား ဆာရာရယ်"

ဟု မယုံကြည်သောလေသံဖြင့် ပြန်၍ မေးမိလေ၏။ ထိုအခါ မျက်နှာဖြူ သူတော်စင်မလေး ဆာရာလင်ဒန်မောရစ်က..

"ဒီနှစ်ထပ်စက်ဝိုင်းလေးဟာ အနက်အဓိပ္ပာယ်တွေအများကြီးပဲရှင့်၊ လောကီပညာမှာ အရေးကြီးတဲ့ စည်းနှစ်စည်းကို ဖော်ပြတာလေ၊ အဲဒီ စည်းနှစ်စည်းဟာ 'အိတ်ဇောဒရစ်'လို့ ခေါ်တဲ့ အပြင်စည်းနဲ့ 'အဆောဒရစ်' လို့ ခေါ်တဲ့ အတွင်းစည်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတော့ ရှင်လည်း ဆရာတစ်ယောက်လုပ်ပြီး သိသင့်ပါတယ်၊ နက်ရှိုင်းတဲ့ ဂမ္ဘီရပညာတွေမှာ အတွင်းစည်း၊ အပြင်စည်းဆိုတဲ့ စကားတွေဟာ မကြာခဏကြားနေရတဲ့ စကားတွေပဲမဟုတ်လား၊ ဒါဟာ ပညာရဲ့အတိမ်အနက်ကိုလည်း ဖော်ပြပါတယ်၊ ဒီစည်းနှစ်စည်းဟာ အင်မတန် တန်ဖိုးကြီးပါတယ်၊ ဒါပေမယ့် ဒီ နှစ်ထပ်စက်ဝိုင်းလေးချည်းတော့လည်း မဟုတ်ပါဘူး၊ အဲဒီစက်ဝိုင်းလေးအတွင်းမှာ စာလေးတစ်ကြောင်း နှစ်ကြောင်း ပါသေးတယ်၊ အဲ့ဒီကဟာရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မ ဘာမှ မပြောလိုပါဘူး၊ ကျွန်မက အင်္ဂလိပ်လို ရေးပေမယ့် ရှင်က မြန်မာလို ရေးရင်လည်း ဖြစ်နိုင်ပါတယ်၊ အဲဒီတော့ အဲဒီစက်ဝိုင်းလေးကို အသေအချာမှတ်ထားပြီး မိမိကိုယ်တိုင်လည်း အပြစ်မကျူးလွန်ပဲလျက် မတော်တဆ အမှုအခင်းကြုံတွေ့နေရတဲ့လူတွေကို အဲဒီစက်ဝိုင်းလေး အိတ်ထဲမှာ ဆောင်ထားဖို့ ရှင့်အနေနဲ့ လုပ်ပေးပါလား၊ ဟောဒီမှာကြည့်"

ဟုဆိုကာ အောက်ပါ စက်ဝိုင်းပုံသဏ္ဍာန်လေးကို ရေးပြလိုက်လေ၏။

**လာဘ်မိုးရွာစေပေ**

www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ ကျွန်ုပ်ကထိုနှစ်ထပ်စက်ဝိုင်းကလေးကိုကြည့်၍..

"နေစမ်းပါဦး ဆရာရယ်၊ ဒါလေး ဆောင်ထားရုံနဲ့ ပြီးရော တဲ့လား"

ဟု ကျွန်ုပ်က အထွန့်တက်လိုက်ရာ ထို အဖြူရောင်မိန်းမငယ်က..

"ရှင့်အနေနဲ့ မယုံဘူးဆိုရင်တော့ နောက်တစ်ခါလာပြီး မပြောရုံပေါ့ရှင်"

ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်က..

"ဒီလိုပြောတာ မဟုတ်ပါဘူး၊ ကျုပ်က ဒါလေး ဟောဒီလို ဆောင်ထားရုံနဲ့ လုံလောက်ပါတယ်၊ အစွမ်းသတ္တိရှိပါတယ် ဆိုတဲ့ စကားကို ဆရာ့ပါးစပ်က ပြောစေချင်လို့ပါ"

ဟု နှစ်သိမ့်စေသော စကားကို ပြောလိုက်ရာ ထိုမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဓာတ်အားနည်းတဲ့လူဟာ အဲဒီလိုပဲ၊ ကိုယ့်ဟာကိုယ် ယုံကြည်ဖို့မကြိုးစားဘူး၊ သူတစ်ပါးက ယုံကြည်တယ် ဖြေတဲ့အထိ စောင့်နေတတ်ကြတယ်၊ အဲဒီတော့ ဆရာက ဘာမှ မပြောလိုဘူး၊ ရှင့်အနေနဲ့ သုံးကြည့်ပါလို့ပဲ ပြောချင်ပါတယ်"

ဟုဆိုကာ တစ်ဖက်သို့လှည့်၍ထွက်သွားသဖြင့် ကျွန်ုပ်လည်း ကမန်းကတန်း ၎င်း၏လက်ကို ဖမ်းဆွဲလိုက်ရာ သူ၏လက်ဖျားကလေးကို ကိုင်မိသဖြင့် အေးစိမ့်သွားသောကြောင့် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားလေတော့၏။ ထို့ကြောင့် အိပ်မက်ထဲတွင် ဆရာလင်ဒန်မောရစ်ဆိုသည့် အဖြူရောင် ညီမငယ် ရေးပြသွား သော စက်ဝိုင်းလေးကို မေ့သွားမည်စိုးသဖြင့် ကျွန်ုပ်၏မှတ်တမ်း၌ ကပျာကယာရေးမှတ်လိုက်ရလေတော့၏။

နောက်တစ်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေ ကိုလှမောင်ဆိုသူ ရောက်လာလေတော့၏။ သူသည် အိမ်တစ်အိမ်၌ ထမင်းလခပေး စားနေရသည် ဆို၏။ အိပ်စရာနေရာမရှိသောကြောင့် ထိုအိမ်၌ ပင် လခ အနည်းငယ်ပေး၍ အိပ်ခွင့်တောင်းကာ အိပ်စက်ရသည် ဟု ဆို၏။ ထို အိမ်ရှင်သည် မကြာခဏဆိုသလို ဖဲဝိုင်းပြုလုပ်လေ့ ရှိသည် ဆို၏။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကိုလှမောင်သည် အလုပ်မှပြန်လာပြီး ပင်ပန်းသဖြင့် စောင်ကိုခေါင်းမြီးခြုံကာ အိပ်စက်နေသည် ဆို၏။ ထိုအချိန်၌ အိမ်ရှင်သည် ဖဲဝိုင်းလုပ်လေတော့၏။ ဖဲဝိုင်းသည် တစ်စထက်တစ်စ လောင်းကြေးများ များလာတော့၏။ ထိုအချိန်၌ ရဲများက တက်ရောက်ဖမ်းဆီးလေတော့၏။ ထိုသို့ ဖမ်းဆီးရာတွင် ဖဲဝိုင်းနှင့် ပေ (၂၀) အတွင်း ရှိသူအားလုံးကို ဖမ်းသည်ဟုဆိုကာ ကိုလှမောင်အား အိပ်ရာမှနှိုးကာ ဂါတ်သို့ ခေါ်သွားသည်ဟုဆို၏။ သူသည် ဖဲမရိုက်ပါဘဲနှင့် ဖဲမှုနှင့် ဂါတ်ရောက် ရုံးရောက် ရောက်နေရသည် ဆို၏။ ကိုလှမောင်သည် သူ၏ကံနိမ့်ပုံကို ဝမ်းနည်းသံကြီးဖြင့် ပြောကာ ရယ်လည်းရယ်၊ ညည်းလည်းညည်း၏။ ကယ်ပါဦးဟုလည်း ကျွန်ုပ်အား နားပူနားဆာ လုပ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ကို ဖွင့်၍ အိပ်မက်ထဲမှ အဖြူရောင်မိန်းမချောကလေး ဆာရာ ပေးသွားသော နှစ်ထပ်စက်ဝိုင်းကို ကူး၍..

"ဒါလေး ဆောင်ထား"

ဟုဆိုကာ ပြန်လွှတ်လိုက်လေတော့၏။ ရက်များမကြာမီပင် ကိုလှမောင်ကြီးသည် ကျွန်ုပ်ထံသို့ သကြားပန်းပွင့်များဖြင့် ပုံဖော်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ကိတ်မုန့်ဘူးတစ်ခုကို ယူလာလေ၏။ ကျွန်ုပ်သည် ထိုဘူးကို ဖွင့်ကြည့်ပြီးနောက်..

"ဒီထဲက ကိတ်မုန့်ကလေး တစ်တုံးလောက် စားမိတာနဲ့ (၃) လလောက် ရင်ကျပ်သွားဖို့ရှိတယ်"

ဟုပြောလိုက်ရာ ကိုလှမောင်ကြီးက..

"တရားသူကြီးက ကျပ်ကို အမှုနဲ့ အကျုံးမဝင်ဘူးဆိုပြီး လွှတ်လိုက်တယ်ဗျာ၊ အဲဒါကြောင့် ကျေးဇူးတင်လို့ ခင်ဗျားအတွက် ကိတ်မုန့်ဝယ်လာတာ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဆာရာလင်ဒန်ဆိုသော မိန်းကလေးပေးသွားသည့် ထို နှစ်ထပ်စက်ဝိုင်းကလေး၏ အစွမ်းထက်ပုံကို သိရသောကြောင့် ဝမ်းမြောက်မိသော်လည်း ကိုလှမောင် ဝယ်လာသည့် ရင်ကျပ်နိုင်သော ကိတ်မုန့်ကြောင့် ကသိကအောင့် ဖြစ်ရလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်အိမ်သို့ အလည်ရောက်လာပြီးလျှင် တော်တော်နှင့်မပြန်တတ်သော ဧည့်သည်နှစ်ဦးအား ထို ကိတ်ဘူးဖြင့် ရက်ရက်ရောရော ဧည့်ခံလိုက်ရလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**

**လာဘ်မိုးရွာစေပေ**

www.burmeseclassic.com




နှစ်ထပ်လက်ဆောင်ကလေး

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်နဲ့ အတိုက်အခိုက်နဲ့ ကံဆိုးမှုတွေ ကင်းဝေးစေသည့်အဆောင်

www.burmeseclassic.com

www.burmeseclassic.com



# အနှောင့်အယှက် အတိုက်အခိုက်နဲ့ ကံဆိုးမှုတွေ ကင်းဝေးအောင်

နေ့လယ် နှစ်နာရီခွဲတာနဲ့ ကျွန်ုပ်ဟာ ဘုရားခန်းရှေ့မှာရှိတဲ့ စားပွဲပုလေးမှာ ဝင်ထိုင်လိုက်ရပါတယ်။ အဲဒီအချိန်မှာ အနယ်နယ် အရပ်ရပ်က ဒုက္ခအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့လို့ ကျုပ်ဆီမှာ ယတြာချေပေးပါဆိုပြီး ယတြာလာတောင်းတဲ့ လူတွေ ရောက်လာပါတယ်။ အမျိုးမျိုး အဖုံဖုံသော ဒုက္ခတွေကို ပြောကြပါတယ်။

တစ်နေ့မှာ တာချီလိတ်ကနေရောက်လာတဲ့ ကိုဘဌေး ဆိုတဲ့လူတစ်ယောက်က သူ့ရဲ့ အခက်အခဲတွေကို လာပြောပါတယ်။ အဲဒီအခက်အခဲတွေက သူလုပ်သမျှ မအောင်မြင်ဘူးတဲ့။ သူ ဟိုမှာ ဗီဒီယိုပြတဲ့လုပ်ငန်းလေး လုပ်ထားတယ်တဲ့။ အဲဒါလည်း မပြရဘူးတဲ့။ အနှောင့်အယှက်တွေ မကြာခဏတွေ့နေရတယ်တဲ့။ လူရတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ဆိုရင် သူ့ဗီဒီယိုပြစက်က မကောင်းဘူးတဲ့။ ဗီဒီယိုစက်က ကောင်းရင်လည်း လူမဝင်ဘူးတဲ့။ အနှောင့်အယှက် အတိုက်အခံ တွေ ရှိတယ်တဲ့။ အဲဒါတွေကို ဆရာ့ဆီက ယတြာလေးလုပ်ပေးပါတဲ့။ ဒါမှမဟုတ်ရင် အဆောင်ကလေးလုပ်ပေးပါတဲ့။ အဲဒီလို ပြောတယ်။

အဲဒီလူနဲ့အတူ အခြားတစ်ယောက်ကလည်းပဲ သူဟာ နယ်က ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်တဲ့။ နောက်တော့ အပြင်လုပ်ငန်း လေးတွေလည်း သူ ထူထောင်ထားတာ ရှိတယ်တဲ့။ အထူးသဖြင့် ကတော့ သူ့မှာ ဆန်စက် ရှိတယ်တဲ့။ မိဘများပိုင်တဲ့ ဆန်စက်ကို သူ ဦးစီးလာတာ။ ဦးစီးရတယ် ဆိုတာကလည်း တစ်နေကုန်တော့ မဟုတ်ဘူးပေါ့။ တစ်ဖက်မှာလည်း လုပ်ငန်းရှိတော့ အဲဒီ ဝန်ထမ်း လုပ်ငန်းမှာ အနှောင့်အယှက်တွေတွေ့တယ်တဲ့။ ဆန်စက်လုပ်ငန်း မှာလည်းပဲ သူကူညီရမယ့်အပိုင်းမှာ ပြည့်ပြည့်ဝဝ မကူညီနိုင်ဘူး တဲ့။ အခက်အခဲတွေ အမျိုးမျိုး၊ အနှောင့်အယှက်တွေ အမျိုးမျိုး၊ အဲဒါတွေကို ကင်းပချင်တယ်တဲ့။ ဖြစ်နိုင်ရင် ဆရာလိုက်ပြီးတော့ ဆန်စက်မှာ အနှောင့်အယှက်တွေ ရှိတာကို မန်းမှုတ်ပေးပါပေါ့။ ဒါမှမဟုတ်ရင်လည်း ဆရာ့ယတြာပညာ၊ အတတ်ပညာနဲ့ လုပ်ပေး ပါပေါ့။ အဲဒီလို အကူအညီတောင်းတယ်။

**လာဘ်မိုးရွာစေ**

www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးတွေ မကြာခဏ ကြုံရတယ်။ အဲဒါနဲ့ ကျွန်ုပ်ဟာ မှတ်စုစာအုပ်ကို လှန်လိုက်တယ်။ စုဆောင်းထားတဲ့ မှတ်စုစာအုပ်ကို လှန်လိုက်တော့ အဲဒီမှတ်စုစာအုပ်မှာ အဆောင်တစ်ခုကို သွားတွေ့တယ်။ ဒါ ဟိုးတုန်းက ကျွန်ုပ် ဗေဒင်ဆရာဖြစ်စဉ်က မကြာခဏ သုံးခဲ့ပါတယ်။ ဟောဒီ အရုပ်ကလေး တစ်ရုပ်ပါပဲ။ အဲဒီမှာ ဓားကိုင်မြှောက်ထားတယ်။



အဲဒီအဆောင်ဟာ ဥရောပတိုက်မှာ သိပ်သုံးတယ်။ အဲဒါ သူ့မူရင်းအခေါ်ကတော့ (X calibre the magic sword) လို့ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ.. ဆောင်တဲ့ လူတွေကလည်း ထူးပါတယ်တဲ့။ အဲဒီ အဆောင်ကလေးရပြီးတော့ အနှောင့်အယှက်တွေတော်တော်ကင်း သွားတယ်တဲ့။ အဲဒါကြောင့် အဲဒီ အဆောင်လေးကို ကူးပြီးတော့ ကျွန်ုပ်ရဲ့မိတ်ဆွေ ကိုဘဌေးနဲ့ တစ်ဖက်က ရုံးဝန်ထမ်းလည်းလုပ်၊ အဲ တစ်ဖက်ကလည်း မိဘရဲ့ ဆန်စက်လုပ်ငန်းကို ကိုင်တွယ်ပေး နေရတဲ့ ကိုအောင်ကျော် ဆိုတဲ့လူကို ကျွန်ုပ် ပေးလိုက်ပါတယ်။

တော်တော်ပဲ ထူးခြားတယ်လို့ သူတို့ဆီက သိရပါတယ်။ အဲဒါကြောင့်မို့လို့ စာဖတ်ပရိသတ်တွေအနေနဲ့လည်း အခက်အခဲ တွေတွေ့နေရတယ်ဆိုရင် အဲဒီကာလအတွင်းမှာ အဲဒီပုံစံလေးကို ဆောင်ထားကြည့်ပါ။ မစုတ်မပြဲအောင် ပလတ်စတစ်အိတ်ကလေး လောင်းပြီးဆောင်တော့ ပိုကောင်းတာပေါ့။ ဆောင်ထားစေချင်ပါ တယ်။ ဘယ်လောက်ထူးသလဲဆိုတော့ ကိုယ်တိုင်ဆောင်ထားကြည့် မှ သိမှာပါ။

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com



# စက် ရောင်းချင်လိုက်တာ ဖတ်ဖတ်မော ဒီနည်းသိရင် မလွယ်လော

တနင်္ဂနွေသားသမီး မည်သူမဆို
စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

စနေနေ့ နံနက် (၉) နာရီတွင် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်အား ရည်မှတ်၍ အုန်းဆွမ်း (၂) ပန်းကန် လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္ဂနွေနေ့ နံနက် (၉) နာရီ (၂၂) မိနစ်တွင် မိမိရောင်းထွက်လိုသောစက်ပစ္စည်းအား ရာဟုထောင့်မှနေ၍ ဆီးညွန့် (၃) ညွန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၈) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်အား အုန်းဆွမ်း (၂) ပန်းကန် အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလို



www.burmeseclassic.com

www.burmeseclassic.com



သောစက်ပစ္စည်းသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်း ထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## တနင်္လာသားသမီး မည်သူမဆို
## စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္ဂနွေနေ့ နံနက် (၇)နာရီတွင် ဝေဿဘူမြတ်စွာဘုရားအားရည်မှတ်၍ ယိုလေးမျိုး လှူဒါန်းရပါမည်။ နောက်တစ်နေ့တနင်္လာနေ့ နံနက် (၇) နာရီ (၂၄) မိနစ်တွင် မိမိရောင်းထွက်လိုသောစက်ပစ္စည်းအား တနင်္လာထောင့်မှနေ၍ မေမြို့ပန်း (၅) ပွင့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၁၉) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ဝေဿဘူမြတ်စွာဘုရားအား ယိုလေးမျိုး အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောစက်ပစ္စည်းသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွား မည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## အင်္ဂါသားသမီး မည်သူမဆို
## စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္လာနေ့ညနေ (၅) နာရီတွင် ကုန်းသတ္တဝါများအား ထမင်းလျက် (၅) ခဲ လှူဒါန်းရပါမည်။ နောက်တစ်နေ့ အင်္ဂါနေ့ညနေ (၅) နာရီ (၂၆) မိနစ်တွင် မိမိရောင်းထွက်လိုသော စက်ပစ္စည်း အား တနင်္ဂနွေထောင့်မှနေ၍ နှင်းဆီ (၇)ပွင့်ဖြင့် "ဈေးကောင်း ကောင်းဖြင့်ရောင်းထွက်" ဟု ဆိုကာ (၁၀) ချက်ရိုက်ရပါမည်။ ထိုသို့ မရိုက်မီ၌ ယမန်နေ့က ကုန်းသတ္တဝါများအား ထမင်းလျက် (၅)ခဲ အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကား ကြောင့် ယခုရောင်းလိုသောစက်ပစ္စည်းသည် လျင်မြန်စွာရောင်း ထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်း ဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရ ပေလိမ့်မည်။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီး မည်သူမဆို
စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

အင်္ဂါနေ့ ညနေ (၃) နာရီတွင် သူတောင်းစားအား ဆပ်ပြာကြမ်းလှူဒါန်းရပါမည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးညနေ (၃) နာရီ(၂၁)မိနစ်တွင် မိမိရောင်းထွက်လိုသောစက်ပစ္စည်းအား ကြာသပတေးထောင့်မှနေ၍ ကုံးကော် (၂) ညွှန့်ဖြင့် "ဈေးကောင်းကောင်းဖြင့်ရောင်းထွက်" ဟု ဆိုကာ (၁၅) ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က သူတောင်းစားအား ဆပ်ပြာကြမ်း အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောစက်ပစ္စည်းသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီးရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသော စက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးသားသမီး မည်သူမဆို
စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁) နာရီတွင် အဘဘိုးဘိုးအောင်အား ရည်မှတ်၍ သစ်သီး (၆) လုံး လှူဒါန်းရပါမည်။ နောက်တစ်နေ့ ကြာသပတေးနေ့ မွန်းလွဲ (၁) နာရီ (၂၃) မိနစ်တွင် မိမိရောင်းထွက်လိုသောစက်ပစ္စည်းအား သောကြာထောင့်မှနေ၍ ရွက်လှ (၄) ညွှန့် ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၁၇)ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က အဘဘိုးဘိုး အောင်အား သစ်သီး (၆) လုံး အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောစက်ပစ္စည်း သည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါ မည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက် သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သောကြာသားသမီး မည်သူမဆို
စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ကြာသပတေးနေ့ နေ့လယ် (၁၂) နာရီတွင် တနင်္လာသားသမီးတစ်ဦးအား ကိတ်မုန့် (၂) ချပ် ကျွေးမွေးလှူဒါန်းရပါမည်။ နောက်တစ်နေ့ သောကြာနေ့ နေ့လယ် (၁၂) နာရီ (၂၅) မိနစ်တွင် မိမိရောင်းထွက်လိုသောစက်ပစ္စည်းအား ဗုဒ္ဓဟူးထောင့်မှနေ၍ သပြေ (၆) ညွန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၂၁) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က တနင်္လာသားသမီးတစ်ဦးအား ကိတ်မုန့် (၂) ချပ် အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောစက်ပစ္စည်းသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



စနေသားသမီး မည်သူမဆို
စက်ပစ္စည်းကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

သောကြာနေ့ နံနက် (၁၁) နာရီတွင် ဘိုးတော်သိကြားမင်းအား ဖီးကြမ်းငှက်ပျောသီးမှည့် (၅) လုံး လှူဒါန်းရပါမည်။ နောက်တစ်နေ့ စနေနေ့ နံနက် (၁၁) နာရီ (၂၀) မိနစ်တွင် မိမိရောင်း ထွက်လိုသောစက်ပစ္စည်းအား စနေထောင့်မှနေ၍ အုန်း (၁၀) ညွန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၆) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ဘိုးတော်သိကြားမင်းအား ငှက်ပျောသီး (၅) လုံး အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခု ရောင်းလိုသောစက်ပစ္စည်း သည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါ မည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောစက်ပစ္စည်းသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက် သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။ ။

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**

**လာဘ်မိုးရွာစေ**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## လက်ဖက်ခြောက်
## ရောင်းချင်လိုက်တာ ဖတ်ဖတ်မော
## ဒီနည်းသိရင် မလွယ်လော

တနင်္ဂနွေသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး
ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

စနေနေ့နံနက် (၁၁) နာရီတွင် ဘိုးတော်သိကြားမင်းအား ရည်မှတ်၍ သစ်သီး (၆)လုံး လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ၊ ၃၁ မိနစ်တွင် မိမိရောင်းထွက်လိုသော လက်ဖက်ခြောက်များအား ကြာသပတေးထောင့်မှနေ၍ ကံ့ကော် (၂)ညွှန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်' ဟု ဆိုကာ (၁၅)ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်သကြားမင်းအား သစ်သီး(၆)လုံး အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလိုသော လက်ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်း လိုသော လက်ဖက်ခြောက်သည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တဩ တွေ့ရပေလိမ့်မည်။

## တနင်္လာသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္ဂနွေနေ့မနက် ၉ နာရီတွင် ရှင်သီဝလိရဟန္တာအရှင်မြတ်အား ရည်မှတ်၍ ကိတ်မုန့် ၂ ချပ် လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္လာနေ့၊ နံနက် ၉ နာရီ၊ ၃၃ မိနစ်တွင် မိမိရောင်းထွက်လိုသော လက်ဖက်ခြောက်များအား သောကြာထောင့်မှနေ၍ ရွက်လှ ၄ ညွန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၇ ချက် ရိုက်ရပါမည်။ ထိုသို့ မရိုက်မီ၌ ယမန်နေ့က ရှင်သီဝလိ အရှင်မြတ်အား ကိတ်မုန့် ၂ ချပ် အမှန်တကယ် လှူ



www.burmeseclassic.com

www.burmeseclassic.com



ဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလို သော လက်ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေ သားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင် ရောင်းလိုသော လက်ဖက်ခြောက်သည် သင်အလိုရှိသော ဈေး ကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

## အင်္ဂါသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္လာနေ့မနက် ၇ နာရီတွင် ကဏ္ဍကုံ မြတ်စွာဘုရား အား ရည်မှတ်၍ မေမြို့ပန်း (၅) ပွင့် လှူဒါန်းရပါမည်။ နောက် တစ်နေ့ အင်္ဂါနေ့၊ နံနက် ၇ နာရီ၊ ၃၅ မိနစ်တွင် မိမိရောင်းထွက် လိုသော လက်ဖက်ခြောက်များအား ဗုဒ္ဓဟူးထောင့်မှနေ၍ သပြေ ဖြ ညွှန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၂၁ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ကဏ္ဍသုံ မြတ် စွာဘုရားအား မေမြို့ပန်း (၅) ပွင့် အမှန်တကယ် လှူဒါန်းခဲ့ပါ သည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသော လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလို သော လက်ဖက်ခြောက်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

## ဗုဒ္ဓဟူးသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

အင်္ဂါနေ့ ညနေ ၅ နာရီတွင် ကုန်းသတ္တဝါများအား အာလူးကျော် ကျွေးမွေးလှူဒါန်းရပါမည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့၊ ညနေ ၅ နာရီ၊ ၃၀ မိနစ်တွင် မိမိရောင်းထွက်လိုသော လက်ဖက်ခြောက်များအား စနေထောင့်မှနေ၍ အုန်း (၁၀)ညွန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့်ရောင်းထွက်'ဟု ဆိုကာ ၆ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ကုန်းသတ္တဝါများအား အာလူးကြော် အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသော လက်ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့သော် သင်ရောင်းလိုသော လက်ဖက်ခြောက်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

## ကြာသပတေးသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီတွင် သူတောင်းစားတစ်ဦးအား ငွေ ၄ ကျပ် လှူဒါန်းရပါမည်။ နောက်တစ်နေ့ ကြာသပတေးနေ့၊ ညနေ ၃ နာရီ၊ ၃၂ မိနစ်တွင် မိမိရောင်း ထွက်လိုသော လက်ဖက်ခြောက်များအား ရာဟုထောင့်မှနေ၍ ဇီး ၃ ညွှန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၈ ချက် ရိုက်ရပါမည်။ ထိုသို့ မရိုက်မီ၌ ယမန်နေ့က သူတောင်းစားအား ငွေ ၄ ကျပ် အမှန် တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလိုသော လက်ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင် ရောင်းလိုသော လက်ဖက်ခြောက်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သောကြာသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ကြာသပတေးနေ့ နေ့လယ် ၁ နာရီတွင် အဘ ဘိုးဘိုးအောင်အား ရည်မှတ်၍ နွားနို့ လှူဒါန်းရပါမည်။ နောက်တစ်နေ့ သောကြာနေ့၊ နေ့လယ် ၁ နာရီ၊ ၃၄ မိနစ်တွင် မိမိရောင်း ထွက်လိုသောလက်ဖက်ခြောက်များအား တနင်္လာထောင့်မှနေ၍ မေမြို့ပန်း ၅ ပွင့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၉ ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က အဘ ဘိုးဘိုးအောင်အား နွားနို့ အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလိုသော လက်ဖက်ခြောက်များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင် ရောင်းလိုသော လက်ဖက်ခြောက်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## စနေသားသမီး မည်သူမဆို လက်ဖက်ခြောက်များ အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

သောကြာနေ့ နေ့လယ် ၁၂ နာရီတွင် အင်္ဂါသားသမီး တစ်ဦးဦးအား စမူဆာ ၃ ခု လှူဒါန်းရပါမည်။ နောက်တစ်နေ့ စနေနေ့၊ နေ့လယ် ၁၂ နာရီ၊ ၃၆ မိနစ်တွင် မိမိရောင်းထွက်လို သော လက်ဖက်ခြောက်များအား တနင်္ဂနွေထောင့်မှနေ၍ နှင်းဆီ ပွင့် ၃ ပွင့် ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၀ ချက် ရိုက်ရပါမည်။ ထိုသို့ မရိုက်မီ၌ ယမန်နေ့ကအင်္ဂါသား သမီးအား စမူဆာ ၃ ခု အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန် သော သစ္စာစကားကြောင့် ယခု ရောင်းလိုသော လက်ဖက်ခြောက် များသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရ ပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသော လက်ဖက် ခြောက်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ကား ရောင်းချင်လိုက်တာ ဖတ်ဖတ်မော ဒီနည်းသိရင် မလွယ်လော

တနင်္ဂနွေသားသမီး မည်သူမဆို ကားကို အမြန်ဆုံး
ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

စနေနေ့ နံနက် (၇) နာရီတွင် သိဒ္ဓိမြတ်စွာဘုရားအား ရည်မှတ်၍ ဆွမ်း (၃)ပွဲ လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္ဂနွေနေ့ နံနက် (၇) နာရီ (၁၃) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား သောကြာထောင့်မှနေ၍ ရွက်လှ (၁၇) ညွန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၁၇) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က သိဒ္ဓိမြတ်စွာဘုရားအား ဆွမ်း (၃) ပွဲ အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့် မည်။

## တနင်္လာသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္ဂနွေနေ့ ညနေ (၅) နာရီတွင် ရေချိုးကျက်စားသော သတ္တဝါများအား သစ်သီးသစ်ရွက် လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္လာနေ့ ညနေ (၅) နာရီ (၁၅) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား ဗုဒ္ဓဟူးထောင့်မှနေ၍ သပြေ (၂၁) ညွှန့်ဖြင့် "ဈေးကောင်းကောင်းဖြင့်ရောင်းထွက်" ဟုဆိုကာ (၂၁) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ရေသတ္တဝါများအား သစ်သီးသစ်ရွက်များ အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကိုတအံ့တသြတွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္လာနေ့ ညနေ (၃)နာရီတွင် သူတောင်းစားအား ကိတ်မုန့် (၂) ချပ် ကျွေးမွေး လှူဒါန်းရပါမည်။ နောက်တစ်နေ့ အင်္ဂါနေ့ ညနေ (၃) နာရီ (၁၀) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား စနေထောင့်မှနေ၍ အုန်း (၆) ညွှန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟုဆိုကာ (၆) ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က သူတောင်းစားအား ကိတ်မုန့် (၂) ချပ် အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤ အတိုင်းပြုခဲ့သော် သင်ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## ဗုဒ္ဓဟူးသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

အင်္ဂါနေ့ နေ့လယ် (၁) နာရီတွင် အဘဘိုးမင်းခေါင်အား



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့် (၅)ချပ် လှူဒါန်းရပါမည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁)နာရီ(၁၂)မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား ရာဟုထောင့်မှနေ၍ ဖော်စိမ်း (၈) ညွှန့်ဖြင့် "ဈေးကောင်းကောင်း ဖြင့်ရောင်းထွက်" ဟုဆိုကာ (၈) ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က အဘဘိုးမင်းခေါင်အား ပေါင်မုန့် (၅) ချပ် အမှန် တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခု ရောင်းလိုသောကားသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလို သောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန် မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## ကြာသပတေးသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂) နာရီတွင် ကြာသပတေးသား သမီးတစ်ဦးအား အုန်းသီးပါသောမုန့် လှူဒါန်းရပါမည်။ နောက် တစ်နေ့ ကြာသပတေးနေ့ နေ့လယ် (၁၂) နာရီ (၁၄) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား တနင်္လာထောင့်မှနေ၍ မမြို့



www.burmeseclassic.com

www.burmeseclassic.com



(၁၉)ပွင့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟုဆိုကာ (၁၉)ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ကြာသပတေးသား သမီးတစ်ဦးအား အုန်းသီးပါသောမုန့် အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွား မည်ကိုတအံ့တသြတွေ့ရပေလိမ့်မည်။

## သောကြာသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ကြာသပတေးနေ့ နံနက် (၁၁) နာရီတွင် ဘိုးတော်သိကြားမင်းအားရည်မှတ်၍ ရေ (၄) ခွက် လှူဒါန်းရပါမည်။ နောက်တစ်နေ့ သောကြာနေ့ နံနက် (၁၁)နာရီ၊ (၁၆) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား တနင်္ဂနွေထောင့်မှနေ၍ နှင်းဆီ (၁၀)ပွင့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၁၀)ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ဘိုးတော်သိကြားမင်းအား ရေ



www.burmeseclassic.com

www.burmeseclassic.com



(၄) ခွက် အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင်လျင်မြန်မြန်ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## စနေသားသမီး မည်သူမဆို ကားကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

သောကြာနေ့ နံနက် (၉) နာရီတွင် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်အား နွားနို့ (၂) ခွက် လှူဒါန်းရပါမည်။ နောက်တစ်နေ့ စနေနေ့ နံနက် (၉) နာရီ (၁၁) မိနစ်တွင် မိမိရောင်းထွက်လိုသောကားအား ကြာသပတေးထောင့်မှနေ၍ ကံ့ကော် (၁၅)ညွန့်ဖြင့် "ဈေးကောင်းကောင်းဖြင့် ရောင်းထွက်" ဟု ဆိုကာ (၁၅)ချက်ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ရှင်ဥပဂုတ္တအရှင်မြတ်အား နွားနို့ (၂) ခွက် အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခုရောင်းလိုသောကားသည် လျင်မြန်စွာ ရောင်းထွက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင် ရောင်းလိုသောကားသည် သင်အလိုရှိသောဈေးကောင်းဖြင့် လျင် လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့် မည်။ ။

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိခ်**



www.burmeseclassic.com

သဗ္ဗုံ ဟောမဍ္ဎ ရတနံ၊
ဂေဟံ ဝတ္ထဍ္ဎ ဘောဇနံ၊
တဒညေပိ ယထာစိတ္တံ၊
မာပေယျံ ကမ္မဣဒ္ဓိယာ။

ဖယောင်းတိုင်တွင် ပတ်ရန်ဂါထာ



www.burmeseclassic.com

www.burmeseclassic.com

# အိမ် ရောင်းချင်လိုက်တာ ဖတ်ဖတ်မော
# ဒီနည်းသိရင် မလွယ်လော

ဆရာမင်းသိခ်ဟာ သူ့ရဲ့ အယူတော်မင်္ဂလာခြံမှာ နေ့လယ် နှစ်နာရီခွဲတာနဲ့ အကြောင်းကိစ္စအမျိုးမျိုးနဲ့ ရောက်ရှိလာကြသူတွေကို ဖြေရှင်းပေးလေ့ ရှိပါတယ်။ အဲဒီလို ဆရာနဲ့ တွေ့ဆုံဖို့ ရောက်ရှိလာသူတွေအနက် လူတစ်ယောက်ဟာ ဆရာ့ရှေ့မှာ သွားပြီးထိုင်လိုက်ပါတယ်။ အဲဒီအခါမှာ ဆရာမင်းသိခ်ဟာ ထုံးစံအတိုင်း..

"ဘာဖြစ်တာလဲ"

လို့ မေးလိုက်ပါတယ်။ အဲဒီအခါမှာ အဲဒီလူက..

"အိမ်ရောင်းချင်လို့ပါ ဆရာ"

လို့ ဖြေပါတယ်။ အဲဒီအခါမှာ ဆရာမင်းသိခ်က..

"ဒါလေးများ ဒီလိုလုပ်လိုက်ပါလားဗျာ"

လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာ သူက..

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမှာလဲ ဆရာရဲ့"

လို့ မေးလိုက်ပါတယ်။ ဆရာ မင်းသိခ်က..

"နေစမ်းပါဦး၊ ခင်ဗျားနာမည်က ဘယ်သူတုံး"

လို့ ပြန်မေးလိုက်ပါတယ်။

"ကျွန်တော့်နာမည်က ဦးလှဖေပါ ဆရာ၊ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကလည်း သူ အိမ်ရောင်းတုန်းက ဆရာလုပ်ပေး တာ အမြန်ထွက်သွားတယ်ဆိုလို့ ဆရာ့ဆီကိုပဲ သွားဖို့ လမ်း ညွှန်လို့ပါပဲ၊ အဲဒါကြောင့် လာခဲ့ရတာပါ"

ဟု ထိုသူက ပြန်ဖြေလိုက်ပါတယ်။

"နေစမ်းပါဦး ကိုလှဖေရယ်၊ အိမ်က ဘာဖြစ်လို့ ရောင်းချင်ရ တာတုံး"

လို့ ဆရာမင်းသိခ်က မေးလိုက်ပါတယ်။ အဲဒီအခါမှာ သူက..

"ဒီလိုပါ ဆရာရယ်၊ ကျွန်တော့်မှာ လုပ်ငန်းတွေကလည်း အကုန်ဆုံးရှုံးကုန်တယ်၊ ငွေကလည်း တစ်ပြားမှမရှိတော့ ဒီကြားထဲမှာ သားလေးကလည်း နိုင်ငံခြားသွားဖို့ စီစဉ်နေ တယ် ဆရာ၊ အဲဒါ ငွေ အချိန်မီသွင်းဖို့လိုနေတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာ့ဆီကို လာခဲ့တာပါ၊ အဲဒီငွေတွေ ရဖို့အတွက် အိမ်ကို အမြန်ရောင်းဖို့ လိုနေတယ်ဆရာ၊ အိမ်ကလည်း ရောင်းဖို့ကြိုးစားနေတာကြာပါပြီ၊ ဘယ်လိုမှကို မထွက်ဘူး ဖြစ်နေတယ် ဆရာ၊ အဲဒါ ဆရာကူညီပါဦး"

လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာ ဆရာမင်းသိခ်က..

"ဒါက ဒီလိုရှိပါတယ်၊ ကျုပ် ဒီမှာ ဇယားကွက်ကလေးတစ်ကွက် ရေးပေးလိုက်မယ်၊ အဲဒီ ဇယားကွက်ကလေးကို ပန်းကန်ပြားမှာ ကပ်လိုက်"

လို့ ပြောလိုက်ရင် အဲဒီလူက..

"ဘယ်လို ကပ်ရမှာလည်း ဆရာ၊ အတည့် ကပ်ရမှာလား၊ အပေါ်က ကပ်ရမှာလား၊ မှောက်ပြီး ကပ်ရမှာလား"

လို့ ပြန်မေးပြန်ပါတယ်။ အဲဒီတော့ ဆရာ မင်းသိခ်က..

"စာဖတ်လို့ရအောင် ပက်လက်ကပ်ပြီးတော့ ဟောဒီမှာ ဂါထာလေးတစ်ပုဒ်လည်း ရေးပေးထားလိုက်မယ်။ အဲဒီ ဂါထာလေးကို ကူးရေးပြီးတော့ ဖယောင်းတိုင်မှာ ပတ်ထားရမယ်"

လို့ ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗေ ပေမဌ္ဌ ရတနံ၊
ဂေဟံ ဝတ္ထဋ္ဌ ဘောဇနံ။
တဒသေပိ ယထာစိတ္တံ၊
မာပေယျံ ကမ္မဖိဒ္ဓိယာ။

ဖယောင်းတိုင်တွင် ပတ်ရန်ဂါထာ



"အဲဒါက ဘယ်နှစ်တိုင် ပတ်ရမှာလဲ ဆရာ"
လို့ အဲဒီလူက ပြန်မေးနေပြန်ပါတယ်။

**လာဘ်မိုးရွာစေ**

www.burmeseclassic.com

www.burmeseclassic.com



"(၁၅) တိုင် ပတ်ရမယ်၊ ထွန်းရမှာကတော့ အဲဒီ ကျုပ်ရေးပေးထားတဲ့ ဇယားကွက်လေးက (၉) ကွက်ရှိတယ်၊ အဲဒီမှာ သေသေချာချာကြည့်နော်၊ အလယ်ကွက်မှာ ခုနက ဂါထာပတ်ထားတဲ့ ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်၊ ဘယ်အချိန်အခါမှာထွန်းရမလဲဆိုတော့ ညအိပ်ခါနီးမှာထွန်းရမယ်"

လို့ ဆရာမင်းသိခ်ကရှင်းပြလိုက်ပါတယ်။ အဲဒီအခါမှာ ထိုလူက..

"ဂါထာက ရွတ်ရဦးမှာလား ဆရာ"

လို့ မေးပါတယ်။ ဆရာမင်းသိခ်က ပြန်ပြီးတော့..

"ခင်ဗျား လုံးဝ မရွတ်ပါနဲ့၊ ဂါထာကို ဖယောင်းတိုင်မှာပတ်ရုံပဲ၊ ခင်ဗျားလုပ်ရမယ့်အလုပ်က အဲဒီဖယောင်းတိုင်ကို ဘုရားမီးပူဇော်တာပဲ၊ ပြီးရင် ခင်ဗျားအိမ် အမြန်ဆုံးရောင်းထွက်ဖို့ ဆုတောင်းရမယ်၊ ဘယ်နှရက်လုပ်ရမလဲဆိုတော့ (၁၅) ရက် လုပ်ရမယ်၊ လုပ်ရမယ့်အချိန်က သေသေချာချာ မှတ်ထား၊ အိပ်ခါနီးမှာ လုပ်ရမယ်၊ အဲဒီဖယောင်းတိုင်ကလေး အဲဒီမှာ စိုက်ထူထွန်းထားပြီးတော့ ဘုရားရှိခိုးပြီးတာနဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးရောင်းရဖို့ ခင်ဗျားလိုချင်တဲ့ အဲ... လိုချင်တယ်ဆိုတာလည်း တရားသဖြင့် ထိုက်တန်တာပေါ့ဗျာ၊ တစ်ကျပ်တန် တစ်ဆယ်တောင်းလို့တော့ ဘယ်ရမလဲ၊ အဲဒီတော့ ထိုက်တန်တဲ့ ပေါက်ဈေးပေါ့၊ အဲဒါကို ဆုတောင်းပြီး အိပ်ပေတော့၊ (၁၅) ရက် လုပ်ပါ"

လို့ ရှင်းပြလိုက်ပါတယ်။ အဲဒီလူက တစ်ခါ..

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဆရာ၊ ဒါနဲ့ (၁၅) ရက် မတိုင်ခင် အိမ်ထွက်သွားရင်ကော ဆက်လုပ်နေရမှာလား"

လို့ မေးပြန်ပါတယ်။

"ခင်ဗျားကိစ္စက အိမ်ရောင်းချင်တာပဲ၊ အိမ်ရောင်းရပြီဆို ရင်ခင်ဗျား ထွန်းစရာ မလိုတော့ဘူး၊ ပြီးပြီပေါ့၊ ဒီဟာ ကျုပ်လူတိုင်းကို လုပ်ပေးနေတာပဲ၊ ကျုပ်ဆီမှာ အိမ်တွေ ထွက်သွားတာ မနည်းတော့ဘူး"

လို့ ဆရာက ပြောလိုက်မှ အဲဒီလူက ဝမ်းသာအားရနဲ့..

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့် အိမ်ရောင်းထွက်သွားရင်တော့ ဆရာ့ကို လာပြီး ကျေးဇူးဆပ်ရဦးမယ် ဆရာရေ့"

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတော့ ဆရာမင်းသိခ်က...

"မဆပ်ပါနဲ့ဗျာ၊ မဆပ်ပါနဲ့၊ ခင်ဗျားအိမ် ရောင်းရရင် ခင်ဗျား သားလေး နိုင်ငံခြားလွှတ်စရာရှိတာလွှတ်၊ နောက်ထပ် အိမ် ပြန်ဝယ်ဖို့ စဉ်းစား၊ ကျုပ်ဆီကို ဘာမှ လာပြီးတော့ လက်ဆောင်ပေးခြင်း၊ ကန်တော့ခြင်း လုပ်စရာမလိုပါဘူး၊ ခင်ဗျား ရောင်းရတယ်၊ ခင်ဗျား စိတ်ချမ်းသာသွားတယ် ဆို ရင်ပဲ ကျုပ် ဝမ်းသာလှပါပြီဗျာ"

လို့ ပြောလိုက်ပါတော့တယ်။

"ဟုတ်ကဲ့ ကျေးဇူးပါပဲဆရာ၊ သွားပါဦးမယ် ဆရာ"

လို့ အဲဒီလူက နှုတ်ဆက်ပြီး ပြန်သွားလေတော့သတည်း။

## တနင်္ဂနွေသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

စနေနေ့ ညနေ ၅ နာရီတွင် ကုန်းသတ္တဝါတစ်ကောင် အား ပေါင်မုန့် ၅ ချပ် ကျွေးမွေးလှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္ဂနွေနေ့၊ ညနေ ၅ နာရီ၊ ၄ မိနစ်တွင် မိမိရောင်းထွက်လိုသော အိမ်အား တနင်္လာထောင့်မှနေ၍ မေမြို့ပန်း ၁၉ ပွင့်ဖြင့် 'ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဖြင့်ရောင်းထွက်' ဟု ဆိုကာ ၁၉ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မိ၍ ယမန်နေ့က ကုန်းသတ္တဝါတစ်ကောင်အား ပေါင်မုန့် ၅ ချပ် အမှန်တကယ်လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလိုသောအိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်း ပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တဩ တွေ့ရပေလိမ့်မည်။

## တနင်္လာသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် သူတောင်းစားအား ငွေ ၁ ကျပ် လှူဒါန်းရပါမည်။ နောက်တစ်နေ့ တနင်္လာနေ့၊ ညနေ ၃ နာရီ၊ ၆ မိနစ်တွင် မိမိရောင်းထွက်လိုသော အိမ်အား တနင်္ဂနွေထောင့်မှနေ၍ နှင်းဆီပန်း ၁၀ ပွင့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၀ ချက် ရိုက်ရပါမည်။ ထိုသို့ မရိုက်မိ၍ ယမန်နေ့က သူတောင်းစားအား ငွေ ၁ ကျပ် အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခု ရောင်းလို သော အိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသား‌ဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်း ပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက် သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။

## အင်္ဂါသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

တနင်္လာနေ့ နေ့လယ် ၁ နာရီတွင် အဘ ဘိုးမင်းခေါင်အား ရေနွေးကြမ်း ၄ ပန်းကန် လှူဒါန်းရပါမည်။ နောက်တစ်နေ့ အင်္ဂါနေ့၊ နေ့လယ် ၁ နာရီ၊ ၁ မိနစ်တွင် မိမိရောင်းထွက်လိုသော အိမ်အား ကြာသပတေးထောင့်မှနေ၍ ကံ့ကော် ၁၅ ညွန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၅ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က အဘ ဘိုးမင်းခေါင်အား ရေနွေးကြမ်း ၄ ပန်းကန် အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသော အိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသား‌ဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

## ဗုဒ္ဓဟူးသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

အင်္ဂါနေ့တွင် ဗုဒ္ဓဟူးသားသမီးတစ်ဦးအား နွားနို့လှူဒါန်းရပါမည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၁၂ နာရီ၊ ၃ မိနစ်တွင် မိမိရောင်းထွက်လိုသော အိမ်အား သောကြာထောင့်မှနေ၍ ရွက်လှ ၁၇ ညွန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၁၇ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ဗုဒ္ဓဟူးသားသမီးအား နွားနို့ အမှန်တကယ် လှူဒါန်းခဲ့ပါ သည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသော အိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသောအိမ်သည် သင် အလိုရှိ သော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး
ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

BURMESE CLASSIC .com

ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီတွင် ဘိုးတော်သိကြားမင်းအား ရည်စူး၍ ဆန်ပြုတ် ၃ ပန်းကန် လှူဒါန်းရပါမည်။ နောက်တစ်နေ့ ကြာသပတေးနေ့၊ နံနက် ၁၁ နာရီ၊ ၅ မိနစ်တွင် မိမိရောင်းထွက်လို သော အိမ်အား ဗုဒ္ဓဟူးထောင့်မှနေ၍ သပြေ ၂၁ ညွန့်ဖြင့် 'ဈေး ကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၂၁ ချက် ရိုက်ရပါ မည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ဘိုးတော်သိကြားမင်းအား ဆန်ပြုတ် ၃ ပန်းကန် အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန် သော သစ္စာစကားကြောင့် ယခုရောင်းလိုသော အိမ်သည် လျင်မြန် စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်း ပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင်အလိုရှိသော ဈေး ကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်

ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ရှင်သီဝလိ ရဟန္တာရှင်မြတ်အား သစ်သီး ၆ လုံး လှူဒါန်းရပါမည်။ နောက်တစ်နေ့ သောကြာနေ့၊ နံနက် ၉ နာရီတိတိတွင် မိမိရောင်းထွက်လိုသော အိမ်အား စနေထောင့်မှနေ၍ အုန်းညွန့် ၆ ညွန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၆ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က ရှင်သီဝလိရဟန္တာအရှင်မြတ်အား သစ်သီး ၆ လုံးအမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလိုသော အိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင်အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက်သွားမည်ကို တအံ့တသြ တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## စနေသားသမီး မည်သူမဆို အိမ်ကို အမြန်ဆုံး ဈေးကောင်းကောင်းနှင့်ရောင်းထွက်လိုသော်


သောကြာနေ့၊ နံနက် ၇ နာရီတွင် မြတ်စွာဘုရားအား ကိတ်မုန့် ၂ ချပ် လှူဒါန်းရပါမည်။ နောက်တစ်နေ့ စနေနေ့၊ နံနက် ၇ နာရီ၊ ၂ မိနစ်တွင် မိမိရောင်းထွက်လိုသော အိမ်အား ရာဟုထောင့်မှနေ၍ ဓါး ၈ ညွှန့်ဖြင့် 'ဈေးကောင်းကောင်းဖြင့် ရောင်းထွက်'ဟု ဆိုကာ ၈ ချက် ရိုက်ရပါမည်။ ထိုသို့မရိုက်မီ၌ ယမန်နေ့က မြတ်စွာဘုရားအား ကိတ်မုန့် ၂ ချပ်အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ယခုရောင်းလို သောအိမ်သည် လျင်မြန်စွာ ရောင်းထွက်ပါစေသားဟု သစ္စာဆိုပြီး ရိုက်ရပါမည်။ ဤအတိုင်းပြုခဲ့သော် သင်ရောင်းလိုသော အိမ်သည် သင် အလိုရှိသော ဈေးကောင်းဖြင့် လျင်လျင်မြန်မြန် ရောင်းထွက် သွားမည်ကို တအံ့တသြတွေ့ရပေလိမ့်မည်။

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိင်္ခ**



www.burmeseclassic.com

www.burmeseclassic.com



# မင်းသိခ်

ခရစ်နှစ် ၁၉၃၃ ခုနှစ်၊ ဇွန်လ (၂၅) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကျောက်မြောင်း၊ ဗညားဒလလမ်းရှိ ပန်းချီဆရာကြီးဦးစံရှိန်ဒေါ်တင် တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း(၆)ယောက် အနက် သားအကြီးဆုံးဖြစ်ပြီး အမည်ရင်းမှာ ဦးအောင်ထွန်း ဖြစ်သည်။ ရန်ကုန်မြို့ စိန့်ပေါလ်ကျောင်းတွင် ပညာသင်ကြားခဲ့၍ အေဗွိုကောလိပ်ကျောင်း၌ ဆယ်တန်းအထိ ပညာသင်ခဲ့ပြီး ထိုစဉ်ကပင် ကလောင်အမျိုးမျိုးဖြင့် စာများစတင်ရေးသားခဲ့သည်။

၁၉၅၈ ခုနှစ်၌ တပ်မတော်သို့ ဝင်ရောက်ပြီး (၅) နှစ်တိုင် အမှုထမ်း၍ တပ်မတော်မှထွက်ကာ ချောက်မြို့၌နေထိုင်ခဲ့သည်။ ဆီစက်ညစောင့်၊ စပါးအင်စပက်တော်၊ ဆန်စက်မန်နေဂျာဘဝ တို့တွင် ကျင်လည်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဗေဒင်ဆရာဘဝကို စတင်ခဲ့ပြီး "မင်းသိခ်" ဟူသော ကလောင် အမည်ကိုခံယူပြီး "မနုစာရီ" လုံးချင်းဝတ္ထုကြီးကို စတင်ရေးသားခဲ့သည်။ ထိုနောက် ဝတ္ထုများ တစ်အုပ်ပြီးတစ်အုပ် ရေးသားခဲ့သည်။ ၁၉၇၈ ခုနှစ် မှစ၍ ရန်ကုန်မြို့၌ ဗေဒင် ဟောပြောခဲ့သည်။

(၂၅-၃-၉၇) ည သန်းခေါင်အချိန်တွင် ရန်ကုန်မြို့ သုဝဏ္ဏနေအိမ်မှ မဟာဂန္ဓာရီ အဓိဋ္ဌာန် (၃) နှစ်ခရီး ထွက်ခဲ့သည်။ ယခုအခါ ပေါ်ဘီမြို့ အစွန်ရှိ အယူတော်မင်္ဂလာခြံတွင် တပည့်များနှင့် နေထိုင်ပြီး ဗေဒင်လက္ခဏာ ဆရာဖြစ်သင်တန်းဖွင့်ခြင်း၊ ဗေဒင်ပညာဖြင့် အခက်အခဲရှိသူများကို ကူညီခြင်း၊ စာနယ်ဇင်း များတွင် စာများရေးသားခြင်း တို့ကိုလုပ်ကိုင် လျက်ရှိ၏။

မင်းသိခ်၏ဝတ္ထုများကို ကက်ဆက်ဇာတ်လမ်း၊ ရုပ်ရှင်၊ ဗွီဒီယို၊ ဒီဗွီဒီဇာတ်ကားများအဖြစ် ရိုက်ကူး အောင်မြင်လျက် ရှိပါသည်။

www.burmeseclassic.com